www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၃၈၀၉၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၉၂၁၁၀၉
အဖုံးဒီဇိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၈၂)
စံယဉ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ၊
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
သင်မြတ်နိုး
အချစ်ခြင်းတော့ပြိုင်ချင်တယ်/ သင်မြတ်နိုး။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ၊
(၁) အချစ်ခြင်းတော့ပြိုင်ချင်တယ်

## အခန်း (၁)

တီတီတာ့ဘာရဲ့ ခြေလှမ်းတွေက အလောတကြီးနိုင်စွာ ခပ်သွက်သွက်လေး လှမ်းနေမိပြီး သူငယ်ချင်းဖြစ်သူ နေမာလွင်နှင့် ချိန်းထားတဲ့အချိန်က နီးကပ်နေ၍ နောက်ကျမှာလည်း စိုးရိမ်ဖြစ်နေသည်။ နေမာက အချိန်တိကျသူ။ လုပ်ငန်းလုပ်ရာတွင်လည်း စေ့စပ်သေချာသည်။ တီတီတာတာက နေမာအလုပ်ဝင်နေတဲ့ ချောင်းသာကမ်းခြေမှာ အသစ်ဖွင့်မယ့် ဟိုတယ်ကောင်းကင်ပြာမှာ အလုပ်လျှောက်ရန် နေမာ့ဆီက အချက်အလက်တွေသိရန် ချိန်းထား၏။ တီတီတာတာ နာရီကိုကြည့်လိုက်တော့ ငါးမိနစ်လောက်ပဲ လိုတော့သည်။ နေမာက အချိန်အရမ်းတိကျသည်။ တီတီတာတာ့ကို တမျှော်မျှော်နဲ့ ဒေါသတွေဖြစ်နေတော့တော့မည်။ သူမ ခပ်သွက်သွက် ခြေလှမ်းသံနှင့် ရှစ်ထပ်တိုက်ကြီးရဲ့ ဓာတ်လှေကားဆီ လျှောက်လာခဲ့သည်၊

www.burmeseclassic.com



သူမ ရောက်သွားတဲ့အချိန်တွင် ဓာတ်လှေကားတံခါးက ပိတ်တော့မည်ဖြစ်၍ သူမ အလောတကြီး ပိတ်တော့မည့် ဓာတ်လှေကား တံခါးကို အတင်းဆွဲဖွင့်ကာ အထဲသို့ ဝင်လိုက်သည်။

"အမေ့"

"ဟင်"

"သရဲ သရဲ"

အလင်းထဲကနေ ရုတ်တရက် ဝင်လိုက်သဖြင့် သူမ မျက်လုံးတွေ ပြာဝေသွားကာ ဓာတ်လှေကားထဲမှာ အနက်ရောင် မဲမဲ ရှည်ရှည်သဏ္ဍာန်က တီတီတာ့ ရှေ့မှာ ဘွားခနဲလှည့်ပစ်လိုက်ပြီး အပြင်သို့ ပြန်ထွက်မည်အပြုတွင် ဓာတ်လှေကားကြီးက တံခါး ပိတ်ပြီး အပေါ်သို့တက်သွားတော့သည်။ ဓာတ်လှေကားထဲမှာ လူကလည်း မရှိ။ တီတီတာက ခြောက်ထပ်အထိ တက်ရမှာပါ။ တီတီတာကို သရဲခြောက်တာပဲဖြစ်မည်။ ဓာတ်လှေကားကြီးက လည်း ဘယ်အထပ်မှမရပ်ဘဲ ဆက်ပြီးတက်နေ၍ တီတီတာတာ ပို၍ တုန်လှုပ်ချောက်ချားလာရ၏။ မဲမဲရှည်ရှည်ကြီးက ဓာတ်လှေ ကားထဲမှာ တီတီတာတာနှင့် အတူတူရှိနေကြောင်း စိတ်ကသိနေ သည်။ ဘယ်လိုလုပ်ရမလဲ။ ဓာတ်လှေကားထဲမှာ သူမကလွဲပြီး လှုပ်ရှားသွားလာမှုမရှိဘဲ ငြိမ်သက်စွာ ဓာတ်လှေကားကြီးက ဆက်



၍တက်နေသည်။

"တီကို သရဲခြောက်တာပဲနေမယ်၊ မကြည့်ရဲတော့ဘူး၊ ဘုရား ဘုရား သံဗုဒ္ဓေ"

စိတ်ထဲမှာ အမှတ်ရလာတဲ့ ဘုရားစာတွေကို အမှားမှား အယွင်းယွင်း ထစ်ထစ်ငေါ့ငေါ့ ရွက်ဖတ်နေမိသည်။ အမယ်လေး ဆာချွေးတွေတောင် ပြန်လာပြီ။ မဲမဲကြီးက ရှိသေးတယ်။ ဘုရားစာ ဆွရွတ်တာတောင် ပျောက်မသွားပါလား။ ဘာကြီးလဲ သူမ စိတ်တွေ တုန်လှုပ်ချောက်ချားကာ ဒူးတွေပင် တုန်လာရသည်။ သာတဂါ။ ဓာတ်လှေကားထဲ စွပ်ဝင်လာမိတာ မှားပြီထင်တယ်။ သူမနောက်မှာ မဲမဲသဏ္ဍာန်ကြီးရှိနေတာ သေချာသည်။ တီတီတာ ကာ သေသေချာချာလည်း မကြည့်ရဲပေ။ ဘုရားစာတွေကို အမှား အယွင်းယွင်း ရွတ်နေမိကာ ဓာတ်လှေကားကြီး တက်သွားရာသို့ စိတ်တလန့်နှင့် လိုက်သွားရင်း တဖြည်းဖြည်းနှင့် အလင်းရောင် ဝင်းလာပြီး ထိုမဲမဲသဏ္ဍာန်ကြီးကို မသိမသာ မျက်လုံးလေး ကျိုး ကြည့်မိသည်။

"ဟင်"

တီတီတာတာရဲ့ ခန္ဓာကိုယ်လေး အင်အားချိနဲ့စွာ ဓာတ် လှေကားကြီးရဲ့ နံရံမှာမှီရင်း မဲမဲသဏ္ဍာန်ကြီးကို သေသေချာချာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိမှ အနက်ရောင် အနောက်တိုင်းဝတ်စုံနှင့် စတိုင်လ်အပြည့်နှင့် လူတစ်ယောက်ရပ်နေတာဖြစ်ကြောင်း သိလိုက်ရသည်။ တော်တော် နေနိုင်တဲ့ လူပဲ။ မိန်းကလေးတစ်ယောက် ဒီလောက်အထိ ကြောက် လန့်ပြီး သေမတတ်ဖြစ်နေတာတောင် သူနှင့်မဆိုင်သလိုဘဲ ငြိမ် သက်နေသည်။ တီတီတာတာ ဒေါသဖြစ်သွားကာ ထိုလူနှင့် မျက် နှာချင်းဆိုင် ရပ်မိ၏။ ထိုစဉ်မှာပင် သူ့ကိုသရဲထင်ပြီး သရဲဟု အော်လိုက်မိတာပင် အရမ်းကိုအားနာသွားရသည်။ အနောက်တိုင်း ဝတ်စုံ အနက်ရောင်ကို သေသပ်ကျနစွာ စတိုင်လ်ကျကျ ဝတ်ဆင် ထားသော သူသည် တီတီတာတာထက် နည်းနည်းပဲ ကြီးမည်ဖြစ် ပြီး ခန့်ညားချောမောနုဖတ်နေသော ယောကျ်ားတစ်ယောက်ဖြစ် နေသည်။ နုဖတ်ဝင်းစိုနေတဲ့ အသားအရည်၊ စိုရဲနီစွေးစွေး နှုတ်ခမ်း ရယ်၊ နှာတံစင်းစင်းတွေရယ်၊ လူကြီးလူကောင်းဆန်စွာ အပြစ် ပြောစရာမရှိအောင် ချောမောနေသည်။

"ရှင် လူဖြစ်ပြီး မိန်းကလေးတစ်ယောက် ဒီလောက် အထိ ကြောက်ရွံ့ထိတ်လန့်နေတာမြင်လျက်နဲ့ ဘာဖြစ်လို့ အသံ မပေးရတာလဲ"

သူက တုံ့ပြန်ပြောဆိုခြင်းမရှိဘဲ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ မျက်နှာထားတည်တည်ကြီးနှင့် ရပ်နေသဖြင့် တီတီတာတာ ပို၍ပင်



ဒေါသတကြီးနှင့် သူ့ကိုကြည့်မိသည်။

"ဒီမှာ"

"ကျို"

"ဟင်"

ဓာတ်လှေကားကြီးက ခြောက်ထပ်မြောက်တွင် ရပ်သွား ပြီး တံခါးဖွင့်သည့်နှင့် သူထွက်သွားသည်။ တီတီတာတာလည်း ထွက်ရမှာပဲ။ သူနှင့် တိုက်ဆိုင်စွာ ခြောက်ထပ်ကိုသွားမည့်သူပဲ ဖြစ်နေ၏။ စမတ်ကျစွာ လျှောက်လှမ်းသွားနေသော သူ့ကို ငေး မောကြည့်မိရင်း ဓာတ်လှေကားထဲကနေ အပြင်ထွက်ဖို့ကို တီတီ တာတာ မေ့လျော့နေသည်။

"တီ"

"မောင်"

"အမယ်လေး"

ဓာတ်လှေကားကြီးဟာ တံခါးပြန်ပိတ်ပြီး ဆက်တက်တော့ မည်ပြုတော့မှ တီတီတာတာ အသိဝင်လာပြီး ခလုတ်ကိုပြန်နှိပ် ကာ တံခါးကို ပြန်ဖွင့်ကာ ထွက်လိုက်ရသည်။

"ဟွန်း ဘယ်လိုလူလဲ၊ အခြောက်တိုက် ဘဝင်မြင့်နေသ ထင်တယ်၊ တို့ကိုများ အဖက်မတန်သလိုနဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကြီးက တည်တည်ကြီးနှင့် တီတီတာတာ ပြောနေတာကိုပင် အရေးမစိုက် တုံ့ပြန်ပြောဆိုခြင်းလည်းမရှိ အဘက် မတန်သလို တောင့်တောင့်ကြီးရပ်ကာ တံခါးပွင့်သွားတော့ ခပ်တည် တည်ပဲ ထွက်သွားတဲ့သူ့ကို ယဉ်ကျေးမှုမရှိလိုက်တာဟု မကျေမနပ် ပွစိပွစိ ပြောပစ်လိုက်သည်။ တီတီတာတာကလည်း တီတီတာတာ ပဲ။ ဓာတ်လှေကားထဲ ပြာယာခတ်ကာ အလောတကြီးဝင်ပြီး ပတ်ဝန်းကျင်ကို သေသေချာချာမကြည့်ဘဲ သရဲဟုအော်နေသည်။ ဘုရားစာတွေကို ထစ်ထစ်ငေါ့ငေါ့နှင့် ရွတ်နေ၏။ ရယ်ချင်လိုက်တာ ဒီလူတော့ တီတီတာတာ့ကို ကြိတ်ပြီး ဒေါသတွေဖြစ်နေမှာပဲ။ သူထွက်သွားတဲ့ဘက်သို့ သူပျောက်သွားတဲ့အထိ တီတီတာကာ ရပ်ကြည့်နေမိသည်။

"ဟောတော့ တီ သွားရမယ့်ဘက်က ဟိုဘက်ပဲ၊ နေမာ တော့ စောင့်နေတော့မယ်၊ အချိန်တောင် လွန်နေပြီပဲ"

နေမာနှင့် ချိန်းထားတာကို မေ့လျော့ပြီး ဟိုလူနောက် လိုက်ကြည့်မိနေသည်။ နေမာတော့ ဒေါကန်နေလောက်ပြီ။ အချိန် တိကျတဲ့ နေမာက သူမစောင့်နေရလျှင် အကြီးအကျယ် ဒေါသ ထွက်တတ်သူ။ တကယ်တော့ တီတီတာတာက ချောင်းသာကမ်း ခြေမှာ အသစ်ဖွင့်လှစ်မည့် ဟိုတယ်ကောင်းကင်ပြာမှာ ဝန်ထမ်း





အဖြစ် လျှောက်ထားပြီးဖြစ်၍ လက်ရှိတာဝန်ထမ်းဆောင်နေသော သူငယ်ချင်းနေမာနှင့်တွေ့ရန် လာရောက်ခြင်းဖြစ်သည်။

"နေမာတော့ ဒေါကန်နေလောက်ပြီ၊ ပြဿနာပဲ၊ ဒီလူ ကြောင့်၊ ဟွန်း…ဘယ်လိုလူမှန်းတောင် မသိပါဘူး"

ဓာတ်လှေကားထဲမှာ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တွေ ကို တွေးမိတိုင်း တီတီတာတာ ရယ်ချင်နေသည်။ စပ်ဖြဲဖြဲ ရယ်ကျဲ ကျဲနှင့် ဝင်လာတဲ့ တီတီတာတာ့ကို တွေ့ရတော့ နေမာ နှုတ်ခမ်း ရှုံ့နှင့် ကြည့်၏။ တီတီတာတာ ထိန်းချုပ်မထားနိုင်တော့ဘဲ တဟား ဟား ရယ်ပစ်လိုက်မိသည်။

"ဟဲ့…ဘာဖြစ်လာရတာလဲ တီ၊ နင် နောက်ကျနေလို့ ငါစိတ်ဆိုးနေတာနော်၊ စောင့်ရတဲ့အလုပ်ကို မကြိုက်ဆုံးပဲ၊ ငါက အချိန်တိကျမှ"

နေရာကနေ မျက်နှာရှုံ့တင်းတင်းလေးနှင့် နေမာက ရန်တောင်နေသည်။

"တီ"

"ဟား…ဟား…ဟား"

"တီနော် နင့်ကို ဒေါသထွက်လာပြီ၊ ဘာတွေ ဒီလောက် အထိ သဘောကျနေရတာလဲ ပြောလေ၊ စိတ်ဆိုးနေတာနော်"

www.burmeseclassic.com

www.burmeseclassic.com



"တီ အစောကြီးထဲက ရောက်နေတာဟာ၊ နှင့်ဆီနောက်ကျမှာစိုးလို့ ခတ်လှေကားထဲ အလောတကြီး ဝင်လိုက်တာလေ၊ ဟား…ဟား…ဟား"

ခတ်လှေကားထဲမှာ တွေ့ကြုံရတဲ့ အဖြစ်အပျက်တွေကို ပြောပြလိုက်သည်။

"ဟွန်း…တော်တော် ဘဝင်မြင့်တဲ့လူပဲသိလား၊ မိန်းကလေးတစ်ယောက်က ကြောက်ပြီး ဘုရားစာတွေရွတ်နေတာ မသိချင်ယောင်ဆောင်ပြီး အသံမပေးဘူးဟာ၊ တို့ကို အဘက်တောင်မလုပ်ဘူး၊ လူဆိုရင်လူပေါ့၊ ကျောက်ရုပ်ကြီးလို ရပ်နေတာဟာ၊ စာကယ့်ကို လူ့ငစာကြီးပဲ"

"နှင်တော့သွားပြီ တီ"

"ဘာဖြစ်လို့လဲဟ"

"အဲဒီလူက တို့ဟိုတယ်ရဲ့မန်နေဂျာ ကိုယုယချစ်လေ"

"ဘာ"

တီတီတာတာ သူ့ကို ရန်ထောင်မိသည်။ ပြဿနာပဲ နာမည်က ကိုယုယချစ်တဲ့၊ လူနဲ့တော့ တခြားစီပဲ။ မျက်နှာကြီးက ရှုတင်းမာနေ၏။ လူ့ကိုလည်း အဖက်မတန်သလို ဆက်ဆံသေးတယ်၊ ဆိုလည်းဆိုတတ်ပါတယ်။ တီတီတာတာ မျက်စန်းလေး





ကတော့ ပြုံးကျယ်သွားသည်။

"သူက အရမ်းတော်တယ်၊ ထက်မြက်တယ်၊ ကြိုးစားတယ်၊ ပညာလည်းတတ်တယ်၊ ဘာသာစကားတွေလည်း ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်တယ်"

"ဒါကြောင့် ဒီလောက်အထိ ဘဝင်မြင့်ပြီး မာနက မိုးထိနေတာထင်တယ်"

"ကိုယုယ အလုပ်ကိစ္စကလွဲပြီး တခြားအကြောင်းအရာမပြောဘူး၊ တို့သူဌေးရဲ့ သားကြီးလေ"

"သားငယ် ရှိသေးလို့လား"

"အင်း…ရှိတယ်၊ သူက ဆိုးတယ်လေ၊ သားကြီးလို အားမကိုးရဘူးဟ၊ ကိုသော်ကချစ်တဲ့"

"သူဌေးသားဆိုတာနဲ့ပဲ ဒီလောက်ပဲ မာန်မာန ကြီးရလားဟာ"

"အကြောင်းရှိတယ်လေ၊ ကိုယုယက သူ့ဘဝကို သူခဲ့တွေနုပ်နေတာလေ၊ သူ့အမေက သူဌေးရဲ့ မယားကြီးလေ၊ လက်ရှိက မယားအငယ်နဲ့ပေါင်းနေတာ"

"ဟင်…သူ့အမေက သေသွားပြီလား"

"ရှိတယ်၊ သူနဲ့နေတာလေ၊ တိုက်ခန်းလေးမှာပဲ၊ သားစု



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေရှိတယ်''

သူ့ဘဝအကြောင်း ကြားရတော့လည်း တီတီတာတာ နည်းနည်းတော့ ခံစားသွားရသည်။ သူ့ဘဝမှာ ဘယ်လောက် နာကျင်ကြေကွဲစရာတွေ ရှိနေလဲ။ မိန်းကလေးတစ်ယောက်ကို အဘက်မတန်သလိုကြီး လုပ်တာတော့ မကျေမနပ်ဖြစ်မိ၏။ စောစောက ရယ်ချင်စိတ်တွေပင် ပျောက်သွားရသည်။

''သူက အခု အသစ်ဖွင့်မယ့် ဟိုတယ်ကောင်းတင်ပြာမှာ ခန့်မယ့် ဝန်ထမ်းတွေကို ရွေးချယ်မှာဟ၊ တို့ကုမ္ပဏီပိုင်ရှင်သူဌေး က သားကြီးကိုတော့ အားကိုးတယ်လေ၊ ဒါပေမဲ့ သူက ဝန်ထမ်း တစ်ယောက်အဖြစ်ပဲ ခံယူထားတယ်၊ အလုပ်တာဝန်တွေကလွဲပြီး အပိုတွေ မလုပ်ဘူးဟ၊ နေမာတောင် ကိုယုယနဲ့ စကားမပြောဖူး ဘူးလေ''

''ဟင်''

တီတီတာတာကို သူက ရှုပ်ပလာကောင်မလေး တစ်ယောက်ဟုပင် ထင်မှတ်သွားပြီလားမသိဘူး။ နေ့စပ်သေချာတဲ့ သူ့ရှေ့မှာမှ အလွဲလွဲအချော်ချော်နှင့် သူ့ကို သရဲထင်ပြီး ဘုရားစာ တွေ ထစ်ထစ်ငေါ့ငေါ့ ရွတ်နေတာ ဘယ်လိုထင်မလဲ။ အမယ် လေး အထင်သေးတော့မှာပဲ။ ဒီလူနဲ့မှ လာဆုံရတယ်လို့။ ဘာပဲ





ပြောပြော သူ့စတိုင်လ်ကိုတော့ တီတီတာတာ မေ့ပျောက်လို့မရ အောင် စွဲထင်ကျန်ရစ်နေသည်။

''စတိုင်လ်ကတော့ မိုက်တယ်နော် နေမာ၊ မျက်စိထဲက ကို မထွက်ဘူးဟ၊ တည်နေတဲ့မျက်နှာကပဲ စွဲလမ်းစရာကောင်းနေ တာလား''

''တီ''

''ဟင်''

''လူတွေ့စစ်ဆေးရင်တော့ ရှုပ်ပလာ ရှုပ်ပလာ မလုပ်နဲ့ နော်၊ နင့်ကိုတော့ ရွေးမှာပါ၊ ဒေါ်ရီတာနွယ်က နင့်ပုံစံကို ကြိုက်မှာ ဟ''

''သူက အမိကဆို''

''သူက အလုပ်နဲ့လူမှုရေးရာကို ခွဲခြားထားတာဟ မပူနဲ့၊ နင်ကလည်း အရမ်းလှတာပဲလေ''

''ဟဲ့…နေမာ''

''ဘာလဲ''

''သူလည်း ငါ့ကို မိုးပေါ်က နတ်သမီးလေး ပြုတ်ကျ သလားလို့တောင် ရွှေးနေမလား''

''တော်ပါဟာ သူက ဘာကိုမှ စိတ်မဝင်စားဘူး၊ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ လုံးဝကင်းတယ်၊ နင့်ကို အဖက်လုပ်ပြီးတောင် စကားမပြောဘူး''

''ဟွန်း''

တီတီတာတာကတော့ ဘဝမှာ နာကြည်းကြေကွဲစရာတွေဘာမှမရှိပါဘူး။ ဖေဖေနဲ့ မေမေက အသင့်အတင့် နေထိုင်စားသောက်နိုင်ကြပြီး မိသားစု ပျော်ရွှင်နေထိုင်တတ်ကြသူတွေ ဖြစ်သည်။ နေမာဆီမှာ အကြာကြီး သွန်သင်ညွှန်ပြမှုတွေကို ခံယူရင်းရုံးဆင်းမှ နေမာနှင့်အတူတူ ပြန်ခဲ့ကြ၏။ ဓာတ်လှေကားထဲရောက်တော့ တီတီတာတာ ရယ်မိသွားသေးသည်။

◆ ◆ ◆

ဝိ:မိ:၀၇၆၀

## အခန်း (၂)

ဒီနေ့ အလုပ်အတွက် လူတွေ့စစ်ဆေးရမည်ဖြစ်၍ တီတီတာတာ အဝတ်အစား အပြင်အဆင်ကို နေမာပြောသလို သေသပ်သပ်ရပ်ရပ်စွာ ဝတ်ဆင်နေသည်။ မေမေက ချောင်းသာကမ်းခြေဟိုတယ်မှာ သွားရောက်လုပ်ကိုင်ရမည်ဖြစ်၍ နည်းနည်းတော့ စိတ်ပူနေ၏။ မေမေက သမီးသဘောပဲတဲ့။ ကောင်းတဲ့အလုပ်ဆိုရင် ဖေဖေ ထောက်ခံတယ်တဲ့။ သမီးကို ဖေဖေ ယုံကြည်ပြီးသားပဲတဲ့။ တီတီတာတာကလည်း ဟိုတယ်လုပ်ငန်းကို စိတ်ဝင်စားသည်။ ပြီးတော့ တီတီတာတာ ဝင်ငွေရှိချင်၏။ သူငယ်ချင်းနေမာလည်းရှိနေလို့ အတူတူ အလုပ်လုပ်ချင်၍ ထိုအလုပ်ကို လျှောက်ခြင်းဖြစ်သည်။

''တီ''

''ရှင် မေမေ''

www.burmeseclassic.com

www.burmeseclassic.com



"မေမေကတော့ ဒီအလုပ်ကို သဘောမတူချင်ဘူးကွယ်၊ ပတ်ဝန်းကျင်က တစ်မျိုးထင်မှာ စိုးတယ်လေ"

"ဟာ…မေမေကလည်း ဘာဆိုင်လို့လဲ၊ နေမာဆိုရင် ကြည့်လေ ဘယ်လောက် ဂုဏ်ရှိလဲ၊ ရည်းစားတောင်မရှိဘူး၊ ဒီကုမ္ပဏီက စည်းကမ်းကြီးတယ်လေ၊ စနစ်ကျတယ်၊ ကိုယ်ကျင့်တရား ပျက်ပြားတဲ့အလုပ်ကို လုံးဝလက်မခံဘူး"

မေမေနဲ့တော့ တစ်ယောက်နှင့်တစ်ယောက် သူငယ်ချင်းလိုပဲ ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံသည်။ တီတီတာတာ ဘာပဲလုပ်လုပ် မေမေ မသိတာမရှိ။ တီတီတာတာနှင့် ကိုယုယချစ်တို့ ဓာတ်လှေကားထဲမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကို ပြောပြတော့ မေမေ ရယ်ရင်း ဒီလိုတည်ကြည်တဲ့ ယောကျ်ားတစ်ယောက်က လေးစားစရာကောင်းသည်ဟု ပြောသည်။

"တော်သေးတာပေါ့ တီရယ်၊ ဓာတ်လှေကားထဲမှာ နှစ်ယောက်ထဲဟာ အခွင့်အရေးသမားဆိုရင် မလွယ်ဘူး"

သူက တီတီတာတာကို အထင်ပဲသေးသွားပြီလား။ မစေ့စပ်မသေချာတဲ့ ဟာမလေးလို့ပဲ သတ်မှတ်နေမလားပဲ။ တီတီတာတာ အဝတ်အစားတွေ ဝတ်စားပြင်ဆင်ပြီး မေမေက သမီးလေး အရမ်းချစ်စရာကောင်းတာပဲ၊ ချောလိုက်တာကွယ်ဟု ကိုယ့်သမီး





ကိုယ် ချီးမွမ်းခန်း ဖွင့်နေသည်။

"မေမေနော် အိမ်ကနေ တို့ကို မရပါစေနဲ့ ဆုတောင်းမနေနဲ့ဦးနော်"

"သမီးလေးဆန္ဒက မေမေတို့ဆန္ဒပါပဲကွယ်၊ သမီးလေးတို ပျော်ရွှင်ပါစေလို့ပဲ ဆုတောင်းပေးမှာပါ"

"ရွှတ်"

"ဟဲ့"

မေမေ့ပါးကို ရွှတ်ခနဲ တစ်ချက်နမ်းပြီး တီတီတာတာ ထွက်လာခဲ့သည်။ ဖေဖေက ရုံးသွားပြီ။ အေးဆေးသော ဖေဖေက မိသားစုနှင့် ဘယ်တော့မှ အတိုက်အခံမလုပ်။ မေမေ့အပေါ်လည်း ချစ်ခင်မြတ်နိုးပြီး သစ္စာရှိသူပင်။ ကိုယုယချစ်အဖေနဲ့ တခြားစီပဲ။ အင်းလေ သူ့အဖေက သူဌေးကြီးကိုး။ သူတို့ရဲ့ပိုင်ဆိုင်မှုတွေက တိုက်ဂဏန်းတွက်ချက်လို့ပင် မရဘူးတဲ့။ ကိုယုယချစ်တို့သားအမိ က ဘာဖြစ်လို့ တိုက်ခန်းလေးနဲ့ နေရတာလဲ။ တီတီတာတာ နေ့နိုင်မထိုင်နိုင် တွေးမိနေသည်။ ဓာတ်လှေကားထဲဝင်တော့ သူ့ကို သတိရပြီး ရယ်ချင်သွားရ၏။ ဘယ်လိုလူမှန်းလည်း မသိပါဘူး။ မျက်နှာကြီးက တည်တည်ကြီးနဲ့ သိပ်ကို ခမ်းနားကြီးကျယ်နေတာ ပါလား။ ခြောက်ထပ်မြောက်ကိုရောက်တော့ တီတီတာတာ

www.burmeseclassic.com



ခတ်လှေကားထဲမှ ထွက်လိုက်သည်။

"တီ"

"ဟဲ့…နေမာ"

"OK တယ်၊ နှင့်ကိုတော့ ရွေးမှာသေချာတယ် သိလား"

"ဟိုလူနဲ့ တွေ့ရမှာတောင် မျက်နှာပူလိုက်တာဟာ၊ တို့ကို ဘာကောင်မလေးတစ်ယောက်လို့ ထင်မလဲ၊ သူက အထင်သေး ချင်သေးမှာဟ"

"ဒေါ်ရီတာနွယ်က ရွေးမှာပါ၊ ပြီးတော့ နှင်လိုချော်မောလှပတဲ့ ကောင်မလေးတစ်ယောက်ကို ဘယ်သူက မရွေးဘဲ နေမှာလဲ"

"နေမာ"

"ဟင်"

"တကယ်တော့လေ ငါ အမှန်အတိုင်းဝန်ခံရရင် ဟိုလူနှင့်တို့ ကုမ္ပဏီရဲ့ ကိုယ်ပုယချစ်ကို ငါ မျက်စိထဲက မထွက်အောင်စွဲလန်းနေပြီထင်တယ်ဟာ၊ မျက်နှာကြီးတည်နေတာကလွဲပြီး ယောက်ျားပီသတဲ့ရုပ်ရည်တွေ၊ နှုတ်ခမ်းစိုရဲရဲတွေ၊ နှာတံစင်းစင်းတွေ၊ မျက်လုံးတောက်တောက်တွေ"

"ဟဲ့ တီတီတာတာ အရူးထမနေနဲ့၊ သူက အလုပ်တာဝန်တွေပဲ ခေါင်းထဲထားတာ၊ အလုပ်ကိစ္စကလွဲပြီး စိတ်မဝင်စားဘူးသူ



နဲ့ လက်ထပ်မယ့် မိန်းမလေးတော့ သူ့ရဲ့ဥပေက္ခာပြုမှုတွေကြောင့် စိတ်ဆင်းရဲပြီး သေမှာပဲ"

"သေချင်သေပါစေဟာ သူ့ကို ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင်လေ"

"ဟိုမှာ နှင့်အလှည့်ရောက်ပြီ သွားတော့"

သူမ အလှည့်ရောက်လာသဖြင့် တီတီတာတာ စိုးရွံ့ထိတ်လန့်စွာဖြင့် အခန်းထဲဝင်လာခဲ့သည်။ အေးစိမ့်နေတဲ့ အသိအတွေ့နှင့် ခမ်းနားလွန်းတဲ့ အပြင်အဆင်တွေကြောင့် တီတီတာတာ ရင်တွေတဒိန်းဒိန်းလှုပ်ခုန်သွား၏။ တီတီတာတာက အမြဲတမ်း သူမကိုယ်သူမ ယုံကြည်မှုတွေအပြည့်ရှိပြီး လုပ်ရဲကိုင်ရဲ ရင်ဆိုင်ရဲသူဖြစ်ပေမယ့် မန်နေဂျာ ကိုယုယချစ်ရဲ့ရှေ့ကို သွားရမှာတော့ သူမ စိတ်တွေက ယုံကြည်မှုကင်းမဲ့နေသလို တုန်လှုပ်ချင်နေသည်။

"ထိုင်ပါ"

"ရှင်"

"ထိုင်ပါလို့ ပြောတာပါ"

"သြော်…ဟုတ်ကဲ့၊ ထိုင်ခွင့်ပြုပါနော်"

"ထိုင်ပါ"

တီတီတာတာကတော့ တကယ်ကို အူတူတူပဲ။ ကိုယုယ

www.burmeseclassic.com



ချစ်ဆိုတဲ့ မန်နေဂျာကို ငေးမောကြည့်မိသွားသဖြင့် ရှေ့မှာရှိနေတဲ့ မြုံမြုံနုနု ချောချောခန့်ခန့် မိန်းမကြီးတစ်ယောက်က ထိုင်ပါပြောတာ ပင် မကြားလိုက်မိပေ။ သူမ စိတ်တွေကို ပြန်စုစည်းကာ ထိန်း ချုပ်လိုက်ရသည်။ ပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်လိုက်တော့ ရွေးချယ်ရေးအဖွဲ့ဝင် လူကြီးသုံးယောက်ထိုင်နေရာ အမျိုးသမီးကြီးက အလယ်မှာထိုင်နေ၏။ ဒေါ်ရီတာနွယ်ဆိုတဲ့ အမျိုးသမီးကြီးပဲ ဖြစ်နိုင် သည်ဟု တွေးမိသည်။

"ဒေါ်ရီတာနွယ်က တို့မန်နေဂျာ ကိုယုယရဲ့မိထွေးပဲ၊ သူ့ဒက်ဒီနဲ့အတူနေတဲ့ မိန်းမလေ၊ မန်နေဂျာ ဒက်ဒီက အရမ်းချစ် မြတ်နိုးတယ့်တဲ့"

နေမာ ပြောတဲ့စကားတွေကို ကြားယောင်မိပြီး ဒီအမျိုးသ မီးက ချောလည်းချောတာကိုး။ မန်နေဂျာ့အမေက ရိုးရိုးအအ အသွားကြီး ထင်တယ်၊ ဒေါ်ရီနွယ်ကို ယှဉ်နိုင်မှာမဟုတ်ဘူးထင် တယ်၊ ကိုယုယ ခံစားနေရမှာပဲလေ၊ မဆီမဆိုင် ကိုယုယအပေါ် သနားကြင်နာနေမိသည်။

"တီတီတာတာ"

"ရှင်"

"မင်းဘာတွေ စဉ်းစားနေတာလဲ၊ မင်းဘယ်ကိုရောက်နေ



တာလဲ၊ ပြီး ဘာလုပ်ဖို့လာတာလဲဆိုတာတွေရောသိရဲ့လား"

"ရှင်"

"တီတီတာတာ"

"ရှင်"

"မင်း ဒီကို ဘာလာလုပ်တာလဲ"

"ဟို ဟို တီ အလုပ်လာလျှောက်တာပါ၊ အသစ်ဖွင့်မယ့် ရောင်းသာကမ်းခြေဟိုတယ်မှာ အလုပ်ဝင်ဖို့ပါ"

"မဆိုးပါဘူး ကိုယ် ဘာလာလုပ်လဲဆိုတာ မင်းသိ သားပဲ"

အမျိုးသမီးရဲ့ အကြည့်တွေက တီတီတာတာကို စူးစိုက် သွန်းနေသဖြင့် ထိုင်နေရတာပင် တီ့စိတ်တွေ မလုံမလဲ ဖြစ်လာရ သည်။ ဘယ်လိုကြီးလဲ ဟိုလူကတော့ သူမအားတစ်ချက်လေးပဲ ကြည့်ပြီး သူမကိုယ်ရေးရာဇဝင်ဖြည့်ထားတဲ့ စာရွက်ကိုပဲ ကြည့်နေသည်။

"မင်းက ဟိုတယ်ကောင်းကင်ပြာအပေါ် ယုံကြည်မှုရော ခပြည့်အဝရှိရဲ့လား"

"တီက ဟိုတယ်လုပ်ငန်းကို ဝါသနာပါပါတယ်၊ ဖြစ်နိုင် ရင် ကိုယ်ပိုင်ဟိုတယ်ကြီး တည်ထောင်ပိုင်ဆိုင်ချင်ခဲ့မိတာပါ"

www.burmeseclassic.com

www.burmeseclassic.com



“အရမ်းကို လှပတဲ့ စိတ်ကူးယဉ်မှုလေးပါပဲလား တီတီ တာတာ”

“လောကကြီးမှာ ဘာမဆိုဖြစ်မလာနိုင်ဘူးလို့ တထစ်ချပြောလို့မရပါဘူး၊ ဘာမဆိုလည်း ဖြစ်လာနိုင်တာပဲ၊ အဓိက ရည်ရွယ်ချက်ရှိနေဖို့ပဲလေ၊ တီကတော့ ယုံကြည်မှုအပြည့်ရှိတယ်၊ တီ အဖြစ်ချင်ဆုံးက ကမ္ဘာ့အဆင့်မီ ဟိုတယ်ကြီးတစ်ခုကို ပိုင်ဆိုင်ချင်တာပဲ”

“တီတီတာတာ”

“ရှင်”

“မင်း မိဘတွေက အရမ်းချမ်းသာကြလား”

“ဟင့်အင်း မချမ်းသာပါဘူး၊ သာမန် အလယ်အလတ် စားသောက်နေထိုင်နိုင်ရုံပါပဲ”

“ဪ…ဒါနဲ့များကွာ”

“ဟိုလေ တီက ကိုယ်ဖြစ်ချင်တာကိုပြောတာပါ၊ စိတ်ကူးယဉ်ကြည့်တာ ပိုက်ဆံပေးရတာမှမဟုတ်တာ၊ ကိုယ့်စိတ်တွေကို ပျော်ရွှင်ချမ်းမြေ့အောင် လုပ်ပေးရတာလေ၊ တချို့က အလကားနေရင် ပစ္စည်းဥစ္စာတွေပြည့်စုံချမ်းသာနေတာတောင် ကိုယ့်စိတ်ကို ညစ်နွမ်းအောင် ပြုမူနေထိုင်တတ်ကြတယ်။ အဲဒါမျိုးတော့ တီ



အရမ်းမုန်းတယ်၊ လူလောကကြီးမှာ ကံကောင်းပြီး ရောက်လာတုန်း ကိုယ်ဖြစ်ချင်တာတွေအားလုံး လက်တွေ့ဖြစ်မလာနိုင်လည်း စိတ်ကူးတွေနဲ့ ပုံဖော်လိုက်ရင် အရမ်းပျော်ရွှင်ချမ်းမြေ့နိုင်တာပဲဟာ”

ဒုက္ခပါပဲ ဟိုလူက တီ့ကို အရေးမစိုက်သလို အထင်သေးသလိုနှင့် မျက်နှာထားတည်တည်ကြီးလုပ်နေ၍ အမြင်ကတ်ကတ်နှင့် ဘာတွေလျှောက်ပြောနေမိမှန်းပင် မသိတော့။ ဒေါ်ရီတာနွယ်က ပြုံးနေသည်။ ဘေးမှာထိုင်နေတဲ့ ဝန်ထမ်းရွေးချယ်ရေး လူကြီးတစ်ယောက်ကလည်း ရယ်မောနေ၏။ ကိုယုယကတော့ တည်တည်ကြီးပဲ၊ လူချင်းသိနေတာပဲဟာ အဖက်မတန်သလိုနှင့် တီတီတာတာ့ကိုပင် မကြည့်ပေ။ ဒေါ်ရီတာနွယ်က မင်းက အရမ်းလှပချောမောတဲ့ ကောင်မလေးပဲ။ ဟဲ့သတွေလည်း ပြောတတ်တယ်တဲ့။ တီတီတာတာက ကမ္ဘာ့အကြီးဆုံးဟိုတယ် ပိုင်ဆိုင်ချင်တာ ဟာသလား။ လူကို အထင်သေးတာပဲ၊ စိန်တွေ လက်လက်ထအောင် တစ်ကိုယ်လုံးမှာ ဝတ်ဆင်ထားသော ဒေါ်ရီတာနွယ်ရဲ့ ကြွယ်ဝချမ်းသာမှုက သိသာနေသည်။

“မင်းက ပညာတတ် ကောင်မလေးပဲ၊ အရမ်းလည်း သွက်လက်ချက်ချာတယ်၊ မင်းရဲ့အထူးကျွမ်းကျင်မှုက ရေကူးဆိုတော့ အန်တီတို့ ဟိုတယ်မှာလိုအပ်နေတဲ့ ရေကူးကန်မှာပဲ တာဝန်

www.burmeseclassic.com



ပေးမယ်ဆိုရင်ရော''

''ရပါတယ်၊ တီက အလုပ်ရဖို့ အရေးကြီးတာပါ၊ အောက်ခြေကနေစပြီး အလုပ်တာဝန်ကို သင်ယူတတ်မြောက်ချင်ပါတယ်''

''OK မင်းက ကမ္ဘာ့အဆင့်မီ ဟိုတယ်ကြီးကို စီမံအုပ်ချုပ်မယ့်သူဆိုတော့လေ''

''စိတ်ကူးယဉ်တာ ပိုက်ဆံပေးရတာ မဟုတ်တာပဲ၊ ကျွန်မရဲ့ ကိုယ်ပိုင်အခွင့်အရေးပဲ ထင်တယ်နော်''

''တီတီတာတာ မင်းက အရမ်းချစ်စရာကောင်းတယ်၊ စိတ်ကူးယဉ်ပါ၊ လောကကြီးထဲမှာ မဖြစ်နိုင်ဘူးဆိုတာတော့ မရှိပါဘူး၊ မင်းကြိုးစားပါ''

ဒေါ်ရီတာနွယ်က စိတ်သဘောထားမဆိုးပါဘူး၊ ဖော်ရွေသားပဲ။ တီတီတာတာ ပြောချင်တာတွေပြောနေတာပင် အပြုံးတွေနှင့် ဆက်ဆံပြောနေသည်။ ဝန်ထမ်းတွေကို ဘယ်သူ့ဆန္ဒနဲ့ ရွေးချယ်မှာလဲ။ ကိုယုယက တစ်ချက်လေးပင် ဝင်ပြီးမစွက်ဖက်ခဲ့။ မင်းသွားလို့ရပြီ တီတီတာတာဟု ပြောလိုက်သဖြင့် သူမထွက်လာခဲ့မိသည်။ ဒေါ်ရီတာနွယ်ကတော့ တီတီတာတာ့ကို ရွေးချယ်ပေးမယ့် ဟိုလူက ကန့်ကွက်မလားပဲ။ သူ့ကို သရဲဆိုပြီး မစဉ်းစားမဆင်ခြင်



ဘဲ စွပ်စွဲပြောဆိုထားတာ တီတီတာတာ့ကို အမြင်ကတ်နေမှာပဲ ပေ။ အခန်းအပြင်ရောက်တော့ နေမာက စိတ်ပူပြီး နင် အဆင်ပြေခဲ့လားဟယ်ဟု မေးတာပင် တီတီတာတာ ဘယ်လိုပြန်ဖြေရမှန်းမသိအောင် နှုတ်ဆိတ်နေမိရာ နေမာပင် ထိတ်ထိတ်ပျာပျာပင် ဖြစ်ရသည်။

''တီ…ဘာလဲဟ၊ နင့်ကို သဘောမကျဘူးတဲ့လား၊ နင် ဘာတွေဖြေခဲ့လဲ''

''တို့ကို ဒေါ်ရီတာနွယ်ကတော့ သဘောကျပါတယ်ဟ''

''ဒါဆို နင့်ကို ဘယ်သူက သဘောမကျတာလဲ တီ''

''ဟိုလူ''

''မန်နေဂျာလား''

''အင်း''

''နင်ဘာတွေ ပေါက်ကရလုပ်လာပြန်ပြီလဲဟာ''

''သူ့မျက်နှာတည်တည်ကြီးကို အမြင်ကတ်လိုက်တာ''

တီတီတာတာ သူ့အထင်မသေးအောင် ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောမိခဲ့တာတွေ ပြောပြတော့ နေမာက သေလိုက်စမ်းဟု ပြောဆိုရယ်မောနေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

တီတီတာတာဆိုတဲ့ ကောင်မလေးက တကယ့်ကို လေလုံးထွားပြီး ရုပ်ပလာ ရုပ်ပလာ ကောင်မလေးပဲ။ အရောရာ မရူးစမ်း မဆင်ခြင်ဘဲ ထင်ရာပြောဆိုတတ်တာ။ မိန်းကလေးဖြစ်ပြီး မဟုတ်မဟတ် လုပ်ဇာတ်တွေခင်းနေတာကို သူ အမြင်ကတ်ဆုံးပဲ။ ရုပ်ကလေးက ဘယ်လောက်ချောမောလှပနေပါစေ တန်ဖိုးက သူမရဲ့စိတ်နဲ့ အရည်အချင်း အစွမ်းအစတွေပဲဟု ယုယ ထင်ထားသည်။ ဓာတ်လှေကားထဲ ဖွတ်ဝင်လာပြီး သရဲ...သရဲနှင့်အော်ပြီး ဘုရားစာတွေ ရွတ်နေ၏။ ဦးနှောက်မရှိတဲ့ ကောင်မလေးပဲ။ သူက မိန်းကလေးတွေနှင့် ပတ်သက်ဆက်ဆံတာမျိုး မနှစ်သက်။ အလုပ်ဝင်တာပဲ ဟိုတယ်လုပ်ငန်းရှင်ကြီးဖြစ်ဖို့ အောက်ခြေကပဲ စတင်လုပ်နေသလိုလို၊ အလကားကောင်မလေး သူ ရယ်ချင်မိလာ



သည်။

"သားကြီး ယုယ"

"ဗျာ...ဩော်...ကျွန်တော့်ကို ကျေးဇူးပြုပြီး သားကြီးလို့မခေါ်ပါနဲ့၊ ကျွန်တော်က ဒေါ်ရီတာနွယ်ရဲ့ ဝန်ထမ်းပါ"

"ဒါပေမဲ့ မာမီက မင်းဒက်ဒီရဲ့ ဇနီးလေ"

ယုယ နှုတ်ခမ်းသားတွေက တွန့်မဲ့စွာပြုံးသွားသည်။ ဒေါ်ရီတာနွယ်က သားကြီးတဲ့။ ဟုတ်ပါတယ်၊ ခင်ဗျားကြီးက ကျုပ်ဒက်ဒီရဲ့ ဇနီးပါပဲ။ ကျုပ်မာမီဆီက လုယူထားတာပဲလေ။ ကျုပ်မာမီ အသက်ထင်ရှားရှိနေသေးတာပဲ အစွန့်ပစ်ခံတစ်ဦး။ စိုရွှဲရွဲ သူ့နှုတ်ခမ်းက တင်းတင်းစေ့သွား၏။ ဒေါ်ရီတာနွယ်ကိုရော သူ့ဒက်ဒီကိုရော သူ့ရဲ့အလုပ်ရှင်တွေပဲဟု သတ်မှတ်ထားသည်။

"ထားပါတော့လေ မင်းဒက်ဒီ လုပ်ငန်းကိစ္စမှာ မင်းသဘောကျတဲ့ဝန်ထမ်းကိုပဲ ခန့်ပါလို့ ပြောထားတယ်လေ၊ မင်းကို သားကြီးအနေနဲ့ အခွင့်အရေး ပေးတာပါ"

"ကျွန်တော့် ဦးနှောက်တွေကို ဖောက်စားချင်လို့ပဲပြောပါ၊ သားငယ်က အသုံးမကျလို့လေ"

"မင်း"

"တောင်းပန်ပါတယ် ဒေါ်ရီတာနွယ်၊ အလုပ်ကိစ္စပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောပါဗျာ"

"တီတီတာတာဆိုတဲ့ ကောင်မလေးကို သဘောကျလား၊ မာမီလေးကတော့ ရွေးချယ်ချင်တယ်၊ ကောင်မလေးက ပညာလည်းမဆိုးဘူး၊ ရုပ်ရည်လေးလည်း ချောတယ်၊ ချစ်စရာတော်တော်ကောင်းတယ်၊ ရိုးသားဖြူစင်မှုလည်းရှိတယ်လေ"

"ချောလို့လား၊ ဟိုတယ်မှာ မိန်းမချောလေးတွေပဲ အသုံးတည့်မှာမို့လား"

"ယုယ"

"ကျွန်တော့်သဘောကတော့ ရုပ်ရည်ချောမောမှုထက် အရည်အချင်းနဲ့ စေ့စပ်သေချာမှုပဲ လိုအပ်တယ်လို့ထင်တယ်၊ မိန်းကလေးတစ်ယောက်ရဲ့ အလှတွေက တစ်ခါတလေ ကြောက်စရာကောင်းတယ်၊ အန္တရာယ်များတယ်"

"မင်း"

သူ ထွက်လာခဲ့သည်။ ဒက်ဒီ့ဖေနီး ဒေါ်ရီတာနှယ်နှင့် သူ အလုပ်သဘောအရပဲ ဆက်ဆံပတ်သက်ချင်ပြီးသား။ အမိပုံစံမျိုး လာပြီးဆက်ဆံနေတာမျိုး လက်မခံလိုပေ။ သူ့မာမီ ရှိသေးတာပဲ။ အပယ်ခံဘဝနဲ့ မာမီ အသက်ထင်ရှား ရှိနေသေးသည်။ ဒေါ်ရီတာနှယ်က ယောကျ်ားတစ်ယောက်ကို ညှို့ယူဖမ်းစားနိုင်ပြီး ဒက်ဒီ





အတိအလင်း လက်ထပ်ယူခဲ့ရသည့် အခြေအနေကို သူမ အလှတွေနှင့် ဖန်တီးသွားနိုင်ခဲ့၏။ မိန်းမတစ်ယောက်ရဲ့ အလှအပကို မုန်းသည်။ အန္တရာယ်များသည်ဟု ထင်ထား၏။ သူ့ကို သားကြီးတဲ့။ မာမီလေးတဲ့။ သူ့နှုတ်ခမ်းတွေ တွန့်ကွေးစွာ ပြုံးသွားသည်။ သူ့ခြေလှမ်းတွေက နှေးကွေးစွာ လှေကားထစ်တွေအတိုင်း အောက်ထပ်ကို ဆင်းလာခဲ့၏။ ဟိုကောင်မလေးနှင့် တွေ့ဆုံမိပြီးတဲ့နေ့ကစပြီး သူ ဓာတ်လှေကားမစီးတော့။ ထပ်ဆုံနေရမှာ ကြောက်နေသလိုပင်။ မိန်းမတွေနှင့် သူ လုံးဝမပတ်သက်လိုပေ။ ထို့ကြောင့်ပင် ရုံးတက်လျှင်ပဲဖြစ်စေ ရုံးဆင်းလျှင်ပဲဖြစ်စေ လှေကားတွေတိုပဲ အသုံးပြုခဲ့သည်။

"အင့်"

"ဟင်"

"အို"

"အမေ့"

သူ အတွေးတွေနှင့် ပတ်ဝန်းကျင်အား သတိမေ့လျော့စွာ လှေကားထစ်တွေအတိုင်း ဆင်းလာမိကာ တစ်စုံတစ်ယောက်နှင့် ရှုက်နှာချင်းဆိုင် ဝင်တိုက်မိသွားသည်။ ထိုတစ်စုံတစ်ယောက်သည် သူနှင့်တိုက်မိပြီး လှေကားထစ်တွေအတိုင်း ပြုတ်ကျတော့မလိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွား၍ အလျှင်အမြန်ပင် သူ့လက်တွေက ဆွဲယူပွေ့ဖက်ထားလိုက် မိကာ သူ့အသိတွင် မိန်းကလေးတစ်ယောက်ပဲဟု ထင်မိသွားသလို ထိုမိန်းကလေးကလည်း သူ့ခန္ဓာကိုယ်အား ကြောက်လန့်တကြား ဖက်တွယ်ထားသည်။ သူ့ရင်ခွင်ထဲလည်း ပြိုကျလာတဲ့ မိန်းကလေး အား သူ့လက်တွေနှင့် ဖမ်းယူထိန်းထားရင်း ကောင်မလေးမျက်နှာ ပေါ်သို့ သူ့မျက်နှာက အုပ်မိုးထားပြီးသား ဖြစ်သွားသည်။

"ဟင်"

"အို"

"မင်း"

"ရှင်...ရှင်"

ဟိုကောင်မလေးပဲ တီတီတာတာ။ မင်းနဲ့မှ လာဆုံနေရ တယ်လို့ကွာ။ ဓာတ်လှေကားထဲမှာ တိုးမှာကြောက်လို့ ဓာတ်လှေ ကားတောင်မစီးဘဲ လှေကားတွေကနေ ဆင်းလာတာပါ။ သူနှင့် တီတီတာတို့က ရုတ်တရက် လူချင်းခွာလို့မရ။ ဟန်ချက်ပျက်ကာ တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာ ပွေ့ဖက်ထားပြီးကာမှ ဟန်ချက်ကို ပြန်ထိန်းကာ နှစ်ယောက်လုံး တည်တည်ငြိမ်ငြိမ် ရပ်တည်နိုင်ပြီဆိုမှ လူချင်းပြန်ခွာပစ်လိုက်သည်။

"ကိုယုယချစ်ပါလား၊ တောင်းပန်ပါတယ်နော်၊ တို



အများတွေပါ၊ အရေးတကြီးနဲ့ တိုပိုက်ဆံအိတ် မေ့ကျန်ခဲ့လို့ အပေါ် ကို အလောတကြီး ပြေးတက်လာမိလို့ပါ"

လာပြန်ပြီ ပြဿနာတစ်ခု။ မိန်းကလေးဖြစ်ပြီး ဒီလောက် အထိ နမော်နမဲ့ ဘာဖြစ်လို့ လှေကားအတိုင်း တက်လာခဲ့ရတာလဲဟု မေးချင်။ သူ့မျက်ဝန်းတွေက တင်းခနဲ မာထန်သွားပြီး ကောင်မ လေးအား ကျော်ခိုင်းထွက်လာခဲ့သည်။

"ဒီမှာ"

သူ လှည့်မကြည့်ပေ။ အောက်ထပ်သို့ရောက်အောင်ပဲ ဆင်းလာခဲ့သည်။

"ဟွန်း...ဘယ်လိုလူလဲ၊ ယဉ်ကျေးမှုမရှိလိုက်တာ၊ လူကြီး"

တီတီတာတာဆိုတဲ့ ကောင်မလေးနဲ့ မလွယ်ဖါလား။ မင်းကိုတော့ ဒေါ်ရီတာနွယ်က ရွေးချယ်မှာပါ။ မင်း သဘောကျ သားတဲ့။ သူဘယ်လောက်ပဲ စိတ်တိုင်းကျကျ မကျကျ ဒေါ်ရီတာ နွယ်သဘောပဲဆိုတာ သူအသိဆုံးပင်။ ဒက်ဒီကတော့ သားကြိုက် စိတ်ကြိုက် စီမံပါစေတဲ့။ ဒေါ်ရီတာနွယ်က ဒက်ဒီ့ရှေ့မှာတစ်မျိုး၊ နောက်ကွယ်မှာတစ်မျိုး သူဘာမှမပြောချင်။ အလုပ်တာဝန်တစ်ခုကိုပဲ ကျေပွန်အောင် လုပ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ့ကုမ္ပဏီကို သားယုယပဲ ဆက်ခံရမှာပါကွာ၊ သားက ကုမ္ပဏီမှာ တာဝန်ကျေတယ်၊ ထက်မြက်တယ်လေ၊ ဟိုကောင် ကင်းကိုတော့ ဒက်ဒီ အားမကိုးဝါဘူး၊ သားနဲ့ တခြားစီပဲဟာ"

ဒက်ဒီ့စကားတွေက သူ့နားထဲမှာ အမြဲတမ်း ခါးသီးနေခဲ့သည်။ အဖေတူ အမေကွဲ ညီဖြစ်သူ ကင်း(King) ဘုရင်ဟု အဓိပ္ပာယ်ရအောင် သူ့မာမီ ဒေါ်ရီတာနွယ်က မှည့်ခေါ်ထားတာပဲ ဖြစ်၏။ နာမည်ရင်းက သော်ကချစ်ဖြစ်ပေမယ့် ကင်းပဲ အမည်တွင် နေသည်။

"သား ယုယလည်း ဒက်ဒီ့သားပဲ၊ ဒက်ဒီပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို အမွေခံစားရမှာပါ၊ ဒက်ဒီ ရည်ရွယ်ထားတာက ကုမ္ပဏီပဲ၊ ဒီတိုက်ကြီးပဲလေ"

ကင်းကဲ့ နောက်ဆုံးပေါ် အဖိုးတန်ကားကို တစ်စီးစီးပြီး သုံးဖြုန်းပျော်ရွှင်နေသလို အပူအပင် သောကမရှိ ဒေါ်ရီတာနွယ်က လည်း သားအရင်း ကင်း နေချင်သလိုနေ၊ ပျော်ချင်သလိုပျော် အရာအားလုံး လိုလေသေးမရှိစေခဲ့ရ။ သူ့အတွက်က ဒက်ဒီ့ နှစ်သိမ့်စကားတွေပဲ ဖြစ်နေသည်။ သူ့အတွက် ကားလေးတစ်စီး တော့ ပေးထားခဲ့၏။ ရုံးတက်ရုံးဆင်းအတွက်ပါပဲ။ သူ ကားတံခါး ကို ဖွင့်လိုက်ပြီး ကားမောင်းထွက်လာသည်။ သူနေတာက ရှစ်ထပ်



တိုက်ကြီးရဲ့ လေးထပ်မြောက်မှာ။ ကားကို တိုက်ကြီးရှေ့ ကားပါကင်မှာ ရပ်ထားခဲ့ပြီး သူ့အခန်းရှိရာသို့ တက်လာခဲ့သည်။ အခန်းဝရောက်တော့ ဘဲလ်နှိပ်လိုက်သဖြင့် အိမ်ဖော်ကောင်မလေး ညီဆေက တံခါးဖွင့်ပေး၏။ မာမီက ဧည့်ခန်းမှာထိုင်၍ ဆီးကြိုနေ သည်။

"သားယုယ မျက်နှာလည်းမကောင်းပါလားကွယ်၊ ကုမ္ပဏီမှာ ဘာဖြစ်လာလို့လဲ၊ ဒက်ဒီနဲ့ စကားပြောအဆင်မပြေဘူး ဆင်တယ်"

သူ မာမီထိုင်နေသောရှေ့က ဆိုဖာတစ်လုံးမှာ ဝင်ထိုင်ရင်း မာမီကို အပြုံးနှင့် နှုတ်ဆက်လိုက်ပေမယ့် သူ့အပြုံးတွေက အင်းလက်တောက်ပမှုမရှိဘဲ ညှိုးရောင်မှေးမှိန်နေပုံပင်။

"သားရယ် ဒက်ဒီ့အပေါ် နည်းနည်းလေးမှ စိတ်မကွက် နော်၊ မပြစ်မှားရဘူးကွဲ့ ဒက်ဒီက တာဝန်ကျေပါတယ်"

သူ့စိတ်တွေ ထိခိုက်ကြေကွဲရဆုံးက မာမီ့ကို စွန့်ပစ်ထား ခြင်းပင်။ တိုက်ခန်းလေးတစ်ခန်းမှာ ညှိုးငယ်မှေးမှိန်စွာ နေထိုင်ရင်း စွန့်ပစ်ထားခဲ့သော ခင်ပွန်းယောကျ်ားအပေါ် အပြစ်မမြင်တတ်သေး တဲ့ မိန်းမတစ်ယောက်ပဲ။ မာမီကလည်း တစ်ချိန်က လှနက်စွာ ရှာဖွေလှပခဲ့သော မိန်းမတစ်ယောက်ဖြစ်သည်။ ယခုလည်း အမိ

www.burmeseclassic.com



ခန့်ညားလှပချောမောနေဆဲပါပဲလေ။ ဒါပေမဲ့လည်း သူမိသား
အကြောင်းကို ဆက်ပြီးမတွေးတောနေချင်ပေ။ မာမိကိုတော့
သူပျော်ရွှင်စေချင်မိနေသည်။ ထို့ကြောင့်လည်း လူတွေရှေ့မှာ အပြုံး
အရယ်ကင်းမဲ့စွာ မျက်နှာတည်တည် နေတတ်ပေမယ့် မာမိရှေ့
ရောက်ရင်တော့ ကြိုးစားကာ ပြုံးရွှင်ရယ်မောပြတတ်သည်။

"ယုယ ဘာမှမဖြစ်ဘူး မာမီ၊ အလုပ်တွေများလို့ပါ
ယုယ တည်တည်ငြိမ်ငြိမ်နဲ့ အပြုံးအရယ်နည်းတာ ငယ်ငယ်လေး
က အကျင့်ပဲလေ"

"သားရယ် ကံကြမ္မာပေါ်မှာပဲ ပုံချလိုက်ရမလားပဲ၊ မာ
ကတော့ကံပဲလေလို့ တွေးတောတယ်၊ တကယ်လည်း ကံစီမံ
ပဲလေ၊ မာမီကတော့ သားနဲ့ ကိုမြတ်ချစ်တို့ ချစ်ချစ်ခင်ခင်
အဆင်ပြေနေစေချင်တယ်"

"ဘာဖြစ်လို့လဲ မာမီ၊ သား အမွေမရမှာ စိုးလို့လား

"အင်း"

"မလိုပါဘူး မာမီ၊ သားက ကိုယ့်ခြေထောက်
ကိုယ်ရပ်ပြီး ကိုယ့်အစွမ်းအစနဲ့ ကြီးပွားချမ်းသာတာမျိုးပဲ လို
တာပါ"

"မာမီ သားကို ယုံကြည်ပါတယ်၊ တစ်နေ့ သားလ



ကြီးပွားအောင်မြင်မှာပါ၊ ဒါပေမယ့် ဒက်ဒီ စည်းစိမ်ဥစ္စာတွေက
ည်း သားခံစားသင့်တာပဲလေ"

"အဟဲ"

သူ ရယ်ပစ်လိုက်သည်။ မာမီ မသိလို့ပါ။ ဒက်ဒီက
ဒေါ်ရီတာနွယ်ရဲ့ လက်ခုပ်ထဲကရေ ဖြစ်နေပြီလေ၊ ကုမ္ပဏီကြီး
တစ်ခုလုံးက ဒေါ်ရီတာနွယ်ရဲ့ စီမံခန့်ခွဲမှုအောက်မှာပဲ ရှိနေတာပါ။
ယုယ ပိုင်ဆိုင်ခွင့်က ဒက်ဒီရဲ့ နှစ်သိမ့်စကားတွေပါပဲလေ။ မာမီ့
ကို ရွတ်ခနဲနမ်းပြီး နှုတ်ဆက်ကာ သူ့အခန်းထဲ ဝင်လာခဲ့သည်။

"ဟွန်း ဘယ်သူလဲ၊ ယဉ်ကျေးမှုမရှိလိုက်တာနော်၊ လူ့ဗွစာ
ကြီး"

သူ အခန်းထဲဝင်လာပြီး အဝတ်အစားတွေ လဲဖို့လုပ်ရင်း
ဘိတာတာဆိုတဲ့ ရုပ်ပလာ ကောင်မလေးပြောတဲ့ စကားတွေကို
ကြားယောင်လာကာ ဒေါသဖြစ်ချင်သွားရသည်။ မင်းကရော
ကောင်မလေးလဲ။ မင်း တမင်တကာ ငါ လှေကားကနေ
ဆင်းတတ်တာသိလို့ တမင်ဝင်တိုက်ပြီး ခင်မင်ရင်းနှီးမှုရယူထားဖို့
ကြံစားတာမဟုတ်လား။ ဘာလဲ မင်းက ဟိုတယ်ကြီး တစ်ခုလုံးကို
ပိုင်ဆိုင်ပြီး စီမံခန့်ခွဲချင်တာဆို။ ငါ့ကိုတော့ မမှန်းနဲ့နော်၊ ဖြားယောင်း
ဖွဲ့ယ်ဖို့လည်း မကြိုးစားနဲ့၊ ငါက ကုမ္ပဏီပိုင်ရှင်သား၊ ဟိုတယ်

www.burmeseclassic.com



ကြီးတွေကို ပိုင်ထားတဲ့သူဌေးကြီး ဦးမြတ်ချစ်ရဲ့သားကြီး ဆိုပေမယ့် ဘာမှရမှာမဟုတ်ဘူး။ ကင်းဆိုတဲ့ကောင် ရှိတယ်လေ၊ ဒီကောင် ဘယ်လိုပဲ ဆိုးသွမ်းပျော်ပါးနေပါစေ၊ သူဌေးကြီး အမွေတွေအားလုံး ဆက်ခံရမှာက ကင်းပဲကွ။ ဒေါ်ရီတာနွယ်ရဲ့သား သော်ကချစ်ပဲလေ၊ ကင်းတဲ့ သူ့သားပဲ ဘုရင်လေ၊ အရာအားလုံးကို စိုးမိုးပိုင်ဆိုင်စေရမှာ။ သူ အဝတ်အစားတွေလဲပြီး အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။

◆ ◆ ◆

## အခန်း (၄)

"ဘယ်လိုလုလဲ လူ့ဥစ္စာကြီး၊ တို့ကိုများ အဖက်မတန်သလို့ ယဉ်ကျေးမှု မရှိလိုက်တာနော်"

တီတီတာတာ လှေကားရင်းမှာ ရပ်နေရင်း မကျေမနပ်နှင့် ပါးစပ်လေးက ပွစိပွစိပြောနေရင်း ရင်တွေလည်း တဆတ်ဆတ် ခုန်ရိုက်နေသည်။ *အမယ်လေး သူနှင့်တို့အဖြစ်က တွေးရဲစရာပင်မရှိပေ ဘယ်လိုဖြစ်ရတာလဲ၊ တီကလည်း တီပဲ၊ နေမှာ အခန်းမှာ ပိုက်ဆံအိတ်ကျန်ခဲ့၏။* အပေါ်မှာ နေမာ ရှိသေးတယ်။ သူ ရုံးဆင်းသွားမှာ ကြောက်ပြီး အပြေးအလွှား ပြန်တက်လာခဲ့တာပါ။ ဘုရားရေ တီတီတာတာ့ရင်တွေ အခုထိ တဒိန်းဒိန်းခုန်နေဆဲပါလား။ သူ့ ရင်ခွင်ထဲသို့ သူမကိုယ်လေး လဲပြိုကျသွားပြီး သူ့လက်တွေက

www.burmeseclassic.com

www.burmeseclassic.com



ဆီးရွေ့သို့င်အတ်ထားသည့် အဖြစ်အပျက်တွေကို တီတီတာတာ ဆွေဝေလိုက်ချွေရ။

ရှင် အထင်သေးစရာတွေပဲ ဘာဖြစ်လို့ လာဖြစ်နေရတာလဲ ဟင်။ သူမ လှေကားတွေပေါ် ဆက်ပြီးတတ်ဖို့ပင် အင်အားတွေ ချိနဲ့နေပြီထင်တယ်။

"ဟဲ့ တီ နင့်ပိုက်ဆံအိတ် ကျန်ခဲ့လို့ ငါ ယူလာတယ် ရော့"

"ဟင်"

"နင်ဟာလေ အရာရာထက်မြက်ပေမယ့် ရှုပ်ပလာ ရှုပ် ပလာ လုပ်တာတော့ ဆိုးတယ်ဟာ"

"တော်ပါတော့ နေမာ"

"ဟင်…နင်ဘာဖြစ်နေတာလဲ၊ စောစောကပဲ တက်တက် ကြွကြွနဲ့ အခု ဘယ်လိုဖြစ်သွားတာလဲဟ၊ ယိုင်ခွေကျတော့မယ့် အတိုင်းပဲ"

နေမာကလည်း စည်းစနစ်ကြီးပြီး အရာရာတိကျသူ။ အိတ်လေးကို လှမ်းပေးရင်း မျက်လုံးပြူးကြီးတွေနှင့် တအံ့တသြ ကြည့်သည်။

"ဟိုလူနဲ့ဝင်တိုက်မိလို့"





"ဟင်…ကိုယုယနဲ့လား"

"အင်းလေ…ငါ အိတ်ကျန်ခဲ့လို့ ပြေးတက်လာတာလေ၊ သူကလည်း ရုံးဆင်းလာတာနဲ့ ဝင်တိုက်မိတာ၊ ငါ အောက်ကို ပြုတ်ကျတော့မလို့သိလား နေမာ"

"သူ အခုတလော ဓာတ်လှေကားမစီးဘူးဟ၊ နင်နဲ့ဆုံမှာ ကြောက်လို့ထင်တယ်၊ နင်ကရော ဘာဖြစ်လို့ ဓာတ်လှေကားနဲ့ တက်မလာရတာလဲ"

"နင်တို့က လှေကားအတိုင်းပဲ ဆင်းတတ်တာလေ၊ ဒါကြောင့် ငါ လှေကားကပဲ တက်လာတာ၊ သူ ဒီကနေ ဆင်းမယ် လို့မှမထင်တာ"

"တီ"

"ဟင်"

"နင်နဲ့သူက ဖူးစာဖက်တွေများလား ဆုံလည်းဆုံတတ် တယ်"

"အဟဲ"

သူမ ရယ်ပစ်လိုက်သည်။ ဖူးစာတွေ ဆိုရင်လည်း တော် တော်လေး စိတ်ပျက်စရာကောင်းပြီး စိတ်ဆင်းရဲရမှာပဲ ထင်တယ်။ ဓာတကယ့်ကို လူ့ပွစာကြီး။ အေးတိအေးစက်နဲ့ ဒါပေမယ့်လည်း



www.burmeseclassic.com

www.burmeseclassic.com



စမတ်တော့ကျတယ်။ သူ့နှုတ်ခမ်း စိုရဲရဲတွေက ယောကျ်ားပီသစွာ ခန့်ညားချောမောပြီး စွဲဆောင်မှုရှိလွန်းသည်ဟု တီတီတာတာ ထင်မိနေသည်။ မိန်းမတွေကို စိတ်မဝင်စားဘူးတဲ့၊ အထင်သေးတယ်တဲ့၊ သူ့မိတွေး ဒေါ်ရီတာနွယ်ကြောင့်တဲ့။ နေမာဆီက အိတ်လေးကို လှမ်းယူပြီး အောက်သို့ဆင်းလာကြ၏။ ကိုယုယ အကြောင်းကို မတွေးချင်ပါဘူးဆိုမှ တီတီတာတာ မေ့ပစ်လို့မရ အတွေးထဲမှာ သူ့အကြောင်းတွေပဲ အတင်းလုယက် ရောက်လာတတ်သည်။

"နေမာ"

"ဟင်"

"တီ အလုပ်ရဖို့တော့ မလွယ်ဘူးထင်တယ်ဟာ"

"နင့်ကို ရွေးတယ်ဟ"

"ဘာပြောတယ်"

"ဒေါ်ရီတာနွယ်က အရမ်း သဘောကျတယ်တဲ့၊ နင်က အရမ်းလှလို့တဲ့၊ ဟိုတယ်ဆိုတာ နေရာတကာ အလှအပ အနုပညာတွေ ရောယှက်ဆက်နွယ်နေမှ တည်းခိုရတဲ့လူတွေ စိတ်ချမ်းသာပျော်ရွှင်မှုရပြီး အောင်မြင်တာတဲ့"

"မဆိုးဘူး၊ ဒေါ်ရီတာနွယ်က အမြင်ရှိတယ်"

"တီက ချောင်းသာကမ်းခြေကို ပိုက်ဆံနဲ့မသွားနိုင်လို့



ပိုက်ဆံတွေလည်းရ နင့်စိတ်တွေလည်း လွတ်လပ်ပျော်ရွှင်ဖို့ မဟုတ်လား"

"အဟဲ"

မေမေက စည်းကမ်းကြီးပြီး နားပူလွန်း၍ တီ ပိုက်ဆံလည်းရ လွတ်လပ်ပျော်ရွှင်နိုင်သည့် အလုပ်ကို ရှာဖွေတာပါ။ ချောင်းသာမှာဆိုတော့ တီ အရမ်းသဘောကျနေတာ၊ ဘာပဲလုပ်ရလုပ်ရ နေမာလည်း ရှိမယ်ဆိုတော့ တီတီတာတာ အလုပ်ရချင်သည်။

"ကိုယုယကို လုပ်ပိုင်ခွင့်ပေးထားပေမယ့် ဒေါ်ရီတာနွယ်ရဲ့ ရွေးချယ်ဆုံးဖြတ်တာပါပဲလေ၊ ဒါကြောင့်လည်း တို့မန်နေဂျာတိုလူချောက တင်းနေတာပဲ ဖြစ်မယ်"

"ဒေါ်ရီတာနွယ်ကလည်း အသက်ကြီးပေမယ့် မ႐ျက်စီးသေးဘူးနော် နေမာ၊ တောင့်တုန်း ဖြောင့်တုန်း၊ အိတုန်း စက်တုန်းပဲ"

"လုပ်ပြီ"

"ဟား…ဟား…ဟား"

"အဟင်း…ဟင်း"

နှစ်ယောက်သား ရယ်မောရင်း အောက်သို့ ဆင်းလာကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နေမာနဲ့တွေ့မှ တီတီတာတာ့စိတ်တွေ ပေါ့ပါးလွတ်လပ်သွားရကာ စောစောက ရင်တုန်လှိုက်မောဖွယ် ခံစားချက်တွေ လျော့ပါးသွားရသလိုပင်။ အောက်ထပ်ရောက်တော့ မန်နေဂျာ ဒေါ်ရီတာနွယ်နှင့်ဆုံသည်။

"မင်္ဂလာပါ"

"မင်္ဂလာပါ"

"OK"

ဒေါ်ရီတာနွယ်ကို နေမာနှင့် တီတီတာတာတို့ ခေါင်းလေးငုံ့ပြီး အရိုအသေပြုပြီး နှုတ်ဆက်တော့ OK ဟု တုံ့ပြန်နှုတ်ဆက်ကာထွက်သွားတာကပင် ကြည့်ကောင်းပြီး စတိုင်လ်ကျနေသည်။

"စတိုင်လ်ကတော့ မိတယ်နော် နေမာ၊ ဗိုလ်ဆန်တယ်ဟာ၊ ကိုယုယ ဒက်ဒီ စွဲမက်လောက်တယ်လေ"

"အင်း"

"ကိုယုယ မာမီကိုရော နင် တွေ့ဖူးလား"

"မတွေ့ဖူးဘူး၊ ကိုယုယ ငယ်ငယ်လေးထဲက ကွဲသွားတာတဲ့၊ ကိုယုယကိုတော့ သူ့ဒက်ဒီက အသိအမှတ်ပြုပြီး ထောက်ပံ့တယ်တဲ့"

"သနားလိုက်တာ"





"သနားရာကနေ အဆင့်တော့မပိုနဲ့နော် တီ၊ သူက အေးစက်စက်နဲ့၊ အလှုပ်နဲ့ ပတ်သက်တဲ့ စကားကလွဲပြီး ဘာမှ စိတ်မဝင်စားပုံပဲ"

"တီတီတာတာနဲ့တွေ့ရင် ကျောက်ခဲတုံးကြီး အရည်ပျော်သွားစေရမယ်"

"အရူးမပဲ"

နေမာ ပြောတာတော့ ဟုတ်နိုင်တယ်။ တီတီတာတာ့ကို အဖက်လုပ်ပြီး နည်းနည်းလေးပင် စောင်းငဲ့မကြည့်။ တင်းမာခက်ထန်တဲ့ မျက်ဝန်းတွေက ကျောထဲအထိ စိမ့်တက်ချင်သည်။ ရှင့်မှာခံစားချက်မရှိဘူးလားဟင်။ တစ်လောကလုံးကို မကျေမနပ်ဖြစ်ပြီး မာကျောနေတော့မှာလားလို့။ သူ့ပုံစံကတော့ စတိုင်လ်က မိုက်တယ်၊ မိန်းကလေးတစ်ယောက်ရဲ့ နှလုံးသားတွေထဲအထိ စူးဝင်ညှို့ငင်ဖမ်းစားနိုင်တဲ့ ယောကျ်ားတစ်ယောက်ပဲ။

"ကိုယုယကိုတော့ လုံးဝ စိတ်ကူးတောင်ယဉ်လို့မဖြစ်ဘူးနော် တီ"

"ဘာဖြစ်လို့လဲ၊ ကိုယ့်ဟာကိုယ် စိတ်ထဲကတောင်ရည်မှန်းမျှော်လင့်နေလို့ မရဘူးလား၊ ဘာဖြစ်လို့လဲဟင်၊ သူက စိတ်တန်ခိုးရှင်လား၊ သူ့စိတ်ကသိပြီး တီ့ကို အသေသတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လား"

"နင်ကတော့လေ နောက်ပြောင်မနေစမ်းနဲ့ တီ၊ ငါ တကယ်ပြောတာဟ၊ နင့်ပဲ စိတ်သောကရောက်ရမှာစိုးလို့ပါ၊ ငါ စိတ်ပူလို့"

"ဟား...ဟား...ဟား"

"ဟဲ့...တီ"

"ဟင်း...ဟင်း...ဟင်း"

"ဒုက္ခပါပဲ"

"ဟယ်"

"ဘာလဲဟ"

"ဟိုမှာ ကိုယုယ၊ ဒုက္ခပါပဲဟယ်၊ တီ တဟီးဟီးရယ် နေတာ တွေ့သွားပြီထင်တယ်၊ သွားပြီ၊ ပေါ့ပျက်ပျက်ကောင်မ လေးလို့ ထင်သွားမှာပဲ"

"ကောင်းတယ်"

"ဒီလူနဲ့ကို မလွတ်ပါလား၊ ဖူးစာရှင်ထင်တယ်နော်"

"တော်စမ်းပါဟာ"

တီတီတာတာက နောက်ပြောင်ရယ်မောနေသလောက် နေမာက ကြောက်နေသည်။ ဟိုလူက သူမတို့ကိုပင် အာဘက်မလှစ်





ဘဲ ကားမောင်းထွက်သွား၏။ တီတီတာတာကတော့ ဒီလူ အခြောက်တိုက် လူတွေအားလုံးအပေါ် ဘဝင်ကိုင်နေတာပဲဖြစ်သည် ဟု ထင်မိသည်။

"ငါ ဘတ်စ်ကားစီးပြီး ပြန်တော့မယ်"

"တို့ ဖယ်ရီနဲ့လိုက်လေ"

"မလိုက်ပါဘူး၊ ငါက ဝန်ထမ်းမှမဟုတ်သေးတာ၊ အခွင့် အရေးမယူချင်ပါဘူး၊ သွားပြီနော်"

နေမာ့ကိုနှုတ်ဆက်ပြီး တီတီတာတာ တစ်ဘက်ကားလမ်း သို့ ကူးလာကာ ဘတ်စ်ကားမှတ်တိုင်မှာ ရပ်လိုက်သည်။ တကယ် တော့ တီတီတာတာက ပေါ့ပျက်ပျက်နဲ့ စည်းမဲ့ကမ်းမဲ့ နေထိုင် တတ်တာတော့ မဟုတ်ပါဘူး။ လွတ်လပ်ပေါ့ပါးစွာ နေတတ်တာ ပါ။ ကျွန်မကို ရုပ်ပလာမလေးတော့ မထင်နဲ့နော်။ တီတီတာတာက မာနတွေ မိုးထိအောင်မြင့်နေတာ။ ကိုယုယဆိုတဲ့လူ အာဘက်မတန် သလို ပြုမူဆက်ဆံနေတာကိုတော့ တွေးမိတိုင်း မကျေမနပ်နှင့် ခံပြင်းဒေါသဖြစ်ရသည်။ ဘတ်စ်ကားလာသဖြင့် ဘတ်စ်ကားပေါ် တက်လိုက်ပြီး အိမ်ကိုပြန်ရောက်တဲ့အထိ တီတီတာတာ့စိတ်တွေ မကျေမနပ်ဖြစ်နေသေး၏။ နေမာကတော့ ကိုယုယအပေါ် စိတ်ကူး နဲ့တောင် မယဉ်နဲ့တဲ့။ တီတီတာတာ အမှန်အတိုင်း ဝန်ခံရမည်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ကိုယုယဆိုတဲ့လူကို ယစ်မူးတိမ်းညွှတ်နေပြီထင်တယ်။

"သမီး တီတီတာတာ အဓေးကနေ ဖေဖေကြည့်နေတာ၊ ဖေဖေ့သမီးလေး မသွက်လက်သလိုပဲ၊ ဒီနေ့ အလုပ်အတွက် လူတွေ့စစ်ဆေးတယ်ဆို၊ ဘယ်လိုလဲ ပယ်လိုက်ပြန်ပြီလားကွ"

ဖေဖေက တီတီတာတာ့ကို နောက်ပြောင်ကျီစယ်ရင်း ဆီးကြိုနှုတ်ဆက်သည်။ အလုပ်က အရွေးချယ်ခံရပါတယ် ဖေဖေရာဟု ပြောလိုက်ရာ မေမေက စိုးရိမ်ပူပင်ကြီးသော မျက်လုံးတွေနှင့်ကြည့်ပြီး သမီးတီတီ ဘာဖြစ်လာလို့လဲ၊ ဘယ်သူနဲ့ ပြဿနာဖြစ်လာတာလဲဟု စိုးရိမ်တကြီးမေးသည်။

"ဟိုလူနဲ့၊ အဲ…"

"ဘယ်သူနဲ့လဲ၊ ဖေဖေ့သမီး အချောလေးကို ဘယ်သူက မထီမဲ့မြင်လုပ်လဲ၊ စော်ကားသွဲကောင် ဘယ်ကောင်လဲ ပြောစမ်း"

"ဟာ…ဖေဖေကလည်း ဟိုလူဆိုတာက တီတို့ကုမ္ပဏီက မန်နေဂျာပါ"

"ဘာဖြစ်လို့လဲ၊ သမီးကိုရွေးချယ်တာ မကျေနပ်လို့လား"

"မဟုတ်ပါဘူး၊ အဲဒီလူက အမြင်ကတ်စရာကောင်းလောက်အောင် ဘဝင်မြင့်နေလို့ သမီးမုန်းတာ"

"အို…ဟိုး…ဟိုး၊ ဖေဖေက စိတ်ပူသွားလိုက်ရတာ



ကုမ္ပဏီပိုင်ရှင် သူဌေးတွေဆိုတော့လည်း ဒီလောက်တော့ရှိမှာပေါ့ကွယ်၊ သမီးစိတ်ကို လျှော့ထားနော်၊ တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းခင်တော့ ဒီလိုပဲပေါ့ကွယ်"

ဖေဖေက တီတီတာတာ့ကို ချစ်လွန်းတဲ့ ဖခင်တစ်ယောက်ပီပြီး အလိုလိုက်သည်။ မေမေပဲ စည်းကမ်းကြီးတာပါ။ ဘာမှ မဟုတ်ပါဘူး ဖေဖေဟုပြောကာ သူမ အခန်းလေးထဲ ဝင်လာခဲ့၏။ မေမေက ရေမိုးချိုး အဝတ်အစားလဲပြီးရင် ညစာစားဖို့လာခဲ့ဟု ပြောသည်။

"တီတီတာတာ သမီးကို ရွေးချယ်လား"

"ရွေးတယ် မေမေ၊ ချက်ချင်းပဲ ရွေးတာ၊ မေမေ့ ဆုတောင်းဇော့ မပြည့်တော့ဘူး၊ တို့ဆုတောင်း ပြည့်ပြီနော်၊ ဆန္ဒစိတ်အတွင်း အလုပ်ဝင်ရမှာတဲ့ မေမေ"

"ခွေးမလေး နင့်ကို မေမေနဲ့ အဝေးကြီးမှာထားရတာ ဝမ်းသာပါတယ်"

မေမေက လှမ်းအော်ပြောပြီး အနောက်ခန်းထဲ ဝင်သွားသည်။ တကယ်တမ်း မိဘတွေနှင့် ဝေးဝေးနေထိုင်ရမှာဆိုတော့လည်း တို့စိတ်ထဲမှာ ဝမ်းနည်းအားငယ်သွားရသလိုပင်။ မေမေ မျက်နှာနှစ်ကြီးပြီး ဆုံးမသွန်သင် ထိန်းကျောင်းကောင်းတာမို့လို့လည်း

www.burmeseclassic.com



တီတီတာတာ့ရဲ့ မိန်းမပျိုလေးဘဝ မွဲတစ်ပေါက်မျှပင် မစွန်းမထင်းလှပဂုဏ်ရှိစွာ ရှင်သန်နေထိုင်ခဲ့ရတာပဲဖြစ်သည်။

◆ ◆ ◆

## အခန်း (၅)

တီတီတာတာဆိုတဲ့ ကောင်မလေးတစ်ယောက်နှင့် သူ ...ဖြစ်လို့များ မကြာခဏ ဆုံနေရတာလဲ။ တဲကယ်ကို နမော်နမဲ့ ...ဒေါ်ရီတာနွယ်ကတော့ တီတီတာတာရဲ့ ရုပ်ရည်ချောမောနေတာ ...တာ အနုပညာဆန်တယ်တဲ့။ တီတီတာတာကြောင့် ဟိုတယ် ...င်းကင်ပြဲဟာ နာမည်ဂုဏ်သတင်း ကြီးမြင့်ပြီး အောင်မြင်မှု ...ရနိုင်တယ်တဲ့။ သူ့ကို ဒက်ဒီက လုပ်ပိုင်ခွင့်တွေ ပေးထားပေ ...့ ဒေါ်ရီတာနွယ်ကပဲ စီမံခန့်ခွဲနေသည်။ သူ ဘာမှမပြောပေ။ ...အရ ဒက်ဒီ့ကုမ္ပဏီမှာ ဝင်လုပ်ရပေမယ့် စိတ်ကတော့ ...မိပေ။ မတတ်နိုင်ဘူးလေ၊ သူ အိပ်ရာပေါ်လှဲပြီး မျက်လုံး ...ကို မှိတ်ထားသော်လည်း သူ့အတွေးထဲမှာ စိုးမိုးနေတာက ...တီတာတာ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်နေရတာလဲကွာ၊ တီတီတာတာက အ
မရှိတဲ့ကောင်မလေးပဲ၊ ငါ မိန်းမတွေနဲ့ မပတ်သက်ချင်ဘူး၊ ငါ
ရဲ့ စိတ်ပျက်စရာအဖြစ်တွေကို ငါ မေ့ပျောက်ပစ်ချင်တယ်"

သူ အိပ်နေရာကနေ ဆတ်ခနဲထလိုက်ပြီး သူ့မျက်ဝန်း
ထဲမှာ ထင်ဟပ်နေသော တီတီတာတာရဲ့ အရိပ်တွေကို ပျောက်
သွားစေရန် ခေါင်းကို ခါယမ်းပစ်လိုက်ရသည်။

"ပညာအရည်အချင်းထက် ရုပ်ရည်ရူပကာ ချော
လုပမှုက ဟိုတယ်လုပ်ငန်းရဲ့ အောင်မြင်မှုသော့ချက်ပဲ ယုယ

ဒေါ်ရီတာနွယ်ရဲ့ အယူအဆ လုပ်ပုံကိုင်ပုံတွေက အ
ကြီးလွန်းသည်။ ဒက်ဒီ့အား ဒေါ်ရီတာနွယ်က အလှအပတွေ
စည်းရုံးသိမ်းသွင်းခဲ့တာပဲ။ မာမီ့ကို စွန့်ပစ်လိုက်တဲ့အထိ ဒေါ်ရီ
နွယ်က အရာအားလုံး အပိုင်သိမ်းပစ်လိုက်တာပဲ။ မာမီက ခွင့်
နေသည်။

"ရီတာ့အပေါ် သား အပြစ်မြင်မနေသင့်တော့ဘူးကွ
မိထွေးဆိုတာလည်း သားဒက်ဒီရဲ့ မိန်းမမို့ အမေပဲလေ၊ မာ
လည်း ချို့ယွင်းချက်တွေ ရှိနေခဲ့တာပဲဟာ"

"တောက်"

သူ့ရင်တွေ ပေါက်ကွဲမတတ် ဒေါသတွေက အလုံးအ

ဝိုး:မို:၁၇၉၀



တိုးဝင်လာပြန်ရာ တောက်တစ်ချက် ပြင်းထန်စွာ လွှင့်ထွက်
သည်။

"မာမီ့ကို စွန့်လွှတ်ပေမယ့် သားယုယကိုမှ မစွန့်လွှတ်
ပဲ ကုမ္ပဏီမှာ သားက ရာထူးကြီးတယ်လေ"

ဘာတွေများ ရာထူးကြီးရတာလဲ။ ဒက်ဒီရဲ့ နှစ်သိမ့်စကား
သူပိုင်ဆိုင်နေရတာလေ။ လုပ်ပိုင်ခွင့်က ဒေါ်ရီတာနွယ်ပဲ
တာပါ။ ဒေါ်ရီတာနွယ်က စကားလုံးတွေပဲ ချိုသာနေတာ
မ်းချောမောတဲ့ မိန်းမတွေက အရမ်းကြောက်စရာကောင်း
ဟု ထင်မိသည်။

"တီတီတာတာ မင်းကို ငါ ဘာဖြစ်လို့ မေ့ဖျောက်ပစ်
ရတာလဲကွာ၊ ငါ့ကို ဘယ်လိုမိန်းမမျိုးမှ မစွဲဆောင်နိုင်ဘူးလို့
သားခဲ့တာကွ"

တီတီတာတာ့ကိုပဲ သူ့ရင်ခွင်ထဲမှာ ပွေ့ဖက်လိုက်မိတာ
မိန်းကလေးတွေနှင့် အကင်းရှင်းဆုံးနေခဲ့သော သူ့အတွက်
သူဆိုတာ ဝေလာဝေးပဲ။ တီတီတာတာရဲ့ ကိုယ်လုံးအိအိစက်
လေးကို အမှတ်မထင် ထွေးပွေ့မိလိုက်တဲ့ အတွေ့အထိက
ပစ်လို့မရအောင် စွဲထင်ကျန်ရစ်နေသည်။

"လူ့ငွစာကြီး"

www.burmeseclassic.com

www.burmeseclassic.com



တီတီတာတာရဲ့ အားမလိုအားမရနှင့် ပြောဆိုရေရွတ်သံလေးက သူ့နားထဲ မကြာခဏ တိုးတိုးဝင်လာသည်။ မေ့ပစ်ချင်တယ်။ မပတ်သက်ချင်ဘူး။ သူ အထီးကျန်စွာ နေရတာကို ကြိုက်တယ်။ အိပ်လို့မရတော့သဖြင့် စာထိုင်ဖတ်နေမိသည်။

"အစ်ကိုလေး...အစ်ကိုလေး"

"ဟင်"

"မာမီကြီး အဖျားတွေတက်နေတယ်၊ မောလည်းမောတယ်တဲ့"

"ဟုတ်လား၊ အေး...အေး အစ်ကိုလေး လာခဲ့မယ်"

မာမီ နေမကောင်းဘူးဆိုတာ သူပင်မသိရ။ မာမီက သား စိတ်မကောင်းဖြစ်မှာစိုးလို့ ကြိတ်မှိတ်ခံခဲ့သည်ထင်သည်။ သူ မာမီ့ အခန်းထဲ ဝင်လာခဲ့တော့ မာမီ တဟင်းဟင်း ညည်းနေ၏။ သူ နဖူးကို စမ်းကြည့်လိုက်ရာ ကိုယ်က ချစ်ချစ်တောက် ပူနေသည်။

"မာမီ...မာမီ မသွယ် ဘယ်လိုဖြစ်တာလဲ၊ စောစောကပဲ အကောင်းပါ"

"မာမီကြီး မနက်ထဲက နေမကောင်းချင်နေတာပါ၊ ညဘက်တွေလည်း အိပ်မပျော်ဘူးလို့ ပြောတယ်၊ အစ်ကိုလေးနဲ့ တွေ့ပြီး ပြတင်းပေါက်မှာထိုင်နေတာ အကြာကြီးပဲ"



"ဟင်"

မာမီ သူ့ကြောင့် စိတ်သောကတွေ ခံစားနေတာလား။ ဒီရဲ့ စွန့်ပစ်မှုကို ခွင့်လွှတ်ပါတယ်လို့ ဘယ်လောက်ပဲပြောနေ မာမီ့ရင်တွေထဲမှာတော့ အပူသောကတွေ နှိပ်စက်ဖိစီးနေမှာ ချာသည်။ မာမီက ဘာချို့ယွင်းချက်လဲ။ ဒက်ဒီ ရက်စက် ယ်။ ဟိုမိန်းမကြီး ဒေါ်ရီတာနှယ် ယုတ်မာကောက်ကျစ်တယ်။ ဝေါ် ဒက်ဒီရှေ့မှာ ဟန်ဆောင်ဆက်ဆံနေပြီး ဩဇာထူထောင် တာပါ။ မာမီ ခန္ဓာကိုယ်ကို သူပွေ့ယူလိုက်သည်။

"မသွယ် ရေပတ်တိုက်စမ်း၊ ဆေးရော မာမီသောက်နေ ဆေး"

"ဟုတ်ကဲ့ အစ်ကိုလေး"

မာမီက ဆေးခန်းသွားရမှာကို ကြောက်သည်။ ပတ်ဝန်း င်နှင့် ပြောဆိုဆက်ဆံမှုကို ရှောင်ရှားတတ်၏။ သူ့လိုပဲ။ မသွယ် မာမီ့ကို ရေပတ်တိုက်ပေးသဖြင့် မာမီခန္ဓာကိုယ်မှာ အပူရှိန်က သွားသည်။

"ဟင်...သား မာမီ ဘာဖြစ်သွားလို့လဲဟင်"

"အဖျားတွေတက်နေတာလေ၊ နေမကောင်းဖြစ်ရင် သား ပြောပြပါ၊ မာမီ တစ်ခုခုဖြစ်သွားရင် သား ဘယ်လိုလုပ်ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



သားကို တစ်ယောက်တည်းတော့ မထားခဲ့ပါနဲ့ဗျာ"

"သားရယ်"

မိဘနှစ်ပါးရဲ့ ပဋိပက္ခတွေကြားမှာ နာကြည်းခါးသီးမှုတွေနဲ့ ဘဝကို ရင်ဆိုင်ဖြတ်သန်းနေရရှာတဲ့ သားကို ဒေါ်သော်သော်ယု ဘယ်လိုစိတ်ဓာတ်ခွန်အားတွေ ပေးရမှန်းပင် မသိတော့။ သားရယ် ကံကြမ္မာတွေပါပဲ။ မာမီရဲ့ ချို့ယွင်းချက်တွေက သားဘဝကို ကြမ်းတမ်းနာကျင်သွားစေရတာပါ။ သော်ကတော့ ဘယ်သူ့ကို အပြစ်မတင်ချင်တော့ပါဘူးလေ။ မိမိရဲ့တောင်းဆိုချက်က သား အတွက် ရသင့်ရထိုက်တဲ့ ခံစားခွင့်တွေပေးဖို့နဲ့ သားအဖြစ် အသိအမှတ်ပြုပေးဖို့ပါပဲ။ သား ခံစားနေရတာတွေကို မာမီ သိနေပါတယ်ကွယ်။ သားအတွက် ရုပ်ရည်ရော၊ ပညာရော ပြည့်စုံနေပါလျက်နဲ့ မိသားစုသောကတွေရဲ့ ထိုးနှက်မှုကို ခံစားနေရရှာသည်။

"မာမီ"

"ဟင်"

"သားအတွက် မပူပါနဲ့၊ သား အားလုံးအဆင်ပြေပါတယ်၊ ဒက်ဒီကလည်း သားအပေါ် အစစအရာရာ အားကိုးနေတာပါ"

သားရယ် မာမီသိပါတယ်။ တကယ်တော့ သားရဲ့မာမီအဖြစ် လူ့လောကကြီးထဲမှာ မာမီဟာ ရပ်တည်မနေသင့်ပါဘူးလေ။





လူ့လောကကြီးထဲကနေ ထွက်ခွာသွားသင့်တာပါ။ ဒါပေမဲ့လည်း သား အထီးကျန်နေတာလည်း မာမီ ဘယ်လိုမှ မကြည့်ရက်နိုင်ဘူးလေ။ သား ဟန်ဆောင်နေတာပါ။ သား မျက်ဝန်းတွေက အမြဲတမ်း ရီဝေကြေကွဲနာကျင်နေတာပဲလေ။ သားက ကော်ဖီနှင့်ဆေးကို တိုက်သည်။

"မာမီ ဘာမှမဖြစ်တော့ပါဘူးကွယ်၊ သွားအိပ်လေ၊ မင်းနက်ဖြန်ရုံးတက်ရမှာပဲ မဟုတ်လား၊ ဟိုတယ်အသစ်ဖွင့်ရမှာ မဟုတ်လား"

"သား မာမီ့အနားမှာပဲ အိပ်မယ်လေ"

"သွားပါ၊ မသွယ်ရှိတာပဲ၊ မာမီ နည်းနည်းလေး အအေးမိသွားတာပါ"

"သားဘဝအတွက် မာမီက မရှိမဖြစ်နော်"

"အင်းပါကွယ်"

သူ မာမီ့ကို သေသေချာချာ ကြည့်ရှုပြီးတော့မှ မသွယ်အား ဂရုစိုက်ဖို့မှာပြီး ပြန်ထွက်လာသည်။

"သား အိမ်ထောင်ပြုပါ၊ သားဘဝအတွက် အဖော်မွန်တစ်ယောက်ကိုတော့ ရှာပါ၊ သားချစ်တဲ့ စိတ်ဝင်စားတဲ့ ကောင်မလေးများ မရှိဘူးလားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ခြေလှမ်းတွေ တုံ့ခနဲပြန်ရပ်သွားသည်။ မာမီက ထိုစကားကို အမြဲတမ်း ပြောနေတတ်၏။ သားဘဝမှာ လိုအပ်တဲ့ အရာပါတဲ့။ မာမီ့ကို မငဲ့နေပါနဲ့တဲ့။ မသွယ်က မာမီ့သမီးပဲတဲ့။ သူက ခေါင်းခါပြလိုက်သည်။

"သားက အလုပ်ကိစ္စတွေပဲ အာရုံစိုက်နေလို့ပါ မာမီ၊ တွေ့မှာပါ၊ သားချစ်တဲ့ ကောင်မလေးလေး၊ တစ်နေ့တော့ မာမီ့ဆန္ဒတွေအတိုင်း ယူယ လုပ်ပြမယ်၊ ကောင်မလေး ခေါ်လာမယ်နော်"

"မာမီ့သားတော့ ကောင်မလေးကို တွေ့များတွေ့နေပြီလား မသိဘူးကွာ၊ ဒီတစ်ခါ စကားပြောတာက ထူးဆန်းနေတယ်"

"တွေ့တော့မယ်လေ မာမီ၊ မျက်စိထဲမှာတော့ အရိပ်က လေးတွေ တိုးဝင်လာပြီ"

မာမီ့ကို ရယ်ရယ်မောမော ပြောဆိုပြီး သူ့အခန်းထဲ ပြန်ရောက်လာသည်။ မာမီ စိတ်ချမ်းသာအောင် ပြောခဲ့ရပေမယ့် သူ့ဆန္ဒတွေက ဘဝနှင့် တစ်ထပ်တည်းမကျဘဲ ဖြစ်နေရ၏။ မိန်းမတွေနဲ့ မပတ်သက်ချင်ဘူး။ ချစ်သူလည်း မထားချင်ဘူး။ သူ့ဘဝ အခြေအနေကိုက တစ်ယောက်တည်း အထီးကျန်နေဖို့ ဖန်တီးပေးနေတာပဲ။ သူ သည်တစ်ခါတော့ မာမီ့ကို ချစ်သူကောင်မလေး တွေ့တော့မယ်ဟု ပြောမိကာ တက်ကြွလန်းဆန်းသွားသည်။





ဘာကြောင့်လဲ၊ အရင်ကဆိုရင် သူ အိမ်ထောင်ရေးကိစ္စတွေ မစဉ်းစားချင်ပါဘူးဟုပဲ ပြောဖြစ်နေ၏။ မာမီပြောသလို ထူးဆန်းနေတာပဲလား။ စာဖတ်ဖို့ကြိုးစားပေမယ့် စိတ်တွေက မပါပေ။ အလုပ်တာဝန်တွေ ပြီးဆုံးချိန်တွင် စာဖတ်ခြင်းဖြင့်သာ အချိန်ဖြုန်းလေ့ရှိသော သူက ထူးထူးဆန်းဆန်းပဲ စာဖတ်ချင်စိတ်တွေ ကင်းမဲ့နေသည်။

"ကိုယ့်ယူချစ်ပါလား၊ တောင်းပန်ပါတယ်နော်၊ တို့အများတွေပါ၊ ပိုက်ဆံအိတ် မေ့ကျန်ခဲ့လို့ လှေကားပေါ် အပြေးအလွှား တက်လာမိလို့လေ"

သူ မေ့ပျောက်လို့မရတာက တီတီတာတာ ခန္ဓာကိုယ်လေး ပြုတ်ကျတော့မည်ဖြစ်၍ သူ့လက်တွေနှင့် ပွေ့ဖက်မိသွားသည်။ လှပနုဖတ်ချောမောနေတဲ့ မျက်နှာလေးနှင့် သူ့မျက်နှာ အပ်မိသွားတော့ ရှက်ရဲရဲလေးဖြစ်သွားကာ မျက်တောင်ကော့လေးတွေ တဖျတ်ဖျတ်ခတ်ရင်း တောင်းပန်တိုးလျှိုးနေသော မျက်ဝန်းနက်လေးတွေ၊ တီတီတာတာ ရင်ခုန်သံတွေကိုပင် သူ တဒိန်းဒိန်းကြားနေခဲ့ရသည်။

"လူ့ဥစ္စာကြီး"

သူ ထလိုက်သည်။ ဒီကောင်မလေးနဲ့ ပတ်သက်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



မတွေးချင်ပါဘူးဆိုမှ သူ့အတွေးတွေကို လွှမ်းမိုးချင်သည်။ သားကို ဘဝအဖော်မွန်ရှိနေစေချင်တဲ့ မာမီ့ဆန္ဒတွေက ပြည့်ဝလာနိုင်စရာ မရှိပေ။ မဖြစ်နိုင်တာပဲ။ သူတစ်ယောက်တည်းပဲ အထီးကျန်စွာ နေချင်သည်။ နေသင့်သည်ဟုလည်း ထင်၏။ ဒက်ဒီက သူ့ကို သားအဖြစ် အသိအမှတ်ပြုတာ အမှန်တွေဖြစ်နေသော်လည်း ခိုင်းလို့ ကောင်းတာလည်း ဖြစ်နိုင်သည်။ တာဝန်ကိုသိတတ်ပြီး ထက်မြက်တဲ့ သူ့အရည်အချင်းကို ဒေါ်ရီတာနွယ်ရဲ့ အကြံပြုချက်နဲ့ ဒက်ဒီက သူ့ဦးနှောက်ကို ဖောက်စားချင်တာပါ။ မာမီက မသိပေ။ သူက လည်း အသိမပေးခဲ့။ မာမီ့ကိုတော့ စိတ်သောကတွေ မရောက်စေ လိုပေ။ တီတီတာတာက သူ့ကို အထင်ကြီးနေတာပဲဖြစ်မယ်။ မဖြစ်နိုင်ဘူးကွာ၊ မင်း ငါ့အနားကနေ ထွက်သွားစမ်းပါ တီတီတာ တာ။ လှပချောမွတ်လွန်းနေသော မျက်နှာဖူးဖူးစင်စင်လေး၊ မျက်ဝန်း နက်နက်ကျယ်ကျယ်လေးတွေကို ဝိုင်းရံထားတဲ့ မျက်တောင်ကော့ ကော့လေးတွေ၊ ယုယ မင်းဘာတွေစဉ်းစားနေတာလဲ။ မင်း ဒီအတိုင်းပဲနေစမ်းပါ။ တီတီတာတာ့ကို ဒေါ်ရီတာနွယ်က အမှတ် ပြည့်နေပြီး ရွေးချယ်ခဲ့ပြီဆိုတော့ သူနှင့်တီတီတာတာတို့ မလွဲမသွေ တွေ့ဆုံပတ်သက်နေကြရဦးမှာပဲ ထင်တယ်။ တီတီတာတာနဲ့ ဆုံတွေ့ရတာ သူ့စိတ်တွေ ရှင်လန်းတက်ကြွလာသလို ထင်မိပေ





မယ့် တီတီတာတာ့ကို စိတ်မဝင်စားတာ အကောင်းဆုံးပဲဟုသာ သူဆုံးဖြတ်ထားလိုက်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သမီးလေး တီတီတာတာ အရာရာသတိထားပြီး ဆင်ဆင်ခြင်ခြင် နေထိုင်ဖို့ပဲ မေမေ သတိပေးချင်တယ်၊ သမီးကို စိတ်မချပေမယ့် သမီးလုပ်ချင်တဲ့ အလုပ်ဖြစ်နေလို့ မလွဲသာမရှောင်သာ ခွင့်ပြုလိုက်ရတာပဲ၊ အထူးသဖြင့် သမီးရဲ့နာမည်ဂုဏ်သတင်းကို နည်းနည်းလေးမှ အစွန်းအထင်း မဖြစ်ပါစေနဲ့၊ မေမေ လုံးဝ ခွင့်မလွှတ်ဘူးနော်"

"ဟုတ်"

"ဘာ"

"ဟုတ်ကဲ့"

"ရှင့်သမီးကြည့်ရတာ အရမ်းပျော်နေသလိုပဲ၊ ကျွန်မကတော့ စိတ်ပူတယ်၊ မိန်းမပျိုလေးတစ်ယောက်ဆိုတာ မိဘရင်ခွင်မှာ





ပဲ လုံခြုံတာနော်"

"မင်းကလည်းကွာ သမီးလေးကို ယုံစမ်းပါ၊ ကိုယ်ကတော့ ယုံတယ်၊ သမီးကလည်း မိဘတွေ ယုံကြည်စိတ်ချအောင် နေပြနော်၊ ဖေဖေ့သမီးအကြောင်း ဖေဖေသိပါတယ်"

"စိတ်ချပါ မေမေ၊ တီက နာမည်ကောင်းလက်မှတ်တွေ အများကြီးနဲ့ ပြန်လာမှာသိလား၊ စိတ်ချ"

"အေး…စိတ်မချစရာ သတင်းတွေကြားလာရင် ညည်း အသေပဲနော်၊ ချက်ချင်း ပြန်လာရပြီမှတ်"

"ဟုတ်"

မေမေ့ရဲ့ ဆုံးမသွန်သင်စကားတွေကို ဟုတ်ဟုသာပြောပြီး အိတ်ကိုဆွဲကာ ထွက်လာခဲ့သည်။ အိမ်ရှေ့မှာ ကုမ္ပဏီက ကြိုပို့ကားစောင့်နေသဖြင့် မေမေလည်း ဘာမှမပြောသာတော့ပေ။ တီတီတာတာကတော့ အရမ်းပဲ ပျော်ရွှင်တက်ကြွနေမိသည်။ ချောင်းသာကို ဝန်ထမ်းအဖြစ်သွားရမှာ ဘယ်လောက်ပျော်စရာကောင်းလဲ။ တီတီတာတာက ပင်လယ်ကမ်းခြေမှာ အပန်းဖြေချင်တာ ကြာပြီ။ သွားမှမသွားနိုင်တာပဲ။ ချောင်းသာကမ်းခြေကို ရောက်ရင်တော့ ပင်လယ်ပြင်ကြီးကို တစ်ဝကြီးကြည့်ပြီး လေညှင်းခံမယ်၊ အလုပ်က အလုပ်ပဲ၊ အားလပ်ချိန်မှာတော့ တကယ့်ကို ခရီးသည်လို



www.burmeseclassic.com

www.burmeseclassic.com



အပန်းဖြေပစ်မယ်။ ဖွင့်ပွဲက–တီတီတာတာတို့ရောက်ပြီး နှစ်ရက်သောက်မှ ဖွင့်မှာတဲ့။ ကြားမှာ နားရက်တွေရှိနေသေးတာပဲ။ ဟိုတယ်ကောင်းတင်ပြာက နိုင်ငံခြားစတိုင်လ်အပြည့် ပြင်ဆင်မွမ်းမံထားတာဆိုတော့ ဝန်ထမ်းတွေကိုလည်း ငယ်ငယ်ချောချောလေးတွေပဲ–ဒေါ်ရီတာ့နွယ်က ရွေးချယ်ထားသည်။

"မေမေရေ တာတာ့၊ ဖေဖေ ဥတ်ဘိုင်"

ဖေဖေနဲ့ မေမေတို့ကို နှုတ်ဆက်ပြီး တီတီတာတာ ထွက်လာပြီး ကုမ္ပဏီရှေ့မှာ စုရပ်ဖြစ်၍ အငှားကားနှင့် ထွက်လာခဲ့သည်။

"ရှူး…ရှူး"

"ရှူး"

"ဟင်…ဘာဖြစ်တာလဲ ဦးလေး"

"စက်က နိုးလို့မရတော့ပါလား၊ ခဏလေးနော် သူမကြီး၊ ဦးလေးပြင်တတ်ပါတယ်၊ ခဏလေးပဲ"

"ဒုက္ခပါပဲဦးလေးရာ၊ နောက်ကျနေပြီ၊ ကျွန်မတို့က ဒီနေ့ခရီးထွက်ရမှာ"

"ခဏလေးပါကွယ်၊ ကားက ဆီပိတ်နေတာပါ"

တီတီတာတာ နာရီကိုကြည့်လိုက်တော့ နောက်ကျနေပြီ။ မထူးတော့၍ တခြားအငှားကားကိုငှားပြီး ကုမ္ပဏီရှေ့ရောက်တော့



ကားတွေက ထွက်တော့မည်။ တီတီတာတာ့ကို စောင့်နေတာဖြစ်ယ်။ နေမာ့ကလည်း ကားအောက်ဆင်းပြီး တီတီတာတာ့ကို မျှော်နေသည်။

"ဆောရီးပဲ နေမာ၊ လမ်းမှာ ကားကပျက်နေလို့ နောက်တစ်စီးငှားပြီး လာခဲ့ရတာ၊ တောင်းပန်ပါတယ်"

ဒေါ်ရီတာ့နွယ်ကိုပါ ဦးညွှတ်ပြီး တောင်းပန်လိုက်ရသည်။ သူမ ကားပေါ်တက်လာကာ လွတ်နေတဲ့နေရာတစ်ခုတွင် ဝင်ထိုင်လိုက်၏။ သူမ ကားပေါ်ရောက်သည်နှင့် ကားက ဆောင့်ခနဲထွက်လိုက်သဖြင့် သူမကိုယ်လေးက ဘေးမှာထိုင်နေတဲ့ လူ့ဆီဆိုင်ကျသွားသည်။

"အို"

"ဟင်"

"အမယ်လေး"

"ဟာကွာ"

သူမ အထိတ်တလန့် ခန္ဓာကိုယ်ကို ပြန်တည့်မတ်လိုက်ပြီး ဘေးမှာထိုင်နေတဲ့လူကို အားနာသွားရကာ တောင်းပန်ဖို့ကြည့်လိုက်တော့ မန်နေဂျာ ကိုယုယဖြစ်နေသည်။

"အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



သူမ အထိတ်တလန့်နှင့် ဘာဆက်ပြောရမှန်းမသိအော
ဖြစ်သွားသည်။ ပါးစပ်ကလည်း အောင်မယ်လေးဟု အော်မိသွ
၍ ပတ်ဝန်းကျင်က ဝန်ထမ်းတွေပင် လှည့်ကြည့်နေကြ၍ တီ
တာတာ သူ့ကို အားနာသွားမိ၏။ နေမာက သူမလက်ကို လာ
ဆွဲခေါ်၍ သူမအားမှာ ထိုင်စေသည်။

"တီရယ် နင်ကလည်း နေမာအေးမှာမထိုင်ဘဲ ဘာ
လို့ မန်နေဂျာအေး ဝင်ထိုင်ရတာလဲ"

"မသိဘူးလေ၊ တီလည်း လွတ်တဲ့နေရာ ဝင်ထိုင်ရ
နောက်ကျနေတော့ စိတ်က ပျာယာခတ်ပြီး မှားသွားတာပါ"

ဒီလူနဲ့မှ တီတီတာတာ မကြာခဏ ဆုံတွေ့ပြီး ပြဿ
ပဲ ဖြစ်နေရသည်။ ဘယ်လိုလုပ်ရမလဲ။ သူမ ရယ်ချင်လာရ
သူကတော့ ခပ်တည်တည်နှင့် မျက်လုံးတွေက ရှေ့တည့်တည့်
ရှိနေသည်။ တီတီတာတာ သူ့ကို သေသေချာချာကြည့်မိတော့
စတိုင်လ်ကျလွန်းတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ခန့်ညားနေမှု
ကိုယုယချစ်ပဲဟု တွေးနေမိသည်။

"တီ"

"ဟင်"

"နင်နဲ့မန်နေဂျာက ဖူးစာရေစက် တစ်ခုခုတော့ ရှိ



ဆင်တယ်"

"အဟဲ"

"မန်နေဂျာက တကယ့်ကို ယောကျ်ားပီသပြီး ချောတယ်၊ ဒါပေမဲ့ သူနဲ့လက်ထပ်ရမဲ့ မိန်းကလေးကတော့ စိတ်ဆင်းရဲရမှာ ဟ"

"သူနဲ့သာ အတူနေရရင်တော့ စိတ်ဆင်းရဲချင်သလောက် ဆင်းရဲစမ်းပါစေဟာ၊ သေရင်တောင် သေပျော်တယ်နော်"

"ဟွံ"

တီတီတာတာကတော့ ချောင်းသာကမ်းခြေကို သွားချင်နေတာရောက်ဖို့ပဲ စိတ်ထဲမှာပျော်နေသည်။ ဒေါ်ရီတာနွယ်ရဲ့ မျက်နှာကတော့ ဝန်ထမ်းတွေကို နွေးထွေးစွာ ဆက်ဆံရင်း ပြုံးရယ်သွက်လက်နေ၏။ ကိုယုယပဲ ဒီလိုကြီးပဲ တစ်သက်လုံး နေသွားတော့မှာလားဟင်။ အလုပ်တာဝန်တွေကိုတော့ တိကျပြီး အောင်မြင်မှုရှိတယ်တဲ့။ တခြားဘာကိုမှတော့ စိတ်မဝင်စားဘူးတဲ့။ သူ့ဒွေးကြီး ဦးမြတ်ချစ်က သားကိုတော့ချစ်သည်။ အခွင့်အရေးတွေ ပေးပေမယ့် ကိုယုယက လက်မခံတာတဲ့။ လူ့ဌစာကြီးလား၊ နောက်မိန်းမကို အတိအလင်းယူထားသော ဖခင်အား နာကြည်းနေပုံပင်။ သူ့အကြောင်းတွေ မတွေးတော့ပါဘူး။ မျက်ဝန်းလေးတွေကို မှိတ်

www.burmeseclassic.com



ထားပစ်လိုက်သည်။

"အားလုံး အညှောင်းပြေ ဆင်းကြပါ၊ ကော်ဖီ အအေး ကြိုက်တာ မှာစားကြဗျ"

တီတီတာတာ မေးခနဲ အိပ်ပျော်သွားရာ ကြီးကြပ်ရေးမှူး ရဲ့ အသံကြောင့် သူမ နိုးသွားသည်။

"တီ ထတော့၊ ပုသိမ်တောင်ရောက်နေပြီဟ"

"ဟုတ်လား"

"ညက အိပ်ရေးတွေ တော်တော်ပျက်လာတယ်ထင် တယ်"

"အေး"

"နှင်ကတော့လေ"

ဝန်ထမ်းတွေအားလုံး ကားပေါ်ကနေ ဆင်းကြသည် မန်နေဂျာကိုယုယကတော့ မဆင်းပေ။ ဘယ်လိုလူမှန်းမသိပါဘူး ဝန်ထမ်းတွေက စားစရာတွေမှာပြီး ပေးတော့လည်း မစားဘဲ ငြ သည်။ သူနဲ့လက်ထပ်ရမဲ့ မိန်းမကတော့ စိတ်ဆင်းရဲမှာပ စိတ်သောကတွေ ရောက်ရပေမယ့် သူ့ကို ပိုင်ဆိုင်ခွင့်ရမယ်ဆိုရ ရော ဟွန်း…တီတီတာတာ နှုတ်ခမ်းလေး တွန့်မဲ့သွားတာ ဒေါ်ရီတာနွယ်က တစေ့တစောင်း အကဲခတ်နေသည်။





"တီတီတာတာ"

"ရှင်"

"မင်းက ဘယ်သူ့ကို မကျေမနပ်ဖြစ်နေရတာလဲကွ"

"ရှင်"

ဒေါ်ရီတာနွယ်က သူမဆီရောက်လာပြီး မေးတော့ သူမ မျက်လုံးတွေပြူးကာ ဘာပြန်ဖြေရမှန်းမသိအောင် ဖြစ်သွားရသည်။

"ဟို…ဟို…လေ ဟင့်အင်း၊ အိမ်ကအကြောင်းတွေ တွေးမိသွားလို့ပါ"

"တီတီတာတာက အရမ်းထူးခြားတဲ့ ကောင်မလေး တစ်ယောက်ပဲ"

"ရှင်"

"မင်းက စိတ်ဝင်စားဖို့ကောင်းတယ်လေ၊ အရမ်းလှ တယ်၊ ချစ်စရာလည်းကောင်းတယ်၊ ရိုးသားမှုလည်းရှိတယ်"

"ကျေးဇူးပါပဲ"

"မင်းက ဟိုတယ်လုပ်ငန်းကို စိတ်ဝင်စားတာလား၊ အဲဒီလို အင်တာဗျူးမှာ မင်းက ဟိုတယ်တစ်ခုကို ပိုင်ဆိုင်ချင်တာ ဆို"

"စိတ်ကူးယဉ်ကြည့်တာပါ၊ မဖြစ်နိုင်ပါဘူးမမ၊ တီတို့က

www.burmeseclassic.com



ဆင်းရဲပါတယ်''

မမတဲ့။ ရီတာ့အကြည့်တွေက ကောင်မလေးဆီ စူးစိုက်နေမိသည်။ ရီတာ လိုအပ်နေတာက သားငယ်သော်ကအတွက် ရိုးသားဖြူစင်ပြီး ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်နှင့် လက်ထပ်ပေးဖို့ပဲ။ ငွေကြေးချမ်းသာဖို့ မလိုပါဘူး။ တီတီတာတာ့ကို တွေ့လိုက်ကတည်းက ရီတာ စိတ်ဝင်စားမိသည်။ မျက်ဝန်းလေးတွေက အရမ်းကို ဖြူစင်တယ်။ သားငယ်က ဆိုးသွမ်းလွန်း၏။ စီးပွားရေးလုပ်ငန်းတွေထဲမှာ စိတ်မဝင်စားဘဲ သုံးဖြုန်းပျော်ပါးနေသူပင်။ တီတီတာတာလေးလို ရုပ်ရည်ချောမောပြီး ပညာတတ်ကောင်မလေးတစ်ယောက်ကိုပဲ ချွေးမအဖြစ် ရီတာ ရွေးချယ်ချင်နေသည်။

''တီတီတာတာ''

''ရှင်''

''မင်းက တို့ကို မမလို့ခေါ်တာတော့ လွန်နေပြီထင်တယ်ကွာ၊ တို့က အဲဒီလောက်အထိ မနုပါဘူးနော်''

''အရမ်းနုတာပါ၊ တကယ်ပါနော်၊ တီတို့ကတောင် နည်းနည်းရင့်နေမလားလို့''

''တကယ်ပဲကွာ တီတီတာတာက မြှောက်ပင့်ပြောတတ်





တဲ့ ကောင်မလေး မဟုတ်ဘူးဆိုတော့ ယုံကြည်ပေးလိုက်မယ်လေ''

''တကယ်ပါ''

ရီတာ့အတွက် ရီတာ့အမိန့်တွေကို နာခံမယ့် ချွေးမတစ်ယောက်ပဲ လိုအပ်သည်။ သားသော်ကချစ်က အသုံးမကျပေမယ့် ချွေးမကို တာဝန်ပေးနိုင်သည်။ ကိုကို့သားကြီး ယုယချစ်ကစီးပွားရေးလုပ်ငန်းတွေမှာတော့ အားကိုးရ၏။ ပညာတတ်၊ အရည်အချင်းတွေ ပြည့်ဝနေသူ။ ကိုကိုကလည်း အားကိုးလွန်းနေသည်။ ရီတာ လက်မခံနိုင်ပေ။ သားငယ်အတွက် စီစဉ်ရမယ်။ တီတီတာတာလေးဆို သင့်တော်မည်ဟု ထင်မိနေသည်။

''တီတီတာတာ''

''ရှင်''

''တို့ကို မာမီလေးလို့ပဲခေါ်ပါ၊ အားလုံးလည်း မာမီလေးလို့ပဲ ခေါ်ကြတယ်လေ၊ နေမာလည်း သိနေတာပဲ၊ ဟုတ်တယ်ဟုတ်လား နေမာ''

''ဟုတ်ကဲ့ မာမီလေး၊ နေမာက တီ့ကိုပြောဖို့ မေ့သွားတာ၊ ဟုတ်တယ် တီ မာမီလေးပဲခေါ်ကြတယ်''

''ဟုတ်ကဲ့ မာမီလေး၊ တီ မသိလို့ပါနော်၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



လည်း နဖတ်နေတာပဲ”

“သားနှစ်ယောက်ရဲ့အမေနော်၊ ကဲ အားလုံးပဲ လွတ်လွတ်လပ်လပ်နေကြပါ၊ အားမနာကြနဲ့နော်၊ စားချင်တာစားကြ၊ နောက်နှစ်ရက်မှ ဟိုတယ်က ဖွင့်မှာမို့ စည်းကမ်းတွေကြားထဲမှာ နေစရာမလိုသေးဘူးလေ”

ဝန်ထမ်းတွေအားလုံး ပျော်နေကြသည်။ စားသောက်ပြီးသည်နှင့် ကားပေါ်ပြန်တက်ကြ၏။ နေမာကတော့ တီတီတာတာကို ဒေါ်ရီတာနွယ် ထူးထူးခြားခြား အရောတဝင် လာလုပ်နေ၍ ချွေးမအဖြစ်များ ရွေးချယ်မလို့လားဟု နောက်နေသည်။

“တီ နင့်ကို ချွေးမအဖြစ်များ ရွေးမလို့လားပဲ၊ မာမီလေးက အရမ်းပဲများတာဟာ၊ ခိုင်းစရာရှိရင်တော့ မော်ရွှေချိုသာနေတာ၊ ဒီလောက်ကြီး ဇာရင်းတနီးမနေဘူး”

“သားကြီးနဲ့လားဟင်”

“သားငယ်ဆိုရင်ရော”

“ဘာကြီးလဲ”

“သားငယ် သော်ကချစ်က ရုပ်တော့ချောတယ်ဟာ၊ ဒါပေမဲ့ ရှုပ်ပွေတယ်၊ အသုံးအဖြုန်းကြီးတယ်၊ ဘယ်လိုလဲ”

“ဟွန်း”





ဒေါ်ရီတာနွယ်က တီတီတာတာ့ကို ချွေးမအဖြစ် ရွေးချယ်မှာတော့ မဖြစ်နိုင်ပါဘူး။ သာမန်မိန်းကလေးတစ်ယောက်ကို အထင်ကြီးပါ့မလားလို့။ လုပ်ငန်းအတွက် အသုံးဝင်မယ့် ကောင်မလေးဖြစ်နေလို့ပဲ နေမှာပါ။ ကိုယုယချစ်ကို သူမ ကြည့်မိသော့ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်စွာ ထိုင်နေသည်။ တီတီတာတာ စိတ်ထဲမှာ ကိုယုယချစ်အား အထီးကျန်စွာ မနေစေလို့ပဲ အားပေးနှစ်သိမ့်မှုတွေ ပေးချင်လာရ၏။ အင်းလေ သူက မိန်းမချောလေးတွေကို မကျေမနပ် ဖြစ်နေမှာပါ။ သူ့ဒက်ဒီကို သူယူထားတဲ့ ဒေါ်ရီတာနွယ်က ချောမောနေတာကိုး။ မိန်းမတစ်ယောက်ရဲ့ အလှအပတွေကို ကြောက်စရာလို့ပဲ ထင်နေမလား ပဲ။ တီတီတာတာကတော့ အလိုမကျသလိုလို အားမလိုအားမရနှင့် ကိုယုယချစ်ကိုပဲ ငေးမောကာ ကြည့်မိနေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

တီတီတာတာဆိုတဲ့ ကောင်မလေးကို ဒေါ်ရီတာနွယ် အရေးတယူနှင့် အရောတဝင် ပြောဆိုနေတာကြောင့် ယုယကတော့ သော်ကာအတွက် ရွေးချယ်နေပြီဆိုတာ သိနေသည်။ ခင်ဗျားကြီးက ဟန်ဆောင်ပြနေတာပါ ဒေါ်ရီတာနွယ်။ ဒက်ဒီ့ကိုလည်း ဘယ်လောက်အထိ ချုပ်ကိုင်ထားနိုင်တယ်ဆိုတာ သူအသိဆုံးပင်။ ရှုပ်ပွေနေတတ်တဲ့ သောကနဲ့ တီတီတာတာ နီးစပ်သွားတာ သူ စိတ်ပူနေသလိုပင်။ ဘာဆိုင်လို့လဲ၊ ဒီကောင်မလေးက ဟိုတယ် ပိုင်ရှင် သူဌေးမကြီး ဖြစ်ချင်နေတာပါ။ ယုယနဲ့ ဘာဆိုင်လို့လဲ အနေသာကြီးပဲ။ တီတီတာတာကလည်း အမြင်ကတ်စရာကောင်း လောက်အောင် ရှုပ်ပလာမလေး။ သူ မိန်းကလေးတွေနဲ့ မပတ် သက်ချင်ဘူး။ တီတီတာတာ့အကြောင်းတွေက သူ့အတွေးတွေထဲ



...ဝင်ရှုပ်နေတာကို သူ့ကိုယ်သူ မကျေမနပ် ဖြစ်နေမိသည်။

"ရောက်ပြီဟေ့၊ ချောင်းသာကမ်းခြေ၊ အားပါး ရင်ထဲ ...ာ အေးချမ်းလန်းဆန်းသွားတာပဲ၊ ပိုက်ဆံတစ်ပြားမှမကုန်ဘဲ ...ချောင်းသာမှာ အပန်းဖြေရတော့မယ်နော် နေမာ"

"ဟဲ့...အသာနေစမ်းပါ၊ ဟိုမှာ မန်နေဂျာ ကြားသွားပါ ...ဦးမယ်၊ သူက မိန်းကလေးဖြစ်ပြီး ဣန္ဒြေမဲ့ရင် မကြိုက်ဘူးဟ"

"သူက ဒီမှာလာပြီး အုပ်ချုပ်မှာလား"

"အင်း"

"သွားပြီ"

"ဘာလဲ"

"သူနဲ့တီက မကြာခဏ ပြဿနာတက်နေတာလေ၊ ...တားရမယ်"

ချောင်းသာကမ်းခြေမှာ ဆောက်ထားတဲ့ ဟိုတယ်ကောင်း ...ပြာဆိုတဲ့ အဆောက်အဦးတွေရှေ့မှာ ကားကြီးက ထိုးရပ်သွား ...။ ဘာပဲဖြစ်ဖြစ် သာမန်ဝန်ထမ်းလည်း ဘာဖြစ်လဲ။ ပင်လယ် ...ကြီးကို နေ့စဉ် ထိတွေ့ခံစားနိုင်တယ်။ တီတီတာတာက ...ခြင်းကို နှစ်သက်တယ်၊ လတ်ဆတ်တဲ့ လေကောင်းလေသန့် ...ချိုင်တယ်။ ဖေဖေနဲ့မေမေ့ကို သတိရလိုက်တာနော်။ ကမ်းခြေ

www.burmeseclassic.com

www.burmeseclassic.com



မှာ အပန်းဖြေစေချင်ပေမယ့် ငွေကြေးက အကုန်အကျခံနိုင်တာ မဟုတ်။ နေနိုင်စားသောက်နိုင်တာလောက်ပဲ ရှိကြတာပါ။ တီတီတာတာက ကားပေါ်မှဆင်းပြီး ပင်လယ်ပြင်ကြီးကို ငေးမော ကြည့်မိရင်း စိတ်တွေ လန်းဆန်းတက်ကြွနေသည်။

"တီတီတာတာ"

"ရှင်...မာမီလေး"

"မင်းအရမ်းပျော်နေလား"

"ဟုတ်ကဲ့၊ တီက ပင်လယ်ပြင် ပြာပြာကြီးကို အဆုံး အစမရှိ ငေးမောကြည့်ရတာ စိတ်ချမ်းသာတယ်၊ ပျော်တယ်၊ ချောင်းသာကမ်းခြေကို ပိုက်ဆံမကုန်ဘဲ ရောက်လာတော့လည်း ပိုပြီးပျော်တာပေါ့ရှလ"

"နှစ်ရက်လောက်တော့ တာဝန်တွေမရှိသေးလို့ စိတ်လွတ်ကိုယ်လွတ်နေပါ၊ လိုအပ်တာရှိရင်လည်း မာမီလေးကိုပြော နော်၊ တီတီတာတာ့ကိုတော့ ခင်တယ်၊ ချစ်စရာကောင်းလို့ထင် တယ်"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

ဒေါ်ရီတာနွယ်ရဲ့စကားတွေကို နည်းနည်းတော့ ထူးဆန်း နေသည်ဟု တီတီတာတာ ထင်မိနေသည်။ ဘာတွေများ အသုံးချ



လို့လဲ၊ မေမေကတော့ နာမည်ပျက်လေး နည်းနည်းရှိလာရင် ဆောင် အလုပ်ကနေထွက်ပြီး ရန်ကုန်ကိုပြန်ရမယ်တဲ့။ မာမီလေး ဒေါ်ရီတာနွယ်ကိုတော့ လန့်လာရ၏။ သတိထားမှပဲ။ နေမာက တော့ ဒေါ်ရီတာနွယ်က နာမည်ပျက်တော့ မရှိဘူးတဲ့။ အလှအပ ကို ရွေးချယ်နှစ်သက်ပေမယ့် သူ့ဝန်ထမ်း မိန်းကလေးတွေ ကိုယ် ကျင့်တရား ပျက်ပြားတာ လက်မခံဘူးတဲ့။ တီတီတာတာ ကျောထဲ ကပင် စိမ့်တက်ချင်လာရသည်။

"လာလေ တီ၊ တို့နေရမယ့်အဆောင်ကို သွားကြမယ်၊ ဒီပင်လယ်ပြင်ကြီးကို နေ့စဉ် ကြည့်နေရမှာပဲ၊ အနားယူကြအောင် လာ"

"တီက ပင်လယ်ကမ်းခြေမှာ အပန်းသွားဖြေချင်တာ၊ ရှုသွပ်နေတာပဲ နေမာရ၊ ပျော်လိုက်တာ၊ အား...လေပြည်က လည်း လတ်ဆတ်တယ်၊ ကောင်းလိုက်တာ"

"လာစမ်းပါ တီရာ၊ နေ့စဉ် နှစ်ပေါင်းများစွာ တွေ့နေရ မှာပါ၊ ဟိုမှာ လူတွေအားလုံး သွားနေကြပြီ"

နေမာက အတင်းဆွဲခေါ်သဖြင့် တီတီတာတာ မလိုက် ချင်လိုက်ချင်နှင့် လိုက်သွားရသည်။ ဟိုတယ်ကောင်းကင်ပြာက ကြီးကျယ်ခမ်းနားလိုက်တာ။ ဘာလီကျွန်းကိုများ ရောက်နေသလား



www.burmeseclassic.com

www.burmeseclassic.com



ထင်ရတယ်။ ဘာပဲဖြစ်ဖြစ် တီတီတာတာကတော့ ပျော်နေမိသည်

"တီတီတာတာ"

"ရှင်…မာမီလေး"

"ညည်းလေးနဲ့ ညစာအတူစားချင်တယ်၊ ရမလား"

"ဟင်"

"မာမီလေးမှာ သမီးမရှိဘူးလေ၊ အဲဒါကြောင့်ပါ၊ ရှေးရေ စက်ပဲထင်တယ်လေ၊ ညည်းလေးကို မြင်မြင်ချင်းပဲ ချစ်နေတယ်"

ဒေါ်ရီတာနွယ်ကတော့ တီတီတာတာလေးကို ချွေး အဖြစ် ဖမ်းရမယ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သားငယ်အနား မှာ ဝိုင်းနေတဲ့ ကောင်မလေးတွေက ငွေကြေးတွေ၊ ဂုဏ်ဒြပ်တွေ ပြည့်စုံနေချင်နေပေမယ့် မိမိရဲ့ ဩဇာအမိန့်ကို နာခံမှာမဟုတ်ဘူး။ ဒေါ်ရီတာနွယ်ဆန္ဒတွေက ကုမ္ပဏီလုပ်ငန်းတွေရော၊ အမွေတွေရော သားငယ်လက်ထဲအပ်ဖို့ပဲ။ ယုယချစ်ကို သူ့ဒက်ဒီက အားကိုးလွန်း နေတယ်လေ။ လွှဲအပ်တော့မှာပဲ။ တီတီတာတာက ဖြူစင်တယ်၊ ဉာဏ်ပညာလည်း ထက်မြက်တယ်။ မိမိ စေလိုရာစေနိုင်တဲ့ မိန်းကလေးပဲ။ သားငယ်နှင့် မိတ်ဆက်ပေးဖို့ တီတီတာတာကို ညစာဖိတ်မိသည်။

"မာမီလေးကို အားနာစရာမလိုဘူးနော်၊ တီတီတာတာ





ညည်းလေး လွတ်လွတ်လပ်လပ်နဲ့ ပေါ့ပေါ့ပါးပါးနေထိုင်တာ ချစ်စရာကောင်းတယ်"

"ကျေးဇူးပါပဲ"

"ညနေနော်"

"ဟုတ်ကဲ့"

"မင်းအဆောင်ကပဲ စောင့်နေပါ၊ မာမီလေး လာခေါ်မယ် လေ"

"ဟုတ်ကဲ့"

ဒေါ်ရီတာနွယ် ထွက်သွားတော့ နေမာက မျက်လုံးပြူးပြီး ကြည့်ရာ တီတီတာတာ လျှာထုတ်ပြလိုက်သည်။ ထူးခြားမှုတော့ ရှိနေတယ်။ ဒေါ်ရီတာနွယ်က အရမ်းကို မာနရှိပြီး စတိုင်လ်များ တယ်တဲ့။ အလုပ်ကိစ္စသာ ဖော်ဖော်ရွေရွေရှိပြီး ကျန်တဲ့အချိန်တွေ မှာ ဝန်ထမ်းတွေနဲ့ မရောဘူးတဲ့။ တီတီတာတာကလည်း စိတ်ကျဉ်း ကြပ်လို့ ဒေါ်ရီတာနွယ်နဲ့ မပတ်သက်ချင်ကာပါ။ ဒါပေမဲ့လည်း ဒေါ်ရီတာနွယ်ရဲ့ ဖိတ်ခေါ်မှုတွေကို မငြင်းပယ်သင့်ဘူးဟု တွေးမိ ကာ လက်ခံလိုက်ရသည်။

"တီ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ထူးခြားတယ်နော်၊ ချွေးမလောင်းမို့လား"

"သားကြီး ယုယဆိုရင်တော့ မဆိုးဘူးနော်"

"သားငယ်ပဲ ဖြစ်မှာပဲနော်၊ နင့်ကို အချဉ်ထည့်တော့မယ် ထင်တယ်၊ ဒေါ်ရီတာနွယ်အတွက် ငွေကြေးချမ်းသာမှုတွေမှ မလိုအပ်တာပဲ"

"တီတီတာတာတို့အတွက်လည်း ငွေကြေးချမ်းသာမှုတွေ မလိုအပ်ပါဘူးနော်၊ လူရှုပ်လူပွေကြီးနဲ့တော့ လက်မထပ်ချင်ပါဘူး"

တီတီတာတာ့ နှုတ်ခမ်းလေးက တွန့်မဲ့သွားရသည်။ ဒေါ်ရီတာနွယ်ကလည်း သားငယ်အတွက်ပဲ ရွေးချယ်မှာပါ။ သူ့အမိန့်သြဇာကို နာခံမယ့် ချွေးမ တီတီတာတာကတော့ စိတ်မဝင်စားပါဘူး။ ငွေကြေးစည်းစိမ်ဉစ္စာတွေနဲ့ စည်းရုံးသိမ်းသွင်းလို့ရမယ် ထင်နေလားမသိ။ မိနေမာကကော့ အခြေအနေကိုကြည့်ပြီး အလိုက်အထိုက်လေးနေပေါ့ဟု ပြောသည်။

"နင်ကတော့ အားလုံးထဲမှာ ထူးခြားမှုအရှိဆုံးပဲဟယ်၊ ကံကောင်းပါစေ"

"ဟွန်း"

သူမ အခဆောင်မှာ ခဏလောက် အနားယူပြီး ပင်လယ်ပြင်ကြီးကိုပဲ ငေးမောကြည့်ရင်း ကိုယုယချစ်ကို မဆီမဆိုင် သတိ





နေသည်။ သူ့မျက်နှာချောချောတွေက တည်နေပေမယ့် စိတ်သောထား ယုတ်မာကောက်ကျစ်မှုမရှိဟု တီတီတာတာ တွေးနေ။ အဖေ့ရဲ့ စွန့်ပစ်ထားခြင်းခံရတဲ့ ခါးသီးမှုတွေကြောင့် တစ်လောလုံးကို ရှင်က စိတ်နာကြည်းနေတာတော့ လွန်ပါတယ်။ တီတီတာကို တစ်စက်လေးမှ စောင်းငဲ့မကြည့်တဲ့ လူ့စာကို တစ်ခါလေ နည်းနည်းတော့ အမြင်ကတ်မိလာရသည်။

"ဒီပင်လယ်ပြင်ကြီးကို နင် နေ့စဉ် မြင်ရမှာပါဟယ်၊ တယ်၊ တစ်နေ့ ဒီဟိုတယ်ကြီးကို နင် ဦးစီးအုပ်ချုပ်ရချင်ရမှာ ဦးသော်ကချစ်ရဲ့ ဇနီးအဖြစ်"

"ဟာကွာ"

သော်ကချစ်ဆိုတဲ့လူကို တီတီတာတာ မမြင်ဖူးသေးပေ။ တော့ ချောတယ်ဟ၊ ဒါပေမဲ့ မိန်းမပွေတယ်ဆိုတဲ့ နေမာကြားရပြီးကတည်းက တီတီတာတာ နည်းနည်းလေးမှ သောမကျဘဲ ရှုံ့မှုန်းနေသည်။

"တီ"

"ဟင်"

"အလှတွေပြင်တော့လေ"

"စိတ်တောင့်မပါဘူးဟာ၊ ဟို သော်ကချစ်ဆိုတဲ့လူ့

www.burmeseclassic.com



မိတ်ဆက်ပေးရင် ဒုက္ခပါပဲ၊ သူက ဒီမှာကြိုရောက်နေတာဆို"

"အင်း…နေမှာ သတင်းကြားထားတာတော့ ကောင်

လေးတစ်ယောက်နဲ့ဆိုပဲ"

"ဟွန်း…ရှုံလိုက်တာ"

"အပြောမကြီးနဲ့ဦးလေ၊ ဒီဟိုတယ်ကြီးကို ပိုင်ရမှာဟ

တော်ကြာ သော့ကချစ် သော့ကချစ် ဖြစ်နေဦးမယ်"

"တော်ပါပြီ"

တီတီတာတာ စိတ်မပါဘဲ ရေချိုးခန်းထဲဝင်လာပြီး ရေချိ

နေသည်။ စောစောက အပျော်တွေပင် ဘယ်ရောက်ကုန်မှန်းမသ

တော့။ တီတီတာတာက အနှောင်အဖွဲ့တွေမရှိဘဲ လွတ်လွတ်လ

လပ်နေချင်တာပါ။ ဒေါ်ရီတာနွယ်က သူမအား ဂရုတစိုက် ပြော

ဆက်ခံနေတာပင် စိတ်ကျဉ်းကြပ်မိနေ၏။ ရေချိုးပြီး အလှအ

တောင် နည်းနည်းပါးပါးပဲပြင်ကာ ဒေါ်ရီတာနွယ်ကို စောင့်နေ

လိုက်သည်။

"ဆောရီးပဲကွာ၊ မာမီလေးက မေးခနဲ အိပ်ပျော်သွားလို့

နောက်ကျသွားတယ်၊ စောင့်နေရလား"

"ရပါတယ် မာမီလေး၊ တီကတော့ ပင်လယ်ပြင်ကြီးကို

ငေးမောကြည့်ပြီး အချိန်တွေကုန်သွားမှန်းတောင် မသိလိုက်ဘူး"



"သွားကြစို့"

ဝန်ထမ်းတွေ အများကြီးကြားထဲမှာ တီတီတာတာ့ကိုမှ

ရွေးပြီး ညစာဖိတ်ကျွေးသဖြင့် ပတ်ဝန်းကျင်ကလူတွေ စိတ်ဝင်စား

ခြင်းတော့ ခံနေရသည်။ တီတီတာတာက အဲဒီလို မဖြစ်ချင်ပါဘူး။

ကိုယုယချစ် တွေ့သွားရင်ရော တီတီတာတာ့ကို အထင်လွဲသွား

လေးပဲ။ သူက မိန်းကလေးတွေဆို အထင်အမြင်သေးပြီး အဖက်

မလုပ်ချင်သူ။ ဒေါ်ရီတာနွယ်နောက် လိုက်သာလိုက်ခဲ့ရသည်

စိတ်ကမလုံပေ။ လူတွေက ဘာပြောကြမလဲ၊ မေမေက နာမည်

ညီးနည်းလေးပျက်တာနဲ့ ပြန်ခေါ်မှာပါ။ ဒေါ်ရီတာနွယ်နှင့်အတူ

ဟိုတယ်စားသောက်ခန်းကို ရောက်လာသည်။

"သားငယ်က ရောက်နေပြီကိုး၊ အချိန်တိကျသားပဲ"

တီတီတာတာတို့ ထင်ထားတဲ့အတိုင်းပင် ဒေါ်ရီတာနွယ်ရဲ့

သားငယ် သော့ကချစ်က ရောက်နေသည်။ စိတ်ထဲမှာ ရှုပ်ထွေး

သွားသလိုပင်။ ပတ်ဝန်းကျင်က ဘာပြောမလဲဆိုတဲ့အတွေးကြောင့်

တီတီတာတာ ခန္ဓာကိုယ်လေး ခြေလှမ်းတွေ ဆက်မလှမ်းချင်

သောက်အောင်ပင် တောင့်တောင့်လေးဖြစ်သွားရ၏။ လာလေ

တီတီတာတာဆိုပြီး ဒေါ်ရီတာနွယ်က သူမလက်လေးကို ဆွဲကိုင်

ကာ စားပွဲမှာ ဝင်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သားငယ်"

"ဗျာ...မာမီ"

"ဒါက တီတီတာတာတဲ့၊ မာမီတို့ဝန်ထမ်းပဲပေ ဘယ်လိုလဲ အရမ်းချစ်စရာကောင်းတယ်နော်"

"ဟုတ်တယ် မာမီ၊ အရမ်းချောတာပဲ၊ တီတီတာတာ လား၊ ကိုယ်က သော်ကချစ်ပါ"

တီတီတာတာဆိုတဲ့ ကောင်မလေးက ချစ်စရာကော သည်။ နှာတံစင်းစင်းလေးနဲ့ ညှို့မျက်ဝန်း စိုစိုလဲ့လဲ့လေးတွေ ဝိုင်းကာရံထားတဲ့ မျက်တောင်ကော့လေးတွေ တဖျတ်ဖျ ရိုက်ခတ်ကာ ရှက်ဝဲဝဲလေးနှင့် ကြည့်နေတာပင် သော်ကရင် စွဲငြိကျန်ရစ်စေသည်။ မာမီက အရွေးတော်တာပဲ။ သူ့အတွက် တယ်၊ သူသဘောကျနေမိ၏။ တီတီတာတာ့မျက်နှာလေးကို ရှူး ကြည့်မိတော့ သူမ ရှက်ရဲရဲလေး ဖြစ်နေသည်။

"မာမီလေး သားငယ်က ဒီဟိုတယ်ကြီးကို အရွေ လေ၊ စီးပွားရေးလုပ်ငန်းတွေမှာ စိတ်မဝင်စားဘူးဖြစ်နေလို့ ယုယ ပဲ ခိုင်းထားရတာ"

ကိုယုယကိုပဲ ခိုင်းထားရတာဆိုတဲ့ စကားက တီ တာတာ့ရင်ကို မသိမသာ ရိုက်ခတ်နာကျင်သွားစေသည်



အတွက် တီတီတာတာ ဘာဖြစ်လို့များ အလိုမကျမှုတွေနဲ့ ခံပြင်း နေတာလဲဟင်။ တီတီတာတာနဲ့ ဘာဆိုင်လို့လဲ။ သော်ကချစ်ရဲ့ ကလုံးအကြည့်တွေကို တီတီတာတာ မနှစ်သက်မိပေ။ ရှူးရဲလွန်း သလို ရမ္မက်ခိုးလျှံတွေ ရောပြွမ်းကာ အရှက်သိက္ခာမဲ့နေသည်ဟု င်မိနေသည်။

"တီတီတာတာလေး စားနော်၊ မာမီလေးက သမီးလေး ယောက်လို ချစ်နေမိပြီလေ၊ အားနာစရာမလိုဘူးနော်၊ မာမီလေး ငွေကြေးဥစ္စာတွေကို မလိုအပ်ဘူး၊ တီတီတာတာလေးလို သားဖြူစင်မှုပဲ လိုအပ်နေတယ်"

ဒေါ်ရီတာနွယ်ရဲ့စကားတွေက ရေလာအောင် မြောင်းလေး ယ်ပေးနေတာမို့ တီတီတာတာ စိတ်တွေ ရှုပ်ထွေးလာရသည်။ ော်ကချစ်ကို မနှစ်သက်မိ။ တီတီတာတာ့ဘဝမှာ ဘဝလက်တွဲ အဖြစ် ရွေးချယ်မယ်ဆိုရင်တောင် ကိုသော်ကချစ်လို ယောကျ်ား တော့ မဟုတ်ပေ။ တီတီတာတာက ကိုယ့်ခြေထောက်ပေါ် ယ်ရပ်တည်နိုင်ပြီး ကိုယ့်အစွမ်းအစတွေနဲ့ အောင်မြင်မှုတွေပဲ ချင်တာပါ။ သော်ကချစ်အကြည့်တွေက သူမထံပဲ ရစ်ဝဲရှူးစိုက် တာပဲ စိတ်ညစ်နေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"မာမီ"

"ပြော"

"တီတီတာတာဆိုတဲ့ ကောင်မလေးကိုတော့ သား အရမ်းကြိုက်သွားပြီ၊ မာမီက ချွေးမလောင်းအဖြစ် ရွေးချယ်ထား တာလား"

"အင်း...သားအတွက်ပဲလေ၊ မာမီက ငွေကြေးချမ်းသာ ဖို့ မလိုတော့ တီတီတာတာ့လို ချောမောလှပပြီး အေးချမ်းဖြူစင်တဲ့ မိန်းကလေးပဲ လိုအပ်တာပါ"

"တီတီတာတာ နာမည်လေးနဲ့လိုက်ဖက်တယ်၊ အရမ်းလှ တဲ့ ကောင်မလေးပဲ၊ ဒီကောင်မလေးနဲ့ အမြန်ဆုံးလက်ထပ်ဖို့ စီစဉ် ပေးပါမာမီ"



"သားငယ်"

"ဗျာ"

"မာမီက ဒီကောင်မလေးနဲ့ လက်ထပ်ပေးပြီး စီးပွားရေး ပင်နေးတွေ လွှဲပေးချင်တယ်၊ သား လိမ္မာပါတော့ကွယ်"

"မာမီကလည်းဗျာ ယုယလို စီးပွားရေးပဲလုပ်ပြီး လောကကြီးရဲ့ အရသာတွေ မခံစားရင် ဘာလုပ်မှာလဲ"

"မင်း...ယုယနဲ့ လုံးဝမပတ်သက်နဲ့နော်၊ မထေမဲ့မြင် ည်းမလုပ်နဲ့၊ ခပ်ကင်းကင်းနေနော်"

ကိုကိုသားကြီး ယုယချစ်နှင့် ပြဿနာမဖြစ်တာ အကောင်း ပဲဟု ထင်သည်။ ကိုကိုကိုယ်တိုင်က သူ့သားကြီးရဲ့ ထက်မြက် ကို အသိအမှတ်ပြုထားပြီး အားကိုးတကြီး ရှိနေသည်။ မိမိက တော့ သားငယ်အတွက် နိုင်မာမှု အပြည့်အဝရှိနေအောင်တော့ ပြဲ့ရမယ်။ သားငယ် စီးပွားရေးကို လုံးဝစိတ်မဝင်စားတာ တ်တာပဲ။ ထို့ကြောင့်ပင် ချွေးမလောင်းကိုပဲ သင်ကြားပြသပြီး ပ်ရမှာပဲ။ သားငယ်က မိခင်ရှေ့မှာပင် အရက်ခွက်ကိုမော့ပြီး သောက်နေတာ မိမိတားဆီးလို့မရခဲ့။ သား ကောင်မလေး တစ်ယောက်နဲ့ တည်းခိုနေတာလည်းသိ၍ သားကို တားဆီးရတော့ ည်ဖြစ်သည်။

www.burmeseclassic.com



"မင်း ကောင်မလေးတစ်ယောက်နဲ့ တည်းနေတာဆို ဘယ်ကကောင်မလေးလဲ၊ တီတီတာတာ တွေ့သွားရင် မကောင်းဘူး"

"အပျော်ပါ"

"သားငယ်"

"တီတီတာတာကိုတော့ သော်က တကယ်ချစ်သွားတာပါ"

"တီတီတာတာက မင်းထင်ထားသလောက် လွယ်ကူမှာတော့ မဟုတ်ဘူး သား၊ အရမ်းဖြူစင်တယ်၊ မာနလည်းရှိတယ် မင်း ဆင်ခြင်စမ်းပါကွာ"

"ဆင်ခြင်ပါ့မယ် မာမီ၊ သော်က ကောင်မလေးနဲ့ တည်းနေတာ ဟိုဘက်ဟိုတယ်မှာပဲဟာ မသိနိုင်ပါဘူး"

"ပြန်နိုင်းလိုက်တော့"

"ရပါတယ် မာမီရာ၊ သားသိပါတယ်"

"ပြန်နိုင်းလိုက်စမ်း သား၊ မာမီလိုချင်တဲ့ချွေးမက တီတီတာတာပဲ၊ မင်းကောင်မလေးကို ပြန်နိုင်းလိုက်တော့၊ မင်း တီတီတာတာ့ကို ချစ်တယ်မဟုတ်လား၊ လက်ထပ်ချင်တယ် မဟုတ်လား"



တီတီတာတာ့ကို သော်က မျက်လုံးတွေထဲက ထုတ်ဖယ်ပစ်လို့မရအောင် စွဲနေပြီထင်တယ်။ သူ ကောင်မချောချောလေးတွေ အများကြီးနဲ့ ဆုံတွေ့ဖူးခဲ့ပေမယ့် တီတီတာတာက စွဲမက်စရာ အကောင်းဆုံးပဲ။ သူနှင့် အကြည့်ချင်းဆုံမိစဉ် မျက်ဝန်းလေးတွေ တင်းခနဲဖြစ်သွားတာ သူတွေ့လိုက်ရသဖြင့် တော်တော်မလွယ်မှာပဲ။ ခင်းလေးကိုတော့ ငါ ရအောင်ယူပြမယ် တီတီတာတာ။ ကျားရှေ့ မှလာပြီး မောက်လျက်လဲတဲ့ မိန်းကလေးပဲ။ သူ ရယ်ပစ်လိုက် သည်။

"တီတီတာတာ့ကို သား ပိုင်ဆိုင်ချင်တယ်၊ မာမီ စီစဉ် ပေးပါနော်"

"မင်းနဲ့အတူရှိနေတဲ့ ကောင်မလေးကို ပြန်နိုင်းလိုက်၊ တီတီတာတာ အထင်ကြီးအောင် နေပြစမ်းပါ"

"ဟား…ဟား…ဟား"

"သားငယ် မင်းအပြောင်အပျက်တွေ မလုပ်စမ်းပါနဲ့ ကွယ်၊ ဒက်ဒီက ဟို…ယုယကိုပဲ အထင်ကြီးအားကိုးတာကွ"

"ထားလိုက်ပါ"

"သော်က"

"တစ်နေ့ကျရင် သော်ကလက်ထဲ အားလုံးရောက်ရမှာပါ၊



နို့ : မို့ : ၀၁၃၀

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီမရှိလို့ကတော့ ယုယကို ခွေးတစ်ကောင်လို မောင်းထုတ်ချင်သလို မောင်းထုတ်ပစ်လိုက်မယ်''

ယုယက တကယ့်ကို လူကြီးလူကောင်းပုံစံဖမ်းပြီး လူတွင်ကျယ်လုပ်နေတာပါ။ မင်းဟာမင်း ပညာတွေ ဘယ်လောက်ပဲတတ်တတ် ဒက်ဒီမရှိတော့ရင် မင်း မြောင်းထဲရောက်ပြီပဲမှတ်။ ယုယ ဂုံမျှားနေတာကို သော်က နည်းနည်းမှ ကြည့်မရ။ ဒက်ဒီရဲ့ ယုံကြည်မှုတွေ တည်ဆောက်နေလည်း အလကားပဲ။ မာမီကဲ ဒက်ဒီကို ဘယ်လိုချုပ်ကိုင်ထားရမလဲဆိုတာ သိပြီးသား။ သော်က ပျော်သလိုနေတာအပြစ်လား။ ငွေရှိတယ်၊ ချမ်းသာတယ်၊ ဘာလုပ်ရမလဲ။ မင်းလိုတော့ တစ်လောကလုံးကို နာကြည်းမုန်းတီးနေသလိုလို မကျေနပ်နေသလိုလို မင်းစတိုင်လ်ကို အမြင်ကတ်တယ်ကွာ၊ သူ့အပြုံးတွေက တွန့်မဲ့နေသည်။

''သားငယ် လောလောဆယ်တော့ ယုယနဲ့ ပြဿနာမတက်အောင် နေစမ်းပါ၊ တီတီတာတာရဲ့ အထင်ကြီးမှုကိုလည်း ရယူရမယ်လေ''

''စိတ်ချပါမာမီ၊ တီတီတာတာက ဘာမို့လို့လဲ၊ မပူနဲ့ သော်ကမှ သော်က ဖြစ်နေစေရမယ်''

မင်းက ဘာကောင်မလေးမို့လို့လဲ တီတီတာတာ။ မင်းလို





ကောင်မလေးမျိုးကိုတော့ သနားတယ်။ သော်ကလိုကောင်ကို မင်းလိုကောင်မလေးက ငြင်းမလား။ မင်းကတော့ ချစ်စရာကောင်းတဲ့ ကောင်မလေးပါ။ သော်ကလိုကောင်တောင် တစ်ခါတည်းချစ်သွားတယ်။ လက်ထပ်ဖို့အထိ ဆုံးဖြတ်လိုက်ပြီလေကွာ။ တီတီတာတာနဲ့ တွေ့ဆုံရတာကိုတော့ သော်က ပျော်သည်။

''မင်းကောင်မလေးကို ပြန်နိုင်းလိုက်နော်၊ ဒီအချိန်မှာ ခြေငြိမ်ငြိမ်လေး နေသင့်တယ်လေ၊ မာမီ့သားငယ် စိတ်အနှောင့်အယှက်ဖြစ်နေမှာတော့ မာမီ တကယ်ပဲ မလိုလားတာပါ''

သော်ကချစ်ကတော့ မာမီ နေပါ သော်ကကြည့်လုပ်ပါ့မယ်။ တီတီတာတာက မာမီ့ချွေးမ ဖြစ်စေရမယ်လို့ပဲ ရှုတ်နှောက်နှောက် ပြောင်နေသဖြင့် မာမီက ပေါ့ပျက်ပျက်မလုပ်နဲ့နော်၊ တီတီတာတာက မာမီသဘောကျပြီး မာမီတို့လက်ခုပ်ထဲက ^^ဖြစ်မယ့် ချွေးမတဲ့။ မာမီပြန်သွားမှ သော်က စိတ်အေးလက်အေး အရက်သောက်ရသည်။ တီတီတာတာ့ မျက်နှာနုနုဖတ်ဖတ်လေးကို မြင်ယောင်နေကာ ဘယ်လိုတွေ့ရင် ကောင်းမလဲလို့ စဉ်းစားနေတုန်း သူ့ဟန်းဖုန်းမြည်လာသည်။

''ဟဲလို အယ်နီလား''

''ခဏလေးပါကွာ၊ အခန်းထဲမှာပဲ စောင့်နေစမ်းပါ၊ မာမီ



www.burmeseclassic.com

www.burmeseclassic.com



က ကိုယ့်ကို ခဏဆွဲထားလို့၊ ညကျမှ လာခဲ့မယ်လေ''

''အယ်နီ့ကို ပစ်ထားမယ်လို့တော့ မစဉ်းစားနဲ့နော်ကို၊ အယ်နီ့အကြောင်း သိတယ်နော်''

''ကိုယ့်ကို အဲဒီလိုမခြိမ်းခြောက်ပါနဲ့ အယ်နီ၊ မင်းပြန်သင့်တယ်''

''ဘာ…ဘာပြောတယ် သော်က၊ ပြန် ဟုတ်လား''

''အင်း''

''ရှင်''

''ကိုယ်က ဘာကိုမှ ဂရုစိုက်တဲ့ကောင် မဟုတ်ဘူးဆိုတာလည်း မင်းသိဖါတယ်''

''စိန်ခေါ်တယ်ပေါ့လေ၊ သော်က''

''မင်းက နံရံကို ခေါင်းနဲ့ပြေးတိုက်မလို့လား အယ်နီ''

''ရှင်…ရှင်''

သူ ဖုန်းကို ပိတ်ပစ်လိုက်သည်။ အယ်နီ မင်းက စိန်ခေါ်တာလား။ သော်ကလိုကောင်အတွက် မင်းလိုမိန်းမတစ်ယောက်က တန်ဖိုးမကြီးမားနိုင်ပါဘူး။ အယ်နီက နည်းနည်းတော့ကြမ်းတယ်။ တီထီတာတာဆီ ထိပ်တိုက်ဝင်နိုင်သည်။ သူ ပခုံးကိုတွန့်ကာ အရက်ခွက်ကို မော့သောက်ပစ်လိုက်၏။ တီတီတာတာလို ဖြူစင်



တဲ့ ကောင်မချောလေးကတော့ သော်က နှလုံးသားတွေကို ဆွဲကိုင်လှုပ်ခတ်နိုင်တာတော့ အမှန်ပဲ။ မာမီကပြောတော့ မင်းရဲ့ရှုံးသွပ်မှုက ဟိုတယ်ကြီးတစ်ခု ပိုင်ဆိုင်ဖို့ပဲတဲ့။ သော်က ရယ်ပစ်လိုက်သည်။

''တီတီဟာတာပဲ''

သော်က ကမ်းခြေဘက်ရောက်သွားတော့ တီတီတာတာ ထွက်လာတာကို တွေ့လိုက်၍ သူလည်း ကမ်းခြေသို့ ထွက်လာခဲ့သည်။ တီတီတာတာက ဂျင်းဘောင်းဘီ အကြပ်အရှည်ကို ဝတ်ထားသဖြင့် ခန္ဓာကိုယ်လေးက တောင့်ဖြောင့်တင်းရင်းလွန်းတာ သူ တွေ့နေရ၏။ မိုက်တယ်ကွာ တီတီတာတာက လန်းဆန်းတက်ကြွနေတာပါလား။ ကိုယ်တောင် ပျော်လာပြီ။ တီတီတာတာ တစ်ယောက်တည်း ကမ်းခြေဘက်သို့ လျှောက်နေသည်။ လက်လေးကို မြှောက်လိုက်ချလိုက်နှင့် အားကစား လေ့ကျင့်ခန်းတွေလုပ်ရင်း ပင်လယ်လေကို တစ်ဝကြီး ရှိုက်သွင်းနေ ကဲ့ဟန်လေးကို သူ နောက်မှ လိုက်ကြည့်နေသည်။

''အမေ့''

''အား''

''ဟင်''

www.burmeseclassic.com

www.burmeseclassic.com



တီတီတာတာ ခြေခေါက်ပြီး သောင်ပြင်မှာ လဲကျသွားသဖြင့် သော်က အပြေးအလွှားနှင့် တီတီတာတာ့အနား ရောက်လာခဲ့သည်။

"တီတီတာတာ ဘာဖြစ်သွားသေးလဲ၊ ခြေထောက်ခေါက်သွားတာထင်တယ်၊ အရမ်းနာနေလားကွာ"

"အို…ရပါတယ်၊ ဘာမှမဖြစ်ပါဘူး ကိုသော်ကရတယ်"

သူမကလည်း ဖြစ်လိုက်ရင် အရာရာအကြောင်းကြောင်းပဲ။ ဟိုတယ်က မဖွင့်သေးသဖြင့် နားနေရတဲ့အချိန်မှာ အပြတ်အပန်းဖြေပါ့မယ်ဆိုမှ သူ့ရှေ့မှာမှ ခြေထောက်ခေါက်လဲကျသွားရသည်။

"ထလို့ရရဲ့လားကွာ"

"အို…ရပါတယ်၊ ခြေထောက်က ဘာမှမဖြစ်ပါဘူး"

သူက ပွေ့ထူပေးတော့မလို ဟန်ပြင်လိုက်၍ တီတီတာတာက အလန့်တကြားနှင့် ကုန်းရုန်းထလိုက်ရာ မြန်ပြီးလဲပြိုကျသွားသဖြင့် သော်ကဆိုတဲ့လူက ဆတ်ခနဲ သူ့လက်တွေနှင့် ဖမ်းယူထိန်းထားပေးလိုက်သည်။

"မင်းခြေထောက်က အရမ်းနာနေလား တီတီတာတာ၊





ထောက်လို့တောင် မရတော့ဘူးထင်တယ်၊ ကိုယ်တွဲပြီးပို့ပေးပါ့မယ်"

"ရပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ ထောက်လို့ရနေပါပြီ၊ ကျေးဇူးပါပဲနော်"

သူမ ကမန်းကတန်းနှင့် သော်ကရင်ခွင်ထဲမှ ရုန်းထွက်၍ ခေတ်တပ်ရပ်လိုက်ရသည်။ ခြေထောက်က ဘာမှမဖြစ်ပေ။ သူမ ကျေးဇူးတင်စကားပြောပြီး လှည့်ထွက်လိုက်တော့ ခပ်လှမ်းလှမ်းမှာ ဘမ်းခြေသို့လျှောက်လာတဲ့ ကိုယုယချစ်ကို တွေ့လိုက်ရ၍ ပိုပြီး မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားရသည်။

"အဲတော့"

"ဘာဖြစ်တာလဲ တီတီတာတာ"

"မန်နေဂျာ"

"ယုယလား"

သော်ကချစ်ဆီက ယုယလားဟု ရင့်ရင့်သီးသီးအသံထွက်ကြောင့် မကျေမနပ်နှင့် ဒေါသဖြစ်သွားရသည်။ သော်ကချစ်က သုံးဖြုန်းပျော်ပါးပြီး ရှုပ်ပွေနေတာ ကိုယုယချစ်က လုပ်ငန်းတွေကို ဦးစီးပြီး အောင်မြင်တိုးတက်အောင် ကြိုးစားနေရတာ အခွင့်အရေးချင်းက မမျှတဘူးဟု တီတီတာတာ တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယုယချစ်ကတော့ တီတီတာတာကို အကွက်ဖန်ပြန်ပြီလို့ အထင်သေးမှာပါပဲ။ တီတီတာတာ ကိုယ်ကိုမတ်လိုက်ပြီး သော်ကာချစ်အနားကနေ ထွက်လာခဲ့သည်။

"ယုယဆိုတဲ့ကောင်က ဘာအဆင့်မှ မရှိပါဘူး တီတီတာတာ၊ ကိုယ်ကပဲ ဒီဟိုတယ်ရဲ့ အမွေခံပါ"

တီတီတာတာ ဘာမှပြောမနေတော့ဘဲ ဟိုတယ်ဘက်ပဲ ပြန်၍လျှောက်လာသည်။ လမ်းမှာ ကိုယုယချစ်နှင့်တိုးပေမယ့် သူက နည်းနည်းလေးမှပင် တီတီတာတာ့ကို မကြည့်။ မဆီမဆိုင် ကိုယုယချစ် အထင်မလွဲအောင် ရှင်းပြချင်တဲ့ဆန္ဒတွေ ဖြစ်ပေါ်လာပေမယ့် သူက အရေးလုပ်ပြီး နားထောင်မှာလည်းမဟုတ်ပါဘူး။ မရှင်းပြတော့ပါဘူး။ ရှင်ထင်ချင်သလိုသာ ထင်ပါတော့။ တီတီတာတာ သူမကိုယ်သူမပဲ မကျေမနပ်ဖြစ်ရ၏။ သူ့ရှေ့မှာပဲ ဘာဖြစ်လို့များ ဒီလောက်အထိ အလွဲလွဲအချော်ချော်တွေ ဖြစ်နေရတာလဲ။ ဒေါသဖြစ်လိုက်တာနော်။ ကိုသော်ကချစ်က သူမအား အရေးတဝင်လာလုပ်နေတာလည်း သဘောမကျမိ။ တိုက်တိုက်ဆိုင်ဆိုင် ကိုယုယချစ် ရောက်လာတာကိုလည်း သူမ ကံဆိုးရတာပါပဲ။ မကျေမနပ်နှင့် သူမတို့အဆောင်ဆီ ရောက်လာသည်။

"တီ ဘာဖြစ်လာတာလဲ၊ စောစောက မှိုးအပြည့်နဲ့



ကမ်းခြေမှာလာပြီး အပန်းဖြေနေတဲ့ သူဌေးမကြီးစတိုင်လ် အဝီဖမ်းထားပြီး အခု ခန္ဓာကိုယ်မှာလည်း သဲတွေပေကျံနေတယ်၊ နှုတ်ခမ်းကြီးကလည်း စူထော်လို့၊ ကမ်းခြေသဲသောင်ပြင်မှာ ရွှေမင်းသားလေးနဲ့ နှစ်ပါးသွားလာပြီထင်တယ်"

"တော်စမ်းပါဟာ၊ ရွှေမင်းသားနဲ့ မဟုတ်ဘူးဟေ့၊ ကြာကူလီနဲ့၊ ကြာကူလီနဲ့"

တီတီတာတာ နှုတ်ခမ်းလေးတွေက စူထော်သွားပြီး အဖြစ်အပျက်တွေကို ပြောပြလိုက်တော့ နေမာက အူတက်မတတ် ရယ်နေသဖြင့် တီတီတာတာ ခြေကလေးဆောင့်အောင့်ပြီး ရေချိုးခန်းထဲသို့ ဝင်လာခဲ့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

မင်းက တစ်နေ့မှာ ဟိုတယ်ပိုင်ရှင်ကြီး ဖြစ်စေရမယ်ဆို
ကြီးမားတဲ့ ရည်ရွယ်ချက်ကြီးနဲ့ ဟိုတယ်ပိုင်ရှင် သူဌေးသားတွေ
ရင်းနှီးမှုရအောင် အကွက်ဆင် ဖန်တီးနေတာလား တီတီတာ
သော်ကချစ်ကို မင်းက ဘာထင်နေလို့လဲကွာ။ ကျားကို အမြီးဆွ
ဆွဲတဲ့ ကောင်မလေးပဲ။ ဒီကောင်မလေး အကွက်ဖန်တာ
မင်းလည်း ဘာတွေးလို့လဲ။ အထင်ကြီးစရာ မရှိပါဘူးကွာ။ သော်
ချစ်နှင့် ရင်းနှီးမှုရအောင် အကွက်ဖန်တာတော့ တီတီတာ
အတွက် စိတ်ပူမိပြီး ဒေါသဖြစ်ရသည်။ သူနဲ့ဘာဆိုင်လို့
ဒီကောင်မလေးက တမင်ဖန်တီးနေတာပဲ ဖြစ်နိုင်နေ၏။ မင်းအတွ
ငါစိတ်ပူနေတာ အဲ့ဒိပဲ။ မင်းက ဟိုတယ်ကြီးကို အပိုင်ရအော
နည်းလမ်းတွေကို ရှာကြံနေတာပဲ။ ငါ့ကို ချဉ်းကပ်လို့မရ





သော်ကချစ်ကို ချဉ်းကပ်တာ မဟုတ်လား။

"ယုယ"

သူထက် တစ်နှစ်ငယ်သော သူ့ဒက်ဒီရဲ့ နောက်မိန်းမက
မွေးတဲ့သားက ယုယတဲ့။ ခပ်ရှင့်ရှင့် ခပ်ကျောကျော ဆက်ဆံတတ်
သော သော်ကအား သူ အဖက်မလုပ် ဆက်လျှောက်လာသည်။

"ယုယ မင်းရဲ့အိုက်တင်တွေက အရမ်းကို အိုဗာဖြစ်နေ
သင်တယ်"

သောကရဲ့ မထေမဲ့မြင် အပြုံးတွေကို သူအမြင်ကတ်ခဲ့
သည်။ သူက ဒက်ဒီရဲ့အမွေပစ္စည်းတွေကို ဘယ်တော့မှ မက်မော
တာမဟုတ်။ ရယူဖို့လည်း မကြိုးစားခဲ့။ ကုမ္ပဏီမှာဝင်ပြီး အလုပ်
လုပ်ခဲ့တာတောင် မာမီ့ဆန္ဒပေါ့။ မာမီက သူ့ကို ဒက်ဒီအသိအမှတ်
ပြုချင်တဲ့ သားတစ်ယောက် ဖြစ်စေလိုသည်။ မာမီ့ကို
ချမ်းသာစေချင်လို့ပါ။ ထို့အတွက်ကြောင့်လည်း ဝန်ထမ်း
တစ်ယောက်အဖြစ်ပဲ တာဝန်ကျေပွန်အောင် ထမ်းဆောင်နေသည်။

"လူအထင်ကြီးအောင် လုပ်မနေစမ်းပါနဲ့ ယုယ၊ ဒက်ဒီ
မရှိတော့ရင် မင်းရောက်သွားမှာက မြောင်းထဲပဲ"

မင်းပြောချင်တာ ပြောနိုင်တယ် သော်က။ မင်းနဲ့ အဖက်
မလုပ်ဘူးလို့ပဲ ငါ သတ်မှတ်ထားတယ်။ မင်းတစ်ယောက်ပဲ ဒက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



သွားပါ။ အမွေတွေအားလုံး မင်းယူစမ်းပါ။ ဒါပေမဲ့ တီတီတာ

ကိုတော့ မင်းမယူပါနဲ့။ သူ ရှေ့သို့ပဲ ဆက်ပြီးလျှောက်လာခဲ့သည်

"ယုယ မင်း သိပ်ကြီးကျယ်မနေနဲ့၊ မင်းဘဝ မင်း

မင်းမာမီရဲ့ ရှုပ်ယှက်ခတ်မှုကြောင့် ငါ့မာမီက ဒက်ဒီကို တာဝန်ယူ

တာကွ၊ မင်းမကျေမနပ် သိပ်ဖြစ်မနေနဲ့"

ချောင်းသာကမ်းခြေရဲ့ လေနုအေးက ပူလောင်ပြင်းပြ

သည်။ မင်း ဒီမှာ ကောင်မလေးတစ်ယောက်နဲ့ အပန်းလာဖြေ

တာ လောကကြီးရဲ့ စည်းစိမ်လား။ မင်း သူဌေးသားဖြစ်နေ

ကိုကွ။ မိန်းကလေးတွေအတွက် အန္တရာယ်ပဲ။ သော်ကရဲ့ ရုပ်

မှုတွေက မကြားချင်မှ အဆုံးပင်။ မာမီရဲ့ ရှုပ်ယှက်ခတ်မှုကြောင့်

ကမ်းခြေမှာ လမ်းလျှောက်နေရတာ စိတ်တွေ ကျဉ်းကြပ်လာသည်

ကုမ္ပဏီဝန်ထမ်းတစ်ယောက်အနေနဲ့ပဲ ဒီဟိုတယ်ကြီးကို လာရော

ကြီးကြပ်ခြင်းဖြစ်၏။ မင်းပိုင်ဆိုင်ရမယ့် ဒီဟိုတယ်ကြီးဆိုတာ

မသိဘဲနေမလား သော့်ကွာ။ မင်းမာမီ ဒေါ်ရီတာနှယ်က

လက်ထဲရောက်အောင် ကြံစည်နေတာပဲဟာ။ သူ နေထိုင်ရတဲ့အ

ဆီ ပြန်ရောက်လာသည်။

"သားကြီး ယုယ၊ မင်း လမ်းလျှောက်ထွက်သွားတယ်

လို့ ဒက်ဒီစောင့်နေတာကွ"



ဒီနေ့မနက် ရောက်လာမယ်ဆိုတာ သူ သတင်းကြားထား

သားဖြစ်၍ ဒက်ဒီ လာတွေ့မယ်ဆိုတာလည်း သိနေ၏။ ဒက်ဒီ

ဖခင်တစ်ယောက်အနေဖြင့် ယုယ မတွေ့လိုပေ။ သူ ဒက်ဒီ

ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်၏။ ဒက်ဒီ့အပြုံးတွေက သူ့အပေါ်

တွေးမှုမရှိလှ။ ရက်စက်ခါးသီးမှုဟုသာ သူထင်သည်။

"မင်း ဘာလိုအပ်သေးလဲ သားကြီး၊ ဒီဟိုတယ်ကြီးကို

အောင်မြင်အောင် မင်း စီမံအုပ်ချုပ်ပါ၊ မင်းအတွက်ပဲလေ"

သော်ကချစ်က သူ့အတွက်လို့ ပြောထားပါလျက်နဲ့ ဒက်ဒီ

ယုယအတွက်လို့ ပြောနေပြန်သည်။ သူပြုံးပစ်လိုက်၏။ မထိမဲ့

နိုင်လွန်းသွား၍လားမသိ ဒက်ဒီ ဒေါသဖြစ်သွားသည်။

"မင်း မယုံလို့လား မင်းဒက်ဒီ့ကို တစ်သက်လုံး ဒီလိုပဲ

ထိမဲ့မြင် ဆက်ဆံနေတော့မှာလား ယုယ"

"ကျွန်တော့်ဒက်ဒီနဲ့ အလုပ်ကိစ္စပဲ ပြောချင်ပါတယ်၊

ကျွန်တော့်အတွက်ဆိုတဲ့ မက်လုံးမျိုးတွေမပေးလည်း ကျွန်တော်က

ကုမ္ပဏီရဲ့ ဝန်ထမ်းပါ၊ သစ္စာရှိရှိ ကြိုးစားလုပ်မှာပါ"

"ယုယ...မင်း မင်း ဒက်ဒီက မင်းကို မက်လုံးပေးနေ

တာမဟုတ်ဘူးကွ၊ မင်းအတွက် ရည်ရွယ်ထားတာပါ၊ ရန်ကုန်မှာရှိ

တဲ့ ဟိုတယ်နဲ့ကုမ္ပဏီက မင်းမာမီလေးတို့သားအမိအတွက်ပေး

www.burmeseclassic.com



မင်း အဲ့လွှတ်ကိုက်ပြီး မထိမဲ့မြင်စကားတွေ မပြောစမ်းပါနဲ့"

ဒက်ဒီက သူ့ရှေ့မှာသာ ထိုစကားမျိုးတွေ ပြောတတ်ပြီး ဒေါ်ရီတာနွယ်ရှေ့ရောက်လျှင် ဒေါ်ရီတာနွယ် တင်ပြပြောဆိုသမျှ စကားတွေကို မေးမြန်းစစ်ဆေးခြင်းမရှိ ခေါင်းညိတ်လက်ခံနေသည်။ မင်းမာမီရော နေကောင်းလားဟု တစ်ခွန်းတလေပင် မမေးခဲ့။ ဒက်ဒီ့တာဝန်မဲ့မှုကို သူလက်မခံနိုင်ပေ။ မာမီ့ချို့ယွင်းချက်က ဘာလဲ။ အကြောင်းပြချက်ကောင်းတစ်ခုပါ။ ဒက်ဒီ သူ့ကို သားအဖြစ် အသိအမှတ်ပြုတာပင် ကျေးဇူးတင်ရမလို ဖြစ်နေသည်။

"သားက ဒက်ဒီ့သားပါ၊ ထက်မြက်တယ်လေ၊ ဒက်ဒီ အားကိုးနေတာပဲ၊ အခု ကုမ္ပဏီရဲ့ကိစ္စတွေ အားပဲ လွှဲအပ်ထားခဲ့တာပါ"

သူ ဘာမှမပြောလိုပေ။ ဘာမဟုတ်တဲ့ မာမီ့ရဲ့ချို့ယွင်းချက်လေးနဲ့ ရက်စက်စွာ ဥပေက္ခာပြုထားရက်တဲ့ ဒက်ဒီ။ သူနဲ့သော်ကချစ်က ဘယ်လောက်များ အသက်ကွာလို့လဲ။ မာမီ့ကွယ်ရာမှာ ဒက်ဒီ ဒေါ်ရီတာနွယ်နဲ့ ဖောက်ပြန်နေတာ ကြာပြီပဲ။ ဒက်ဒီ့ရင်ထဲမှာ သူ့ကို ချစ်တယ်ဆိုတဲ့ အချစ်အတိုင်းအတာက သော်ကချစ်ကို တော့ ယှဉ်နိုင်မည်မထင်မိ။ တာဝန်အရရော၊ ခိုင်းလို့ကောင်းနေတာရော အတော်ဆုံးဝန်ထမ်းတစ်ယောက်ကို လက်မလွှတ်ချင်တာ



မဟုတ်လား ဒက်ဒီ။ ယုယကတော့ ကုမ္ပဏီဥက္ကဋ္ဌကို တွေ့ဆုံ စကားပြောနေသည်ဟုပဲ သတ်မှတ်ထားသည်။

"မင်း ဒီမှာပဲနေပြီး ဟိုတယ်ကြီးကို အောင်မြင်ဖို့ အုပ်ချုပ်ပေးပါ သားကြီး၊ ရီတာက ပြန်မှာလေ၊ ဟိုတယ်ကောင်းကင်ပြာကို သားလက်ထဲပဲ အပ်ခဲ့မှာပါ၊ ဒက်ဒီ့ကို အေးစက်စက် မဆက်ဆံပါနဲ့၊ မင်းအဖေပဲကွာ"

"ဒက်ဒီ ပြောချင်တာက ဒီစကားတွေပဲ မဟုတ်လား"

"ယုယ"

ဒက်ဒီနှင့် မျက်နှာချင်းဆိုင်ရမှာပင် သူ ဝန်လေးနေမိသည်။ ဒေါ်ရီတာနွယ်က သော်ကချစ်အား မြှောက်ပင့်၍ သူ့အပေါ် ရိုင်းစိုင်းစွာ ဆက်ဆံနေတာရော ဒက်ဒီသိရဲ့လား။ ကုမ္ပဏီမှာ ဝန်ထမ်းတစ်ယောက်အဖြစ်ထက်မပိုဘဲ ဒေါ်ရီတာနွယ်ကပဲ အမိန့် ညွှန်ကြားပေးနေတာပါလို့ ဒက်ဒီ့ကိုပြောရင်ရော ဒက်ဒီ ယုံကြည်လက်ခံမှာလား။ သူ ဘာမှမပြောချင်ပေ။ အပိုစကားတွေပဲ ဖြစ်သွားနိုင်၍ မပြောပြတာ အကောင်းဆုံးပဲဟု ဆုံးဖြတ်ထားခဲ့သည်။ ဒက်ဒီနှင့် ပတ်သက်ပြီး ယုယ မကျေနပ်ဆုံးက မာမီ့အား နေကောင်းရဲ့လားဟု မမေး။ ဒက်ဒီက သူ့တုံ့ပြန်မှုက အေးစက်နေသဖြင့် မဖျေမနိုင် နှင့် ထသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုတယ်ကောင်းကင်ပြာကို ကျွန်တော် ပိုင်ဆိုင်ရမယ့် အမွေတဲ့လား ဒက်ဒီ၊ အမေ့မ်းရယ်ရတယ်ဗျာ"

စောစောကပဲ သော်ကချစ်က ဒက်ဒီမရှိတော့တာနဲ့ မြောင်းထဲရောက်ရမှာတဲ့။ သော်ကချစ်အတွက် ဒက်ဒီ စည်းစိမ်ဥစ္စာတွေ အားလုံးပဲတဲ့။ ဒါနဲ့များ ဒက်ဒီက သူ့ကို ပုံပြင်တွေလာပြောပြနေတယ်။ ဒက်ဒီ့စကားတွေက အိပ်ရာဝင်ပုံပြင်လောက်တောင် ယုံကြည်ရမှာမှ မဟုတ်တာပဲ။ သူ ပြုံးပစ်လိုက်သည်။ ဒီတစ်မနက်လုံး မအေးချမ်းရပါလား။ ဒက်ဒီက ဟိုတယ်ဖွင့်ပွဲအတွက် လာရောက်တာပဲဖြစ်၏။ စီးပွားရေးလုပ်ငန်းတွေကို ဒက်ဒီ စိတ်မဝင်စားတာ ကြာပြီပဲ။ နောက်မိန်းမ ဒေါ်ရီတာနွယ်ရဲ့ အစီအမံတွေ အယုအယ မြှူဆွယ်မှုတွေအောက်မှာ ဒက်ဒီ ပြားပြားဝပ်ပြီး ဂေါက်ပဲ ရိုက်နေသည်။

"သားကြီး ယုယ၊ မာမီလေး ဝင်လာမယ်နော်"

လာပြန်ပြီ နောက်တစ်ယောက်။ သူ့ စိတ်အပျက်ဆုံးကလည်း ဒေါ်ရီတာနွယ်ရဲ့ သားကြီးဟု ခေါ်ဝေါ်နေပုံပင်။ မားသွားလိုထက်နေတဲ့ ခင်ဗျားနှုတ်ခမ်းက စကားသံတွေ ကြောက်စရာကောင်းလွန်းနေတာပဲ။ တံခါးက ဖွင့်ထားပြီးသားဖြစ်နေသည်။

"မာမီလေး လာပြီး တောင်းပန်တာပါ ယုယရယ်၊



…ယ်က မင်းကို ရင့်ရင့်သီးသီး ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံလိုက်…ကိုပါ"

"ဒေါ်ရီတာနွယ်က သင်ပေးထားတာပဲ မဟုတ်လား၊ …တယ်၊ ဘာမှအရေးမကြီးပါဘူး၊ ကိုယ့်တာစန်ကလွဲပြီး အဝိုတွေ…မဝင်စားဘူး၊ ထွက်သွားပါ"

"မာမီ့ကို မစိမ်းပါနဲ့ သားကြီးရယ်၊ ဒက်ဒီရော မာမီလေး…ာ မင်းကိုပဲ အားကိုးနေကြရတာပါ"

"ထွက်သွားပါ"

"ယုယ"

"တောင်းပန်စရာမလိုဘူးလို့ ပြောပြီးပြီပဲ၊ အလုပ်ကိုစွပဲ…ာ်ဝင်စားတယ်၊ စိတ်ချပါ ကျွန်တော်က ခင်ဗျားတို့ရဲ့ ဝန်ထမ်းပဲ…ာ ချွတ်ချော်တိမ်းမှုမျိုး မရှိစေရပါဘူး"

"မာမီလေးယုံပါတယ် သားကြီးရယ်၊ အခု ရောက်လာ…ာက သားငယ်ရဲ့ ရိုင်းမြမှုအတွက် တောင်းပန်ဖို့ပါ"

"ထွက်သွားပါ"

"မာမီလေးက ယုယနဲ့ ငြိမ်းချမ်းရေးယူချင်တာပါ၊ …သားစုတွေ သင့်သင့်မြတ်မြတ်နဲ့ ပျော်ရွှင်တဲ့ အိမ်ထောင်စုလေး …ဖြစ်လေ"

www.burmeseclassic.com

www.burmeseclassic.com



''ထွက်သွားပါ''

''ယုယ''

သူ့အခန်းထဲသို့ ဒေါ်သတကြီးနှင့် ဒက်ဒီ ဝင်ရောက်လာသည်။ ဒေါ်ရီတာနွယ်ရဲ့ အကွက်တွေပဲ။ ယုယ သိပြီးသားလေ။ ဒက်ဒီ့ကို ပြောမယ်၊ သားငယ်ရိုင်းလို့ ရီတာ သွားတောင်းပန်မယ်၊ မိသားစုပြန်ပြီး စည်းရုံးဖို့ ပြောမယ်လို့လေ။ ဒက်ဒီ့ကို အယုံသွင်းဖို့အတွက် မာမီလေး ဒေါ်ရီတာနွယ်ရဲ့ အကွက်စေ့စေ့ စီမံမှုပဲ။ ဒက်ဒီက ဒေါ်ရီတာနွယ်ကို မချေမင် ဆက်ဆံရမလားဆိုပြီး သူ့အား မျက်နှာထားတည်တည်ကြီးနှင့် ကြည့်သည်။

''မင်းအမေကွ၊ သူက ငါ့မိန်းမ၊ မင်းကို ဒီလောက် တောင်းပန်ခယပြီး ပြောနေတာ၊ မင်းဘက်က ရန်သူလိုဆက်ဆံနေရလား၊ မင်းတော်တော်ရိုင်းပြတာပဲ''

''ကိုကိုရယ် ထားလိုက်ပါ၊ သားကြီးက စိတ်ခုသင့်ပါတယ်လေ၊ အထင်လွဲစရာတွေပဲ မဟုတ်လား၊ နေပါစေ သွားကြရအောင်နော်''

''မင်း...မင်း လွန်လာနေပြီနော် ယုယ၊ ငါက အရေးပေးနေလို့ ကန်းတက်လာတာလား၊ မင်းအမူအကျင့်တွေ၊ အပြောအဆိုတွေကို ပြင်စမ်း၊ ဆက်ပြီး ရိုင်းစိုင်းနေမယ်ဆိုရင်တော့ မင်းကို



အမွေဖြတ်မယ်''

''ကိုကိုရယ် သားကြီးကို အဲဒီလောက်အထိ မပြောပါနဲ့၊ သားကြီးက ရီတာတို့ရဲ့ အားကိုးရာပါ''

ဒေါ်ရီတာနွယ် ခင်ဗျားကြီး အကယ်ဒမီဆိုက်တင့်နဲ့ သရုပ်ဆောင်နေစမ်းပါနဲ့ဗျာ။ ဒက်ဒီအား ဘယ်လောက်အထိ အစွက်တွေဖန်ပြီး အယုံသွင်းနေတာလဲဆိုတာ ကျုပ်သိပြီးသားပါ။ သူဘာမှမပြောပေ။ ဒေါ်ရီတာနွယ်က ဒက်ဒီ့ကို ဖျောင်းဖျပြီး ဆွဲခေါ်နေသည်။

''မင်း တော်တော်လူပါးဝတာပဲ ယုယ၊ မင်းအမေက ဒီလိုပဲ သွန်သင်ထားသလားကွ၊ မင်းဘဝပျက်အောင် မင်းအမေက မြှောက်ပေးနေတာလား''

''ထွက်သွားပါ၊ နောက်ထပ် အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ဆက်ဆံပါ၊ အပိုတွေပြောစရာ အကြောင်းမရှိဘူး''

''ဟေ့ကောင်''

''တော်ပါတော့ ကိုကိုရယ်၊ မနက်ဖြန် ဖွင့်ပွဲရှိနေတယ်လေ၊ ပြဿနာမဖြစ်တာ ကောင်းပါတယ်၊ မာမီလေး တောင်းပန်ပါတယ် သားကြီးရယ်၊ စိတ်ညစ်ပါတယ်နော် တစ်ယောက်ကို တစ်ယောက် အထင်လွဲပြီး မိသားစု ပြိုကွဲနေတာတွေ ဘယ်တော့

www.burmeseclassic.com

www.burmeseclassic.com



မှ အေးချမ်းသွားမှာလဲ”

သူ မေးခွန်းကြီးတွေ ထောင်ထလာတဲ့အထိ အံသွားတွေကို တင်းတင်းဖိကြိတ်ထားမိသည်။ လောကကြီးက ဘာလဲ၊ တရားမျှတမှုဆိုတာကရော။ ဒက်ဒီစကားတွေက လွန်နေ၏။ မာ့မီကို ပါ ထိခိုက်ပြောလာသည်။ ဒါပေမဲ့ မာမီက သည်းခံပြီး နေထိုင် ဆက်ဆံရမယ်တဲ့။ မာမီကို စိတ်ချမ်းသာစေချင်ရင် ဒက်ဒီတို့မိသားစု နဲ့ အဆင်ပြေအောင် နေပါတဲ့။ မာမီက သူ ဒက်ဒီ့အမွေမရမှာ ကြောက်နေတယ်။ သား အမွေရဖို့ဆိုတာ မဖြစ်နိုင်ပါဘူး မာမီ။ ဒေါ်ရီတာနွယ်က ကြောက်စရာကောင်းတဲ့ မိန်းမပါ။ ဒက်ဒီ့အမွေ ကို သူလည်း မလိုချင်ပါဘူး။ ယုယ လက်သီးဆုပ်တွေကို တင်းကြပ်စွာ ဆုပ်ထားမိသည်။

♦ ♦ ♦

## အခန်း (၁၀)

“တို့ကိုတော့ ကိုယုယ အထင်သေးပြီးရင်း သေးတော့မှာပဲ နေမှာရယ်၊ ဒုက္ခပါပဲဟာ အရေးထဲမှာ တီကလည်း ခြေချော်လဲတယ်”

“နင်ကလည်း ဝဲအရမ်းများနေတာကိုးဟ”

“တီကလည်း အလုပ်မဝင်ရသေးလို့ ချောင်းသာကမ်းခြေမှာ လာအပန်းဖြေတဲ့ ညီသည်တွေကို အိုက်တင်ဖမ်းပြီး အပန်းဖြေတာလေ၊ သေချင်တာပဲ။ သော်ကချစ်ဆိုတဲ့လူက လာပြီးမွှေ့ထူတာဟ၊ အရမ်းလက်ရဲဇက်ရဲ”

“တီတီတာတာ”

“ဟင်”

“ဒေါ်ရီတာနွယ်က သူ့သားငယ်နဲ့ သဘောတူနေတာတော့

www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်ဟာ၊ ဒေါ်ရီတာနွယ် လိုချင်တာက ငွေကြေးချမ်းသာ ကြွယ်ဝပြီး မောက်မောက်မာမာ ချွေးမတော့ မဖြစ်နိုင်ဘူး၊ နင့်လို ရိုးသားဖြူစင်ပြီး ရုပ်လည်းချောတယ်၊ ပညာလည်း အသင့်အတင့် တတ်တယ်၊ သူ့အမိန့်ဩဇာကိုနာခံမယ့် ချွေးမပဲ လိုချင်တာလေ"

"ဝေးသေးတယ်၊ ဒီလူက အရမ်းနာမည်ပျက်တာ၊ အခု တောင် ဟိုဘက်ဟိုတယ်မှာ ကောင်မလေးနဲ့ တည်းနေတာလေ"

တီတီတာတာ့ရဲ့ နှုတ်ခမ်းဖူးဖူးလေးတွေက မကျေမနပ်နှင့် စူထော်ထော်လေးဖြစ်သွားရကာ သော်ကချစ်လို လူရှုပ်လူပွေ တစ်ယောက်နဲ့ အတူနေပြီး စည်းစိမ်ဥစ္စာတွေကို မခံစားချင်ပေါင်။ တီတီတာတာ ရည်မှန်းထားတာက မန်နေဂျာလို တည်ကြည် ခန့်ညားပြီး ယောကျ်ားပီသတဲ့သူပဲ။ မန်နေဂျာအကြောင်း စဉ်းစားမိ တိုင်း ငိုပစ်ချင်နေသည်။ အထင်လွဲသွားမှာပဲ။ တီကလည်း အင်တာ ဗျူးမှာ ဟိုတယ်ကြီးတစ်ခုကို ပိုင်ဆိုင်ချင်တယ်ပြောခဲ့တော့ ဟိုတယ် ပိုင်ရှင်သားတွေကို ရင်းနှီးမှုရဖို့ အကွက်ဖန်နေသည်ဟုပဲ ထင်သွား မှာပဲ။ မန်နေဂျာမျက်နှာကြီးက တင်းနေ၏။ ဘာမှမပြောတာကိုက နေမထိထိုင်မသာကြီး ဖြစ်နေရသည်။

"တီက အင်တာဗျူးမှာ မန်နေဂျာကို အမြင်ကတ်ပြီး ပေါက်ကရတွေ ကြီးကြီးကျယ်ကျယ် ပြောမိတာ၊ ဟိုလူ့ကို တီက





ချဉ်းကပ်နေတာလို့ ထင်သွားမလားပဲ"

"ထင်တော့ရော ဘာဖြစ်လဲ တီ၊ မန်နေဂျာ အထင်လွဲ လွဲ မလွဲလွဲ ဘာဆိုင်လဲ၊ အနေသာကြီးပဲ၊ မန်နေဂျာကိုတော့ ချော်လင့်မနေနဲ့နော် တီတီတာတာ၊ နင်ပဲ အသက်အရွယ်အိုမင်းပြီး ဆံဖြူသွားကျိုး ဖြစ်သွားမယ်"

နေမာက ရယ်နေပေမယ့် တီတီတာတာကတော့ မရယ်နိုင် ပေ။ မန်နေဂျာကိုပဲ မြင်ယောင်ပြီး သတိရတယ်၊ တမ်းတနေ သည်။ ရင်တွေ တဒိန်းဒိန်းခုန်ချင်နေ၏။ ဟိုလူနဲ့ အမှတ်မထင် တွေ့ဆုံဖြစ်ပျက်သွားတာဟု ရှင်းပြချင်သည်။ ဒါပေမဲ့လည်း ရှင်းပြ ခွင့်ရနိုင်မှာမဟုတ်။ မန်နေဂျာမျက်နှာကြီးက တည်နေတာပဲ။ အစေတက်လိုက်တာ သူမကို အဖက်မလုပ်။ စိတ်ထဲမှာ တစ်မျိုးကြီး ။ သူမနေရတဲ့အဆောင်က ချောင်းသာကမ်းခြေကို မမြင်ရပေ။ စိတ်တွေ မွန်းကြပ်လိုက်တာနော်။ ဒေါ်ရီတာနွယ်ကလည်း တီတီ တာတာကိုမှ အရေးတယူနဲ့။ ဟိုလူ သော်ကချစ်ဖွဲ့ရော တီတီ တာတာ မချစ်နိုင်ပါဘူး။ စီးပွားရေးကို တီတီတာတာက ကိုယ့် အစွမ်းအစနဲ့ပဲ အောင်မြင်ချင်တာပါ။ ငွေရှိတိုင်း၊ ချမ်းသာတိုင်း တီတီတာတာ့ကို အပိုင်းသိမ်းယူလို့ ရမယ်ထင်လား။ ဝေးသေး တယ်။ တီတီတာတာရဲ့စိတ်တွေထဲမှာ မန်နေဂျာအား ရှင်းပြလိုသော



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒတွေပဲ ပြစ်မှုပြနေသည်။

"မတတ်နိုင်တော့ဘူးလေ၊ ကံကြမ္မာတွေက တို့ကို
အထင်လွဲဖို့ ဖန်တီးပေးခဲ့တာပဲ၊ ဖူးစာရေစက်တွေ မရှိကြဘူးထင်
တယ်"

"ဟဲ့…တီ နင်တစ်ယောက်တည်း ဘာတွေပြောနေတာ
လဲဟ၊ ဖူးစာရေစက် မရှိကြဘူးဟုတ်လား"

"ဟင်"

တီတီတာတာ ကြောင်ပြီး တစ်ယောက်တည်း အတွေ
လွန်ကာ ပြောမိပြီးကာမှ နေမာအသံကြောင့် အထိတ်တလန့်
ဖြစ်သွားရသည်။ နေမာက ရယ်မောနေ၏။ ရှင့်ကြောင့် သိလား
တီတီတာတာ့အတွေးတွေထဲမှာ မန်နေဂျာကိုယုယအကြောင်းတွေ
တွေးမိနေသည်။ ဥနေစောင်းလာမှတော့ နေမာနှင့် ဝန်ထမ်းကောင်
လေးတွေက ကမ်းခြေကိုဆင်းဖို့ ပြင်ဆင်နေတာကြည့်ပြီး ကမ်းခြေ
သို့ ဆင်းသွားချင်တဲ့ဆန္ဒတွေပင် မရှိတော့။ မနက်က အဖြစ်အပျက်
တွေကို မေ့ပစ်၍မရ။ သော့ကချစ်ဆိုတဲ့လူနဲ့ ဆုံတွေ့ရမှာလည်း
စိုးရိမ်မိနေသည်။ ထို့ကြောင့်ပင် နေမာတို့နှင့် ကမ်းခြေကိုမဆင်
တော့ဘဲ သူမတစ်ယောက်တည်း ရေကူးကန်ရှိရာသို့ ထွက်လာ
သည်။ ဟိုတယ်က မဖွင့်သေး၍ ဧည့်သည်လည်း မရှိပေ။ ရေကူး

လည်း လူမရှိ။ တီတီတာတာတစ်ယောက်တည်း နေချင်တာ
အတော်ပဲဖြစ်သွားကာ ရေကူးဝတ်စုံလေးနှင့် သူမခန္ဓာကိုယ်
အား ကာကွယ်ထားသော မွေးပွသဘက်ကြီးအား ခွာချပစ်
သည်။

"အား…ကောင်းလိုက်တာ တစ်ယောက်တည်းပဲ၊ ကျွန်မ
မန်နေဂျာကြီး သတိရတမ်းတ လွမ်းဆွတ်နေရလွန်းလို့ ကမ်းခြေ
မထွက်ချင်တော့ဘူးသိလား၊ တစ်ယောက်တည်း လွမ်းနေ
သိရဲ့လား"

ရေကူးကန်မှာ ဘယ်သူမှမရှိ၍ တီတီတာတာ
ယောက်တည်း ရင်ထဲမှာ မွန်းကြပ်နေတဲ့ အပြောချင်ဆုံး စကား
လွတ်လွတ်လပ်လပ် ပြောပစ်လိုက်မိသည်။ အနက်ရောင်
စတစ် အသားပြောင်ချောချော ရေကူးဝတ်စုံလေးနှင့်
တာတာရဲ့ ဝင်းအိစိုမှည့်နေတဲ့ အသားအရေက လိုက်ဖက်လွန်း
ည်းဆာရဲ့ ရွှေအိုရောင်တောက်တောက်တွေအောက်မှာ လှပ
သည်။

"မန်နေဂျာကြီးက တကယ်ပဲ လူပျိုကြီးဘဝနဲ့ အရိုးထုတ်
လား၊ ပျော်စရာကောင်းလိုက်တာနော်၊ မန်နေဂျာကြီးက
ကြီးလုပ်မယ်ဆိုရင် တီတီတာတာကလည်း အပျိုကြီးပဲလုပ်

www.burmeseclassic.com

www.burmeseclassic.com



တော့မယ်၊ ဟီး…ဟီး''

သူမ ပြောချင်တဲ့စကားတွေကို လွှတ်လွှတ်လပ်လပ်
ရင်း၊ ရေထဲသို့ ခုန်းခနဲ ဒိုင်ဗင်ထိုးချမ်းလိုက်ပြီး ရေထဲမှာ
တရ ကူးခတ်နေမိသည်။ မန်နေဂျာအား သတိရမိတဲ့စိတ်
ပြေပျောက်ဖို့ ရေထဲမှ ငုပ်မစ်လိုက်၏။ တီတီတာတာက
ချန်ပီယံပဲ။ အချိန်အတော်ကြာအောင် ရေငုပ်နေနိုင်သည်။
သူမခန္ဓာကိုယ်လေးအား ရေပေါ်သို့ ပြန်ပေါ်လိုက်သည့်အချိန်
မထင်မှတ်ဘဲ ကန်ပေါင်ပေါ်မှာရပ်ပြီး ရေထဲသို့ဆင်းတော့
ဟန်ပြင်နေတဲ့ မန်နေဂျာကြီးကို တွေ့လိုက်ရသည်။

''ဟင်''

မထင်မှတ်မိ ဟုတ်မှဟုတ်ပျမလားဆိုပြီး မျက်လုံး
မှတ်ကာ သေသေချာချာကြည့်တော့ မန်နေဂျာကြီး ဖြစ်နေ
သူမကဲ့သို့ အနက်ရောင် ရေကူးဝတ်စုံနှင့်ပဲ။ အသားအရေက
ပြီး၊ ခန္ဓာကိုယ်ရဲ့ ကြွက်သားအပုအထစ်တွေ၊ အချိုးအစား
တွေ အထင်းသား မြင်တွေ့လိုက်ရ၍ တီတီတာတာပင် မျက်
သွားကာ အကြည့်တွေကို ကမန်းကတန်း လှည့်ပစ်လိုက်ရ
မန်နေဂျာကြီးကလည်း မထင်မှတ်ဘဲ သူမအား တွေ့သွား
အကြည့်ကို ရုတ်ခနဲလွှဲပစ်ကာ ပြန်လှည့်ထွက်သွားဖို့ ပြင်လိုက်



အချိန်တွင် တီတီတာတာရဲ့ ခြေသလုံးဆီက ပြင်းပြင်းရှရှ နာကျင်
သွားရကာ ကြွက်တက်တာဖြစ်ကြောင်း သိလိုက်သည်။

''အား…ကျွတ်…ကျွတ် ကြွက်တက်ပြီထင်တယ်၊ ဗုက္ခ
ပဲ ရေဆက်ကူးလို့မရတော့ဘူး၊ အား''

မတော်တဆ ကျင်မှာလည်း လူက တစ်ယောက်မှမရှိပေ။
နေဂျာကြီးကလည်း ကန်ပေါင်ပေါ် ပြန်တက်သွားပြီဖြစ်သည်။
တီတာတာ ရေဆက်ကူးလို့မရတော့။ ရေကန်က လူကြီးတွေ
အတွက်ဖြစ်၍ လူတစ်ရပ်မက နက်၏။ သူမ လက်လေးက
ခြေသလုံးကြွက်သားကို ဖိကိုင်ထားရင်း ခန္ဓာကိုယ်ကို ပေါ့ထားနိုင်
ပြီး မရှိတော့ပေ။ နောက်ဆုံးတော့ မန်နေဂျာကိုပဲ အော်ဟစ်အကူ
ညီတောင်းရတော့သည်။

''မန်နေဂျာကြီး ခဏနေပါဦး၊ ဒီမှာ ကျွန်မခြေထောက်
ကြွက်တက်နေလို့ပါ၊ ဆက်ကူးလို့မရတော့ဘူး''

တီတီတာတာဆိုတဲ့ ကောင်မလေး ဘာအကူအညီမှမပြုမပြု
ပြီ၊ သူမနှင့်မှ လာဆုံနေရသည်။ လူရှင်းတဲ့ ရေကူးကန်မှာ
တစ်ယောက်တည်း အေးအေးဆေးဆေး ရေကူးမလို့ဟာ တီတီ
တာတာဆိုတဲ့ ကောင်မလေး၊ သူ့ကို လှမ်းအော်နေတာ ကြားလိုက်
သော်လည်း လှည့်မကြည့်ခဲ့။ အဆောင်ကိုပဲ ပြန်တော့မည်၊ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သက်ချင်ပါဘူးဆိုမှကွာ။ တီတီတာတာဆိုတဲ့ ကောင်မလေး
တိုးတိုးနေတတ်သည်။

"မန်နေကျာကြီး ကျွန်မ တကယ်ပဲ ကြွက်တက်နေတာ
ကယ်ပါဦး ရေနစ်တော့မယ်၊ ရေထဲမှာ ကိုယ်ဖော့လို့တောင် မရတော့
ဘူး၊ ဗို့ မန်နေကျာကြီး တကယ်ပါ၊ ကယ်ပါဦး၊ ကျွန်မ ရေနစ်
သေတော့မယ်"

ကောင်မလေးက ကြွက်တက်ပြီး ရေဆက်မကူးနိုင်တော့
လို့ ကယ်ပါဦးဟု အော်နေတဲ့အသံ သူကြားလိုက်ရသည်။ တီ
တာတာ မင်း ဘာအကွက်ဖန်ပြန်ပြီလဲ။ မင်းရဲ့ အကျွမ်းကျင်ဆုံး
အလုပ် ရေကူးပဲလို့ မင်းပြောခဲ့တာပါ။ မဖြစ်နိုင်ဘူး တီတီတာတာ
အကွက်ဆင်တာပဲ။ မနက်ကလည်း သဲသောင်ပြင်မှာ သော်
ဘာတွေလဲကွာ။ ငါ စိတ်အပျက်ဆုံးနဲ့ အမုန်းဆုံးက မိန်းမတွေ
မာယာပဲ။ မင်းအလှအပတွေနဲ့ ငါ့ကို ဖမ်းစားနိုင်မယ်လို့မထင်
တီတီတာတာ။ ရေကူးချန်ပီယံတစ်ယောက်က ရေနစ်သေ
သဘော်နစ်မှပဲ ဖြစ်နိုင်မှာ။ မင်းအပြစ်နဲ့မင်းပဲ။ တီတီတာတာ
ပြေးသွားပြီး ကယ်တင်ချင်ပေမယ့် ယုယကတော့ သူ့စိတ်
ထိန်းချုပ်ထားလိုက်သည်။ မိန်းကလေးတွေနဲ့ ကင်းကင်းရှင်းရှင်း
နေချင်တယ်။ သူ ပြန်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။





"မန်နေကျာကြီး တကယ်ပြောတာပါ၊ ကယ်ပါဦး၊ ရေနစ်
ပါပြီ၊ ကယ်ပါဦး မန်နေကျာကြီး၊ ကျွန်မကို ပစ်မထားခဲ့ပါနဲ့၊
ယ်ပါဦး"

တီတီတာတာ့အသံတွေက ဗလုံးဗထွေးနှင့် စူးစူးဝါးဝါး
က်ပေါ်လာပြီး ငုပ်ချည်ပျောက်ကွယ်သွားသဖြင့် ယုယ စိတ်ပူ
ွားပြီး လှည့်ကြည့်လိုက်တော့ တီတီတာတာ့ကို မတွေ့ရတော့
။ သူ့စိတ်တွေ ဘယ်လိုမှထိန်းချုပ်ထားလို့မရတော့ဘဲ ရေကန်ဆီ
ို့ ပြန်လှည့်လာကာ ရေထဲသို့ ခုန်ဆင်းလိုက်သည်။

"တီတီတာတာ ဘယ်ရောက်သွားပြီလဲ၊ ဟန်ဆောင်နေ
ာဆိုရင်တော့ မင်းကို ရေထဲ ပြန်နှစ်ပစ်ခဲ့မယ်၊ ဘယ်မှာလဲ
င်း ဘယ်မှာလဲ"

သူ့စိတ်တွေက စိုးရိမ်ပူပင်မှုတွေနှင့် ဆောက်တည်ရာမရ
ဖြစ်သွားပြီး တီတီတာတာ့နာမည်လေးကို အော်ဟစ်ခေါ်ရင်း ရေထဲ
မှာ ရှာဖွေနေသည်။ သူ ရေထဲငုပ်ပြီးရှာတော့မှ ရေကန်ရဲ့ကြမ်းပြင်
မှာ လဲကျနေတဲ့ တီတီတာတာ့ကို တွေ့လိုက်ရ၏။ အနက်ရောင်
ရေကူးဝတ်စုံလေးက ထင်းနေသဖြင့် ရေထဲငုပ်သွားကာ တီတီ
တာတာရဲ့ ခန္ဓာကိုယ်လေးအား ဆွဲခနဲ ပွေ့ယူဆယ်တင်လာခဲ့သည်။

"ဟူး"



www.burmeseclassic.com

www.burmeseclassic.com







တီတီတာတာ ကိုယ်လုံးလေးက ရေတွေစိုရွှဲ... ချောက်ချက်ချက်နှင့် အဝတ်လေးထိန်းကာ သူ့လက်တွေနှင့် မွေ့ပိုက်... လာခဲ့ရသည်။

"တီတီတာတာ"

"တီတီတာတာ"

"ဟင်"

တီတီတာတာက မေ့မျောနေသဖြင့် ယုယ စိတ်ပူသွား... တီတီတာတာ့ ခန္ဓာကိုယ်လေးကိုမကော ရေတွေထွက်သွားအော... ရှေ့ဦးသူနာပြုနည်းနှင့် ပြုစုပေးနေရသည်။ ငါ့တစ်သက်တာ... ဘယ်လိုမှ မလုပ်ချင်တဲ့အလုပ်တွေပဲကွာ။ မင်း တော်တော်ဒု... ပေးတဲ့ ကောင်မလေးပဲ။ ကြည့်စမ်း ငါ ရောက်လာလို့ပေါ့။ ... မိန်းကလေးတစ်ယောက်နှင့် နီးနီးကပ်ကပ် ဘယ်တုန်းကမှ မ... ဖူးပေ။အနက်ရောင် ရေကူးဝတ်စုံလေးက ရေတွေနှင့်ထိကပ်နေ... သူမခန္ဓာကိုယ်လေးရဲ့ အလှအပတွေကို မမြင်ချင်မှအဆုံးပ... တီတီတာတာရယ် မင်းနဲ့မှ ဆုံတတ်တယ်။ တီတီတာတာ သတိ... မရသေး၍ သူစိတ်ပူလွန်းကာ သတိပြန်ရအောင် ဘာမှ စဉ်း... တွေဝေမနေတော့ဘဲ နည်းမျိုးစုံ ပြုစုလုပ်ဆောင်ပေးမိသည်။

"အင်း"

"တီတီတာတာ"

"အင်း"

"မင်းသတိရပြီလား"

သူမခန္ဓာကိုယ်လေးက လှုပ်ရှားလာပြီး ညည်းညူသံလေး ...ပေါ်လာမှ ယုယ စိတ်မောသက်သာသွားရပြီး သက်ပြင်းမော ...ကြီးအား ဟူးခနဲ မှုတ်ထုတ်ပစ်လိုက်သည်။ တီတီတာတာ့ ...လုံးလေးတွေ မျက်တောင်လေးတွေ တဖျတ်ဖျတ်ခတ်ကာ ...၏။ တီတီတာတာ ကောင်းကောင်းသတိရနေပြီပဲ။ ကျေးဇူး ...တဲ့မျက်ဝန်းအရိပ်တွေနှင့်ကြည့်ကာ တီတီတာတာရဲ့ မျက်ဝန်းညို ...တွေကို ဆတ်ခနဲကျောခိုင်းကာ သူမအနားမှ ထွက်လာခဲ့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

“တီ နင်ဘယ်လိုဖြစ်ရတာလဲဟာ၊ အဆောင်မှာပဲနေ[illegible] ထင်ထားတာ၊ အခု တို့ကို မန်နေဂျာက လာပြောတာလေ၊ [illegible] ရေနစ်နေလို့တဲ့”

တီတီတာတာ ခန္ဓာကိုယ်လေးတစ်ခုလုံး အင်အား[illegible] ကင်းမဲ့ကာ မလှုပ်ရှားချင်သလို ဖြစ်နေသေး၍ နေမာတို့ကို အ[illegible] ပြန်မပြောဘဲ နှုတ်ဆိတ်နေလိုက်သည်။ မန်နေဂျာကြီးကို ကျေ[illegible] တင်ပါတယ်။ တီတီတာတာ့အသက်ကို ကယ်တင်ပေးလို့[illegible] မန်နေဂျာကြီးမှာ အကြင်နာတရားတွေ ရှိနေသေးတာပဲ။ သူမရှက်[illegible] ခန္ဓာကိုယ်ထဲက လှည့်ပတ်နေတဲ့ သွေးတွေ ပူနွေးကုန်ပြီလား[illegible] မသိ။ သူမသတိရတဲ့အထိ မန်နေဂျာက ပြုစုပေးခဲ့တာ[illegible] ရှက်လိုက်တာ ခန္ဓာကိုယ်က မလုံ့တလုံပဲ။ သူမအဖြစ်တွေ[illegible]





ရယ်စရာကောင်းနေသည်။

“ဟဲ့…တီတီတာတာ ဘာပြုံးနေတာလဲ၊ နင် အကွက် ထွင်တာမဟုတ်လား”

“ဟာ…မဟုတ်ပါဘူး၊ တီတစ်ယောက်တည်း ပျင်းလို့ ရေကူးနေတာပါ၊ သူကလည်း မထင်မှတ်ဘဲ ရောက်လာတာပါ၊ ကြွက်တက်တာလည်း တကယ်ပဲ ရေနစ်သေတော့မလို့၊ တစ်ယောက်တည်းသာဆိုရင် သေပြီ”

“တို့မန်နေဂျာက ဒီလိုကျတော့လည်း အကြင်နာတရား ရှိသားပဲ၊ မရက်စက်ဘူးနော်၊ နင်နဲ့တော့ ဖူးစာရေစက်ရှိနေပြီထင် တယ် တီတီတာတာ”

“အဟဲ”

“နင်တို့ဖူးစာကတော့ ရှယ်ပဲ၊ မန်နေဂျာ ကြွသွား[illegible]လား၊ ကြည့်စမ်း တို့ မိန်းကလေးချင်းတောင် ရင်ခုန်နေတယ်”

“သွားစမ်းပါဟယ်”

“ထ…အအေးပတ်ပြီး သေနေဦးမယ်၊ မန်နေဂျာကူ ကယ်ပြီးပြီနော်”

နေမာက သူမကို ချိုင်းမှတွဲပြီး ထူပေးသည်။ တီတီတာ တာ မောနေပေမယ့် မန်နေဂျာနှင့်တွေ့ဆုံရတဲ့ အဖြစ်အပျက်လေး



www.burmeseclassic.com

www.burmeseclassic.com



က ရင်ထဲမှာ တလှိုက်လှိုက် တုန်ခါလှိုက်ဖိုနေရ၏။ နေမှာတို့ ရှေ့မှာလည်း အရှိမ်းမပျော်တဲ့ အမှုအရာ မပြရ။ မန်နေဂျာနဲ့ ဆုံစည်း ရတဲ့အဖြစ်လေးကို တီတီတာတာ နှလုံးသားထဲမှာ အမှတ်တရလေး သိမ်းဆည်းထားလိုက်သည်။

''ဖြစ်ရဲ့လား တီ၊ အားတွေကတော့ ရှိနေမှာပါ၊ မန်နေဂျာ က ကယ်တင်ရှင်ကြီးမဟုတ်လား၊ မနက်ဖြန် ဖွင့်ပွဲရှိတယ်နော်၊ အအေးပတ်ပြီးဖျားမှ ဟိုတယ်ပိုင်ရှင်က ငြိုငြင်နေဦးမယ်''

''တော်ပါတော့ဟာ''

အဆောင်ကို ပြန်ရောက်လာကြသည်။ အမှောင်ထုက လည်း ပတ်ဝန်းကျင်အား လွှမ်းခြုံစပြုနေပြီဖြစ်သည်။ တီတီတာတာ အား ရဲရဲတွေသုတ်ကြ၊ အဝတ်အစားထူထူတွေ ဝိုင်းပြီးဝတ်ပေးကြ ၏။ မနက်ဖြန် ဖွင့်ပွဲပါ။ ဒေါ်ရီတာနွယ်က တီတီတာတာအား ဦးစားပေးအခွင့်ရှိနေစေချင်သည်။ ရှက်တော့ ရှက်နေမိပြီး မန်နေဂျာ နှင့် ရင်ဆိုင်ဖို့ပင် ဝန်လေးနေရ၏။ တီတီတာတာတစ်ကိုယ်လုံး မမြင်ချင်မှအဆုံးပဲ။ အမယ်လေးနော် ရျက်နှာပူလိုက်တာ။ မန်နေဂျာ စိတ်ထဲမှာ ဘယ်လိုထင်သွားမလဲ။ တီတီတာတာများ အကွက်ဖန် သည်ဟုများ ထင်မလား။ သူနဲ့တီတီတာတာ အထင်လွဲစရာတွေနှင့် ပဲ ဆုံတွေ့နေရသည်။



''တီ''

''ဟင်''

''ရှေ့...ကော်ဖီပူပူလေး သောက်လိုက်၊ နေလို့ကောင်း ရဲ့လား၊ ချမ်းလား''

''ဟင့်အင်း...တီက ရေသရဲပါဟ၊ ဘာမှမဖြစ်ပါဘူး''

''ကော်ဖီပူပူမသောက်လည်း နင့်ရင်ထဲမှာ နွေးနေတာပဲ မဟုတ်လား''

''မနွေးပါဘူးဟာ မန်နေဂျာရဲ့အထင်သေးမှုကို ထပ်ပြီး တောပဲနေမှာ၊ ရှက်စရာကြီးနော် တီ့ခန္ဓာကိုယ်တစ်ခုလုံး မန်နေဂျာ မြင်မှာပဲ''

သူက တီတီတာတာ သတိရတာနဲ့ ထားပြီးထွက်သွား တော့တာ။ အမြင်ကတ်စရာကောင်းလောက်အောင် ရက်စက်ငွေ့မှုံး တာပဲ။ နည်းနည်းလေးမှပင် စောင်းငဲ့မကြည့်တော့။ ရယ်တော့ရယ် ရတယ်၊ မန်နေဂျာတွေ့သမျှ ဟာသတွေကြီးပဲ။ တီတီတာတာက ရေသရဲမို့ ခန္ဓာကိုယ်ကတော့ ကြံ့ခိုင်ပြီးသားဖြစ်သည်။

''တီ''

''ဟင်''

''နင့်ရဲ့ခန္ဓာကိုယ်အလှတွေကို မြင်လိုက်ရတဲ့ မန်နေဂျာ

www.burmeseclassic.com

www.burmeseclassic.com



အခုလောက်ဆိုရင် ရင်ခုန်နေမလားပဲ၊ ဒါပေမဲ့လေ မန်နေဂျာက တည်တယ်၊ စိတ်ဝင်စားမှာတော့ မဟုတ်ဘူးဟ''

''နေမာ''

''ဟင်''

''နင်သွားမေးပေးစမ်းပါဟာ''

''ဘာလဲ''

''တီတီတာတာရဲ့ အလှအပတွေကို မျက်ဝါးထင်ထင် တွေ့လိုက်ရတာ မန်နေဂျာ ရင်ခုန်နေလားလို့''

''သေလိုက်''

''ဟား...ဟား...ဟား''

မန်နေဂျာ ကိုယုယချစ်အား အကြောက်ဆုံးက နေမာပင်။ မျက်နှာချင်းဆိုင်ရမှာပင် တုန်နေသည်။ နေမာက အနားယူတော့ ဟုပြောပြီး အလုပ်ကိစ္စရှိသေးတယ်ဆိုပြီး ထွက်သွား၏။ တီတီ တာတာ တစ်ယောက်တည်း ကျန်ရစ်ခဲ့မှ စောစောက အဖြစ်အပျက် လေးကို တွေးတောမိနေသည်။

''မန်နေဂျာကြီးရယ် တီတီတာတာ အကွက်ဖန်တာ မဟုတ်ပါဘူးနော်၊ ကြွက်က တကယ်ပဲတက်တာပါ၊ မထင်မှတ်ဘဲ ဖြစ်သွားရတာလေ၊ မန်နေဂျာနဲ့ တီတီတာတာ ရေစက်တွေပဲရှိနေ





ကြတာလားဟင်၊ ရှေ့ကချစ်ခဲ့တဲ့ ဖူးစာရေစက်တွေလေ''

သူမ အတွေးတွေနှင့်ပင် ရယ်ချင်လာသည်။ ဒီလောက် သတ်ဝန်းကျင်နှင့် ကင်းရှင်းအောင်နေထိုင်ပြီး မျက်နှာထားတည်တည် ကြီးနဲ့ မန်နေဂျာက. တီတီတာတာနှင့်တွေ့မှ ကမောက်ကမတွေ ဖြစ်နေရ၏။ တီတီတာတာတစ်ယောက်တည်း အဆောင်မှာ စောင်ခြုံ ပြီး တွေးနေသည်။ မနက်ဖြန် ဖွင့်ပွဲအတွက် ဝန်ထမ်းတွေ အလုပ် ရှုပ်နေပါတယ်ဆိုမှ ဒေါ်ရီတာနွယ်ကတော့ တီတီတာတာ့ကို မေးမှာ ပဲ၊ သော်ကချစ်ဆိုတဲ့လူလည်း ရောက်ချင်ရောက်နေမှာ။ မသွား ဘော့ဘူး။ နေမာ ကြည့်ပြောထားလိမ့်မယ်။ သော့်ကချစ်က ရှုပ်ပွေ တာတွေ၊ မိန်းကလေးတစ်ယောက်နဲ့ ဟိုဘက်ဟိုတယ်မှာ တည်းနေ တာတွေ သူမသိထားသည်။

''ရှင့်ကိုတော့ လုံးဝပဲ၊ တီတီတာတာ့ကို အထင်မသေး နဲ့နော်၊ မာနတော့ရှိတယ်၊ ရှင့်လို လူရှုပ်လူပွေတစ်ယောက်ကများ တီတီတာတာ့ကို ငွေနဲ့ပေါက်ပြီး ဝယ်ယူလို့ရမယ် ထင်နေလား''

တီတီတာတာ မကျေမနပ်နှင့် ပွစိပွစိပြောရင်း ဖွင့်ပွဲမှာ မန်နေဂျာနှင့် ရင်ဆိုင်ရမှာ မျက်နှာပူနေမိသည်။ နေမာတို့ပြန်လာ တော့ ဒေါ်ရီတာနွယ်က မေးသည်တဲ့။ တီတီတာတာရောတဲ့ ရောက်မ လာများသွားလို့ အနားယူနေတယ်ပြောတော့ ကောင်းတယ်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အနားယူပါစေတဲ့။ နေမာက ပုံမှန်မဟုတ်ဘူးနော်ဟု ပြောပြီး ရယ်
သည်။

"ချွေးမလောင်းဆိုတော့လည်း အလေးအခွင့်အရေးပေး
လေ"

"တော်ပြီ၊ အိပ်တော့မယ်"

တီတီတာတာက ခေါင်းကို ခေါင်းမြီးခြုံပြီး အိပ်ပစ်လိုက်
သည်။ အိပ်လို့ကောင်းလိုက်တာ တီတီတာတာ တစ်ရေးနိုးပြီး
မျက်လုံးတွေဖွင့်ကြည့်လိုက်တော့ မိုးကလင်းနေပြီဖြစ်သည်။

"တီရေ ထတော့လေ၊ အလှပြင်တော့၊ နင်ကအစိကနော်
လှလှလေးပြင်"

နေမာတို့တော့ ပြင်ဆင်ပြီးလုနေပြီ။ တီတီတာတာ အိပ်ရာ
ထကာ မျက်နှာသစ် ရေချိုး အလှတွေပြင်ရသည်။ ပွဲမှာက ရင်ခုန်
ဖို့တော့ အကောင်းသားပဲ။ စချိန်မီတဲ့ အယ်မြေပဟိုတယ်ကြီးဖြစ်၍
လူတွေရဲ့ စိတ်ဝင်စားခြင်းခံရ၏။ ကြိုတင်တည်းခိုဖို့ Booking
လုပ်ထားတဲ့လူတွေက အခန်းတွေအပြည့်ပင်။ နေမာတို့က ပြင်ပြီး
နေသည်။

"တီ နောက်ကလိုက်ခဲ့နော်၊ ပွဲမယ့်အချိန်က လိုပါသေး
တယ်၊ တို့က ဝိုင်းပြီးပြင်ဆင်ရဦးမှာမို့ အရင်သွားနှင့်မယ်"



"အင်း"

နေမာတို့ ထွက်သွားသည်။ တီတီတာတာတစ်ယောက်
တည်း အလှပြင်ပြီး ဟိုတယ်ကပေးတဲ့ ယူနီဖောင်းကို ဝတ်လိုက်
၏။ မှန်ရှေ့မှာရပ်ပြီး သူမကိုယ်သူမကြည့်ကာ မဆိုးပါဘူးဟု
အားပေးစကားပြောပြီး အခန်းထဲက ထွက်လာခဲ့သည်။

"တီတီတာတာ"

"ဟင်"

"ဝန်ထမ်းမိန်းကလေးတွေ သွားကြပြီ၊ တီတီတာတာ
ထွက်လာတာမတွေ့လို့ ကိုယ်လာခေါ်တာလေ၊ အတူတူသွားကြရ
အောင်"

"ရပါတယ် ကိုသော်က သွားနှင့်ပါ၊ ကျွန်မလို ဝန်ထမ်း
မိန်းကလေးနဲ့အတူသွားလို့ မသင့်တော်ဘူးထင်ပါတယ်"

"ဘာဖြစ်လို့ မသင့်တော်ရမှာလဲ တီတီတာတာ၊ ကိုယ်
တောင် သွားရဲသေးတာပဲ လာပါ"

"ရှင်"

သော်ကချစ်က တီတီတာတာဆိုတဲ့ ကောင်မလေးအား
ကြည့်ပြီး အသည်းယားလာသဖြင့် လက်လေးကို ဆွဲယူဆုပ်ကိုင်
မပစ်လိုက်သဖြင့် မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားကာ

burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ရုန်းပယ်သည်။

"လွှတ်ပါ"

"ဘာဖြစ်လို့လဲ၊ ကိုယ့်ကို ဘာဖြစ်လို့ ကြောက်နေရတာလဲ တီတီတာတာ၊ သရဲသဘက်နဲ့ တူနေလို့လား၊ ဟင်း...ဟင်း အဟင်း"

တီတီတာတာက အရမ်းချစ်စရာကောင်းပြီး ဖြူစင်လွန်းတဲ့ ကောင်မလေးပဲ။ အယ်နီနဲ့တော့ တခြားစီပဲ။ မျက်ဝန်းနက်နက်လေးတွေ ကလယ်ကလယ်နှင့် မျက်နှာလေးပေါ်မှာ ရှက်ရဲရဲနှင့် ပန်းနုရောင်သွေးပြေးနေသည်။

"မကြောက်ပါနဲ့ တီတီတာတာ၊ ကိုယ်နဲ့တွဲပြီး ဒီဖွင့်ပွဲအခမ်းအနားကို သွားချင်တဲ့ကောင်မလေးတွေကြီးပဲလေ"

သော်ကချစ်ကို တီတီတာတာ အမြင်ကတ်လာမိသည်။ ရှင့်ကို အထင်ကြီးတဲ့ မိန်းကလေးတွေထဲမှာ တီတီတာတာ မပါဘူးနော်။ တီတီတာတာက အချောင်ချမ်းသာချင်တာမဟုတ်ဘူး။ သူမစိတ်ညစ်နေတာက မန်နေဂျာတွေ့သွားမှာပါပဲ။ တီတီတာတာ့ကို ဘယ်လိုထင်မလဲ။ သော်ကချစ်ကို ကပ်နေတာလို့ ထင်တော့မှာပဲ။ မန်နေဂျာ အထင်သေးမှာတော့ အကြောက်ဆုံးပင်။ သူမလက်ကို သော်ကချစ် ဆွဲသွားမှာစိုး၍ သူနှင့် ခပ်ခွာခွာလေး





ကလာရသည်။

"တီတီတာတာ"

"ဟင်"

"မင်းက အရမ်းချစ်စရာကောင်းတယ်ကွာ၊ ကိုယ်တွေ့ဖူး မိန်းကလေးတွေထဲမှာတော့ တီတီတာတာက ချစ်စရာ၊ မြတ်နိုး အကောင်းဆုံးပဲ၊ ကိုယ့်ကို စွဲဆောင်နိုင်တယ်၊ မင်းကို ကိုယ်ချစ် ပြီ"

"ဟင်"

တီတီတာတာ့ နှုတ်ခမ်းသားတွေက စူတင်းသွားကာ မ်းကို ခပ်သွက်သွက်လှမ်းရင်း သော်ကချစ်အား တုံ့ပြန်ပြောဆို မပြုချင်တော့အောင် မှန်းတီးသွားသည်။ ရှင်က သူဌေးသား တီတီတာတာ့ကို အထင်သေးပြီး ချစ်တယ်လို့ အလွယ်တကူ လိုက်တာလား။ ဝေးသေးတယ်။ ရှင့်ကို လုံးဝအထင်မကြီး တော်ပါပြီ သော်ကချစ်နဲ့ လုံးဝအရောဝင်နေလို့မဖြစ်ဘူး။ နေဂျာရဲ့ အထင်လွဲမှုတွေကိုလည်း မခံယူနိုင်ပေ။ ဖွင့်ပွဲအခမ်း ကျင်းပမည့် ဟိုတယ်ရဲ့ညှိခန်းဆောင်ကို ရောက်ခါနီးတော့ လက်လေးကို သော်ကချစ်က ဆတ်ခနဲ လှမ်းဆွဲလိုက်သည်။

"လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ခေါ်တဲ့နောက်ကို အေးအေးဆေးဆေးလိုက်ခဲ့ေ
ကိုယ်က ဘာကိုမှ ဂရုစိုက်မှာမဟုတ်ဘူး"

"ကျွန်မ လုံးဝမလိုက်နိုင်ဘူးနော်၊ ရှင်ဘာပဲဖြစ်ဖြစ် ကျွ
က ရှင့်အတွက် ကစားစရာအလုပ်မဟုတ်ဘူး၊ ဖယ်ပါ၊ ရှင်မလွှ
ရင် ကျွန်မ ဒီနေရာမှာပဲ ရပ်နေမယ်၊ အလုပ်ကထွက်မယ်"

"ဘာကွ"

"လွှတ်ပါ"

"ဟား…ဟား…ဟား မင်း တော်တော်စွာကျယ်
ကောင်မလေးပဲ၊ ကြိုက်တယ်ကွာ မာနခဲလေးကိုမှ သော်ကချစ်
တန်ဖိုးထားပြီး ချစ်ချင်တာ၊ အရင်က ကောင်မလေးတွေကို မ
တာ အလွယ်တကူရလို့ထင်တယ်နော် တီတီတာတာ"

"လွှတ်ပါ၊ ရှင့်ကို ကျွန်မ ဘယ်တော့မှမချစ်ဘူး၊ အထ
လည်းမကြိုးဘူး၊ ဘယ်လိုနည်းနဲ့မှ ရနိုင်မယ်တော့မထင်နဲ့နော်"

"တီတီတာတာ့ နာမည်နဲ့ တကယ့်ကိုလိုက်ဖက်တယ်ဗျ
ရင်ထဲမှာ လှိုက်ဖိုသွားအောင် ချစ်စရာကောင်းတယ်၊ တကယ်ပါ"

"လွှတ်လေ"

သော်ကချစ်က မလွှတ်သဖြင့် သူမ ရုန်းဖယ်ပစ်ပေမ
သူ့လက်တွေက တင်းကြပ်နေသည်။ ခန်းမဆောင်ထဲမဝင်ဘဲ ရပ်



စဉ် မန်နေဂျာက ခန်းမဆောင်ထဲမှ ထွက်လာနေ၏။ တီတီတာတာ
နှင့် သော်ကချစ်ကိုတွေ့တော့ ခန်းမဆောင်ထဲ ပြန်လှည့်ဝင်သွား
သည်။ ရှက်လည်းရှက် ဒေါသလည်းထွက်ကာ တီတီတာတာ့
မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်တက်လာတော့မှ သော်ကချစ်
က လက်ကိုလွှတ်ပေးကာ ခန်းမဆောင်ထဲ ဝင်သွားသည်။

"ဆောရီးနော် တီတီတာတာ၊ ဒါပေမဲ့ ဒီမှာ မင်း ဘယ်သူ့
မှ ဂရုစိုက်စရာမလိုဘူးနော်၊ ယုယချစ်ဆိုတာလည်း ဘာအဆင့်မှ
မရှိဘူး၊ သာမန်ဝန်ထမ်းပဲ၊ မင်းလေးလည်း ခန်းမဆောင်ထဲဝင်လာ
ခဲ့ပါ တီတီတာတာ၊ မင်းက ကိုယ်တို့ဟိုတယ်ကောင်းကင်ပြာရဲ့
ကျက်သရေဆောင်ပါနော်"

တီတီတာတာလည်း ခြေကလေးဆောင့်ကာ မကျေမနပ်
နှင့် ကျုန်ရစ်ခဲ့ပြီး ပြဿနာမတက်လိုတော့၍ ခန်းမဆောင်ထဲ
ဝင်လာခဲ့သည်။ ဒေါ်ရီတာနွယ်က တယုတယ နွေးနွေးထွေးထွေး
ဆီးကြိုနေ၏။ မန်နေဂျာကို မသိမသာ သူမ မျက်ဝန်းလေးဝေ့ပြီး
ကြည့်လိုက်တော့ အရှေ့တည့်တည့်ကိုပဲ ကြည့်နေသည်။ မန်နေဂျာ
ဘာဖြစ်လို့ ခန်းမဆောင်ထဲကနေ ထွက်လာရတာလဲ။ တီတီတာတာ
နောက်ကျနေလို့လား မဖြစ်နိုင်ပါဘူး။ မန်နေဂျာက မိန်းကလေးတွေ
ကို စိတ်ဝင်စားတာမှ မဟုတ်တာ။ ရေကူးကန်မှာ ဖြစ်ပျက်ခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



တွေ စဉ်းစားမိတော့လည်း တီတီတာတာ မျက်နှာပူပြီး ရှ

သည်။ ဖွင့်ပွဲအခမ်းအနားမှာ အစီအစဉ်တွေ တစ်ခုပြီးတစ်ခု ပြီး

သွားတာပင် တီတီတာတာက မသိ။ မန်နေဂျာအကြောင်းတွေနှ

ပတ်ဝန်းကျင်ကို အသိကင်းမဲ့စွာ မေ့မျောနေသည်။

"ဟိုတယ်ကောင်းကင်ပြာကို ကျွန်တော့်သားကြီး ယု

ချစ်က စီမံအုပ်ချုပ်သွားမှာပါ၊ ဝန်ထမ်းတွေအားလုံးလည်း ဝိုင်း

ကူညီပေးကြဖို့ ပြောချင်ပါတယ်၊ အပိုဆုကြေးတွေရော ရရှိ

အကျိုးအမြတ်တွေထဲကရော အပိုကြေးတွေ ခံစားစေရမှာပါ၊ ကျေ

တင်ပါတယ်"

"ဖြောင်း…ဖြောင်း"

"ဖြောင်း…ဖြောင်း"

"တီ"

"ဟင်"

"နင် ဘာဖြစ်နေတာလဲ၊ လက်ခုပ်တီးလေ"

"သြော်…ဟုတ်သားပဲ"

"ဖြောင်း…ဖြောင်း"

"ဖြောင်း"

နေမာက တို့ပြီးသတိပေးမှ တီတီတာတာ စိတ်



နဲ့ပြန်ကပ်သွားကာ လက်ခုပ်တီးရသည်။ ဖွင့်ပွဲအခမ်းအနားက

ဆုံးသွား၍ ဧည့်ပရိသတ်တွေကို စားသောက်စရာတွေနှင့် တည

ည့်ခံကျွေးမွေးသည်။

"တီ"

"ဟင်"

"နင်နဲ့ဟိုလူ သော်ကချစ်နဲ့ OK နေလား"

"တော်ပါ"

"သော်ကချစ်နဲ့တော့ အားမကျပါဘူး၊ မျက်ရည်နဲ့နှပ်နဲ့

တ်နေရမှာ"

နေမာက နောက်ပြောင်နေသော်လည်း တီတီတာတာ

င်မပြုံးနိုင်။ မန်နေဂျာစိတ်ထဲမှာ တီတီတာတာ့ကို အထင်သေး

ရွံရှာနေမလား။ သူ့စိတ်တွေထဲ ဝင်ကြည့်လိုက်တာ။ တကယ်ပဲ

တ်ဝန်းကျင်ကို စောင်းငဲ့၍ပင်မကြည့်။ စားသောက်စရာတွေ

တ်လံချပေးနေတဲ့ တီတီတာတာ့ကို အရေးပင်မလုပ်။ မန်နေဂျာ

စိတ်ကြီးထဲ ဝင်ကြည့်ပစ်ချင်တယ်သိလား။ ရှင့်စိတ်ကြီးက

ယ်လိုကြီးလဲဟင်။ အဲဒီလိုမျိုးကြီး မနေပါနဲ့။ ပြောင်းလဲပစ်လိုက်

တော့။ မန်နေဂျာကြီး စိတ်တွေကို တီတီတာတာ အားမလိုအား

နှင့် ပြောင်းပစ်ချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်စိတ်ကြီးက ဘယ်လိုလဲ၊ ဝင်ကြည့်ချင်လိုက်တာ နော်"

"ဟဲ့…တီ နင် ဘာတွေရှုတ်နေတာလဲ၊ ဘယ်သူ့စိတ်ကြီးထဲ ဝင်ကြည့်ချင်တာလဲ"

"အယ်"

တီတီတာတာ အတွေးတွေ လွန်ကဲပြီး နှုတ်ခမ်းကပါ အားမလိုအားမရနှင့် အသံလေးထွက်သွားသဖြင့် တော်ပါသေးရဲ့ အနားမှာ နေမာပဲရှိနေလို့။ သူမ ရှက်ရှက်နှင့် လျှာလေးတစ်လစ် ဖြစ်ကာ ရယ်ပစ်လိုက်သည်။

"နင်က ကိုယုယချစ်စိတ်ထဲ ဝင်ကြည့်ချင်တာလား။ ကိုသော်ကချစ်စိတ်ထဲ ဝင်ကြည့်ချင်တာလား တီ၊ ငါ သိတယ် နော်၊ နင်ဝင်ကြည့်ချင်တာ မန်နေဂျာစိတ်ကြီးထဲမဟုတ်လား"

"အင်း"

"သေလိုက်"

"ဟင်"

"ဘယ်သူ့စိတ်ထဲမှ ဝင်မကြည့်ချင်နေနဲ့၊ နှစ်ယောက်လုံးက မိန်းမတစ်ယောက်ကို မတူညီတဲ့ ဆန့်ကျင်ဘက်လုပ်ရပ်တွေနဲ့ စိတ်ဒုက္ခတွေ ပေးကြမှာလေ"





နေမာနှင့်ပင် စကားဆက်မပြောချင်တော့၍ တီတီတာတာ …မဆောင်ကြီးရဲ့ အပြင်ဘက်ကို ထွက်လာခဲ့သည်။ ရင်တွေပူ …တ်တာ။ တီတီတာတာတော့ ဒုက္ခတွေကို ဝယ်ယူချင်နေပြီလား …ဘူးနော် မန်နေဂျာ။ အမြဲတမ်း ပျော်ရွှင်သွက်လက်ပြီး တက်ကြွ …တတ်တဲ့ တီတီတာတာ့စိတ်တွေထဲမှာ မန်နေဂျာလို …စ်ယောက်အကြောင်းတွေပဲ ခဉ်းစားတွေးတောမိလို့ ပူလောင် …ဘယ်လေ။ မေ့ဖျောက်ပစ်လို့လည်း မရဘူး။ ဘယ်လိုလုပ်ရမလဲ …။ ဖွင့်ပွဲလုပ်နေသော ခန်းမဆောင်ကြီးထဲမှ ဂီတသံတွေ …ပြန်ထွက်လာနေသည်။ သော်ကချစ်ဆိုတဲ့လူ ပြန်ထွက်မလာ …တီတီတာတာ ဂီတသံတွေနှင့် ဝေးရာသို့ လျှောက်ထွက် …မိ၏။ ပင်လယ်ပြင်ကြီးရဲ့ ပြာလဲ့နေသော ရေပြင်က တီတီ …တာ့ရင်ကို ပူလောင်နေစေတာတော့ မကျေမနပ်ဖြစ်နေမိသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

တီတီတာတာတို့ ဝန်ထမ်းမိန်းကလေးတွေအား... ဟိုတယ်ကောင်းကင်ပြာရဲ့ ဝန်ထမ်းဝတ်စုံလေးတွေဝတ်ကာ ... တာဝန်ထမ်းဆောင်နေပြီဖြစ်သည်။ အရင်ကလောက် တီတီတာ... ရဲ့စိတ်တွေက ပျော်ရွှင်လန်းဆန်းမနေပေ။ ဖေဖေနဲ့ မေမေ့ဆီ... ပြန်ချင်လာသလို ချောင်းသာပင်လယ်ပြင်ကြီးရဲ့ လတ်ဆတ်... လေပြည်ကလည်း ပူလောင်လောင်ကြီးဖြစ်နေသည်။ မေမေ... တော့ သမီး တီတီတာတာ လွတ်လပ်ပြီး ပျော်နေတယ်လို့ ... နေမှာပဲလေ။ တီတီတာတာ ဘာဖြစ်လို့မပျော်နိုင်တာလည်း ... ပါဘူး။ တီတီတာတာက ရေကူးကန်မှာ တာဝန်ကျသည်။

"တီတီတာတာ"

"ဟင်"





"မင်းက ရေကူးဝတ်စုံလေးနဲ့ အရမ်းလိုက်ဖက်တယ် ...ွှာ၊ အရမ်းလှတယ်၊ မာမီလေးတို့ ဟိုတယ်ကောင်းကင်ပြာက ...င်းကြောင့် အရမ်းလှပတင့်တယ်ပြီး နာမည်ဂုဏ်သတင်းလည်း ...ချက်ချင်းကြီး မွှေးပျံ့နေတယ်လေ"

"အဟဲ...ဒီလောက်ကြီးလည်း မဟုတ်သေးပါဘူး မာမီလေးရယ်၊ အရမ်းမြှောက်ပင့်နေတာထင်တယ်"

"မင်းလေး ပျော်ရဲ့လား တီတီတာတာ၊ ဘာလိုအပ်လဲ၊ အားမနာနဲ့နော် ပြောပါ၊ မင်း စိတ်တိုင်းမကျတာရော ဘာတွေရှိလဲ"

"ဟင့်အင်း"

"မာမီလေးတောင် မင်းရှိနေတော့ အားရှိတယ်၊ မနက်ဖြန် မာမီလေးတို့ ပြန်မှာလေ၊ ကြိုးစားနော်၊ မာမီလေးက မင်းကိုပဲ အားကိုးတာပါ၊ ရော့"

"ရှင်...ဘာလဲဟင်"

"ဟမ်းဖုန်းလေးလေ၊ မင်းကို မာမီလေးက လက်ဆောင်ပေးတာပါ"

"ဟာ...မဟုတ်တာပဲ၊ တီ မယူချင်ပါဘူး၊ လိုမှမလို အပ်တာဘဲ၊ နေပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"ယူပါကွာ၊ မာမီလေးရဲ့ ပုဂ္ဂလိကလက်ဆောင်ပါ၊ မင်းလေးနဲ့ လိုအပ်ရင် ဖုန်းပြောချင်တယ်လေ၊ တခြားဝန်ထမ်းတွေ ဘာမှ ဂရုစိုက်စရာမလိုပါဘူး၊ မာမီလေးက သီးသန့်လက်ဆောင် ပေးတာပါ"

"ကျွန်မ လက်မခံပါရစေနဲ့နော်၊ ဟိုတယ်မှာလည်း ဖုန်းတွေ အများကြီးရှိတာပါပဲ၊ အချိန်မရွေး ဆက်နိုင်ပါတယ်နော်၊ ကျွန်မ လုံးဝ လက်မခံပါရစေနဲ့"

ဒေါ်ရီတာနွယ့်လက်ဆောင်က တန်ဖိုးကြီးမားလွန်းနေ၍ တီတီတာတာ လက်မခံနိုင်ပေ။ ပတ်ဝန်းကျင်က ဘယ်လိုထင်မလဲ။ ပြီးတော့ မန်နေဂျာရဲ့ အထင်သေးမှုတွေ ခံရနိုင်တယ်။ အမယ် လေး... တီတီတာတာက ဟိုတယ်ပိုင်ရှင်ကြီးဖြစ်ချင်တယ်လို့ ပြောတာက ကိုယုယချစ် အထင်ကြီးအောင်ပါ။ အမြင်ကတ်ပြီး ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောလိုက်တာပဲရှိသည်။

"ယူပါ တီတီတာတာ၊ ဖြစ်နိုင်ရင် မင်းလေးကို မာမီလေးက ဟိုတယ်ကောင်းကင်ပြာကြီးကို အပ်ချင်တာ"

"မဖြစ်နိုင်တာတွေပဲ မာမီလေးရယ်၊ တီတီတာတာက ကိုယ့်အစွမ်းအစနဲ့ပဲ ဟိုတယ်ကြီးတစ်ခုပိုင်ဆိုင်ချင်တာပါ၊ ကြိုးစား





ဦးမယ်လေ၊ အဟဲ"

ဒေါ်ရီတာနွယ် ဘယ်လိုပေးပေး တီတီတာတာ လက်မခံ ဖြူစင်သန့်ရှင်းတဲ့ ဝန်ထမ်းဘဝလေးကိုပဲ နှစ်သက်တယ်။ ရီတာနွယ်က ချွေးမလောင်းအဖြစ် ရွေးချယ်တယ်ပဲထားပါဦး။ သား လူရှုပ်လူပွေ သော်ကချစ်ကိုတော့ ဘယ်လိုနည်းနှင့်မှ ထပ်မယူနိုင်ပါဘူး။ မုန်းလိုက်တာ။ ဟိုဘက်ဟိုတယ်မှာ င်မလေးတစ်ယောက်နဲ့ တည်းနေတာ ဒီကဝန်ထမ်းတွေအားလုံး နေတာပဲ။ ဒေါ်ရီတာနွယ်ပေးသော ဟမ်းဖုန်းကိုလည်း လုံးဝ မခံဘဲ အပြတ်ငြင်းပစ်လိုက်သည်။

"ညည်းလေးက တကယ့်ကို ဖြူစင်တာပဲကွယ်၊ မာမီ တော် ချစ်တယ်၊ ကဲပါ..အလုပ်ပဲဆက်လုပ်တော့၊ စိတ်ထဲ ဘာမှမထားနဲ့နော်၊ သွားပြီ"

ဒေါ်ရီတာနွယ် ထွက်သွားမှ တီတီတာတာ မွန်းကြပ် လှောင်နေသော သက်ပြင်းမောကြီးအား ဟူးခနဲ မှုတ်ထုတ် ရသည်။ အခုမှ စိတ်ပေါ့သွားတယ်။ ဒေါ်ရီတာနွယ်ပေးတဲ့ ဆောင် ဟမ်းဖုန်းလေးကို လက်မခံလိုက်တာလည်း အမှန်ကန် လုပ်ရပ်ဟု ထင်မိနေ၏။ တီတီတာတာက သူမရဲ့ကိုယ်ကျင့် ကို မှတ်ကျောက်တင်ခံနိုင်အောင် ကြိုးစားနေတာပါ။ သူ့



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာတာလည်း မမက်မောပါဘူး။ အဆင်နှင့်အတင့် နေထိုင်စားသောက်နိုင်တဲ့ တီတီတာတာတို့ရဲ့ ပျော်ရွှင်စရာကောင်းသောမိသားစုဘဝလေးကိုပဲ နှစ်သက်မိသည်။

"မမ"

"ဟင်"

"မမက ဒီရေကူးကန်မှာ တာဝန်ကျတဲ့ ဝန်ထမ်းဆို"

"အင်းလေ"

"မိုးတို့က ရေမကူးတတ်ရင် သင်ပေးတယ်ဆို"

"အင်းကွယ်၊ ညီမလေးတို့က သင်ပေးပါဆိုရင် သင်ပေးရမှာပေါ့၊ မမရဲ့တာဝန်ပဲလေ၊ အိုကေ"

"မမက အရမ်းလှတယ်၊ ရေကူးဝတ်စုံလေးနဲ့လည်း အရမ်းလိုက်တာပဲ၊ ချောလိုက်တာ"

"အား…ဒါကတော့ မြှောက်ပင့်လွန်းပြီထင်တယ်နော်ကဲ…ညီမလေးတွေကို မမ ရေကူးသင်ပေးမယ်၊ မကြောက်နဲ့ရဲရဲသာကူးနော်"

ညွှန့်သည်ကောင်မလေးနှစ်ယောက်က ရေကူးကန်နားရောက်လာပြီး တီတီတာတာ့အား ရေကူးသင်ပေးရန်ပြော၍ကောင်မလေးတွေကို ရေကူးသင်ပေးရသည်။ အဲခုမှ စိတ်ထဲမှာ

ဝိုး၊မိုး၊ ၁၁၆ပ



ပေါ်ပါးသွားသလိုပဲ။ ဟိုတယ်ကောင်းကင်ပြာရဲ့ ဝန်ဆောင်မှုကဘိုလေသေးမရှိအောင် စီစဉ်ပေးထား၏။ ညွှန့်ပရိသတ်တွေ စိတ်ချမ်းသာ ပျော်ရွှင်မှုကို အမိကျ ဝန်ဆောင်မှုပေးနေသည်။

"ဟိုတယ်ကောင်းကင်ပြာမှာတည်းရတာ အရမ်းအွတ်လပ်ပြီး စိတ်ချမ်းသာတာပဲ"

"ကျေးဇူးပါပဲကွယ်"

"ရန်ကုန်ရောက်ရင် မိုးတို့သူငယ်ချင်းတွေကိုလည်း ညွှန်းပေးမယ်နော်"

"အေးပါကွယ်၊ ညီမလေးတို့ပျော်ဖို့ပဲ ဟိုတယ်ကောင်းကင်ပြာရဲ့ အဓိက ဝန်ဆောင်မှုပေးချင်တာပါပဲ"

"ပျော်တယ်၊ အရမ်းပျော်တာပဲ"

ဟိုတယ်ကောင်းကင်ပြာက ဖွင့်ဖွင့်ချင်းပဲ နာမည်ရသည်။ မန်နေဂျာရဲ့ စီမံညွှန်ကြားမှုတွေကြောင့်ပဲ ထင်တယ်။ ဝန်ဆောင်မှုကဘိုလေသေးမရှိစေရပေ။ မန်နေဂျာကြီးသာ မျက်နှာကြီးတည်မနေဘဲ အေးစက်စက်မနေရင် ပိုပြီးတော့ ပျော်စရာကောင်းမှာပဲလေ။ ရေကူးကန်မှာ မန်နေဂျာနှင့် တီတီတာတာတို့ ဖြစ်ပျက်ခဲ့တဲ့အကြောင်းတွေက မေ့ပစ်လို့မရဘဲ နှလုံးသားတွေထဲမှာ အမှတ်တရလေးအဖြစ် သိမ်းဆည်းထားသည်။ ရေကူးကန်သို့ လူတွေအများ

ဝိုး၊မိုး၊ ၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ကြီး ရောက်လာကြကာ ရေကူးနေကြတာကို တီတီတာတာ ကူညီ ပေးရင်း သူမစိတ်တွေ ပျော်သလိုလိုတော့ ဖြစ်လာ၏။ တစ်နေကုန် မမောနိုင်မပန်းနိုင် တာဝန်ထမ်းဆောင်ရင်း အရာရာက မေ့ပျော် နေသည်။

"ညီမ"

"ရှင်"

"ညီမက အရမ်းလှတာပဲ၊ ဟိုတယ်ကောင်းကင်ပြာဧ ဝန်ထမ်းကောင်မလေးတွေ အရမ်းချောတယ်၊ ဖော်ရွေ တယ်ဆိုလို့ မမက လာကြည့်တာပါ"

"ရှင်"

"မမနှာမည်က အယ်နီလေ၊ ဟိုတယ်ကောင်းကင်ပြာရဲ့ သားငယ် သော်ကချစ်ရဲ့ ချစ်သူပါ"

"ရှင်"

"ဟိုဘက်မှာ တည်းနေတာလေ၊ မောင်က ဖွင့်ပွဲတောင် မခေါ်ဘူးကွာ၊ သူ့မာမီ ဒေါ်ရီတာနွယ်က ကြီးကျယ်ခမ်းနားတယ် တဲ့၊ သူ့အမေက ဖြူစင်ရိုးသားပြီး ပညာတတ်တဲ့ ချွေးမလေးပဲ လိုချင်တာတဲ့၊ တော်တော်ရယ်ရတယ် ညီမလေးရဲ့၊ စောစော ကတည်းက ကိုယ့်သားကိုလည်း မရှုပ်မပွေအောင် ဆုံးမသွန်သင်





ထားသင့်တယ်နော်"

"ဟို··ဟို··မမ ကျေးဇူးပြုပြီး ကိုယ်ရေးကိုယ်တာတွေ မပြောပါနဲ့နော်၊ ကျွန်မ ဘာများ ဝန်ဆောင်မှုပေးနိုင်ပါမလဲ၊ အကူအညီလိုအပ်ရင် ပြောပါနော်"

သော်ကချစ်ရဲ့ ချစ်သူဆိုတဲ့ မမအယ်နီ့ရုပ်ရည်ချောမော ပေမယ့် အနောက်တိုင်းဆန်လွန်းသည်ဟု ထင်မိသည်။ တစ်နေ့ ကုန် ရေထဲမှာပျော်နေရပေမယ့် မမအယ်နီကြောင့် စိတ်ရှုပ်ထွေး သွားရ၏။ နှမောကိုပြောပြတော့ ဒါဟာ ပါးပါးလေးပါတဲ့။ သော်ကချစ်နှင့် မပတ်သက်တာပဲ အကောင်းဆုံးပါ။ နှင့်နှာမည် ကတော့ အရမ်းမွေးပျံ့နေတယ်နော် တီဟု နေခကပြောတော့ သူမ နှုတ်ခမ်းသားလေးက တွန့်ကွေးသွားရသည်။

"လောကကြီးမှာ ချိုးမွမ်းခံရတာလည်း ဒုက္ခပဲနော် နေမာ၊ တစ်ခါတလေ မန်နေဂျာလိုပဲ ဘယ်သူနဲ့မှ အရောမဝင်ဘဲ နေပစ် ချင်တယ်"

"ဟဲ့···သော်ကချစ်က ဟိုတယ်ကောင်းကင်ပြာမှာ တည်းနေတာနော်၊ မပြန်သေးဘူး၊ ဟို··အယ်နီဆိုတဲ့အမျိုးသမီးကို ဘယ်လိုထားခဲ့လဲ မသိဘူး၊ နေမာ သတင်းကြားတာတော့ ဟိုတယ် ကောင်းကင်ပြာရဲ့ အုပ်ချုပ်မှုကို မန်နေဂျာဆီက လုယူဖို့ ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



နေတယ်တဲ့"

"ဟွန်း"

ဟိုတယ်ကောင်းကင်ပြာကိုလား၊ သော်ကချစ် အုပ်ချုပ်ရင်တော့ တီတီတာတာ ချက်ချင်းအလုပ်ကထွက်ပြီပဲ။ မန်နေဂျာကို သနားလိုက်တာ။ မယားကြီးကမွေးတဲ့ သားကြီးဖြစ်ပြီးတော့ဘာတွေ အလိုမကျဖြစ်နေရတာလဲဟင်။ အနိုမ်ခံနေရတဲ့ မိခင်အတွက်ပဲလား။ တီတီတာတာ တစ်နေကုန် ရေကူးကန်မှာ တာဝန်ကျသဖြင့် ပင်ပန်းတာ တာဝန်ချိန်ပြီးသည်နှင့် အပြင်မထွက်တော့ဘဲ အနားယူတော့မည်ဟု ဆုံးဖြတ်ထားသည်။ သော်ကချစ် ရှိနေသေးသ၍ ကမ်းခြေပင် မထွက်ချင်တော့။ ကင်းကင်းရှင်းရှင်းနေရမယ်။ ဒေါ်ရီတာနွယ်လည်း မပြန်သေးပေ။ တာဝန်ချိန်ပြီးသွားသဖြင့် တီတီတာတာ ဂျူနီ အဝတ်အစားလဲကာ မျက်နှာပေါ်မှာ သနပ်ခါး ထူထူလေး လိမ်းထားလိုက်သည်။ အပြင်မထွက်တော့ဘူး၊ အဆောင်မှာပဲ ငြိမ်နေလိုက်၏။ အမှောင်ထုက တဖြည်းဖြည်းနှင့် ကမ်းခြေကို လွှမ်းမိုးစပြုလာသည်။

"နေမာ"

"ဟင်"

"တို့ ကမ်းခြေကို လမ်းလျှောက်ထွက်မလား"





"နင်ပဲ အဆောင်မှာပဲ ငြိမ်နေတော့မယ်ဆို"

"ငါက ဒီမှာ အလုပ်လျှောက်တာကိုက ချောင်းသာကမ်းခြေမှာ အပန်းဖြေချင်တာလည်း ပါတယ်လေ၊ ပင်လယ်ပြာကြီးရဲ့ အရသာကို နှစ်သက်တာ၊ ပိုက်ဆံမကုန်ဘဲ အနားယူရအောင်နည်းလေ၊ နင်သိတယ်မဟုတ်လား နေမာ"

"ဟုတ်ပါတယ် သွားမယ်လေ၊ နေမာလည်း ပင်လယ်ပြာကြီးကိုကြည့်ပြီး အရမ်းခံစားချင်လို့ ဒီအလုပ်ကိုလုပ်တာဟ"

"အိုကေ၊ သွားမယ်"

တီတီတာတာ စိတ်ကိုထိန်းထားပေမယ့် နေရောင်လည်းမရှိတော့ လူတွေလည်း ရှင်းသွားပြီဖြစ်၍ ကမ်းခြေမှာ လမ်းလျှောက်ချင်တဲ့စိတ်တွေ တားမရ ဆီးမရ ဖြစ်ပေါ်လာရသည်။ ဒီနေ့ကတာလည်း ညနေပိုင်း ဂျူတီမရှိပေ။ နှစ်ယောက်သား အဆောင်အောင်းမနေဘဲ ကမ်းခြေကို ထွက်လာခဲ့ကြသည်။

"အား…လေက တဟူးဟူးနဲ့ လတ်ဆတ်လိုက်တာနော်။ ဟာ၊ စောစောက ပင်ပန်းနွမ်းနယ်နေတာတွေ ပျောက်သွားပြီဟာ၊ ကောင်းလိုက်တာ"

တီတီတာဘာ လက်လေးကိုလွဲပြီး ကမ်းခြေမှာလမ်းလျှောက်ရင်း လေအား တစ်ဝကြီး ရှူသွင်းနေသည်။ လိန်းဆန်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ။ မန်နေဂျာရဲ့လက်ကိုတွဲပြီး ကမ်းခြေမှာ လမ်းလျှော ရရင် အရာအားလုံး ပျော်ရွှင်ချမ်းမြေ့ဖွယ်အတိပဲ ဖြစ်မှာပါ။ ဟွန်း မန်နေဂျာက တီတီတာတာ့ကို အရေးအရာမလုပ်တာက ခက် သည်။ လေတဟူးဟူးတိုက်နေတဲ့ ပင်လယ်ပြင်ကြီးဘက်လှည့် မန်နေဂျာကြီး ဒီလိုကြီးမနေပါနဲ့ဟု အော်ဟစ်ပြောပစ်ချင်နေ စိတ်တွေကို ထိန်းချုပ်ထားရသည်။

"တီတီတာတာ ဒုက္ခပါပဲဟယ်၊ ငါ အခဆောင်မှာ ရေ တည်ထားတာ မေ့နေတယ်၊ ဘယ်လိုလုပ်ရမလဲ၊ ငါ သွားပိ လိုက်မယ်၊ နင် နေရဲလား"

"နင်ကလည်းဟယ်၊ အခုမှ ကမ်းခြေမှာ အယန်းဖြေ ကြဲစည်ကာရှိသေးတယ်၊ နေတော့ နေရဲပါတယ်၊ နင် မြန်မြန် လာခဲ့နော်"

"အေးပါ၊ ခဏလေးပဲ၊ မီးပလတ်ပိတ်ရုံပဲဟာ၊ လိုက်ခဲ့မလား"

"မလိုက်တော့ပါဘူး နင်ပဲ မြန်မြန်လာနော်၊ နေ တခြားမကြောက်ရပါဘူး၊ သော်ကချစ် ဆိုတဲ့ လူရောက်မှာ ကြောက်ရတာ"

"သူလည်း ထွက်လာမှာမဟုတ်ပါဘူးဟာ၊ အယ်နီ

မိုးမိုး ၁၇၆၀



တယ်လေ"

"နေမှာ မြန်မြန်လာခဲ့နော်"

"အေးပါဟ"

ကမ်းခြေကို ရောက်ခါစပဲရှိသေး၍ တီတီတာတာ ပြန် ချင်သေးပေ။ ကြောက်စရာတော့ မရှိပါဘူး။ သူမ ယောက် တည်းဖြစ်သွားသဖြင့် ပင်လယ်ပြင်ကြီးဘက်လှည့်၍ ကြီးဟုအော်ဖို့ စဉ်းစားမိသွားသည်။ သူမမျက်နှာလေးက ယ် ပြင်ကြီးဘက်သို့ မျက်နှာမူလိုက်၏။ မန်နေဂျာကြီးဟု ည် ပြုစဉ် သူမကိုယ်လေးအား တစ်စုံတစ်ယောက်က မှ သိုင်း ဖက်လိုက်တာ ခံရသည်။

"ဟင်…ဘယ်သူလဲ၊ နေမာလား"

"ကိုယ်ပါ တီတီတာတာ"

"ဟင်"

"ကိုယ်ပါ၊ နေမာကိုတော့ မျှော်မနေနဲ့တော့ကွာ၊ မာမီက ရာရှိလို့ ခေါ်ထားတယ်၊ တီတီတာတာ ကမ်းခြေမှာ ကျွန်ရစ် သိလို့ ကိုယ် အဖော်လာလုပ်ပေးမလို့လေ"

"ရှင် အဲဒီလိုမလုပ်ပါနဲ့၊ ကျွန်မကိုလွှတ်ပါ၊ မအယ်နီ သွားရင် မကောင်းဘူးထင်တယ်နော်"

မိုးမိုး ၁၇၆၀

www.burmeseclassic.com

www.burmeseclassic.com



"အယ်နီလား၊ ဟား · ဟား · ဟား · အရှုံးပါ၊

စိတ်က ဘာခံစားမှုမှမရှိဘူး၊ အယ်နီလည်း ခပ်ရှုပ်ရှုပ်မိ

တစ်ယောက်ပဲလေ ရပါတယ်"

"ရှင် . . . ရှင်"

"ငြင်းဆန်မနေပါနဲ့ကွာ၊ မာမီကလွှတ်လိုက်တာ

ချွေးမလောင်းလေးတစ်ယောက်တည်း ကမ်းခြေမှာတဲ့၊

သွားလိုက်တဲ့"

"ဟင်"

"တီတီတာတာရယ် ကိုယ်အရမ်းချစ်နေမိပြီထင်

ကွာ၊ ကိုယ်တို့လက်ထပ်ရအောင်၊ မာမီကလည်း သဘောတူ

ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကြီး ကျင်းပမယ်၊ ပြီးတော့ ဟို

တောင်းကင်ပြာကို ကိုယ်တို့နှစ်ယောက် စီမံအုပ်ချုပ်ကြမယ်

"ဖယ်ပါ မဖြစ်နိုင်ဘူး၊ ကျွန်မ ရှင့်ကို လုံးဝမချစ်

ဘယ်တော့မှလည်း လက်မထပ်ဘူး၊ ဖယ်နော်"

"မဖယ်ဘူးကွာ"

တီတီတာတာဆိုတဲ့ ကောင်မလေးအား နှစ်ယောက်

တွေ့နေတုန်း သော်က အခွင့်အရေးကို လက်လွှတ်မခံ

ခန္ဓာကိုယ် အိအိစက်စက်လေးအား သိုင်းဖက်ကာ အနမ်း

ဝိုး:မိုး:၀၇၄၇



ကြိုးစားလိုက်သည်။

"တီတီတာတာ့ကို ချစ်တယ်ကွာ၊ ကိုယ်တို့ လက်ထပ်

ရအောင်၊ မင်း ဟိုတယ်ပိုင်ရှင်ကြီးဖြစ်ချင်တယ်ဆိုနော် အချစ်"

"လွှတ် . . . လွှတ်နော်၊ ကျွန်မ သည်းခံနေမှာမဟုတ်ဘူး၊

ရဲ့စော်ကားမှုတွေကို လူကြီးတွေကို တိုင်မယ်၊ သက်ဆိုင်ရာ

ဆီ တိုင်ပစ်မယ်"

"မင်း သိပ်ပြီး ကြီးကျယ်မနေစမ်းပါနဲ့ တီတီတာတာ၊

ယ်က ချစ်လို့ပါကွ၊ ကိုယ့်အချစ်တွေခံရတာ မင်း ဘယ်လောက်

ကောင်းလဲ"

"လွှတ် . . လွှတ်နော်"

အမှောင်ထုကလည်း သိပ်သိပ်သည်းသည်းနှင့် မည်း

င်လာ၍ တီတီတာတာ ကြောက်ရွံ့ထိတ်လန့်လာသည်။ နေမှာ

တော့ ရောက်လာမှာမဟုတ်တော့။ ဒေါ်ရီတာနှယ်တို့သားအမိရဲ့

ညီလုပ်ဆောင်မှုကြောင့် တီတီတာတာဘဝလေး သော်ကချစ်

လက်ထဲမှာ ကြွေမွပျက်စီးခြင်း ခံရတော့မည်။ သူမခန္ဓာကိုယ်

ားအား သိုင်းဖက်ထားတဲ့လက်ကို ငုံ့ကိုက်ပစ်လိုက်ပြီး နာကျင်

အောင်ပြီး လက်လွှတ်လိုတ်စဉ် သူမ ပြေးထွက်လာခဲ့သည်။

"အင့်"

ဝိုး:မိုး:၀၁၄၈

www.burmeseclassic.com

www.burmeseclassic.com



"အို"

"ဟင်"

အမှောင်ထုထဲမှာ ပြေးထွက်လာရင်း တစ်စုံတစ်ယော နှင့် ဝင်တိုက်မိကာ ထိုလူ့ရဲ့လက်တွေထဲမှာ တီတီတာတာကို လေး လဲပြိုသွားရပြန်သည်။ သူမကိုယ်ကို တည့်မတ်ပြီး ကြည့်လိုက်ရာ မန်နေဂျာကြီး ဖြစ်နေသည်။

"မင်း ဘာဖြစ်လာတာလဲ၊ ဒီမှာ တစ်ယောက်တည် ဘာဖြစ်လို့ ရှိနေတာလဲကွ"

"ဟို..ဟို..ဟိုလေ"

သူမ နှုတ်ခမ်းသားလေးတွေက တဆတ်ဆတ်တုန်ရီ ကာ စကားလုံးတွေအဖြစ် အသံတွေက ခုန်ထွက်မလာတော့ နောက်မှာ သော့်ကချစ် လိုက်လာတာသိ၍ သူမ မန်နေဂျာ ရှင်းပြမနေနိုင်တော့ဘဲ အဆောင်ရောက်တဲ့အထိ ပြေးထွက်လာ မိသည်။

◆ ◆ ◆



## အခန်း (၁၃)

"မင်း ဒီကို ဘာလာလုပ်တာလဲ ယုယ၊ ငါ့ကို လိုက် ချောင်းနေတာလား"

သော်ကချစ်နှင့် မျက်နှာချင်းဆိုင်တွေ့ရတာပင် သူ စိတ် ပျက်မိသည်။ တီတီတာတာ စောစောက နေမာနှင့် ကမ်းခြေဘက် ထွက်သွားတာ သူတွေ့နေရ၏။ ပြီးတော့ နေမာ ပြန်လာကာ ရေမွှေးအိုးတည်ထားမိ၍ အဆောင်မှာမီးလာပိတ်တာဟု ပြောနေသံ ကြားလိုက်ရ၏။ ဒေါ်ရီတာနွယ်က နေမာအား ခိုင်းစရာရှိသည် ဟုပြောပြီး ခေါ်ထားလိုက်တာ သော်ကချစ်ကို ကမ်းခြေသို့လွှတ် လိုက်၏။ တော်တော်လေး အကြံပက်စက်တာပဲ။ တီတီတာတာ ရဲ့ ဆန္ဒမပါဘူးဆိုတာကိုတော့ သူသိလိုက်သည်။

"တီတီတာတာက မာမီရွေးချယ်ထားတဲ့ ချွေးမလေးပဲ



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ မင်းနဲ့ဘာဆိုင်လို့ ဒီကိုလိုက်လာပြီး ငါ့ကိစ္စမှာ ဝင်နှောင့်ယှက်ရတာလဲ"

"တီတီတာတာက လက်ခံသဘောတူရင် ငါ ဘယ်လိုပဲ နှောင့်ယှက်စမ်းပါစေ၊ မင်း ဂရုစိုက်စရာမှမလိုတာဘဲ သော်က၊ မင်းတို့ကိစ္စတွေ ငါ စိတ်မဝင်စားဘူး"

"မင်း ဒီကို ဘာလာလုပ်တာလဲ၊ ငါနဲ့ ကောင်မလေး ကြည်နူးနေတာကို တမင်လာနှောင့်ယှက်တာ မဟုတ်လား၊ မင်းကို တွေ့လို့ ကောင်မလေးက ရှက်ပြီး ထွက်ပြေးသွားတာကွ"

"မင်းတို့ကိစ္စပဲ၊ ငါနဲ့မဆိုင်ဘူးထင်တယ် သော်က"

"မင်း"

သော်က လက်တွေက သူ့အင်္ကျီရင်ဘတ်ကို ဆုပ်ချကိုင်ကာ လက်သီးနှင့်ထိုးဖို့ ပြင်လိုက်သဖြင့် သူ့မျက်လုံးတွေ ဒေါသတွေနှင့် မီးဝင်းဝင်းတောက်သွားရသည်။ အငယ်က ထိုးမှု အထိ စော်ကားတာတော့ သူ လုံးဝ သည်းမခံနိုင်ပေ။ သူ့လက်သီးတွေက သော်ကမျက်နှာဆီသို့ အဆက်မပြတ် အချက်ပေါင်းများစွာ ကျရောက်သွားတော့၏။ သော်ကချစ်က အနုသမား။ သူ့လက်သီးချက်တွေကို မရှောင်တိမ်းနိုင်တော့ဘဲ သောင်ပြင်မှာ မှောက်ကျသွားသည်။





"မင်း ငါ့ကို ဒီလောက်အထိ စော်ကားဖို့ မကြိုးစားနဲ့ သော်က၊ မင်းရဲ့ရှိုင်းစိုင်းမှုအတွက် ပြစ်ဒဏ်ပဲ"

သူ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ငါ ဒီလောက်အထိတော့ သည်းမခံနိုင်ဘူး သော်က။ ဒီမှာ အလုပ်ဝင်လုပ်နေတာလည်း အဓိကကြောင့်ကွ။ ဒက်ဒီရဲ့ အသိအမှတ်ပြု သားတစ်ယောက်အဖြစ် နေချင်တဲ့ မာမီ့ဆန္ဒကို ဖြည့်စွမ်းပေးနေတာ။ သူ ဟိုတယ်ကြီးဘက်သို့ ပြန်လျှောက်လာပြီး ဝန်ထမ်းတစ်ယောက်အား အကျိုးအကြောင်းပြောပြလိုက်ကာ သူ့အခန်းဘက် ဆက်လျှောက်လာခဲ့သည်။

သော်ကချစ်ကတော့ ယုယ လက်သီးချက်ကြောင့် ခေါင်းဆွဲ မူးဝေသွားကာ သဲသောင်ပြင်ပေါ် လဲကျသွားရာမှ လူးလဲထလိုက်သည်။ ခေါင်းဆီမှ သွေးတွေစီးကျလာသဖြင့် ယုယအား မကျေနိုင် မချမ်းနိုင် ဒေါသတွေ ပေါက်ကွဲလာရ၏။ ဟိုတယ်ဘက်မှ လက်နှိပ်ဓာတ်မီးရောင်တွေ ဝင်းဝင်းလက်လက်နှင့် ဟိုတယ်ကလူတွေ ရောက်လာကြရာ မာမီလည်း ပါလာသည်။

"သားငယ် မင်းဘယ်လိုဖြစ်ရတာလဲကွယ်"

"မာမီ...ယုယ စော်ကားလွန်းတယ်၊ သားရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ ဝင်ရှုပ်တဲ့အပြင် သားကိုလည်းထိုးတယ်



www.burmeseclassic.com

www.burmeseclassic.com



မာမီ''

''ဟင်''

''ဒီကောင် အရမ်းလှပါးဝတယ်၊ မောင်းထုတ်ပစ်လိုက်စမ်းပါ မာမီ''

ဒေါ်ရီတာနှယ်က အခြေအနေအရပ်ရပ်ကြောင့် ဝန်ထမ်းတွေကို ပြန်နိုင်းလိုက်သည်။ သားငယ်မျက်နှာအား မီးနဲ့ထိုးကြည့်လိုက်စဉ် သွေးသံရဲရဲတွေ တွေ့လိုက်သဖြင့် သတိမေ့မျောမတတ် စိတ်ထိခိုက်သွားရသည်။

''အမလေး...သွေးတွေပါလား သားငယ်ရယ်၊ ဒီကောင် တော်တော်ရိုင်းစိုင်းတာပဲ၊ ရက်စက်လိုက်တာ၊ တီတီတာတာရော''

''ကောင်မလေးနဲ့သား ကြည်နေတုန်း ယုယ ရောက်လာလို့ ရှက်ပြီး ထွက်ပြေးသွားတယ်''

''ဟင်...တောက်၊ သင်းက လှုပါးဝတာပဲ၊ မာမီ မခံနိုင်ဘူး၊ လာ..သားလေး သူ့အဖေဆီသွားပြီးပြောမယ်''

သားငယ်လက်ကိုဆွဲပြီး ခင်ပွန်းဖြစ်သူ ကိုမြတ်ချစ်ဆီ ရောက်လာသည်။ အလင်းရောင်နဲ့ကြည့်မှ သားငယ်မျက်နှာပေါ်မှာ ဒဏ်ရာက မနည်းပေ။ အညိုအမည်းစွဲနေတာ တွေ့ရ၏။ ဒေါ်သာ တွေဖြစ်လိုက်တာ။ ကိုကို့အား အကျိုးအကြောင်း ပြောပြလိုက်





သည်။

''တွေ့လား ကိုကို၊ အငယ်ကို မညှာမတာထိုးလိုက်တာ၊ ကိုကို့သားက စော်ကားလွန်းအားကြီးတယ်၊ သူနဲ့ဘာဆိုင်လို့ ဝင်ရှုပ်ရတာလဲလို့၊ အမယ်လေး..မာမီ စိတ်မကောင်းလိုက်တာ၊ ကြည့်ပါဦး ကိုကိုရယ် အညိုအမည်းစွဲလို့''

''ယုယ ထိုးလိုက်တာလား သားငယ်''

''ဟုတ်တယ် ဒက်ဒီ၊ ဒီကောင် အရမ်းလှုပါးဝတယ်၊ ဒက်ဒီက ဟိုတယ်ကြီးကို အပိုင်ပေးမယ်ဆိုလို့ ဘဝင်မြင့်နေတာ၊ အား...ကျွတ်..ကျွတ်''

''တောက်''

''ကိုကို့သားကြီးအပေါ် ရီတာ ဘယ်လောက်အထိ ကောင်းခဲ့လဲဆိုတာ သိပါတယ်နော်၊ သားအရင်းအနေနဲ့ မခြား ပါပဲ၊ ယုယက သူ့မာမီအတွက် လက်စားချေနေတာ ကိုကို၊ ကြည့်စမ်း.. ရီတာ ရှေ့လိုဥပြီး မွေးလာတဲ့သား ဒဏ်ရာတွေမြင်မကောင်း အောင်ဘဲ''

''ဒီကောင် လွန်လာပြီပဲ၊ အရေးအရာလုပ်လို့ ရောင့်တက်လာသဲ ရီတာ''

သား ယုယအပေါ် ဦးမြတ်ချစ် မျှော်လင့်ချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့သော်လည်း ရီတာနှင့် သင့်မြတ်အောင်မနေဘဲ ရန်ထောင်နေတဲ့ သားကြီး ယုယကို ဒေါသထွက်လာရသည်။ ကိုယ့်ထက်အငယ်ပဲ။ လူကြားလို့တောင် မကောင်း။ ကမ်းခြေမှာ ထိုးကြိတ်ရတယ်လို့။ ဦးမြတ်ချစ်ကိုယ်တိုင် ဇနီး ရီတာ့ဆန္ဒကို ဖယ်ရှားနိုင်ခြင်းမရှိပေ။ ယုယ ပြောလို့မရဝါလား။ မထုံတက်တေးနှင့် အေးစက်စက်အမူအရာတွေက ဘယ်လောက်ဒေါသဖြစ်ဖို့ကောင်းနေလဲ။ မိမိက သားကြီးရဲ့ဉာဏ်ပညာ ထက်မြက်တာ အားကိုးတကြီးနှင့် ဟိုတယ်ကောင်းကင်ပြာကို အပ်မလို့ဟာ။ ရီတာကတော့ သားကြီးအား အမွေဖြတ်လိုက်ဖို့ပဲ ဒေါသတကြီး ပြောနေသည်။

"ကိုကို့သားကြီးကို အားကိုးမနေနဲ့တော့၊ ပေးသင့်သလောက် နည်းနည်းပါးပါးပေးပြီး အမွေဖြတ်လိုက်ပါ၊ ဟိုတယ်ကောင်းကင်ပြာကိုလည်း သားငယ်လက်ထဲပဲ အပ်လိုက်ကြရအောင် ကိုကို၊ သားငယ်ကိုလည်း ရီတာ အိမ်ထောင်ချပေးတော့မှ မို့ စီးပွားရေးလုပ်ငန်းလေး စီစဉ်ပေးရတော့မယ်လေ"

"သားငယ်က ဘယ်သူနဲ့လက်ထပ်မှာလဲ၊ ချစ်သူတွေ့နေပြီလား၊ ရီတာ သဘောကျရင် ပြီးတာပါပဲလေ"

"ကိုကို"

"ပြောလေ ရီတာ"





"ကိုကို့သားကြီးလောက် သားငယ်ကို မချစ်ဘူးမဟုတ်လား"

"မဟုတ်တာကွာ၊ ကိုကိုချစ်တာက သားငယ်ပါ၊ ဟိုကောင် ယုယက ကိုကို့သားမဟုတ်လား၊ ပြီးတော့ ဒီကောင်က အသုံးချလို့ရတယ်လေ"

ဦးမြတ်ချစ်ကတော့ သားကြီးအပေါ် တာဝန်မမဲ့ချင်ပေ။ ဇနီး သော်သော်ယုကိုလည်း မိမိ စိမ်းကားရက်စက်နေသည်ဟု တစ်ခါတစ်ရံ ခံစားမိနေသဖြင့် သားကြီးအတွက် ထိုက်ထိုက်တန်တန် အမွေပေးချင်နေခဲ့သည်။ ဒီကောင်က မထုံတက်တေးနဲ့ အေးစက်စက် အသုံးမကျတဲ့ သားပါပဲ။ ရီတာနဲ့ သင့်မြတ်အောင်တော့ မနေဘူး။ ကြည့်စမ်း…ကိုယ့်ထက်အငယ်ကို ထိုးရလား။ ယုယကို ဆုံးမဖို့ ထွက်လာခဲ့သည်။

"ဒက်ဒီ…ယုယကို ဒီဟိုတယ်ကြီးမပေးနဲ့၊ သော်ကပဲ စီမံအုပ်ချုပ်မယ်၊ ယုယကို ရန်ကုန်ပဲ ပြန်ပို့လိုက်ပါ"

"အေး…အေး၊ ဒက်ဒီ စီစဉ်ပေးမယ် သားငယ်၊ ဒီကောင့်ကိုတော့ ဆုံးမရမယ်၊ ရီတာ သားငယ်ကို ဆေးလိမ်းပေးလိုက်၊ မနက်ဖြန် ကိုကိုတို့ သားငယ်ကိုပြန်ခေါ်သွားရအောင်၊ လောလောဆယ်တော့ ယုယကို အုပ်ချုပ်နိုင်းထားဦး၊ အရာရာတည်ငြိမ်သွား



www.burmeseclassic.com

www.burmeseclassic.com



မှ သားငယ်လက်ထဲအပ်မယ်နော် သားငယ်''

''ဟုတ်တယ် သားငယ်၊ ဒီကောင် ယုယပဲ ခဏအုပ်ချုပ်နိုင်းထားပါစေ၊ ဒက်ဒီ ပြောတာမှန်တယ်''

ခင်ပွန်းဖြစ်သူထွက်သွားမှ သားငယ်ရဲ့ဒဏ်ရာတွေကို ဆေးထည့်ပေးရင်း ယုယရဲ့ဦးနှောက်တွေကို ဖောက်စားလိုက်ဦးမယ်ဟု ပြောရသည်။

''မာမီ''

''ဟင်''

''တီတီတာတာကို သားအရမ်းချစ်မိနေပြီ၊ ဒီကောင်မလေးက မလွယ်ဘူးနော်၊ မာနကြီးတယ်၊ သား တောင်းဆိုတာတွေကို လုံးဝလက်မခံဘူး''

''မာမီ့တာဝန် ထားစမ်းပါကွယ်၊ သားငယ်ဘက်ကသာ တီတီတာတာ့ကို နှစ်သက်မြတ်နိုးတယ်ဆိုရင် ပြီးပြီ''

''အယ်နီ့အကြောင်းလည်း သိနေတယ်၊ တီတီတာတာက သားကိုလက်ထပ်ဖို့ ဘယ်တော့မှမစဉ်းစားဘူးတဲ့''

''ဟင်''

မာနခဲမလေးပဲ။ ဒေါ်ရီတာနွယ် သဘောကျတာ အဲဒီအချက်ပဲလေ။ ငွေကြေးစည်းစိမ်ဥစ္စာတွေကို မမက်မောတာပဲ။





သားငယ်နဲ့ ရှုပ်ပွေနေတဲ့ အယ်နီဆိုတဲ့ ဟာမလက်ထဲ ပါသွားလို့မဖြစ်ဘူး။ တီတီတာတာနဲ့ပဲ လက်ထပ်ဖြစ်အောင် ကြိုးစားရမယ်။ မိမိအကြံအစည်တွေက သားငယ်လက်ထဲကို အမွေဗစ္စည်း ချမ်းသာကြွယ်ဝမှုအားလုံး ရောက်ရှိစေဖို့ပဲလေ။ ယုယ မင်းက ငါတို့ကို စာကြည်းနေတာမဟုတ်လား။ မတတ်နိုင်ဘူးလေ၊ မင်းအမေရဲ့ ချိယွင်းချက်ကြောင့်ပဲဟာ။ ဒေါ်ရီတာနွယ်က သားငယ်အား ဆေးထည့်ပေးပြီး ကိုကို့နောက်သို့ လိုက်လာခဲ့သည်။

''မင်း ဘာဖြစ်လို့ ကိုယ့်ထက်အငယ်ကို ဒီလောက်အထိ ဆိုးကြိတ်ရတာလဲ ယုယ၊ မင်း ဘာတွေအခဲမကြေဖြစ်နေတာလဲ၊ မင်းနဲ့သော်ကတို့က ရန်သူတွေလား၊ မင်းကို ဒီဟိုတယ်ကြီးပေးပါမယ်လို့ ပြောထားပြီးပြီပဲကွ''

''သွားပါတော့ ဒက်ဒီ''

''ဘာကွ''

''ကျွန်တော် ဘာမှမရှင်းပြနိုင်ပါဘူး၊ ဒက်ဒီတို့ ထင်ချင်သလိုထင်၊ သတ်မှတ်ချင်သလိုပဲ သတ်မှတ်ပါ၊ အစ်ကိုတစ်ယောက်လို ကိုယ်ထိလက်ရောက် စော်ကားတာမျိုးတော့ ကျွန်တော် ဘယ်နည်းနဲ့မှ လက်ပိုက်ကြည့်ပြီး ငြိမ်ခံမနေနိုင်ဘူး''

''မင်းကပဲ ထိုးထားတာ ဒဏ်ရာတွေ မြင်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



အောင်ပဲကွ၊ မင်းက အကြီးပဲ သည်းခံရမယ်လေ၊ မင်းအမေအတွက် ငါရော ရီတာရော သောကရောက ရှန်သူတွေပဲလား''

''တော်ပါတော့ ဒက်ဒီ၊ ကျွန်တော့်ကို အလုပ်တာဝန် အပိုင်းပဲ ဆွေးနွေးပါ၊ ကျန်တဲ့ကိစ္စတွေ မဆွေးနွေးနိုင်ပါဘူး၊ ကျွန်တော့်ကို ဘာအမွေမှလည်း မပေးပါနဲ့၊ ဒက်ဒီပေးရင်တောင် ကျွန်တော် လက်မခံပါဘူး''

''ဟော့ကောင်''

''တိုကို မလုပ်နဲ့လေ၊ သားကြီးနဲ့ပြဿနာတက်မှာစိုးလို့ ရီတာ လိုက်လာတာပါ၊ နေပါစေ၊ အငယ်ကို ဆုံးမတာပဲ''

ယုယကတော့ နှုတ်ခမ်းကို တွန့်မဲ့ပြုံးပစ်မိသည်။ ဒေါ်ရီတာနွယ် ခင်ဗျားကြီး မူရာမာယာများနေတာပါ။ တကယ်တော့ ဒက်ဒီရဲ့အားနည်းချက်တွေကိုဆုပ်ကိုင်ပြီး ကျုပ်တို့သားအမိကို ထိုးနှက်နေတာမဟုတ်လား။ ဒက်ဒီ့အမွေပစ္စည်းတွေကို ယုယ မရနိုင်မှန်းသိ၍ မယူလည်း မယူချင်ပါဘူး။ ယုယ အလုပ်ထွက်ဖို့ပဲ စဉ်းစားထားသည်။

''လာပါ ကိုကို၊ ပြောမနေပါနဲ့တော့၊ သားကြီးယုယ တောင်းပန်ပါတယ်ကွယ်၊ မင်းဒက်ဒီက ကရုဏာဒေါသပါ၊ အရမ်းတော်ပြီး ထက်မြက်တဲ့သားကြီးကို အားကိုးနေရတာပါ၊





တော့ သားကြီးကို အသိပေးရဦးမယ်လေ၊ မင်း ညီလေးကို ထပ်ပေးတော့မယ်၊ တီတီတာတာနဲ့လေ''

ဒေါ်ရီတာနွယ် ပြောပြီး ဒက်ဒီ့ကို လက်ဆွဲခေါ်ဆောင်းသည်။ ဒေါ်ရီတာနွယ့်စကားတွေကို ကြားရချိန်တွင် ယုယကိုယ်တစ်ခုလုံးမှာ လည်ပတ်နေသော သွေးတွေ ရပ်ဆိုင်းသွားဟု ထင်မှတ်ရလောက်အောင် တောင့်တင်းသွားရသည်။ ထင်သားပဲ။ ဒေါ်ရီတာနွယ်က ဆီတီတာတာ့ကို အရမ်းတယူရှိနေတာပင်။ ရိုးသားဖြူစင်တဲ့ ကောင်မလေးကို ခင်ဗျား လူရှုပ်လူပွေနဲ့ လက်ထပ်ပေးဖို့ ကြံစည်နေတာပါပဲလား။ များ စီမံရာကို နာခံမယ့် ချွေးမလောင်းမှာ ငွေကြေးစည်းစိမ် ရှိနေဖို့မလိုဘူးမဟုတ်လား။ ဒက်ဒီ့ဆီကရမယ့် အမွေပစ္စည်းက တစ်ပုံတစ်ပင်ကြီးပါပဲ။ သူ ဘာမှမမက်မောပေ။ တီတာတာ့ဘက်မှ ငြင်းဆန်နေတာကိုတော့ သူသိနေသည်။

''တီတီတာတာ ကိုယ် ဘာဖြစ်နေတာလဲကွာ၊ မင်းကြောင့် ကိုယ့်စိတ်တွေ ပြောင်းလဲသွားပြီလား၊ မင်းရဲ့ဟန်ပန်အရာတွေကို ကိုယ် ဘာဖြစ်လို့များ မေ့ပစ်လို့မရနိုင်တာလဲ''

သူ လသာဆောင်ဆီသို့ လျှောက်လာခဲ့သည်။ ပင်လယ်တာ တသုန်သုန်နှင့် လန်းဆန်းလတ်ဆတ်စွာ တိုက်ခတ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ခန္ဓာကိုယ်အား လာရောက်ထိတွေ့နေပေမယ့် သူ့စိတ်က ပူလောင်နေသည်။ တီတီတာတာရဲ့ မျက်ဝန်းညို့ညို့ နက်နက်ဝန်းဝန်းလေးတွေက သူ့ကို ကြည့်နေတဲ့အချိန်တိုင်း ရွှန်းလဲ့တောက်ပနေသည်။

"လူဥစာကြီး"

သူ ပြုံးမိသည်။ တီတီတာတာနှင့် တွေ့ဆုံရတိုင်း ပြဿနာ တွေနှင့်ပဲ ကြုံတွေ့နေရသဖြင့် သူ့စိတ်တွေထဲမှာ ပျော်သလိုလို ဖြစ်လာခဲ့၏။ သူ့ဘဝမှာ လမှန်းသိတတ်ကတည်းက အပျော်တွေ ပျောက်ဆုံးခဲ့ရတာပဲ မဟုတ်လား။ မာမီ့ကို ဒက်ဒီ စွန့်ပစ်ခဲ့လိုက် ရသည်။

"တီတီတာတာဆိုတဲ့ ကောင်မလေးနဲ့ ပတ်သက်လို့မဖြစ်ဘူး၊ ကင်းကင်းပဲ နေရမယ်၊ ကိုယ့်မှာ ဘာပိုင်ဆိုင်မှုမှမရှိဘူးကွာ"

မည်းမှောင်နေသော ပင်လယ်ပြင်ကြီးဆီသို့ မျက်နှာမူ ပေမယ့် အမှောင်ထုအောက်မှာ ပင်လယ်ပြင်ကြီးက ကွယ်ပျောက်နေကာ လှိုင်းပုတ်သံတွေပဲ တဝုန်းဝုန်းကြားနေရသည်။ မင်းနဲ့ တွေ့ဆုံခဲ့ရတဲ့ အဖြစ်အပျက်တွေလည်း အမှောင်ထုထဲမှာ ပျောက်ကွယ်နေရင် ကောင်းမှာပဲ တီတီတာတာ။ ကိုယ့်မျက်ဝန်းတွေထဲမှာ ဘာဖြစ်လို့ ထင်ဟပ်နေရတာလဲကွာ။ အေးစိမ့်စိမ့်လေက သူ့ကို တိုးဝှေ့နေသည်။

◆ ◆ ◆





## အခန်း (၁၄)

"တီ အလုပ်ကနေ ထွက်တော့မယ် နေမာ၊ မဖြစ်တော့ဘူး၊ သော်ကချစ်ကို တီ ရှောင်လွှဲလို့ရမှာမဟုတ်တော့ဘူးဟာ"

တီတီတာတာ အဆောင်ကိုပြန်ရောက်လာပြီး နေမာအား အံ့တုန်ရီရီ ပြောပြမိသည်။ ရှက်စရာကောင်းလိုက်တာ။ မန်နေဂျာနှင့်ပဲ တိုးတိုးနေတာ တီတီတာတာ သေပစ်ချင်လောက်အောင် ရှက်နေရ၏။ ဒေါ်ရီတာနွယ်ကိုယ်တိုင်က နေမာကိုခေါ်ပြီး ခိုင်းနေတာတဲ့။ သူမအား ဟိုတယ်ပိုင်ရှင် သူဌေးမကြီး ဒေါ်ရီတာနွယ်က ချွေးမလောင်းအဖြစ် ရွေးချယ်ခဲ့တာ။ ဝမ်းမြောက်ဝမ်းသာ မဖြစ်မိ၊ ငိုပစ်ချင်နေသည်။

"ဒေါ်ရီတာနွယ်က အတင်း အလုပ်တွေခိုင်းနေတာ နေမာလည်း ရှောင်လို့မရဘူးဖြစ်သွားတယ်၊ နင်တော့ ဒုက္ခရောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီလို့ ငါထင်သားပဲ''

''ဟို…မန်နေဂျာနဲ့ ငါဝင်တိုးမိသွားတယ် သိလား ရှက်လိုက်တာ၊ ငါ ဘာပဲဖြစ်ဖြစ် မန်နေဂျာနဲ့ပဲ တိုးနေတယ်၊ ငါ အကြောက်ဆုံးကလည်း မန်နေဂျာ အထင်သေးမှာပဲ နေမာရယ်''

အလုပ်ကနေ တီတီတာတာ ထွက်ပစ်လိုက်ချင်သည် သော်ကချစ်ရဲ့ နှောင့်ယှက်နေတာတွေ တီတီတာတာ မုန်းတီးနေ ကာ ဝေးဝေးရှောင်နေချင်တဲ့ဆန္ဒ ဖြစ်နေ၏။ ဒေါ်ရီတာနွယ်က တီတီတာတာ့ကို ငွေနဲ့ဆက်ပြီး သူ စီမံရာနာခံမည့် ချွေးမအဖြစ် ဝယ်ယူချင်နေတာလား။ တီတီတာတာ့ကို လှော့တွက်နေတာပဲ မဖြစ်နိုင်ပေ။ သော်ကချစ်လို ရှုပ်ပွေနေတဲ့ ယောကျ်ားတစ်ယောက် ကို တီတီတာတာ ဘဝတစ်သက်လုံး လက်တွဲဖော် အိမ်ထောင်ဖက် အဖြစ် ရွေးချယ်မှာမဟုတ်ပေ။ အလုပ်ကနေ ထွက်ပစ်လိုက်တာ အကောင်းဆုံးပင်ဖြစ်သည်။

''နေမာ၊ တီတီတာထာ…ကမ်းခြေမှာ မန်နေဂျာတို့ ညီအစ်ကို လက်သီးချင်းထိုးကြလို့တဲ့၊ သော်ကချစ်ဆိုတဲ့လူကို မန်နေဂျာက လက်သီးနဲ့ထိုးတာ ဒဏ်ရာတွေ မြင်မကောင်းဘူး တဲ့၊ သောင်ပြင်မှာမှောက်နေလို့ ကိုမောင်ဟန်တို့ တွဲခေါ်ရတယ် တဲ့လေ''





''ဟင်''

တီတီတာတာတို့နှင့်အတူ ဝန်ထမ်းကောင်မလေး ညိုညိုစိမ့် က လာရောက်ပြောဆိုသဖြင့် တီတီတာတာကြောင့် ညီအစ်ကိုချင်း ဒဏ်ရာတွေ အကြီးအကျယ်ဖြစ်မှားကာ ထိုးကြိတ်တဲ့အထိ ဖြစ်သွားသွားရာ နောက်ထပ် မန်နေဂျာနှင့်ရင်ဆိုင်ရမှာပင် သူမ ရှက်နေမိသည်။

''နင့်မှာ အပြစ်မရှိဘူးဆိုတာ ဒီကဝန်ထမ်းတွေ အသိ ဆုံးပဲဟာ၊ ရှက်မနေနဲ့တော့ တီ''

''တီ အလုပ်ကထွက်တော့မယ် နေမာ၊ အရမ်းရှက်တာပဲ၊ နောက်ဖြန်တောင် ဝန်ထမ်းတွေကိုရော၊ မန်နေဂျာကိုရော ဘယ်လို မျက်နှာချင်းဆိုင်ရတော့မလဲဟာ၊ ငါသိတယ်၊ သော်ကချစ်က မန်နေဂျာကိုစော်ကားလို့ပဲဖြစ်မယ်၊ အလကားလူ မုန်းလိုက်တာ၊ ရှိတယ်''

သော်ကချစ်က မန်နေဂျာအား စော်ကားပြောဆို၍ပဲ ဖြစ် မည်သည်။ တီတီတာတာ့ကို ယုတ်မာဖို့ ကြံစည်တာတွေ ပျက်ပြား သို့ မန်နေဂျာအား မဲတာပဲနေမှာပါ။ တီတီတာတာ ဘယ်လို ကောင်းပန်ရမလဲဟင်။ ဒေါ်ရီတာနွယ်ကိုလည်း တီတီတာတာ နှစ်သက်မိ။ အထင်လည်း မကြီးမိပေ။ အတ္တကြီးမားလွန်းသည့်

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတောက်တောက်တွေထဲမှာ ကြောက်စရာကောင်း
အကြံအစည်တွေပဲ ရှိနေသည်။

"တီ မနက်ဖြန်ပဲ အလုပ်ကနေထွက်မယ်၊ ရန်ကု
ပြန်တော့မယ် နေမာ"

"ဘယ်ဖြစ်မလဲဟ၊ တို့တွေက အနည်းဆုံး တစ်နှစ်
ပါမယ်လို့ ဝန်ခံကတိ လက်မှတ်ထိုးထားတာလေ၊ နင် လျော်
ပေးနိုင်လို့လား တီ"

"ဟင်…ဟုတ်သားပဲ"

တီတီတာတာ အလုပ်ကထွက်မယ်ဆိုလည်း ဒေါ်ရီ
နွယ်က လက်ခံမှာမဟုတ်ပေ။ လျော်ကြေးပေးဖို့လည်း ပိုက်ဆံ
မရှိ။ တီတီတာတာ သေပစ်ချင်လောက်အောင် စိတ်ညစ်သွား
သည်။

"ငါ ဘယ်လိုလုပ်ရမလဲ နေမာ ပြောစမ်းပါဦး၊ ဒါကြေ
မေမေက မိဘတွေနဲ့ အဝေးမှာ အလုပ်မလုပ်စေချင်တာ၊ ရှပ်
ယှက်ယှက်သတင်းတွေ မေမေ ကြားသွားရင် မလွယ်ဘူးဟ"

"နင့်မှာ အပြစ်ရှိတာမှမဟုတ်တာဘဲ တီတီတာ
ဂရုမစိုက်စမ်းပါနဲ့၊ သော်ကချစ်ဆိုတဲ့လူ ရုတ်တရက်တော့ သိ
အတင့်ရဲမှာမဟုတ်ပါဘူး"





"တီလည်း သူ့လက်ကို တအားကိုက်ပစ်ခဲ့တယ်၊ ဒီလို ယောကျ်ားမျိုးတွေကို မှတ်လောက်သားလောက်အောင်ကို ပညာပေးပစ်ရမယ်"

"လောလောဆယ်တော့ အလုပ်ကနေထွက်ဖို့ မစဉ်းစားနဲ့ဦး တီ၊ အခြေအနေကို သတိထားပြီး စောင့်ကြည့်ပါဦး"

နေမာ အကြံပေးတဲ့အတိုင်းပဲ တီတီတာတာ လုပ်ဆောင်ရတော့မှာပဲဖြစ်သည်။ အလုပ်က ထွက်လို့မှမဖြစ်နိုင်မဲ့၊ စိတ်တွေညစ်ပြီး အိပ်လို့ပင်မပျော်။ ဝန်ထမ်းတွေကို မျက်နှာပင်မပြရဲ။ နောက်နေ့တွင် ဟိုတယ်ပိုင်ရှင် သူဌေးမိသားစု ပြန်သွားကြပြီဆိုတဲ့ သတင်းကြားမှ တီတီတာတာ နည်းနည်း စိတ်သက်သာရာရသွား၏။ သူမတာဝန်ကျရာ ရေကူးကန်ဆီသွားနေသည့် ခြေလှမ်းများက တုံ့နှေးနေသည်။

"မမ ရေကူးသင်ပေးဦးနော်၊ မိုးတို့က မမချောချောလေးကို မျှော်နေတာပါ"

"အင်း…မမ သင်ပေးပါမယ်ကွယ်၊ သိပ်တော့ မမြောက်နဲ့နော်၊ ရေကူးဝတ်စုံကြီးနဲ့ မိုးပေါ်မြောက်သွားရင် အခက်ပဲ"

"တကယ်ပါ၊ မမ အလှက စွဲမက်စရာကောင်းတယ်၊ မိုးတို့ တစ်ညလုံး မမတီတီတာတာက နာမည်လေးလည်းလှ၊



www.burmeseclassic.com

www.burmeseclassic.com



လူကလည်းလှ၊ သဘောကလည်းကောင်းတယ်လို့ မအိ
ပြောနေကြတာနော် ယု''

''ဟုတ်တယ်၊ မမတီတီတာတာ့ကို မျက်လုံးထဲက
ဖျောက်ပစ်လို့မရတာ''

''အို''

မိုးနှင့်ယုကို ရေကူးသင်ပေးနေရစဉ်လေးပဲ တီတီတာ
စိတ်တွေ အပူသောကတွေကို မေ့လျော့သွားသလိုပဲ။ ရေကူး
မှာ တီတီတာတာ ရှိနေတဲ့နေ့မှာ ညှို့သည်တွေ အရမ်းများ
လာသည်။ သော်ကချစ် ပြန်သွား၍ တီတီတာတာ စိတ်သက်
ရာ ရနေတာပါပဲ။ ဒဏ်ရာက တော်တော်များသည်တဲ့။ မန်နေ
က ကြမ်းတမ်းခက်ထန်တဲ့ လူတစ်ယောက်မဟုတ်ပါဘူး။ ဘာ
ဖြစ်သွားရတာလဲ။ နောက်ပိုင်း တီတီတာတာနှင့်လည်း မဆုံမိ
တော့။ ပြဿနာတွေနဲ့မှ မန်နေဂျာနဲ့ သူမ ဆုံဖြစ်ကြတာလ
တီတီတာတာ အိပ်လို့ပင်မပျော်။ အလုပ်ထဲမှာ စိတ်မဝင်စား
ပင်ပန်းနွမ်းနယ်နေရသည်။

''တီလေ မန်နေဂျာကို အရမ်းအားနာမိတာပဲ၊ စိတ်ထဲမှာ
လည်း အရမ်း စွဲလမ်းတမ်းတမိနေတယ်လေ၊ တီ ဘာလုပ်ရမလဲ
ဟင်''





သူမတစ်ယောက်တည်း အဆောင်ကို မပြန်ချင်သေးသဖြင့် လူတွေ ရှင်းသွားပြီဖြစ်ပေမယ့် ရေကူးကန်ပေါင်မှာပဲ ဆက်ထိုင်နေမိသည်။ မန်နေဂျာများ ရောက်လာမလားလို့တောင် တမ်းတမ်းတတလေး မျှော်နေမိသေး၏။ မဖြစ်နိုင်ပါဘူးလေ။ မန်နေဂျာလည်း ရှက်ပြီး အပြင်တောင်မှ မထွက်တော့တာပဲ။ ညီအစ်ကိုချင်း မိန်းမတစ်ယောက်အတွက် ထိုးကြိတ်ကြတဲ့သတင်းက သဲ့သဲ့လေး ပျံ့နေသည်။ တီတီတာတာ ခန္ဓာကိုယ်လေးက နုံးချည့်ကာ ခေါင်းထဲမှာလည်း မူးဝေနောက်ကျိနေသလိုပင်။ ရေကူးကန်မှာပဲ ဆက်ထိုင်ရင်း အမှောင်ထုလွှမ်းမိုးသွားမှ အဆောင်ပြန်ဖို့ စဉ်းစားမိသည်။

''အား…မူးလိုက်တာ၊ တီ ဘယ်လိုဖြစ်နေတာလဲ၊ မူးတယ်၊ ပြန်မှဖြစ်မယ်ထင်တယ်၊ အခုတလော စိတ်ဖိစီးမှုတွေများပြီး အိပ်ရေးတောင်မဝဘူး''

သူမ ဆက်ပြီး ထိုင်နေလို့မဖြစ်တော့ဘူးဟု တွေးမိလာသဖြင့် အဆောင်ပြန်ရန် ထလိုက်သည်။

''အား…ကျွတ်…ကျွတ်''

မတ်တတ်ရပ်လို့ပင်မရအောင် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားကာ ပြန်၍လဲကျသွားသည်။ သတိထားနေသည့်ကြား၌ တီတီတာတာ့ မျက်လုံးတွေပြာဝေကာ အသိကင်းမဲ့သွားရှာ၏။ သူမ



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တွေထဲမှာလိုလိုနှင့် မန်နေဂျာနှင့် တွေ့ဆုံနေသည်။

''တီတီတာတာ''

''တီတီတာတာ ဒီကောင်မလေး ဘယ်လိုဖြစ်ရတာလဲ၊ ငါနဲ့မှ ဆုံရပြန်ပြီကွာ''

ယုယ ရေကူးကန်ကိုရောက်လာတော့ တိုက်တိုက်ဆိုင်ဆိုင်ပင် တီတီတာတာဆိုတဲ့ ကောင်မလေး ရေကူးကန်ပေါင်ပေါ်မှာ လဲကျနေတာ တွေ့လိုက်ရသည်။ သူ့စိတ်တွေရဲ့ စေ့ဆော်နေမှုပဲလား မသိ။ တီတီတာတာရှိနေတဲ့ ရေကူးကန်ကို သွားချင်နေခဲ့၏။ ဘာဖြစ်လို့မှန်း စဉ်းစားမရ။ တီတီတာတာ ဂျူတီပြီးသွား၍ အဆောင်ကို ပြန်သွားလောက်ပြီဟုပဲ ထင်မိသည်။

''တီတီတာတာ မင်း ဘာဖြစ်နေတာလဲ၊ ငါ ရောက်လာပေလို့ပဲကွ''

ယုယ စိတ်ပူပင်သွားရပြီး တီတီတာတာ့ကိုယ်လုံးလေးအား စိုးရိမ်တကြီး ပွေ့ယူလိုက်သည်။ ရေကူးဝတ်စုံလေးနှင့်ပဲ တီတီတာတာ့ ခန္ဓာကိုယ်လေးက အေးစက်နေသဖြင့် သူ့ကုတ်အင်္ကျီကိုချွတ်ကာ ကောင်မလေးရဲ့ခန္ဓာကိုယ်လေးမှာ ပတ်ပေးလိုက်၏။ သတိမေ့မျောနေတဲ့ ကောင်မလေးရဲ့ မျက်နှာလေးက အပြစ်ကင်းစင်လွန်းနေသည်ဟု သူထင်သည်။





''တီတီတာတာ...တီတီတာတာ...တီတီတာတာ''

သူမနာမည်လေးကို အထပ်ထပ်ခေါ်နေမိပေမယ့် သတိမရသဖြင့် သူမအားပွေ့ယူကာ ဝန်ထမ်းအဆောင်တွေဘက်သို့ ပြေးထွက်လာခဲ့သည်။ ကိုယ်က အရမ်းပဲ အရှက်ကြီးပြီး ကိုယ့်ဂုဏ်သိက္ခာကို နည်းနည်းလေးမှ အစွန်းအထင်း အပွန်းအပဲ့မခံခဲ့ဘူး တီတီတာတာ။ ဒါပေမဲ့ မင်းအတွက် ကိုယ်စိတ်ပူပြီး ဘာကိုမှ ထိန်းသိမ်းထားမှုနေနိုင်တော့ဘဲ မင်းနေတဲ့အဆောင်အထိ မင်းကို ပွေ့ယူပြီး အပြေးအလွှားသွားနေမိတယ်။ မင်း တစ်ခုခုဖြစ်သွားမှာ ကိုယ် စိတ်အပူဆုံးပဲ။

တစ်ချိန်လုံး မင်းကိုဆုံးရှုံးလိုက်ရမှာ ကိုယ်ကြောက်နေတယ်။ မင်း အသက်ရှင်ဖို့အတွက် အရှက်တွေ ဂုဏ်သိက္ခာတွေက အရေးမပါတော့ဘူး။ ဝန်ထမ်းမိန်းကလေးတွေနေတဲ့ အဆောင်အထိ ကိုယ် ဘယ်လိုရောက်လာမှန်းတောင် မသိတော့ဘူးကွာ။ တီတီတာတာ့ကိုပွေ့ပြီး ရောက်လာတဲ့ သူ့ကိုတွေ့တော့ နေမာလွင်တို့အဖွဲ့တွေ အံ့သြတုန်ရီနေကြသည်။

''တီ ဘာဖြစ်တာလဲ ဆရာ၊ တီ သတိလစ်နေတာပဲ''

''ဟုတ်တယ် နေမာလွင်၊ ရေကူးကန်မှာကိုယ်တွေ့ခဲ့တာ လူတွေ မရှိတော့ဘူးထင်ပြီး ကိုယ် သွားခဲ့တာ၊ ကန်ပေါင်မှာ



www.burmeseclassic.com

www.burmeseclassic.com



တီတီတာတာ လဲကျနေတာတွေ့လို့လေ''

''ကျေးဇူးပါပဲ ဆရာရယ်၊ အားနာလိုက်တာ၊ အခု တလော တီ စိတ်တွေဖိစီးပြီး အိပ်လို့မပျော်ဘူး၊ အလုပ်ကတောင် ထွက်ချင်နေတာပါ''

''တီတီတာတာ့ကို နွေးနွေးထွေးထွေးဖြစ်အောင် လုပ်ပေးလိုက်ပါ၊ ကိုယ် ဟိုတယ်က ဆရာဝန်လွှတ်ပေးလိုက်မယ်''

''ဟုတ်ကဲ့ပါ ဆရာ''

သူ ဟိုတယ်ဆေးခန်းကို အမြန်ဆုံးရောက်လာပြီး ဆရာဝန်အား အကျိုးအကြောင်းပြောပြကာ လွှတ်လိုက်သည်။

''ကိုယ်ရောက်လာမိလို့ပဲကွာ၊ မင်းကံကောင်းသွားတယ် မှတ်ပါ တီတီတာ့တာ၊ ကိုယ့်စိတ်တွေရဲ့ စေ့ဆော်မှုပဲလား၊ ဒီနေ့မှ ကိုယ် ရေကူးကန်ကို သွားချင်နေတယ်လေ''

သူ့အခန်းထဲ ပြန်ရောက်လာသည်အထိ သူ့စိတ်တွေ လှုပ်လှုပ်ရှားရှားနှင့် စိုးရိမ်ပူပန်နေကာ တီတီတာတာ ဘာမှမဖြစ်ပါစေနဲ့ဟုပဲ ဆုတောင်းနေမိသည်။ ယုယ ပြောင်းလဲသွားတာလား။ တီတီတာတာဆိုတဲ့ ကောင်မလေးနှင့်ဆုံမိပြီးတိုင်းပင် သူ့စိတ်တွေ ပျော်ရွှင်တက်ကြွသည့် အငွေ့အသက်လေးတွေ ခံစားလာမိသလိုပင်။ တီတီတာတာ့ကို သတိတရ တမ်းတမ်းတတ တွေ့ချင်သည့်



စိတ်ဆန္ဒတွေက သူ့စိတ်ကို မကြာခဏပင် လွှမ်းမိုးလာသည်။ မိန်းကလေးနှင့် ကင်းရှင်းအောင်နေထိုင်ခဲ့သော ယုယ ပြောင်းလဲမှုတွေ စတင်လာတာမျိုးဖြစ်နိုင်သည်။

''မန်နေဂျာ''

''သြော်...ပြောပါ ဒေါက်တာ''

''တီတီတာတာဆိုတဲ့ ကောင်မလေး သတိရလာပါပြီ၊ အားအရမ်းနည်းသွားလို့လေ၊ ကျွန်တော် အားဆေးသွင်းပေးခဲ့ပါတယ်၊ စိတ်ချရပါပြီ''

''ကျေးဇူးပဲ ဒေါက်တာ''

တာဝန်ယူထားရတဲ့ ဒေါက်တာညာတာက ဝင်ပြောလိုက်မှ ယုယ စိတ်သက်သာရာ ရသွားသည်။ ရေကူးဝတ်စုံအနက်ကျားလေးနှင့် ငှန်းတော်ကျားမြွေမလေးတစ်ကောင်လို ရှင်းအိပြောင်ချောနေတဲ့ တီတီတာတာ ရေကူးကန်ပေါ်မှာ လဲလျောင်းနေတာကို ယုယ မျက်လုံးတွေထဲက ဖျောက်လို့မရခဲ့။ နှာတံချွန်မြမြလေးက တီတီတာတာ့မျက်နှာလေးကို ပိုမိုလှပသွားစေသလားပဲ။ နှုတ်ခမ်းဖူးဖူးအိအိလေးက သူ့စိတ်တွေကိုတောင် လှုပ်ခတ်သွားစေသည်ပဲ။ ဒါပေမဲ့ ကိုယ်က မင်းကို ချစ်သူအဖြစ် ရွေးချယ်လို့ မဖြစ်ဘူး တီတီတာတာ။ ကိုယ်က အထီးကျန်ဘဝနဲ့ပဲ အဆုံးသတ် ချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် လက်ထပ်မယ့် မိန်းကလေးတစ်ယောက်ကို ကိုယ့်မာမီဆီ ခေါ်သွားလို့ မဖြစ်နိုင်ပါဘူးလေ။

ပင်လယ်ပြင်ကြီးက မှောင်အတိလွှမ်းနေပေမယ့်လည်း လှိုင်းပုတ်ခတ်သံတွေ တဝုန်းဝုန်းကြားနေရပြီး လေကလည်း တဟူးဟူး တိုက်ခတ်နေတာက ပင်လယ်ပြင်ကြီးရဲ့ အငွေ့အသက် ရှိနေသည်။

"ကိုယ် မင်းလေးဆီကို ပြေးလာကြည့်ချင်တယ် တီတီတာတာရယ်၊ ကိုယ် ဘယ်အရာတို့မှ စိတ်မဝင်စားအောင် ငယ်ငယ်လေးကတည်းက ကြိုးစားနေထိုင်ခဲ့တာပါ၊ ကိုယ် အမှတ်မထင် ပြောင်းလဲနေပြီထင်တယ်၊ မင်းလက်လေးတို့ဆွဲပြီး သဲသောင်ပြင်မှာ လျှောက်သွားချင်လာတယ်၊ စက်လှေစီးပြီး သဲဖြူကျွန်းလို လူသူကင်းမဲ့တဲ့နေရာလေးမှာ မင်းကို ကိုယ့်အကြောင်းတွေ ပြောပြချင်နေတယ်၊ ကိုယ် ဘယ်လိုလုပ်ရမလဲ"

သူ သိပ်ပြီးမသောက်ဖြစ်ပေမယ့် တစ်ခါတစ်ရံ ဒက်ဒီနှင့်ဖြစ်စေ၊ ဒေါ်ရီတာနှယ်နှင့်ဖြစ်စေ၊ မာမီ့အတွက် စိတ်ထိခိုက်ကြေကွဲမှုတွေ ခံစားရလျှင်တော့ သူ့စိတ်မွန်းကြပ်မှုအတွက် ပြေပျောက်စေရန် အရက်သောက်တတ်သည်။ သူ အရက်သောက်ဖြစ်နေ၏။ တီတီတာတာအား စိတ်တွေပူပင်ရလွန်းလို့ပါ။ ကိုယ်

စိုး၊မိုး၊၀၁၆ပ



အိပ်လို့တောင် ပျော်ပါ့မလားတောင် မသိတော့ဘူးကွာ။ တီတီတာတာ့အကြောင်းလေးတွေက ယုယ နှလုံးသားထဲအထိပင် တိုးဝင်ရစ်နွယ်နေသည်။

နေမြင့်မှ သူ အိပ်ရာကနိုးလာပြီး ရေချိုးခန်းထဲ ဝင်ခဲ့၏။ သူ နိုးနိုးချင်း သတိရလိုက်တာက ဟိုကောင်မလေး တီတီတာတာအား ရေကူးကန်မှာ တာဝန်မချဖို့ ကြီးကြပ်ရေးမှူး ဦးကျော်နီအား ပြောရန်ဖြစ်သည်။ မျက်နှာသစ် ရေချိုးပြီး သူ အပြင်ထွက်လာတော့ သူ့အခန်းဝတွင် တီတီတာတာ ရပ်နေ၏။ သူ့ကုတ်အင်္ကျီကို ပိုက်ထားလျက်သား ရပ်နေခြင်းဖြစ်သည်။

"မန်နေဂျာအင်္ကျီပါ၊ ကျေးဇူးတင်စကားလည်း လာပြောတာပါ၊ ကျွန်မ ပြောမှားဆိုမှား အပြုအမူမှားတွေအတွက်လည်း လာပြီးတောင်းပန်တာပါ"

"မလိုပါဘူး တီတီတာတာ၊ အရေးကြီးတာက မင်း ကျန်းကျန်းမာမာရှိနေဖို့ပဲလေ"

"အားဆေးတွေသွင်းပြီး အိပ်ပျော်အိပ်လိုက်လို့ အားတွေပြည့်နေပါပြီ၊ နေကောင်းပါတယ်၊ တီတီတာတာ အလုပ်ပြန်ဝင်နိုင်ပါပြီ"

"ဟော့…နားဦးလေ၊ အဲဒီလို ခေါင်းမမာစမ်းပါနဲ့၊ မင်း

စိုး၊မိုး၊၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



နားလိုက်''

သူမအား လေသံပျော့ပျော့လေးနှင့် ကြင်ကြင်နာနာ ပြောဆိုဆက်ဆံနေသဖြင့် တီတီတာတာ အံ့သြဝမ်းသာပြီး မန်နေဂျာ မျက်နှာကို ငေးမောကြည့်မိသွားသည်။ မန်နေဂျာမျက်နှာပေါ်မှာ ရယ်ရွှင်ရိပ်တွေသမ်းနေကာ ကြည်ကြည်လင်လင်နှင့် မန်နေဂျာ မျက်ဝန်းတွေကလည်း စိုလက်နေ၏။ မန်နေဂျာက နန့်တန့်တန့် ကောင်မလေးဟု ထင်မှတ်သွားမှာစိုး၍ ထခုန်ပစ်ချင်တဲ့ဆန္ဒတွေကို ထိန်းချုပ်ထားရသည်။

''ကျွန်မ ဘာမှမဖြစ်တော့ပါဘူး၊ တာဝန်ထမ်းဆောင် နိုင်ပါတယ်၊ ရေကူးကန်မှာမဟုတ်ရင်တောင် တခြားနေရာမှာလေ''

''တီတီတာတာ''

''ရှင်''

''မင်း တစ်ရက်လောက် အနားမယူချင်ဘူးလားကွ''

''ဟင်''

''ကိုယ်နဲ့ သဲဖြူကျွန်းကို လိုက်ခဲ့ပါလား တီတီတာတာ''

''ရှင်''

''မင်းကို အနားပေးဖို့လေ၊ ပြီးတော့ ကိုယ်လည်း မင်း နဲ့ သဲဖြူကျွန်းကို သွားချင်နေတယ်''





''ရှင်''

မန်နေဂျာ ဘာပြောလိုက်တာလဲ။ တီတီတာတာ အိပ်မက် မက်နေတာလားပင်မသိ။ မျက်နှာထားတည်တည်ကြီးဖြင့် ပတ်ဝန်း ကျင်ကို စိတ်မဝင်စားတဲ့ မန်နေဂျာက သဲဖြူကျွန်းကို သွားရ အောင်တဲ့။ လှသူနည်းသော သဲဖြူကျွန်းဆို၍ တီတီတာတာ သတိ မမျှောမတတ် ဝမ်းသာသွားရသည်။

''ဘယ်လိုလဲ တီတီတာတာ''

''မန်နေဂျာ တကယ်ပြောတာလားဟင်၊ ကျွန်မက ဟိုး သဲဖြူကျွန်းကို အရမ်းသွားချင်နေတာပါ၊ ဒါပေမဲ့လေ ဟို ပတ်ဝန်း ကျင်က..''

''ကိုယ်တို့က ရိုးရိုးသားသား သွားကြမှာပဲဟာ၊ ကိုယ့် စိတ်တွေက လုံနေဖို့ပဲ လိုအပ်တာပါ၊ သွားကြမယ်''

''စားစရာတွေ စီစဉ်လိုက်ရမလားဟင်၊ ဟိုမှာ စားစရာ ရှိဘူးလေ''

''မလိုဘူး တီတီတာတာ၊ ကိုယ် အစောကြီးကတည်းက သွားဖို့ စီစဉ်ထားပြီးသားပါ၊ စားစရာတွေ စီစဉ်ခိုင်းထားတယ်၊ အရင်ကတော့ ကိုယ်တစ်ယောက်တည်း သွားဖို့လေ၊ အခု မင်းက ပါသွားတော့ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



တီတီတာတာ ဘယ်လောက်အထိများ ပျော်သွားလိုက် လဲဆိုတာ ရင်တွေ တဒိန်းဒိန်းခုန်လာရသလို မန်နေဂျာနှင့် ဖျင် လျှောက်လာရတာပင် သူမ ခန္ဓာကိုယ်လေး မြောက်ကြွမြောက်ကြွ ဖြစ်ချင်လာသည်။

မန်နေဂျာက သူ့အဆောင်ရှေ့မှာ ရပ်ထားသော ကားအ ရောင်လေးပေါ် တက်ဟုပြောပြီး ကားရှေ့ခန်းကို ဖွင့်ပေးနေ တစ်လောကလုံး ဖောက်ထိုးမိုးမျှော်တွေ ဖြစ်သွားလားမသိဘူး တီတီတာတာ ခုထိမယုံနိုင်သေးပေ။ အိပ်မက်တွေပဲလား။ ကား စက်လှေဆိပ်ကိုသွားပြီး သဲဖြူကျွန်းကိုသွားဖို့ စက်လှေတစ်စင်း စင်းလုံးငှားလိုက်သည်။ တီတီတာတာ အထူးသတိထားနေသည် မှပင် စက်လှေပေါ်အတက်တွင် စက်လှေက မထင်မှတ်ဘဲ လှုပ် လူးသွားသဖြင့် တီတီတာတာ့ကိုယ်လေး ဟန်ချက်ပျက် စက်လှေဝမ်းဗိုက်ထဲ လဲပြိုကျသွားရာ မန်နေဂျာကပဲ ဆီးကြိုပွေ့ ထိန်းထားပေးရသည်။

"အို…ဆောရီး"

"သတိထားလေ တီတီတာတာ"

"တောင်းပန်ပါတယ်နော်၊ တီ တမင်လုပ်တာမဟုတ် ဘူး မန်နေဂျာ"





"အခုချိန်ကစပြီး မင်းနဲ့ကိုယ့်ကြားမှာ ဟန်ဆောင်တာ တွေ လုံးဝမရှိစေတော့ဘူး တီတီတာတာ"

စက်လှေကြီးက စက်ကို ဝေါခနဲနှိုးလိုက်ပြီး ပင်လယ် ပြင်ကြီးအားဖြတ်ကာ သဲဖြူကျွန်းဆီသို့ ဦးတည်ခုတ်မောင်းနေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"တီတီတာတာ"

"ရှင်"

"ကိုယ်ဝန်ခံချင်တာက မင်းကိုတွေ့ဆုံပြီးတိုင်း
ပျော်ရွှင်ရသလိုပဲလေ"

"ဟုတ်ရဲ့လား မန်နေဂျာရယ်၊ တီကတော့ မန်နေ
အထင်လွဲမှာကြောက်နေတယ်၊ တို့ကို ရုပ်ပလာမလေးဆိုပြီး အ
သေးနေမှာပဲ စိုးရိမ်နေတာပါ"

"မင်းက ဖြူစင်ပါတယ်"

သဲဖြူကျွန်းက လူသူတော်တော်လေး ကင်းမဲ့နေသ
နေပူစာလှုံနေသော နိုင်ငံခြားသား စုံတွဲတွေပဲရှိနေ၏။ မန်နေ
အတွက် တာဝန်ကျဝန်ထမ်းက စားသောက်စရာတွေ စီစဉ်ထား



သဲဖြူကျွန်းရဲ့ စေတီသေးသေးလေးနားမှာ ပြင်ဆင်ပေးထားသည်။

"ကိုယ် အစောကြီးကတည်းက ဒီနေ့သွားမယ်လို့ စီစဉ်
ထားတာပါ၊ ပထမတော့ တစ်ယောက်တည်းလေ၊ လူသူကင်းမဲ့
ပြီး အေးချမ်းတဲ့ ဒီနေရာလေးကိုတော့ ကိုယ် နှစ်သက်တယ်"

သူ့ဘေးနားမှာထိုင်နေသော တီတီတာတာ့ကို စောင်းငဲ့
ကြည့်ရဲလောက်အောင် သူ့ရင်တွေ ခုန်နေသည်။ ရိုးရိုးသားသား
မိတ်ဆွေတွေအဖြစ် လာကြတာဆိုပေမယ့်လည်း စွဲမက်စရာ
ကောင်းတဲ့ တီတီတာတာ့ကို သူ ဘယ်လိုမှ မိတ်ဆွေအဖြစ် ရိုး
သားရျမ်းရခဲ့။ မင်း ယုယချစ်မှ ဟုတ်ရဲ့လားလို့ပင် သူ့ပြောင်းလဲ
အတွက် နားမလည်နိုင်ဖြစ်နေရသည်။

"မန်နေဂျာ အအေးသောက်ပါဦး"

"ကိုယ့်နာမည် ယုယချစ်ပါ၊ မန်နေဂျာဆိုတာကြီးက
အရမ်းကို လေးစားရှိသေရာ ရောက်နေပြီထင်တယ်"

သူမ ပျော်လိုက်တာ။ မန်နေဂျာက တကယ့်ကို တရင်း
နှီးနှင့်။ သော်ကချစ်ကြောင့်များ တမင်တကာ ဟန်ဆောင်
ပြောင်းလဲလာတာဟုပင် ထင်မိလာရသည်။ ဒါပေမဲ့ မန်နေဂျာက
ရိုးသားတည်ကြည်သူပါ။ သော်ကချစ်နဲ့တော့ လုံးဝဆန့်ကျင်ဘက်
ပါပဲ။ ဘာပဲဖြစ်ဖြစ် တီတီတာတာကတော့ မန်နေဂျာနှင့် အတူရှိ

www.burmeseclassic.com



နေတာပင် ပျော်ရွှင်နေသည်။

"တီတီတာတာ"

"ရှင်"

"ကိုယ် မင်းကို ပြောပြချင်တာတွေ ရှိနေတယ်"

"ပြောပါ မန်နေဂျာ၊ အဲ..ကိုယုယ၊ တီ နားထောင်ပေး ပါ့မယ်"

"ကိုယ့်မာမီအကြောင်းပါ"

"ပြောလေ"

တီတီတာတာ ကမ်းပေးတဲ့ အအေးဘူးကိုလှမ်းယူပြီး ဖောက်၍သောက်သည်။ ကိုယ် ရင်ပူနေလားပဲ။ ကိုယ့်မာမီ အကြောင်း ဘယ်သူ့ကိုမှ ကိုယ် ဖွင့်မပြောပြခဲ့ဘူး။ တီတီတာတာ ကိုတော့ ဖွင့်ပြောပြချင်နေ၏။ သူ့အကြည့်တွေက ရီဝေစွာ ပင်လယ် ပြင်ကြီးကိုပဲ ငေးမောမိနေသည်။

"ကိုယ့်မာမီက ကိုယ့်ကိုမွေးပြီး ဆေးမှားသွားလို့ ကိုယ် ရေပြားရောဂါသည်ဘ၀ကို ရောက်သွားရတယ် တီတီတာတာ"

"ဟင်"

"ဒက်ဒီက အစောကြီးကတည်းကပဲ ဒေါ်ရီတာနွယ်နဲ့ ပတ်သက်နေကြတာပါ၊ မာမီ ဒီလိုရောဂါဖြစ်တော့ အကြောင်းပြ



ချက် ကောင်းသွားတာပေါ့လေ၊ ကိုယ့်မာမီရဲ့ ချို့ယွင်းချက်ကြောင့် ပဲ"

ယုယ မီးတွင်းထဲမှာ မာမီ စိတ်သောကတွေရောက်ပြီး ကိုယ်ရေပြားရောဂါကို ကုသရင်း ယုယအား ကျွေးမွေးစောင့် ရှောက်လာခဲ့ရသည်။ ယုယ သုံးနှစ်သားအရောက်တွင် ဒက်ဒီနှင့် မာမီ တရားဝင် ကွာရှင်းပြတ်စဲကြကာ တိုက်ခန်းတစ်ခန်းနှင့် သူ့ ဘာစ်သက်တာ ပညာရေးထောက်ပံ့မှု ပေးခဲ့၏။ မာမီက ကျေနပ် သည်တဲ့။ အရေးကြီးတာက သား ယုယချစ်ကိုပဲ သားတစ်ယောက် အဖြစ် အသိအမှတ်ပြုပေးဖို့ပါပဲတဲ့။ ဒက်ဒီက လက်ခံခဲ့သည်။

မာမီ့ကိုတော့ ထိုအချက်နှင့်ပင် စွန့်ပယ်ထားခဲ့၏။ သူ ငယ်စဉ်လေးကတည်းက အဖမဲ့သားအဖြစ် ဒေါ်ရီတာနွယ်ရဲ့ ဟန်ဆောင်မှုယာတွေကြားမှာ မိန်းမောနေတဲ့ ဒက်ဒီရဲ့သားအဖြစ် ကြီးပြင်းလာခဲ့ရသည်။

"ကိုယ် မကျေနပ်ဆုံးက ကိုယ့်မာမီ ရောဂါသည်ဘ၀ မှာပဲ အပြစ်ရှာပြီး ဒက်ဒီရဲ့စွန့်ပစ်မှုကိုပဲ"

"ဖြစ်မှဖြစ်ရလေ ကိုယုယရယ်၊ တီ စိတ်မကောင်းဖြစ် လိုက်ရတာ၊ ကိုယုယ မာမီကလည်း အရမ်းပဲ သနားစရာကောင်း နေတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က မိန်းကလေးတွေနဲ့ ကင်းကင်းနေတာကလည်း ကိုယ့်မာမီကြောင့်ပါ၊ ကိုယ့်မာမီက ကိုယ်ရဲ့ပြားရောဂါဖြစ်ထားတော့ ကိုယ့်မာမီကို အထင်သေးမှာ မလိုလားလို့ပါပဲ"

မာမီ့ကို သူ လုံးဝ စွန့်မပစ်နိုင်လို့ပါပဲ။ မာမီ့ဘဝမှာ သူပဲ သံယောဇဉ်တွယ်ငြိရာ ရှိနေသည်။

"ဒက်ဒီက ဒေါ်ရီတာနှယ် စီမံရာပါပဲ တီတီတာတာ ကိုယ်က အမွေဆက်ခံနိုင်လောက်အောင် ဒက်ဒီ အသိအမှတ်ပြုထားတဲ့ သားတစ်ယောက်တော့မဟုတ်ဘူး"

ကိုယုယအပေါ် တီတီတာတာ ပို၍ပင် နားလည်မှုတွေ ရှိလာသည်။ ကိုယုယရယ်...တီတီတာတာ ဘယ်တော့မှ ရှင်းလို့ အထင်မသေးပါဘူးနော်။ ကိုယုယ ခံစားချက်တွေက နာကျင် ထိခိုက်မှုတွေ ဘယ်လောက်အထိများ ရှိနေနိုင်မလဲလို့ပဲ တွေးနေမိသည်။ သူ့မျက်ဝန်းတွေက ရီရီဝေဝေ ညို့ညို့မှိုင်းမှိုင်းနှင့် အဆုံးအစမရှိသော ပင်လယ်ပြင်ကြီးကို ငေးမောနေသည်။

"ကိုယ် တီတီတာတာနဲ့တွေ့မှ နည်းနည်းတော့ ပြောင်းလဲလာတယ်၊ ကိုယ့်အကြောင်းတွေကို ပြောပြချင်နေတယ်၊ ကိုယ့်အမှန်အတိုင်းဝန်ခံရရင်တော့ ကိုယ့်ဘဝက ဖြတ်သန်းရတာ နည်းနည်းလေးတော့ အဓိပ္ပာယ်ရှိလာသလို ပျော်လာရတယ်လေ"





"ကျွန်မကြောင့်လား"

"အင်း"

"ကျွန်မက ကိုယုယ ကျွန်မအပေါ် အထင်သေးနေမယ်ပဲ ထင်တာ"

"မင်းကိုတော့ ကိုယ့်စိတ်ထဲမှာ ဖြူစင်တဲ့ကောင်မလေးလို့ ထင်နေမိတယ်၊ မင်းက ကိုယ့်စိတ်တွေကို လှုပ်ရှားလာစေတယ်၊ အပျော်တွေ ရှာဖွေတွေ့ရှိလာရသလိုပဲလေ"

ဖြူလွလွ သဲလေးတွေကို သူမ ကောက်ယူဆော့ကစားရင်း နံနက်စာကို နှစ်ယောက်သား လက်ဆုံစားရတာ အိပ်မက်လေးလို ဖြစ်နေသည်။ ဘယ်လိုမှဖြစ်နိုင်စရာမရှိတဲ့ အခြေအနေလေးက အိပ်မက်မဟုတ်ဘဲ တကယ်ပဲ ကိုယုယနဲ့ သူမတို့ တရင်းတနှီး ရှိနေခဲ့တာတွေ အိပ်မက်တွေလို ပျောက်ပျက်သွားမှာ တီတီတာတာ စိုးရိမ်ပူပင်နေသည်။ သဲဖြူကျွန်းရဲ့ သန္တာကျောက်တန်းတွေက ပိုပြီး ရှုခင်းလှပနေ၏။ ကိုယုယ အပြုံးတွေ သူ့နှုတ်ခမ်း စိုရဲရဲတွေပေါ်မှာ ထင်ဟပ်နေတာ အရိပ်လေးလောက်ပဲ တွေ့နေရပါစေ၊ တီတီတာတာ ငေးမောကြည့်မိရင်း နှစ်သက်မြတ်နိုးမိလာရသည်။

"ကိုယ်က ဟိုတယ်ပိုင်ရှင်ကြီးတော့ မဖြစ်လာနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



နော် တီတီတာတာ၊ ဟိုတယ်ပိုင်ရှင်က သော်ကချစ်ပဲ၊ အဲဒါ သေချာတယ်''

''ကျွန်မ ဟိုတယ်ပိုင်ရှင်ကြီး ဖြစ်ချင်တယ်ဆိုတာက ကိုယုယကို အမြင်ကတ်ပြီး အထင်ကြီးအောင် ပါးစပ်ထဲတွေ့ရာ ကြီးကြီးကျယ်ကျယ်တွေ ပြောလိုက်တာပါ၊ တကယ်တော့လေ တီ ဒီအလုပ်ကို လုပ်ချင်တာ ချောင်းသာကမ်းခြေကို ပိုက်ဆံမကုန်ဘဲ သွားနေချင်လို့ပါနော်''

သူမ ရယ်တော့ သွန့်နှုတ်ခမ်းတွေမှာလည်း တောက်ပတဲ့ အပြုံးချိုချိုတွေ ရိပ်ခနဲပေါ်လာသည်။ ဒီနေ့ကတော့ တီတီတာတာ အတွက် ထာဝရအမှတ်တရလေးအဖြစ် သူမ နှလုံးသားတွေထဲမှာ သိမ်းဆည်းထားပစ်လိုက်၏။ တီတီတာတာ အရမ်းပဲ ပျော်ရွှင် ချမ်းမြေ့စွာ ကိုယုယနှင့်စကားတွေပြောရင်း စားစရာတွေ စား သောက်ကြသည်။

''ဟိုဘက် ကျောက်တန်းတွေအဆုံးအထိ သွားကြမလား ဟင် ကိုယုယ''

''သွားလေ၊ သတိတော့ထားနော် တီတီတာတာ၊ ရေညှိ တွေ များတယ်''

''ဒီသဲဖြူကွန်းက အရမ်းရှုခင်းကောင်းတာပဲနော်၊ တီက



ကမ်းခြေမှာ သူဌေးမကြီးတစ်ယောက်လို လာပြီး အပန်းဖြေနေ ချင်တယ်၊ အဟဲ...ဝန်ထမ်းအဖြစ်ပဲ ရောက်လာတယ်လေ၊ ကံတော့ ကောင်းပါတယ်နော်''

ကိုယုက ရှေ့မှသွားနေရာက ရေညှိတွေများတဲ့ ကျောက် ဆောင်တွေနားရောက်တော့ သူမနှင့် ဘေးချင်းယှဉ်ကာ ဂရုတစိုက် စောင့်ကြည့်နေပုံနှင့် တီတီတာတာ လဲကျသွားမှာကို စိုးရိမ်တကြီး မျက်ဝန်းတွေက တီတီတာတာရဲ့ရင်တွေ တဒိန်းဒိန်းခုန်လာစေသည်။

ကိုယုယ မာမီ ရောဂါဝေဒနာကိုလည်း တီတီတာတာ အထင်မသေးပါဘူး။ ယောကျ်ားတစ်ယောက်ရဲ့ အကြောင်းပြ ရှုံ့ပစ်ခြင်းခံရဖို့လည်း တီတီတာတာ့ မေမေသာဆိုရင်ဟု တွေးတော နားကျင်မှုတွေ ခံစားလာရ၏။ ကိုယုက သူ့ကိုယ်ရေးကိုယ်တာတွေ ပြောပြလာတာ ဘယ်လိုအဓိပ္ပာယ်လဲဆိုတာ မရဲတရဲလေးနှင့် တွေးမိနေသည်။

''မင်း မရေချာ်လဲအောင် တော်တော်လေး သတိထား သွားနေရတာလား တီတီတာတာ၊ ဘာလဲ ကိုယ်က ဒီကောင်မလေး တမင်လုပ်ပြီး ငါ့ကို ရင်းနှီးကျွမ်းဝင်ဖို့လုပ်နေတာလို့ ကိုယ်ထင်မှာ ကြောက်နေတာမဟုတ်လား တီတီတာတာ''

''တကယ်ပါ ကိုယုယ၊ တီတီတာတာမှာလည်း အနေ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိပါတယ်နော်၊ ယောကျ်ားတစ်ယောက်နဲ့ ရင်းနှီးကျွမ်းဝင်ဖို့ မိန်းကလေးတစ်ယောက်မှာနကို အဲဒီလောက်အထိ မချုနိုင်ပါဘူး.”

တီတီတာတာရဲ့ အမူအရာလေးတွေရဲ့ ဖြူစင်ရိုးသားမှုကို သူ တဖြည်းဖြည်းသိလာရသဖြင့် အထင်သေးမှုတွေ၊ နာကျင်စက်ဆုတ်မှုတွေ မရှိပေ။ သူ့စိတ်တွေရဲ့ ပြောင်းလဲမှုတွေထဲမှာ အသေချာဆုံးက တီတီတာတာဆိုတဲ့ ကောင်မလေးအား သူ ချစ်မြတ်နိုးမိနေသည်ပင်။ သူ့ကိုယ်သူပင် နားမလည်နိုင်ခဲ့။

လုပ်ငန်းတာဝန်တွေကလွဲပြီး ပတ်ဝန်းကျင်အပေါ် စိတ်ဝင်စားမှုမရှိအောင် နေထိုင်တတ်တဲ့ အကျင့်စရိုက်တွေ တီတီတာတာကြောင့် ပြောင်းလဲသွားရတာတော့ အမှန်ပဲဖြစ်သည်။ မာမီ့အတွက် သူ အမြဲတမ်း မကျေမနပ်နှင့် ခံပြင်းနာကြည်းနေမှုတွေ၊ ဒေါ်ရီတာနွယ်ရဲ့ အပြောချိုချိုတွေကြောင့် ဒက်ဒီက မာမီ နေကောင်းလားဟုပင် မမေးမြန်းရဲတဲ့အထိ ဒေါ်ရီတာနွယ်ရဲ့ လွှမ်းမိုးခြင်းခံနေရတာတွေ၊ သော်ကချစ်က သူ့ကို အမွေလုဖက် ရန်သူတစ်ယောက်အဖြစ် မလေးမစား နှိမ်ချပြောဆို ဆက်ဆံနေတာတွေ အားလုံးအပေါ် သူ နာကြည်းခံပြင်းရင်း အရယ်အပြုံးဆိုတာ မေ့သလောက်ရှိနေတာဖြစ်ပေမယ့် တီတီတာတာကြောင့် အပျော်တွေကို ပြန်လည်တွေ့ရှိလာရသည်။





“ကိုယ် မင်းကိုချစ်တယ် တီတီတာတာ”

“ဟင်”

“ကိုယ့်မာမီအပေါ် မင်းနားလည်ပေးနိုင်မယ်ဆိုရင်ပေါ့၊ ကိုယ့်ဘဝမှာ ဘာပိုင်ဆိုင်မှုမှလည်း မရှိဘူးလေ၊ မင်းလက်ခံနိုင်မလား တီတီဘာတာ”

“ကိုယုယရယ်”

ကိုယုယ လက်မောင်းတွေကို တီတီတာတာ အားကိုးတကြီးနှင့် တယုတယဖက်တွယ် လက်ချင်းချိတ်လိုက်သည်။

အို…တီ ပျော်လိုက်တာ။ ကိုယုယရဲ့အချစ်တွေကို တီတီတာတာ ဘယ်လောက်အထိ မျှော်လင့်တောင့်တခဲ့ရလဲ သိလား။ သိဖြူကျွန်းလေးကတော့ အရမ်းကို ရင်ခုန်လိုက်မောဖွယ် အိပ်မက်ကျွန်းလေး ဖြစ်နေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

''သဲဖြူကျွန်းလေးပေါ်မှာ အချစ်ဓာတ်ဝင်ခွန်းသွားရှိုင်ခဲ့တဲ့ မင်းသမီးလေး တီတီတာတာ မိုးမမြင်လေမမြင် ပျော်လာတယ်ပေါ့လေ''

''အရမ်းပျော်တာပဲ နေမာ၊ ကမ္ဘာကြီးများ ဖောက်ထိုးမိုးမျှော် ဖြစ်သွားပြီလားပဲ၊ ကိုယုယက တီတီတာတာ့ကို ချစ်တယ်တဲ့''

''ဟာ''

ကိုယုယ မာမီ့အကြောင်းတွေတော့ နေမာ့တို့ကို မပြောပြမိ။ လျှို့ဝှက်ချက်ပဲ။ ကိုယုယက တီတီတာတာ့ကို ချစ်တယ်ပြောတာပဲ နေမာတို့အုပ်စု တအံ့တဩနှင့် မယုံနိုင်အောင်ဖြစ်နေ





ကြသည်။ မန်နေဂျာက မိန်းကလေးတွေနှင့် လုံးဝကင်းရှင်းစွာနေထိုင်ခဲ့တာတဲ့။ တီတီတာတာပဲဟာ။

ဝန်ထမ်းတွေကလည်း မန်နေဂျာ အရမ်းပြောင်းလဲသွားတာပဲဟု ပြောနေကြ၏။ ဝန်ထမ်းတွေနှင့် အရောတဝင်ရှိလာကာ အရယ်အပြုံးတွေလည်း တွေ့လာ၍ ဝန်ထမ်းတွေအားလုံး ပျော်နေကြသည်။

''တီတီတာတာရဲ့အလှကို ဘယ်လိုပုရိသယောကျ်ားမှ တောင့်မခံထားနိုင်ဘူးထင်တယ်၊ တို့မန်နေဂျာကြီး အရမ်းကို ပြောင်းလဲလာပြီလေ''

ကိုယုယအား တီတီတာတာရဲ့ ချစ်သူအဖြစ် ပိုင်ဆိုင်ခွင့်ရခဲ့တာထက် ကိုယုရဲ့ပြောင်းလဲမှုအတွက် ဝန်ထမ်းတွေရဲ့ ပျော်ရွှင်မှုအတိုင်းအတာကြောင့် တီတီတာတာ ပို၍ပင် ပျော်ရွှင်ခဲ့ရသည်။ ဟိုတယ်ကောင်းကင်ပြာက တီတီတာတာ့ကြောင့်ပင် နာမည်ဂုဏ်သတင်းတွေ ကျော်ကြားအောင်မြင်လာရသလို ကိုနဲ့ တီတီတာတာတို့လည်း တာဝန်ချိန်ပြီးသည်နှင့် ကမ်းခြေ သဲသောင်ပြင်မှာ တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး လမ်းလျှောက်ရင်း ပျော်ရွှင်ရသည်။

''တီတီတာတာ''



www.burmeseclassic.com

www.burmeseclassic.com



"ကို"

"ကိုယ်က သူဌေးမဟုတ်ဘူးနော်၊ မင်းလို လှပတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာတွေ ကိုယ့်ကြောင့် မြင့်မားလာနိုင်စရာတော့ မရှိဘူးလေ"

"တီတီတာတာကလည်း တည်ကြည်ခန့်ညားတဲ့ ယောက်ျားတစ်ယောက်ရဲ့ ဘဝလက်တွဲဖော်အဖြစ်ပဲ နေချင်တာပါနော်၊ အဲဒါ ဂုဏ်သိက္ခာပဲလေ"

"တီတီတာတာ့ကို ယုံပါတယ်ကွာ၊ ဖြူစင်တဲ့မိန်းကလေးပါ၊ မင်းနဲ့တွေ့မှ ကိုယ်ပျော်ရွှင်ရတယ်၊ ကိုယ့်မာမီလည်း မင်းလိုကောင်မလေးမျိုးက ကိုယ့်ဘဝလက်တွဲဖော်ဆိုတာသိရင် အရမ်းဝမ်းသာမှာပဲ"

"တီတီတာတာလည်း ကို့မာမီနဲ့ တွေ့ချင်နေတာပါ"

"တီ"

"ရှင်"

"သော်ကချစ်နဲ့တော့ မရှုပ်ထွေးစေချင်ဘူး၊ ကိုယ်နဲ့ တီက ပထမဆုံး စတွေ့ကြတာပဲလေ"

"အင်း"

"ကိုယ် ကုမ္ပဏီကနေထွက်မယ်၊ ဘဝတစ်ခုကို စတင်





ထူထောင်နိုင်ဖို့ ကြိုးစားကြမယ်၊ ကိုယ်တို့ အတူလက်တွဲပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝလေးတစ်ခုကို ထူထောင်ကြမယ်"

"တီက ကို့ကို စပြီးဆုံတွေ့စဉ်ကတည်းက ကြိတ်ပြီး အထင်ကြီး လေးစားသွားရတာပါနော်၊ သော်ကချစ်လို ယောက်ျားမျိုးကို တီက အရမ်းမုန်းတီးတာပဲ"

သော်ကချစ်ကတော့ တီတီတာတာနှင့် သူ ပတ်သက်မှုကို သူ့ဆီက လုယူတယ်ဟုပဲ ထင်တော့မည်။ အဲဒီလိုမဟုတ်ပေ။ သူ့နှလုံးသားတွေကိုက တီတီတာတာနှင့် ပတ်သက်၍ ပြောင်းလဲသွားတာပဲဖြစ်သည်။ ငါ မတတ်နိုင်တော့ဘူး သော်ကချစ်။ တီတီတာတာ့အပေါ် ငါ ရိုးရိုးသားသား ဖြူဖြူစင်စင်ပဲ ချစ်မိသွားတာပါ။ ဒီအခွင့်အရေးတော့ ငါ ယူသင့်ပါတယ်။ ဒကိဒီနဲ့ပတ်သက်တဲ့ စည်းစိမ်ချမ်းသာတွေ ခံစားမှုတွေ မင်းတစ်ယောက်ကည်းရဖို့ မင်းမာမီက ကြံစည်နေတာပဲ။

တီတီတာတာ့ကိုတော့ ငါပဲ ပိုင်ဆိုင်ပါရစေ။ တီတီတာတာက သူ့ရဲ့မျှော်လင့်ချက်တွေကို ရှင်သန်လာစေဘူပါ။ သူ ဒက်ဒီ့ကုမ္ပဏီကနေထွက်ပြီး လွတ်လွတ်ကင်းကင်း အလုပ်တစ်ခုခု ရှာဖွေလုပ်ကိုင်ဖို့ပဲ ဆုံးဖြတ်ထားသည်။

"ကိုယ့်အနားမှာ ထာဝရနေပေးပါကွာ၊ ကိုယ့်တို့ကြည်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ''

တီတီတာတာက မျက်ဝန်းတောက်တောက်ပပလေး[illegible] မော့ကြည့်ပြီး ခေါင်းညိတ်ပြသည်။ သူ့ဘဝတစ်သက်တာမှာ [illegible] ပတ်သက်ခဲ့တဲ့ မိန်းကလေးက တီတီတာတာပဲဖြစ်သလို၊ သူ[illegible] အချစ်ဦးမိန်းလေး။ ပြီးတော့ သူ့ဘဝရဲ့ မျှော်လင့်ချက်တွေ[illegible] လင်းလက်လာစေသည်။

''တီတီတာတာရယ်''

''ကိုရယ်''

ချစ်ရသော တီတီတာတာရဲ့ ကိုယ်လုံးလေးကို သူ[illegible] မောင်းတွေနှင့် မြတ်နိုးစွာ ထွေးပွေ့ထားမိသည်။ သဲဖြူကျွန်း[illegible] မှာ အားလပ်ချိန်တွေကိုဖြုန်းရင်း အနာဂတ်ရဲ့ လှပသော အိပ်[illegible] လေးတွေအကြောင်း ဆွေးနွေးပြောဆိုကြသည်။ သူ့ အကြီးအကဲ[illegible] ရင်ဆိုင်ရမှာက ဒေါ်ရီတာနွယ်နဲ့ သော်ကချစ်ပဲ။ တီတီတာတာ[illegible] သူ့ သော်ကချစ်ဆီမှ လုယူခဲ့တာမဟုတ်ပေ။ သူနှင့် တီတီတာ[illegible] က သော်ကချစ်ထက် အရင်တွေ့ဆုံခဲ့ဖူးသူတွေပဲ။ ချစ်သူ တီ[illegible] တာတာရဲ့ ခန္ဓာကိုယ်လေးအား ထွေးပွေ့ရင်း သူမ နှုတ်ခမ်း[illegible] အား မြတ်နိုးစွာ နမ်းရှိုက်မိချိန်တွင် သူ့စိတ်တွေထဲမှာ အပျော်[illegible] နှင့် အင်အားတွေ ပြည့်တက်လာသည်။

''ကိုယ်တို့နှစ်ယောက်က ဖူးစာရေစက်တွေပဲလို့ထင်[illegible]ယ် တီတီတာတာ၊ ကိုယ် ဘဏ်လောက်ပဲ မာနတကြီး[illegible]န်းကလေးတွေနဲ့ ကင်းအောင်နေမယ်လို့ ဆုံးဖြတ်ထားပါစေ၊ [illegible]တီတာတာနဲ့ တွေ့ဆုံရတော့ ကိုယ် ဘယ်လိုမှ မာနတွေနဲ့ [illegible]န်ဆောင်နေလို့မရတော့ဘူး၊ တီတီတာတာရဲ့ အမူအရာလေးတွေ [illegible] ကိုယ့်စိတ်တွေကို အပျော်တွေကူးစက်စေတယ်''

''တီလည်း ကိုလိုပါပဲနော်၊ အရင်က ယောကျ်ားတွေကို [illegible]ိပ်အထင်ကြီးတာ မဟုတ်ပါဘူး၊ ကိုနဲ့တွေ့ပြီးမှ ဘယ်လိုကနေ အထင်ကြီးသွားလဲ မသိဘူး။ အရမ်းခန့်ညားချောမောတဲ့ ယောကျ်ား [illegible]စ်ယောက်လို့ တီ့နှလုံးသားက ကမ္ပည်းမှတ်တမ်းတင်လိုက် [illegible]ာလေ''

''တကယ့်ဖူးစာပဲကွာ၊ တီတီတာတာ့လို ဖြူစင်တဲ့ [illegible]ောင်မလေးကို ကိုယ့်ဆီပို့ပေးလို့ အောင်သွယ်တော် မြားနတ်မောင် [illegible]ို အရမ်းကျေးဇူးတင်တယ်၊ ပြီးတော့ ကိုယ့်မာမီအပေါ် နားလည် [illegible]သိအမှတ်ပြုပေးလို့လေ''

''ကို့မာမီနဲ့တွေ့ချင်တယ်၊ အားပေးနှစ်သိမ့်ချင်တယ်၊ ကို့ [illegible]နွတွေက တီ့ဆန္ဒတွေပါပဲလေ''

''တီရယ်''

www.burmeseclassic.com



လှိုင်းလုံးကြီးတွေ တဝုန်းဝုန်း ပုတ်ခတ်နေတဲ့ သဲဖြူ
လေးရဲ့ သဲသောင်စပ်မှာ သူနှင့် ချစ်သူ တီတီတာတာတို့
ရာ အနေခင့်အယှက် အဟာန့်အတားမဲ့ ချစ်သူအား သူလ
နှင့် တင်းကျပ်စွာ ရစ်သိုင်းပွေ့ဖက်ရင်း အနမ်းလေးတွေ
မိသည်။ ချစ်သူ တီတီတာတာရဲ့ ပန်းသွေးရောင်နုနု လွှမ်း
မျက်နှာလေးက သူ့မျက်နှာနှင့် ထိအပ်အုပ်မိုးထားကာ ချစ်
ဆိုတဲ့ စကားလုံးတွေက မာနတွေနှင့် မာန်ထန်တည်ကြည်
ယုယချစ် နှုတ်ခမ်းထက်ကနေ အတားအဆီးမဲ့ ထွက်ကျလာသ

"တီကို ကိုယ်ချစ်တယ်၊ မြတ်နိုးတယ်၊ ချစ်တယ်
ကိုယ့်ရင်ထဲမှာ တီတီတာတာလေးကို ချစ်တယ်ဆိုတဲ့ စကား
လွဲပြီး တခြားပြောစရာမရှိသလောက်ပဲ"

"ကိုကို တီချစ်တယ်၊ အရမ်းပဲမြတ်နိုးတယ်၊ တီ
ယုံငြီး တန်ဖိုးထားချစ်ရတာပါ ကိုရယ်"

တဝုန်းဝုန်းရိုက်ခတ်နေတဲ့ လှိုင်းလုံးကြီးတွေကို မေ့
နေသည်။ တသုန်သုန်တိုက်ခတ်နေသောလေက ကြားဝင်၍
သဲဖြူကွန်းပေါ်က သဲဖြူဖြူလွလွလေးတွေ သက်သေတည်
အချစ်တွေနှင့် ကြင်နာယုယမှုတွေ ရောယှက်ကာ အနမ်းလေး
ခြွေချနေသည်။



"ပြန်ကြစို့နော် ကို၊ တော်ကြာ နေမာတို့က အရမ်းလွန်
ပြီလို့ ပြောကြမှာ တီ ရှက်တယ်သိလား"

"ကိုယ်တို့ရဲ့ အားလပ်ချိန်လေးပဲ တီ၊ ကိုယ်တို့ အလုပ်
ကတော့မယ်၊ ဘ၀အတွက် ခြေလှမ်းအသစ်တွေ စတင်ကြရ
"

"အင်း"

သူ တီတီတာတာရဲ့ လက်လေးကိုဆွဲကာ စက်လှေဆီ
လာသည်။ ဒက်ဒီအရိပ်ကနေ လွတ်ကင်းစွာနေဖို့ပဲ သူ
ဖြတ်ထားသည်။ တီတီတာတာ့ကို မာမီဆီ ခေါ်သွားရမယ်။
လောင်းလေးကိုတွေ့ရင် မာမီ စိတ်အေးမှာပါ။ သူ အမြတ်နိုး
မိန်းကလေးအား သူ့ဘ၀အကြောင်း ပြောပြခဲ့သည်။ ချစ်သူက
ည်ပေး၍ သူ့စိတ်တွေ ပျော်ရွှင်အေးချမ်းသွားရ၏။ သူ့ကို
ပျော်လေးတွေပဲ ဖန်တီးပေးပါ ကံကြမ္မာရယ်။ ဒဏ်မခတ်ပါနဲ့။
သည်း နှစ်တွေအများကြီးပဲ စိတ်သောကတွေနဲ့ အထီးကျန်စွာ
သန်းနေထိုင်ခဲ့ရတာပါ။ ချစ်သူလက်လေးကိုဆွဲကိုင်ပြီး စက်
ပေါ် တက်ခဲ့သည်။

"ဆရာတို့အတွဲက အရမ်းလိုက်ဖက်တာပဲ၊ နှစ်ယောက်
ချောလိုက်ကြတာ"

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်တီတီတာတာ တစ်ယောက်လက်ကိုတစ်ယော
ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်မိကြသည်။ စက်လှေသမားရဲ့စကား
ကြည်ကြည်နူးနူး ရယ်မောကြကာ သူမအား သူ့လက်မောင်း
နှင့် တင်းတင်းလေး ပွေ့ဖက်ထားခဲ့၏။ ချောင်းသာကမ်းခြေ
ရောက်တော့ အမှောင်ပင်လွှမ်းနေသည်။

"တီ…နှင့်အမေ ရောက်နေတယ်ဟ၊ နေ့လယ်ကတည်
ကလေ၊ နင့်ကိုမေးနေတယ်၊ အခု အဆောင်(၁) သီးသန့်ဆော
မှာ"

"ဟင်"

မေမေက သူမ နေတဲ့ ဝန်ထမ်းဆောင်မှာ ရှိမနေ
ဘာဖြစ်လို့များ အထူးဧည့်ခန်းဆောင်မှာ တည်းခိုနေရတာလဲ
တီတီတာတာ စဉ်းစား၍ပင်မရ။ ကိုက ကားနှင့်ပြန်သွားပြီး
တီတီတာတာနှင့် နေမာက ဆိုင်ကယ်နှင့် ဟိုတယ်ကောင်းကင်
ဆီ ပြန်ရောက်လာခဲ့ကြသည်။

"ထူးတော့ထူးဆန်းတယ် တီ၊ နင့်အမေနဲ့အတူ
ဒေါ်ရီတာနွယ်နဲ့ သော်ကချစ်တို့လည်း ပါတယ်"

"ဟင်"

မေမေနဲ့ ဒေါ်ရီတာနွယ်တို့ သိစရာအကြောင်းမရှိ



ဘယ်လိုဖြစ်ပြီး အတူတူရှိနေရတာလဲ။ မေမေ့အကြောင်းလည်း
တီတီတာတာ သိပြီးသားပါ။ ငွေကြေးစည်းစိမ်ဥစ္စာကို မက်မော
သူတော့မဟုတ်။ ဘာကြောင့်လဲ။ သူမ အဝတ်အစားအမြန်လဲပြီး
မေမေရှိနေတဲ့ အထူးဧည့်ဆောင်ကို သွားသည်။

"မေမေ ဘယ်လိုဖြစ်ပြီး ဒီကိုရောက်လာရတာလဲ၊
အကြောင်းလည်း မကြားဘူး၊ ဟိုတယ်ပိုင်ရှင်တွေနဲ့ရော မေမေ
ဘယ်လိုလုပ်ပြီးသိတာလဲ"

မေမေက တီတီတာတာ့ကိုတွေ့တော့ ဖက်ပြီး မျက်ရည်
တွေကျနေသည်။ ဝမ်းနည်းကြေကွဲစွာ ငို၏။ မေမေ ဘာဖြစ်လာ
သို့လဲ။ ဖေဖေရောလို့ မေးနေတာပင် ရုတ်တရက် မဖြေနိုင်သဖြင့်
ဖေဖေများ တစ်ခုခုဖြစ်ပြီလားဟု တီတီတာတာ စိတ်ပူမိသည်။

"ပြောပါ မေမေ၊ သမီး ရင်ပူလိုက်တာ၊ ဖေဖေ ဘာဖြစ်
သို့လဲဟင်"

"သမီးဖေဖေလေ သူတော်ကောင်းကြီး၊ သူများကို
အာမခံ ပြီး ငွေတွေချေးပေးလိုက်တာ အခု ပြန်မရလို့
အဖမ်းခံရတော့မယ့် ဟာ ကံကောင်းလို့ပေါ့အေ"

"ရှင်"

မေမေပြောနေတဲ့ စကားတွေကို တီတီတာတာ

www.burmeseclassic.com



ရုတ်တရက် နားမလည်နိုင်ပေ။ ရှိတာလေးနှင့် စားသောက်နေထိုင်တတ်ကြပြီး ပျော်ရွှင်ချမ်းမြေ့စရာ မိသားစုလေးပါ။ မေမေကလည်း ငွေကို စည်းစနစ်ကြီးကြီး စုဆောင်းသုံးစွဲတတ်သည်။ ပြဿနာ မရှိကြ။ ဖေဖေက ဘယ်သူ့ကိုအာမခံပြီး ငွေတွေချေးရတာလဲ။ မေမေ့ကို တီတီတာတာ နားမလည်နိုင်ဘဲ ကြည့်မိနေသည်။

"သူ့မိတ်ဆွေတစ်ယောက်ကို နိုင်ငံခြားထွက်ဖို့ဆိုပြီး သမီးဖေဖေက လက်မှတ်ထိုး ငွေချေးပေးတာလေ၊ သိန်း၄ါးဆယ်တဲ့"

"ဟင်"

"အဲဒီ သိန်းငါးဆယ်က အတိုးထက်ပြီး သိန်းနှစ်ရာလောက် ဖြစ်နေတယ် သမီးရယ်"

"ဘာပြောတယ် မေမေ၊ အဲဒီလူရော၊ ဘာတွေလဲ၊ တီတော့ နားမလည်တော့ဘူး"

"အဲဒီလူက သတင်းအစအန ပျောက်သွားလိုက်တာ တစ်နှစ်လောက်တောင် ရှိနေပြီလေ၊ ညည်းအဖေ သူတော်ကောင်းကြီးက သူ့လုပ်တာပါလို့ လက်မှတ်တောင် နှိပ်ထားတာတဲ့၊ အဲဒီအကြွေးကို ပြန်ဆပ်တောင်းလို့ မေမေတို့အိမ်ကို ရောင်းပေးရင်တောင် မကြေဘူးလေ"

ဖေဖေက စိတ်သဘောကောင်းပြီး လူတစ်ဖက်သားအား



သနားတတ် ကူညီတတ်တာတော့ တီတီတာတာ သိသည်။ ဖေဖေကိုယ်တိုင် ရိုးသားအေးချမ်းသူပါ။

"ဖေဖေ မရှင်းနိုင်လို့ အဖမ်းခံရတော့မယ့်အချိန်မှာ သမီးကုမ္ပဏီပိုင်ရှင် ဒေါ်ရီတာနွယ် ရောက်လာပြီး ငွေတွေကို ပြန်ဆပ်ပေးတော့တာပါပဲ"

"ဟင်"

"ဒီကိစ္စကို ဘယ်သူ့မှမသိစေချင်ဘူးတဲ့လေ၊ တီတီတာတော့ ဂုဏ်သိက္ခာအတွက်ပါတဲ့၊ ဖေဖေလည်း စိတ်တွေချောက်ချားပြီး သူ့ကိုယ်သူတောင် သတ်သေဖို့ ကြိုးစားသေးတယ်"

တီတီတာတာပင် စိတ်ပူပင်ရလွန်းလို့ စိတ်တွေ ပူလောင်မွန်းကျပ်သွားရသည်။ ဖြစ်မှဖြစ်ရလေ ဖေဖေရယ်။ တီတီတာတာက ဖေဖေ့ကို အချစ်ဆုံးပါ။ မေမေက စည်းကမ်းကြီး၍ တီတီတာတာနှင့် သိပ်မတည့်။ ဖေဖေကပဲ သမီးကို အကာအကွယ်ပေးတာပါ။ အကြွေးရှင်နဲ့ ဒေါ်ရီတာနွယ်က မိတ်ဆွေအသိတွေတဲ့။ တီတီတာတာ့စိတ်တွေ လေးလံသွားရသည်။

"ဒေါ်ရီတာနွယ်က ဖေဖေ့အကြွေးရှင်နဲ့ သိနေတယ်၊ ထောင်ချပစ်မယ် ဘာမယ်ဖြစ်နေလို့ ဝင်ပြီးအကူအညီပေးတာလေ၊ တော်ပါသေးရဲ့ကွယ်၊ မေမေ့ကိုလည်း ချောင်းသာလိုက်လည်ပါဦး၊

www.burmeseclassic.com



သမီးလေးနဲ့တွေ့ပါတဲ့၊ ဂရုတစိုက် ခေါ်လာတာပါပဲ၊ သမီး ကုမ္ပဏီပိုင်ရှင်ရဲ့ အကြွေးကိုတော့ မေမေက အိမ်ရောင်းဆပ်မယ်၊ ဒေါ်ရီတာနွယ်ကတော့ စိတ်အေးအေးထားပါတဲ့၊ အလောတကြီး ဆပ်စရာမလိုပါဘူးတဲ့လေ''

ဒေါ်ရီတာနွယ်ရဲ့ လုပ်ဆောင်ချက်တွေက သေသပ်ပိရိ နေသည်။ တီတီတာတာ ထောင်ချောက်ထဲ တိုးဝင်မိပြီပဲ။ ဖေဖေ့ ရဲ့ ဒုက္ခအခက်အခဲတွေကို ကူညီကယ်တင်ပေးခဲ့သော ကျေးဇူးရှင် ကြီး ဖြစ်သွားပြီလေ။ ဒေါ်ရီတာနွယ်အတွက် ဒီလောက် ငွေကြေး အတိုင်းအတာ မပြောပလောက်ပေ။ ဒေါ်ရီတာနွယ် ဖြန့်လိုချင် တာကလည်း ငွေကြေးမဖြစ်နိုင်ပေ။ တီတီတာတာ့ကိုသာ ချွေးမ လောင်းအဖြစ် သော်ကချစ်နဲ့ လက်ထပ်ပေးဖို့ပဲ လိုအပ်သည်။

''မေမေ တည်းရတဲ့ အခန်းကြီးက ကောင်းလိုက်တာ သမီးရယ်၊ ပင်လယ်ပြင်ကြီးကိုလည်း သွားချင်နေတာလေ၊ မေမေ တော့ ပျော်သလိုလို ငိုချင်သလိုလိုနဲ့၊ ညည်းအဖေက ဒေါ်ရီတာနွယ့် ကို ထိုင်ရှိခိုးတော့မတတ် ကျေးဇူးတင်နေတယ်''

ကို…တီတီတာတာ ဘယ်လိုလုပ်ရမလဲဟင်။ တီတော့ ကိုနဲ့ဝေးရဖို့ အကြောင်းတရားတွေ ဖန်လာပြီထင်တာပဲ။ သူမ နှလုံးသားတွေ စူးနင့်နာကျင်စွာ ကိုယုယချစ်နှင့် ဘယ်လိုဆက်ပြီး





ရင်ဆိုင်ရမလဲဆိုတာ မတွေးရဲတော့ပေ။ တီတီတာတာတို့ အိမ်လေး ဘယ်လောက်တန်မှာလဲ။ သိန်းနှစ်ရာဆိုတဲ့ ငွေကြေးအတိုင်းအတာ က တီတီတာတာတို့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ပမာဏပဲ။ ဒေါ်ရီတာနွယ်လည်း ရောက်လာသည်။

''တီတီတာတာ သမီးလေး ဘာမှသော်ကမရောက်ပါ နဲ့၊ မာမီလေးက ကူညီတာပါနော်''

''ကျေးဇူးပါပဲ မာမီလေးရယ်၊ တီ ဘယ်လိုပြောရမလဲ၊ ကျေးဇူးအရမ်းတင်ပါတယ်လို့ပဲ ပြောချင်ပါတယ်''

''အေးကွယ် ရပါတယ်၊ မာမီလေးက တီတီတာတာ့ကို ဘယ်လောက်အထိ သံယောဇဉ်တွယ်ရလဲဆိုတာ တီတီတာတာ အသိဆုံးပါပဲလေ''

တီတီတာတာနှင့် ယုယချစ်တို့ ချစ်သူတွေဖြစ်နေကြတဲ့ သတင်းတွေ ဒေါ်ရီတာနွယ် ကြားနေရသည်။ ရမလား။ မင်းက တမင်သက်သက် ဖြတ်လုချင်တာပဲ ယုယချစ်။ ငါ့သားငယ်နဲ့ ရည်မှန်းထားတယ်ဆိုတာ မင်း သိသိကြီးပဲလေ။ ဘယ်တုန်းကမှ မိန်းကလေးတွေနဲ့ ပတ်သက်ရမှာ ဝန်လေးတတ်တဲ့ ယုယချစ်က တီတီတာတာနဲ့ ချစ်သူဖြစ်တယ်တဲ့လား။

ရီတာနွယ့်အကြောင်း မင်း ကောင်းကောင်းသိစေရမယ်



www.burmeseclassic.com

www.burmeseclassic.com



ယုယချစ်။ တီတီတာတာက ငါ့သားငယ်အတွက်ပဲ ဖြစ်စေရမယ်။ စိတ်ထဲကနေ ကြိမ်းဝါးနေမိသည်။

◆ ◆ ◆

## အခန်း (၁၇)

"တီတီတာတာ"

"ဟင်"

သူမ ရေကူးကန်မှာ တာဝန်ကျနေတုန်း ကိုသော်ကချစ် ရောက်လာသည်။ တီတီတာတာ စိတ်ပျက်မိ၏။ ကိုယုယချစ်က ဘယ်လိုထင်မလဲ။ တီတီတာတာ့ကို အပြောင်းအလဲမြန်သည့် မိန်းကလေးဟု ထင်မှာလည်း စိုးရိမ်ပူပန်နေသည်။

"ကိုယ့်ကို ရေကူးသင်ပေးပါလား"

"ရှင်"

"ကိုယ် တကယ်ပဲ ရေမကူးတတ်တာပါ၊ တီတီတာတာ တာဝန်ခံဆိုတော့ သင်ပေးရမယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



တီတီတာတာ ငြင်းလို့မရဘူးဆိုတာ သော်က သိသည်။ ရေကူးကန်မှာ တာဝန်ကျနေတဲ့ တီတီတာတာက ရေကူးဝတ်စုံ အနီရဲရဲလေးနှင့် လိုက်ဖက်စွာ ဝင်းအိတောက်ပနေသည်။ သော်က ချစ် တွေ့ဖူးတဲ့ မိန်းကလေးတွေထဲမှာ အလှန့်အလှန် စွဲမက်စရာ ကောင်းနေ၏။ တီတီတာတာကတော့ မျက်ဝန်းလေးက တင်းတင်း လေးပဲ။ ယုယချစ်ကြောင့်လား။ မင်းက ငါရည်မှန်းထားတဲ့ မိန်းကလေးကို လုချင်တာလား ယုယ။ မင်းမာမီက ဘာလဲ တီတီတာတာက သူ့ကို ရေကူးသင်ဖို့အတွက် အခြေခံအချက်တွေ ပြောပြနေသည်။

"ရှင် တကယ်ပဲ ရေမကူးတတ်တာလား ကိုသော်က ချစ်"

"တကယ်ပါ"

ရှင့်ကို မယုံပါဘူး။ အလကားလူ။ တီတီတာတာ့ကို တမင် အရောတဝင်လာလုပ်နေတာ မဟုတ်လား။ ရေမကူးတတ် ဘူးဆိုတာ မဖြစ်နိုင်ပါဘူး။ သူ့အကြည့် စူးစူးနစ်နစ် ရီရီဝေဝေ တွေကို သူမ မုန်းမိသည်။

"ကိုယ် တကယ်မကူးတတ်တာပါ တီတီတာတာ ကိုယ်က အရမ်းကြောက်တယ်၊ ရေကူးတာ ဝါသနာမပါဘူး၊ အခု





တီတီတာတာကြောင့် ရေကူးတတ်ချင်သွားတာလေ"

"ကျွန်မကိုတော့ မနှောက်ပါနဲ့၊ ပြီးတော့ ကျွန်မတာဝန် က မိန်းကလေးတွေကိုပဲ ကူညီသင်ကြားပေးရမှာပါ"

"ကိုယ်က ဟိုတယ်ပိုင်ရှင်ရဲ့သားဆိုတော့ အထူးအခွင့် အရေးပဲလေနော်၊ ကိုယ်က မင်းနဲ့ပဲ သင်ချင်လို့ဗျ"

လောလောလတ်လတ် ဖေဖေ့ကို ထောင်ထဲမဝင်ရအောင် ကယ်တင်စောင့်ရှောက်ထားသော ကယ်တင်ရှင်ကြီး ဒေါ်ရီတာနွယ် ရဲ့ သားဖြစ်နေ၍ တီတီတာတာ မငြင်းသာပေ။ သူမအား ဒေါ်ရီတာနွယ်က ချွေးမလောင်းအဖြစ် သတ်မှတ်ထားတာလည်း သူမ သိနေသည်။ မုန်းလိုက်တာနော်။ ကံကြမ္မာတွေက တီတီ တာတာတို့ ချစ်သူနှစ်ယောက်ကြားမှာ ဝင်ရောက်မွှေနှောက်တော့ မယ်ထင်ပါရဲ့။ သူမ စိတ်မသက်သာနှင့် ရေထဲဆင်းလိုက်သည်။

"အို"

"ဟင်"

"အမေ့"

ရေကန်ထဲရောက်သည်နှင့် သော်ကချစ်က သူမခန္ဓာကိုယ် လေးအား ဖွေ့ယမ်းသိမ်းကျုံးမွေ့ဖက်လိုက်သည်။

"ဟား..ဟား..ဟား..ကိုယ် ရေမကူးတတ်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မင်းက တကယ်ယုံတာပဲ၊ တကယ်တော့ ကိုယ်က ငါးရံ့လေး ဖမ်းချင်တာကွ"

"ရှင်...ရှင်"

"ငါးရံ့ပြောင်ချောချောလေးလား၊ ရေသူမလေးလား အရမ်းချစ်စရာကောင်းတယ်"

"လွှတ်နော်...ရှင် ဘာလုပ်တာလဲ၊ ဖယ်ပါ"

သူ ရေကူးကျွမ်းကျင်သူအဖြစ် တီတီတာတာ သိလိုက်ရသည်။ သူမခန္ဓာကိုယ်လေးက သူ့လက်တွေထဲမှာ ယက်ကန်ယက်ကန်နှင့် ငါးရံ့လေးတစ်ကောင်ဖမ်းသလို သူမ ရုန်း၍ တီတီတာတာက အ တာ။ သူ ရေမကူးတတ်ဘူးဆိုတာ ဖြစ်နိုင် ပါ့မလား။ သူမ မျက်ဝန်းလေးတွေပြူးကျယ်ကာ အထိတ်တလ နှင့် ရုန်းဖယ်နေပေမယ့် လွတ်ထွက်မသွားပေ။ ရေထဲမှာ ကြာ ကြာနွယ်တွေလို သူ့လက်တွေက သူမခန္ဓာကိုယ်လေးအား ရစ်ပတ် နေသည်။

"ဟား...ဟား..ဟား...ချစ်တယ်ကွာ၊ အရမ်းချစ်စရာ ကောင်းတာပဲ၊ ပြောင်ချောချော ငါးရံ့ပေါက်လေးက အဖမ်း သိပ်မခက်ပါလား"

သူ့မျက်နှာက တီတီတာတာ မျက်နှာလေးပေါ် အပ်ကျ



လာသဖြင့် နာကြည်းခါးသီးစွာ ရုန်းဖယ်ပစ်မိသည်။ ဒါပေမဲ့ သူက ခန္ဓာတောင့်တင်းသော ယောကျ်ားဖြစ်နေ၍ သူမ နှုတ်ခမ်းလေး ခွေးနာကျင်သွားရ၏။ မုန်းလိုက်တာ။ ရွံတယ်။ သွားပါပြီ။ တီတီတာတာ့ဘဝ ရေတိမ်မှာနစ်ရတော့မယ်။ ဒေါ်ရီတာနွယ့်အား တီတီတာတာ လွန်ဆန်နိုင်ခြင်းရှိတော့မှာမဟုတ်။ မော်ကချစ်ကိုပဲ သူမ လက်ထပ်ရတော့မည်။

ကိုရယ်...တီတီတာတာ ဘာလုပ်ရမလဲဟင်။ သူက သူမအား ငါးရံ့လေးတစ်ကောင် ဖမ်းမိထားသလို ဆော့ကစား ချင်တိုင်း ဆော့ကစားနေသည်။

"ကိုယ်တို့က မကြာခင် လက်ထပ်ကြရမယ့်သူတွေပါ တီတီတာတာ၊ လင်မယားတွေဖြစ်မှာပဲ၊ ကိုယ့်အချစ်တွေကို ငြင်းဆန် မနေပါနဲ့တော့"

"လွှတ်ပါ၊ ရှင်နဲ့ကျွန်မ တရားဝင်မှ စီစဉ်ထားတာမှ မရှိတာဘဲ၊ ကျွန်မကို အဲဒီလို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံတာမျိုး မလုပ်ပါနဲ့"

"ကိုယ် ဘာရိုင်းစိုင်းလို့လဲကွာ၊ ယဉ်ကျေးပါတယ်၊ ချစ်လို့ အနမ်းလေးပဲ ပေးတာပါ၊ အကြင်နာတွေလေ"

လူယုတ်မာဆိုသည့် စကားလုံးက သူမနှုတ်ခမ်းတွေမှ

www.burmeseclassic.com

www.burmeseclassic.com



ခုန်ထွက်လာမည်ကို တီတီတာတာ အချိန်မီ ထိန်းချုပ်ပစ်လိုက်ရသည်။ ဖေဖေ့ကို သွားရောက်ထိခိုက်မှာစိုးမိ၍ဖြစ်၏။ ဒေါ်ရီတာနှယ့်မှာ ဘယ်လိုအကြံတွေရှိနေမှန်းမသိ။ ကိုယ့်ကိုယ်ကိုတောင်သေကြောင်းကြံစည်သည်အထိ နာကျင်ထိခိုက်နေရှာတဲ့ ဖေဖေ့အတွက် တီတီတာတာ အောင့်အည်းသည်းခံနေရသည်။

"ကဲပါကွာ၊ မစတော့ပါဘူး၊ ကိုယ်ချစ်မြတ်နိုးပြီး တန်ဖိုးထားရတဲ့ ဇနီးလောင်းလေးဖြစ်နေလို့လေ၊ တော်ပါပြီ··ကန်ပေါင်ပေါ် ပွေ့ချီတင်ပေးမယ်နော်"

သူမကိုယ်လုံးလေး ဆွေ့ခနဲ ကန်ပေါင်ပေါ်ရောက်သွားသည်။ ပတ်ဝန်းကျင်ကလူတွေ မြင်တွေ့သွားရင် ဘယ်လိုလုပ်မလဲ။ နည်းနည်းလေးမှ အညှာတာ အထောက်အထားမရှိ ကြမ်းရမ်းစွာဆက်ဆံနေသဖြင့် သူမ ဒေါသတကြီးနှင့် သူ့ခန္ဓာကိုယ်အား ဆောင့်တွန်းပစ်လိုက်ပြီး မတ်တတ်ရပ်လိုက်သည်။

"ယုယချစ်က ဘာအထင်ကြီးစရာမှ မရှိဘူးနော် တီတီတာတာ၊ မင်းနဲ့ ချစ်သူတွေဖြစ်ကြတာ ဒက်ဒီသိသွားရင် ယုယ ဘဝပျက်ပြီပဲမှတ်၊ ကိုယ်နဲ့ အစောကြီးကတည်းက လက်ထပ်ပေးမယ့် မာမီ့ချွေးမလောင်းဆိုတာ ဒက်ဒီ သိထားတယ်လေ၊ ယုယက မိန်းကလေးတွေနဲ့ ဘယ်တုန်းက ပတ်သက်ဖူးလို့လဲ"



"ရှင်··ရှင်"

"ယုယ အမေက ကိုယ်ရေပြားရောဂါသည်ကြီးလေ တီတီတာတာ၊ မင်းကိုပြောပြလား၊ ကိုယ့်ချစ်သူ ဇနီးလောင်းကိုလိုတာ ဒက်ဒီသိသွားရင် မောင်းထုတ်ခံရပြီပဲ"

"ကိုယုယချစ်က ရှင့်အစ်ကိုပါ ကိုသော်ကချစ်၊ သူ့မာမီခဲ့ယောက်ျားကို ရှင့်မာမီက လုယူထားတာလေ၊ ရှင်တို့ နည်းနည်းပါးပါးတော့ ညှာတာဖို့ကောင်းပါတယ်"

"သူ့မာမီ ကိုယ်ရေပြားရောဂါသည်ကြီးက ဒက်ဒီ့ကိုဘာတာဝန်ကျေမလဲ၊ မာမီက စိတ်ဓာတ်တွေ ယိုယွင်းပျက်စီး၊ ညစ်ထွေးနေတဲ့ ဒက်ဒီ့ဘဝကို ဖေးမကူညီရတာကွ"

သော်ကချစ်နှင့် ယှဉ်ပြိုင်ရင်ဆိုင်ပြောဆိုရန် မဖြစ်နိုင်ကြောင်း တီတီတာတာ သိနေခဲ့သည်။ ချစ်သူအား ပြစ်ပြစ်ခါခါ ငြင်နင့်သည်းသည်း ပြောဆိုမှုတွေအတွက် တားဆီးပိတ်ပင်ကန့်ကွက်ပိုင်ခွင့်မရှိခဲ့တာပဲ။ သူမကိုယ်သူမ နာကြည်းမုန်းတီးလာသည်။ သော်ကချစ် ပြုသမျှ နရတော့မည့် သူမဘဝမှာ ကိုနဲ့ပတ်သက်ထိခိုက်စရာတွေပဲ ကြားလာရမှာဖြစ်၍ သော်ကချစ်အား ကျောခိုင်းကာ ပြန်ထွက်လာခဲ့သည်။

"တီတီတာတာ"

www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

''မင်းမေမေ ဘာလာလုပ်တာလဲကွာ၊ ဒေါ်ရီတာ
လိုက်လာတာဆို၊ အထူးဧည့်ခန်းဆောင်မှာ တည်းနေတယ်မဟု
လား၊ ဘာတွေလဲ''

''ကျွန်မကို မေ့လိုက်ပါ''

''ဘာ''

''ကျွန်မတို့နှစ်ယောက် ချစ်သူအဖြစ်ကနေ ရပ်စဲပ
ကျွန်မ တောင်းပန်ပါတယ်''

''တီတီတာတာ မင်း..မင်း ဘာတွေပြောနေတာ
ကိုယ်တို့နှစ်ယောက်ရဲ့ ချစ်သူဘဝက သူတို့နဲ့ဘာမှမဆိုင်
သူတို့ကို ကြောက်နေစရာလည်း မလိုဘူး၊ ကိုယ်တို့က အ
ထွက်ကြမှာပဲ၊ ဘဝသစ်ကို စကြမှာလေ''

''ဟင့်အင်း''

''ဘာ''

''မဖြစ်နိုင်တော့လို့ပါ၊ ကျွန်မကိုသာ မေ့ပစ်လိုက်
အကောင်းဆုံးပါပဲ''

''တီ''

''တောင်းပန်ပါတယ်''



ကြားရတဲ့ သတင်းစကားတွေကြောင့် ယုယ စိတ်တွေ
ပ်ရှားကာ စိုးရိမ်ပူပန်ပြီး ချစ်သူ တီတီတာတာနှင့်တွေ့ဆုံရန်
က်လာခဲ့ရာ ဝန်ထမ်းဆောင်နားတွင် ချစ်သူနှင့်ဆုံမိသည်။ သူ
တီတာတာ ပြောတဲ့စကားတွေ နားမရှင်း၍ တားဆီးမည်အပြု
င် ရေကူးကန်ကနေ လျှောက်လာသော သော်ကချစ်ကို တွေ့
က်ရ၏။ အခြေအနေတွေကိုသာ သူ နားလည်သိရှိသွားရသည်။
တီတာတာက ရေပေါက်တွေ စိုလက်နေတဲ့ ရေကူးဝတ်စုံနှင့်
ကိုယ်လေးအား တဘက်နှင့် မလုံ့တလုံ ကာကွယ်ထားသလို
သော်ကချစ်ခန္ဓာကိုယ်မှာလည်း ရေကူးဝတ်စုံနှင့် ရေပေါက်တွေ
န်းထင်းနေသည်။

ဘာတွေလဲ။ မင်းနဲ့ သော်ကချစ် ရေကူးကန်မှာ ဆော့
စားနေကြတာလား။ သော်ကချစ်နှင့် သူ ရင်မဆိုင်လိုပေ။ သူ
ဏ်သိက္ခာကို ပွန်းပဲ့ထိခိုက်စေမည့် အခြေအနေကို မဖန်တီးလို
သဖြင့် ရှောင်ထွက်လာခဲ့သည်။

''ယုယ ဘာလဲ၊ မင်းက ငါ့ကို မင်းမာမီအတွက်
လက်စားပြန်ချေနေတာလား၊ တီတီတာတာက ငါ့ဖနီးလောင်းလေ၊
င်း သိသိကြီးနဲ့ကွာ၊ လုရက်တယ်''

သော်ကချစ်ရဲ့ ရိသဲ့သဲ့ မထေမဲ့မြင်စကားလုံးတွေကို

www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်ပြောဆိုခြင်းပြုမနေတော့ဘဲ မကြားချင်ယောင်ဆောင်ကာ သူ့အဆောင်ရှိရာဘက်ပဲ ကွေ့ရှောင်ထွက်လာသည်။ ဒက်ဒီကရော ဘာပြောမလဲ။ တီတီတာကာနှင့်သူ ပထမဆုံး တွေ့ခဲ့ကြတာကို ဘယ်သူက လက်ခံမလဲ။ သူတွေးမိဖို့ ကောင်းသည်။ သူ လူမှန်းသိတတ်လာကတည်းက ထည်တည်ကြည်ကြည်နှင့် ဂုဏ်သိက္ခာကြီးမားစွာ နေထိုင်လာခဲ့တာပါ။ သူ ဘာဖြစ်လို့များ မိုက်မဲလွန်းကာ တီတီတာတာ့ကို ချစ်သူဘဝရောက်တဲ့အထိ လွန်ကျူးခဲ့ရတာလဲ။ သူ့အဆောင်သို့ ပြန်ရောက်လာသည်။

"မင်း ဘာပဲဖြစ်ဖြစ် ကိုမြချစ်ရဲ့ သားတစ်ယောက်အဖြစ် အသိအမှတ်ပြုထားတာကိုပဲ ကျေးဇူးတင်စမ်းပါ သားကြီးရယ်၊ မာမီ အဖြစ်စေချင်ဆုံးဆန္ဒပဲကွယ်၊ မာမီ့မှာ ဘာမှပေးစရာမရှိပါဘူး၊ ရီတာနွယ့်ကိုလည်း မမုန်းပါနဲ့၊ မာမီ့ဘဝနဲ့ မာမီ့အကြောင်းပဲလေ၊ ယောက်ျားတွေအားလုံးက ဒီလိုပါပဲ သား"

မာမီက သူ့ကို ဒက်ဒီ အသိအမှတ်မပြုမှာ အစိုးရိမ်ဆုံးပင်။ ဒက်ဒီဆီက အမွေပုံကို ခံစားစေချင်နေသည်။ ထို့ကြောင့် သူ့ကို ဒက်ဒီကုမ္ပဏီမှာပဲ တာဝန်ကျေကျေ အမှားအယွင်းမရှိ လုပ်နေစေချင်ခဲ့၏။ အခုလို ပြဿနာတွေတက်နေတာသာ မာမီ သိသွားလျှင်တော့ သူ့ရဲ့ အကြီးမားဆုံးဆန္ဒကလည်း မာမီ စိတ်



ချမ်းသာဖို့ပဲဖြစ်သည်။ ဒေါ်ရီတာနွယ်က ဘယ်လောက်ပဲ မုရာမာယာတွေနဲ့ ဒက်ဒီကို စည်းရုံးသိမ်းသွင်းနေပါစေ၊ သော်ကချစ်က ဘယ်လောက်ပဲ ရိုင်းစိုင်းရင့်သီးနေပါစေ၊ မာမီ နည်းနည်းလေးမှ မသိစေခဲ့ရပေ။

တီတီတာတာ မင်းဘာဖြစ်လို့ ပြောင်းလဲသွားရတာလဲ။ ဟိုတယ်ကောင်းကင်ပြာကို သော်ကချစ်ပဲ ပိုင်ဆိုင်ရမယ်ဆိုတာ မင်း သေသေချာချာ သိသွားလို့လား။ သူ အံ့ဩတုန်လှုပ်သွားရတာက တီတီတာတာရဲ့ ပြောင်းလဲစိမ်းကားသွားခြင်းပဲဖြစ်သည်။

"မင်း ဘာဖြစ်လို့ ငါ့အချစ်တွေ လိမ်ညာလှည့်ဖြားပြီး ရယူခဲ့ရတာလဲ၊ ငါ့ဘဝကို အဆုံးမရှိ အရှက်ကွဲစေအောင် ဂုဏ်သိက္ခာတွေ ကင်းမဲ့သွားအောင် လုပ်ပစ်ခဲ့ရတာလဲကွာ၊ မင်း တော်တော်ရက်စက်တာပဲ၊ ကိုယ်ကျင့်တရား ညံ့ဖျင်းလွန်းတာပဲ"

တီတီတာတာနှင့် ပတ်သက်ဆက်ဆံမိတာကိုပဲ ယုယနောင်တကြီးစွာရပြီး အရှက်ကြီးရှက်မိသည်။ သော်ကချစ်နှင့် ဒီလောက်အထိ ပတ်သက်ရင်းနှီးနေလိမ့်မည်ဟု ယုယ မထင်မိခဲ့။ သော်ကချစ်ကို ဒီလိုပဲ မိန်းကလေးလှလှလေးမြင်လျှင် စနောက်အရောတဝင် လုပ်တတ်ပြီး တီတီတာတာက မာနတကြီး ငြင်းဆန်နေသည်ပဲ ထင်ခဲ့တာ။ သူ့ရဲ့ အကြီးမားဆုံး မှားယွင်းမှုပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိတီတာတာ မင်းက တော်တော်လေး ရှုံမှုန်းစက်ဆုပ်စရာကောင်းတဲ့ မိန်းမပဲ။ ငါ့ဘဝလေးကိုမှ လာပြီး ဖျက်ဆီးပစ်ရက်တယ်ကွာ။ သွားပါပြီ။ အဖတ်ဆယ်လို့မရတော့ဘူး။ သူက တည်တည်ခန့်ခန့်နှင့် အရည်အချင်းပြည့်ဝသော မန်နေဂျာတစ်ယောက်အဖြစ် ဝန်ထမ်းတွေအားလုံးက လေးစားကြသည်။

"အရှက်မဲ့လိုက်တာကွာ၊ ရွံလိုက်တာ၊ ငါတော်တော်စဉ်းစားဆင်ခြင်ဉာဏ်ကင်းမဲ့ခဲ့တာပဲ၊ မင်းကို ဖြူစင်တဲ့ မိန်းကလေးအဖြစ် ထင်ခဲ့မိတာကိုက ငါ့ရဲ့ညံ့ဖျင်းမှုပဲ"

သူ့ကိုယ်သူ ဘယ်လိုမှ ခွင့်လွှတ်လို့မရအောင် ယူယ၊ နာကြည်းမုန်းတီးမိသည်။ ငါ့ကို စိတ်ဒုက္ခတွေနဲ့ အပျော်တွေ ကင်းမဲ့အောင် မလုပ်ပါနဲ့လို့ ငါတောင်းပန်ခဲ့တာပါပဲ တီတီ တာတာ၊ မင်းဟန်ဆောင်နေခဲ့တာပဲ။ ငါ့ကို သူဌေးကြီး ဦးမြတ်ချစ်ရဲ့ သားကြီးအဖြစ်က မင်းက သွေးတိုးစမ်းခဲ့တာပဲ။

ပြဿနာတွေက မအေးချမ်းသေးဘူးဆိုတာ ယုယ သိနေသည်။ ဒေါ်ရီတာနွယ်က ငြိမ်ခံနေမှာမဟုတ်။ အဲဒီအခြေအနေကို အသုံးချပြီး သူ့အပေါ်၊ ဒက်ဒီရဲ့အမုန်းတွေ သံသယတွေ ထပ်တိုးသွားအောင် ကြံစည်တော့မှာပဲဖြစ်သည်။ လောကကြီး မတရားဘူး။ ငါ့ကိုမှ ရွေးချယ်ပြီး ကံဆိုးခြင်းတွေပဲ လက်ဆောင်ပေးနေသလား။





သူ အရက်တွေကို မနားတမ်းဘဲ တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေမိသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"တီတီတာတာ"

"ဟင်"

"နင် ဘာတွေလုပ်နေတာလဲ၊ သော်ကချစ်နဲ့ ရေကူးကန်မှာ ပလူးပလဲ လုပ်နေကြတယ်ဆို"

"အင်း"

"ဘာ"

"ဟုတ်တယ်လို့"

"နင်ရှူးနေလား၊ မန်နေဂျာကရော၊ လူရိုးလူအေး တို့မန်နေဂျာကို အရှက်သိက္ခာမဲ့အောင် နင် ဘာဖြစ်လို့ လှည့်ဖြားခဲ့တာလဲ"

ဖေဖေ့အကြွေးတွေ ဆပ်ပေးလို့ဆိုတဲ့အကြောင်း ပြောပြ





ရမှာလား။ အခြေအနေတွေအားလုံးက တီတီတာတာ့ ဆန္ဒတွေနှင့် တစ်ထပ်တည်းမကျနိုင်တော့ကြောင်း သိလာရသဖြင့် စောစောပဲ ဇာတ်လမ်းကို ရစ်ပတ်လိုက်တာပါပဲဟယ်။ တီတီတာ့တော့ နှလုံးသားတွေ နာကျင်ကြေကွဲကာ တစ်စစီ ခြေမွခြင်းခံလိုက်ရတာလည်း တီတီတာတာပဲ အသိဆုံးဖြစ်နေသည်။ ကို ခုလောက်ဆိုရင် ဘယ်လောက်များ နာကျင်ကြေကွဲနေမလဲ။ အရက်တွေ အလွန်အကျွံ သောက်နေပြီလားပဲ။

"နင်ပဲ ငွေမက်ဘူးဆို၊ မန်နေဂျာနဲ့ အလုပ်ထွက်ပြီး ဘဝကို ရင်ဆိုင်ဖြတ်သန်းမယ်ဆို၊ ပြီးတော့ မန်နေဂျာက နင့်ကို အရမ်းယုံကြည်ခဲ့တာပဲ"

တီတီတာတာ ရှုးသွပ်မတတ် ပေါက်ကွဲအော်ဟစ်ချင်နေတာဟ။ ငါ ဘယ်လောက်ခံစားနေရလဲ။ ငါ့ကြောင့် ပန်နေဂျာ ဘဝ အရင်ကထက် အဆပေါင်းများစွာ နာကြည်းကြေကွဲပြီး ခံပြင်းဒေါသတွေနဲ့ ပေါက်ကွဲနေရတော့မှာပါ။ ငါ သိတယ်နေဟ။ မန်နေဂျာ ငါ့ကိုယုံကြည်ပြီး သူ့မာမီအကြောင်းတွေပါ ဖွင့်ပြောခဲ့တာပဲ။ တီတီတာတာ့ဘက်မှ ရပ်ပစ်သင့်သည်ဟူ၍ ထင်မိသည်။ ဘာကြောင့်လဲဆိုတော့ မန်နေဂျာဘဝ ပိုရှုံနစ်မွန်းသွားစေမှာပဲ ဖြစ်၍ပင် ဒေါ်ရီတာနွယ်က မန်နေဂျာ ကိုယ်ကျင့်တရားတွေ အဆ



www.burmeseclassic.com

www.burmeseclassic.com



ဆယ်လို့မရအောင် လုပ်ပစ်တော့မှာပဲဖြစ်သည်။

"နှင် ဘာလုပ်တာလဲ၊ မန်နေဂျာ ဘယ်လိုနေမလဲ၊ နှင့်ကြောင့် မန်နေဂျာ အရှက်တကွဲနဲ့ ဒီဟိုတယ်ကောင်းကင်ပြာကနေ ထွက်သွားရမလား၊ မန်နေဂျာ့ဘဝအတွက်ရော နှင် ဘာဖြစ်လို့ ဒီလောက်ထိ ရက်စက်ရတာလဲ"

တီတီတာတာ ဘာမှ တုံ့ပြန်ပြောမနေချင်တော့။ ထင်ချင်သလိုသာ ထင်ကြတော့ဟာ။ နေမာကပင် တီတီတာတာ့ကို သူငယ်ချင်းအဖြစ်မှ ရပ်စဲကာ အလုပ်ထွက်တော့မည်တဲ့လေ။ မတတ်နိုင်တော့ဘူး။ ငါ့ ဖေဖေကြောင့်ပါ။ ဘဝတစ်သက်လုံး ရိုးသားဖြူစင်ပြီး စိတ်သဘောပြည့်ဝလွန်းတဲ့ ဖေဖေက ငါ့ကိုလည်း အချစ်ဆုံးလေ။ ငါ့ကို အမြဲတမ်းနွေးထွေးထွေးနဲ့ အကာအကွယ်ပေးခဲ့တဲ့ ဖေဖေ ထောင်ထဲဝင်ရမယ့်အရေး ငါဘယ်လိုလုပ်ပြီး ဥပေက္ခာပြုလိုက်ရမလဲ။ ကံကြမ္မာပဲလေ၊ ကိုယုယချစ်နဲ့ငါ ဖူးစာရေစက်မရှိတာပဲ။ သူမ ပစ္စည်းတွေသိမ်းပြီး မေမေနှင့်အတူ အထူးဧည့်ဆောင်မှာ တည်းရမည်ဖြစ်သည်။

"နှင့်ကို ဒီလောက်အထိ ငွေမက် ဂုဏ်မက်နေလိမ့်မယ်လို့ ငါ မထင်ခဲ့မိဘူး တီတီတာတာ၊ တကယ်ရွံ့ဖို့ကောင်းတယ်၊ နှင်ပိုင်တော့မယ့် ဒီဟိုတယ်မှာ ဘယ်တော့မှ အလုပ်မလုပ်ဘူး





အရှက်မဲ့လိုက်တာ"

"နှင် အလုပ်ထွက်ဖို့တော့ မကြိုးစားနဲ့အော်၊ လျှော်ကြေးကရှိသေးတယ်၊ လူမှုရေးနဲ့ အလုပ်တာဝန်ကို ခွဲခြားထားစမ်းပါ နေမာ၊ အလုပ်ထွက်ဖို့တော့ မစဉ်းစားပါနဲ့"

နေမာ အလုပ်ထွက်လိုက်လို့ မဖြစ်ဘူးဆိုတာ တီတီတာတာ သိနေသည်။ နေမာမိဘတွေလည်း ဆင်းရဲနွမ်းပါးကြတာပဲ။ ဒေါ်ရီတာနွယ်က သူ့အကျိုးစီးပွားကို ထိပါးလာလျှင် ခွင့်မလွှတ်တတ်။ မျက်နှာက ချိုသာပြီး ဖော်ရွေနေပေမယ့် ကြောက်စရာကောင်း၏။ သူမကြောင့် နေမာ အလုပ်လက်မဲ့နှင့် မိသားစု အခက်အခဲဖြစ်တာမျိုး မလိုလားပေ။ တီတီတာတာ ကိုယ်တိုင်လည်း သူမကိုယ်သူမ ရွံမုန်းနေသည်။ တီတီတာတာကြောင့် မန်နေဂျာရော၊ ဝန်ထမ်းတွေရော ကြိတ်မနိုင် ခဲမရ ခံပြင်းနေကြ၏။

အခု တီတီတာတာ အထူးဧည့်ဆောင်မှာ ဒေါ်ရီတာနွယ်ရဲ့ ချွေးမလောင်းအဖြစ် သွားရောက်နေထိုင်တော့မှာဖြစ်၍လည်း တီတီတာတာအား ပို၍ပင် မုန်းတီးရွံရှာနေကြမှာပဲ။ တီတီတာ့တာမှာ ရွေးချယ်စရာလမ်း မရှိတော့လို့ပါ။ ချောင်းသာကမ်းခြေက ပူလောင်လောင်ကြီးဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တီတီတာတာ"

"ရှင်...မာမီလေး"

"ခဏကြာရင် သမီးလေး အလှအပတွေ ပြင်ထားနော်၊ လှလှလေး၊ ဒီည အန်ကယ်မြတ်ချစ်နဲ့ တွေ့ဆုံဖို့ရှိတယ်။ လက်ထပ်ဖို့လည်း ဆွေးနွေးကြမယ်လေ"

"ရှင်"

"သြော်...မေမေက ပြောမပြထားသေးဘူးထင်တယ်၊ တီတီတာတာနဲ့ သားငယ်တို့ လက်ထပ်ကြဖို့ လူကြီးချင်းပြောဆိုထားပြီးကြပြီလေ"

"ဟင်"

"တီတီတာတာရယ် ရွှေချယ်မှု မှန်ကန်စမ်းပါ၊ မာမီလေး အရမ်းသဘောကျတဲ့ ချွေးမလောင်းလေးအဖြစ်ပဲ ဂုဏ်ရှိရှိ တင့်တင့်တယ်တယ် ရပ်တည်စမ်းပါကွယ်နော်"

မေမေကိုယ်တိုင်က လက်ခံသဘောတူလိုက်ပြီပဲလေ။ ဒေါ်ရီတာနွယ်က တီတီတာတာ့ ပခုံးလေးကို ကြင်ကြင်နာနာ ပုတ်ပြီး ရယ်ရယ်မောမော ပြောသွားသည်။ အခန်းဝတွင် တီတီတာတာ တောင့်တောင့်လေး အသိမဲ့စွာရပ်နေရာ မေမေက တီတီတာတာ့ လက်ကလေးကိုဆွဲပြီး အခန်းထဲသွင်းလိုက်သည်။





"သမီး တီ"

"ဟင်"

"ဒေါ်ရီတာနွယ်က သူ့သားအငယ်နဲ့ လက်ထပ်ပေးပါရစေတဲ့၊ တီတီတာတာ့ကို ချွေးမလေးအဖြစ်ပဲ ပေးပါတဲ့"

တီတီတာတာမျက်ဝန်းလေးက မေမေ့ဆီ ရွေ့ခနဲရောက်သွားချိန်တွင် မေမေ့ မျက်နှာပေါ်တွင် ဝင်းလက်တောက်ပနေသော အပြုံးချိုချိုတွေ တွေ့လိုက်ရ၍ မိခင်ရဲ့အပျော်ကို မဖျက်ဆီးပစ်ချင်၍ သူမပါ ရောယောင်ပြီး ပြုံးပြမိသည်။

"မေမေတို့မှာ အကြွေးပြန်ဆပ်စရာမှ မရှိတာပဲ၊ သမီးဖေဖေ ဘယ်လောက်အထိ စိုးရိမ်ပူပန်ပြီး သောကရောက်နေမလဲ၊ သူ့အပြစ်နဲ့သူဆိုပေမယ့် သမီးဖေဖေက ဖြူစင်ရိုးသားပါတယ်"

တီတီတာတာ့ရဲ့ နှလုံးသားရေးရာကိစ္စတွေကို မိဘတွေကို အပူကူးစက်သွားမည်စိုး၍ ဖွင့်မပြောပြဖို့ဘဲ စိတ်ကူးထားမိသည်။

"သူတို့က မေမေတို့အဆင့်ကို သူတို့သားနဲ့ လက်ထပ်ပေးဖို့ သဘောကျ တောင်းဆိုတာ ဝမ်းသာစရာပါလေ၊ အကြွေးတွေ ဝင်ဆပ်ပေးခဲ့တဲ့ ကျေးဇူးလည်းရှိတော့ မေမေ မငြင်းနိုင်တော့ဘူးကွယ်"

တီတီတာတာ့ မေမေလည်း ငွေတွေ ဂုဏ်တွေ မ[illegible]ပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်သေးသိမ် နိမ့်ကျသူတော့ မဟုတ်ပါ။ အခြေအနေအကြောင်းကြောင်းတွေကြောင့်ဆိုတာ တီတီတာတာ သိထားပြီးသားဖြစ်သည်။ ဒေါ်ရီတာနွယ်ရဲ့ အကွက်တွေကသာ သေသပ်ပိရိနေတာပါ။ ဒေါ်ရီတာနွယ် အကြောက်ဆုံးက သော်ကချစ် ရှုပ်ပွေနေတဲ့ အယ်နီဆိုတဲ့မိန်းမကို ချွေးမအဖြစ် တော်ရမှာပဲဖြစ်နေ၏။ တီတီတာတာ့လို ချောမောလှပပြီး ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ကို ချွေးမအဖြစ် ရယူချင်နေတာပဲဖြစ်သည်။

"ကောင်လေးကလည်း မဆိုးပါဘူး၊ သန့်သန့်ချောချောလေးပဲ၊ ဘာပဲဖြစ်ဖြစ် မေမေတို့ ခံစားခွင့်မရရင်တောင် သမီးလေးတီတီတာတာ ရွှေပုံပေါ်မှာစံရရင် ကျေနပ်ပါပြီကွယ်"

"ဖေဖေရော သိသွားပြီလားဟင် မေမေ"

"သိပြီလေ၊ မေမေ ဖုန်းဆက်ပြောပြလိုက်တယ်၊ သမီးလေး ဆန္ဒအတိုင်း ဖြစ်စေချင်ပေမယ့် ငြင်းဆန်လို့လည်း မကောင်းဘူးတဲ့၊ ဖေဖေက သမီးလေးကိုပဲ အားနာနေတယ်"

"ရပါတယ် တီက ဖေဖေဆန္ဒပဲ အဓိကပါ၊ သူဌေးသားနဲ့တော့ သိပ်ပြီးမရင်းနှီးဘူးလေ၊ ဒါပေမဲ့ သူတို့က ကျေးဇူးရှင်တွေ မဟုတ်လား"

မထူးတော့ပါဘူးလေ။ အခြေအနေက ဖြစ်လာပြီမို့



ာတွေ စိတ်ချမ်းသာ ကိုယ်ချမ်းသာနေထိုင်စေဖို့ပဲ ဖြည့်ဆွမ်းပေးဖို့ ဆုံးဖြတ်ထားမိသည်။ သူမမျက်နှာပေါ်မှာ အပျော်တွေအပြုံးတွေပဲ ရှိနေကာ နှလုံးသားတွေ လောင်းကျွမ်းကြေမွနေတာတော့ ဖုံးကွယ်ထားလိုက်၏။ ဘာပဲဖြစ်ဖြစ် တီလည်း ကံကောင်းပါတယ်။ သူဌေးသားနဲ့ လက်ထပ်ရမှာပဲ၊ ဖေဖေလည်း တီတီ ာတာအတွက် စိတ်အေးရမှာပေါ့ဟု ရယ်မောပျော်ရွှင်စွာခပ်ပါးပါးလေး ပြောပစ်လိုက်သည်။

"ဟုတ်တယ် သမီး၊ ဖေဖေကတော့ အရမ်းဝမ်းသာနေတယ်၊ သမီးလေးအတွက် ကံကောင်းတယ်တဲ့၊ သူတို့က အရမ်းချမ်းသာကြတာတဲ့၊ သမီးဖေဖေက တကယ့်ကို ရိုးသားတာပါ၊ လူတွေကို သနားတတ် ကူညီတတ်တယ်လေ"

ဖေဖေ သူများကိုကူညီတာ သူမတို့ ငယ်စဉ်လေးကပင်။ မကြာခဏလည်း နစ်နာဆုံးရှုံးမှုတွေနှင့် ကြုံရပြီး ပြဿနာတက်ရသည်။

"သမီးရဲ့သူဌေး ကူညီလို့ပဲလေ၊ သမီးဖေဖေ ထောင်ထဲရောက်တော့မလို့၊ သူက အာမခံထားတာလေ၊ သူ့လက်မှတ်နဲ့တိုချေးပေးထားတာ"

ဖေဖေ့အတွက် တီတီတာတာပေးဆပ်ရတော့မည်ပဲ

www.burmeseclassic.com



ဖြစ်သည်။ သော်ကချစ်အား မချစ်ရင်လည်း လက်ထပ်ရတော့… ပဲ။ ဒေါ်ရီတာနွယ်ရဲ့ ချွေးမအဖြစ် ထားရာနေ စေရာသွား… သော်ကချစ် ရှုပ်ပွေသမျှ သည်းခံနေထိုင်ရမှာလား။ ကိုယုယ… အား ဒုက္ခပေးမှာပဲ သူမ စိတ်ပူမိနေသည်။ မေမေကတော့ … နေ၏။ တီတီတာတာလည်း မေမေ ပျော်ပါစေတော့ဟု အလှ… တွေ အစွမ်းကုန်ပြင်နေသည်။

"တီက အရမ်းလှတာပဲ၊ ဒါကြောင့်လည်း သူဌေး… ရဲ့ ချွေးမလေးဖြစ်ရတာပေါ့၊ ဒေါ်ရီတာနွယ် အရမ်းဖော်ရွေတယ်… သမီးကိုလည်း အရမ်းချစ်တာတဲ့"

ဒေါ်ရီတာနွယ်ရဲ့သား သော်ကချစ်ဆိုတာ မိန်းကလေး… တွေနှင့် ရှုပ်ပွေနေတတ်တာရော၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား သုံးဖြုန်း… နေတာရော မေမေက မသိပေ။ ကိုယုယချစ်နှင့် ဝေးသွားတာ… တီတီတာတာ့ ဘဝတစ်သက်သာလုံး ကြေကွဲနာကျင် ခံစားနေရ… တော့ သေချာနေသည်။ ကိုရယ်…တီတီတာတာ ဘာလု… ရမလဲဟင်။ ကိုနဲ့အတူ အလုပ်ကထွက်ပြီး ဘဝသစ်ထူထောင်… ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူးလေ။ ကို တီတီတာတာ့ကို အထင်… မှန်းတီးနေတာပဲ ကောင်းပါတယ်လေ။ ဘာကိုမှ ရှင်းမပြချင်တော့… အလှအပတွေပြင်ပြီး မေမေနှင့်အတူ ဟိုတယ်ရဲ့ စားသောက်ခန်း…



ကို ထွက်လာခဲ့သည်။

"သမီးလေး တီတီတာတာက အရမ်းလှတာပဲကွယ်၊ ကိုကို သူလေးလေ၊ သားယေယ်နဲ့ လက်ထပ်ပေးမှာ"

ဒေါ်ရီတာနွယ်က ဟိုတယ်ပိုင်ရှင် သူဌေးကြီး ဦးမြတ်ချစ်နှင့် မိတ်ဆက်ပေးသည်။ သော်ကချစ်လည်း ရောက်လာပြီး တီတီတာတာ့ဘေးမှ အသားချင်းကပ်ထိကာ ပိုင်စိုးပိုင်နင်း လာထိုင်၏။ ဖေဖေ့ကြောင့်ပါ။ အသက်ကြီးမှ အလွဲသုံးစားမှုနှင့် ထောင်ထဲရောက်သွားရမှာ မဟုတ်လား။ ကျွန်မအဖေရဲ့ ဂုဏ်သိက္ခာကြောင့်နော်။ သူဌေးကြီး ဦးမြတ်ချစ်ကလည်း အရမ်းဖြူစင်ပြီး အရမ်းချောမောလှပတဲ့ မိန်းကလေးပဲဟု ချီးမွမ်းစကားတွေ ပြောနေသည်။ တီတီတာတာ ငိုပစ်ချင်သည်။ သော်ကချစ်ကို ရွံမုန်းနေမိသလို မနက်ဖြန် ဘယ်လိုရပ်တည်နေရမလဲဆိုတဲ့ အတွေးကြောင့်လည်း နာကျင်နေရသည်။

"ဒီသမီးလေးက တကယ့်ကို လှပဖြူစင်တာပဲ၊ သားယေယ်ကံကောင်းတယ်လေ၊ မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်ပေးရမယ်၊ သမီးလေးက စီးပွားရေးလုပ်ငန်းတွေကို ဦးစီးပေးမယ်ဆိုလည်း သားယေယ်အတွက် စိတ်အေးရတာပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



"သော်ကကိုယ်တိုင် ဟိုတယ်ကောင်းကင်ပြာကို ဦးစီး လုပ်ကိုင်ချင်တယ်၊ ဒယ်ဒီ လွှဲပေးပါ၊ တီနဲ့ လက်ထပ်ပြီး ကမ်းခြေ လေးမှာပဲ အနားယူရင်း စီးပွားရေးလုပ်ချင်တာပါ"

"ဟုတ်တယ် ကိုကို၊ သားငယ် ခြေငြိမ်အောင်လုပ်ပေး လိုက်ပါ၊ ယုယက ပညာတတ်တယ်၊ လုပ်ရည်ကိုင်ရည်ရှိတော့ ရန်ကုန်က စီးပွားရေးတွေ ဦးစီးနိုင်ပါတယ်"

"အင်း…ဒက်ဒီ စီစဉ်ပေးမယ်၊ တီတီတာတာဆိုတဲ့ မိန်းကလေးကို သားမြတ်နိုးတယ်မဟုတ်လား"

"အရမ်းပဲ ချစ်မြတ်နိုးရတဲ့ မိန်းကလေးပါ ဒက်ဒီ၊ အရမ်း လှတယ်မဟုတ်လား"

"လှပါတယ်ကွာ၊ မင်္ဂလာပွဲကိုတော့ မိန်းကလေး ရှင်ဘက်က ဆန္ဒအတိုင်း လုပ်ပေးပါ၊ ဒက်ဒီက ဟိုတယ် ကောင်းကင်ပြာကို လက်ဖွဲ့မယ်လေ"

တီတီတာတာ့လက်ကို သော်ကချစ်က ဆုပ်ကိုင်လိုက် သဖြင့် ဆတ်ခနဲ ရုန်းဖယ်လိုက်တော့မလို့ပဲ။ မေမေ့ကို မြင်ယောင်ပြီး တီတီတာတာ သည်းခံနေလိုက်ရသည်။ ရှင်တော်တော် ယုတ်မာ တာပဲ သော်ကချစ်။ ဟိုတယ်ကောင်းကင်ပြာက ကိုယုယချစ် အတွက် သူ့ဒက်ဒီက ရည်ရွယ်ထားတာလေ။ ရှင့်မာမီ ခေါ်ရိုတာ





နွယ် နဲ့ ရှင်က သူဌေးကြီးကို အမျိုးမျိုး နည်းပရိယာယ်တွေနဲ့ လုယူခဲ့တာပဲ။ သူမကြေကွဲနာကျင်ရတာက မန်နေဂျာအတွက်ပါပဲ။ ချစ်သူလည်း လုယူခံရတယ်။ အမွေပစ္စည်းတွေလည်း ဒီလောက် ချမ်းသာကြတာ ခွဲဝေမပေးချင်ကြဘူး။ မန်နေဂျာအတွက် တီတီ တာတာ ဘယ်လိုနှင့်မျှ ရပ်တည်ပေးနိုင်စွမ်း မရှိတော့။ သူမဘဝ တကယ်ရော ကြီးကျယ်ခမ်းနားပြီး ပျော်ရွှင်ချမ်းမြေ့ရမှာလား။ မေမေနဲ့ ခေါ်ရိုတာနွယ်ကတော့ တရင်းတနှီးနှင့် ရယ်မောနေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ယုယ"

"ပြောပါ ဒက်ဒီ"

"မင်း ရန်ကုန်ကို ပြန်ရမယ်၊ ဟိုမှာရှိနေတဲ့ ဒက်ဒီ စီးပွားရေးလုပ်ငန်းတွေပဲ ပြန်ဦးစီးပါ"

"ဘာဖြစ်လို့လဲ ဒက်ဒီ၊ ဟိုတယ်ကောင်းကင်ပြာက ကျွန်တော်အတွက်ဆို"

"ငါက အဲဒီလိုရည်ရွယ်ပြီး စီစဉ်ထားပေမယ့် မင်းက ပြဿနာရှာတာပဲ"

"ဗျာ…ကျွန်တော်က ဘာပြဿနာရှာလို့လဲ ဒက်ဒီ"

"မင်းညီ သော်ကရဲ့ ချစ်သူကောင်မလေးကို လုတယ်ဆို"





တီတီတာကာ့ကို လုယူလိုက်တာက သော်ကချစ်ပဲ။ ၄နှင့် တီတီတာတာက ရန်ကုန်မှာကတည်းက တွေ့ဆုံပတ်သက် ၁ူးသူတွေ။ သော်ကချစ်က ဒီမှာ အယ်နီဆိုတဲ့ ကောင်မလေးနှင့် ာတည်းနေပြီး တီတီတာတာနဲ့ဆုံခဲ့တာပဲ။ ဘယ်သူက အရင်လဲ။ ာယ်သူက ဘယ်သူ့ချစ်သူကို လုယူတာလဲ။ ဒေါ်ရီတာနွယ်ရဲ့ ယောစကိကွင်းထဲမှာ ဒက်ဒီ ဘဝတစ်သက်တာလုံး နစ်မွန်းနေ ာာမှာလား။ သူ့စိတ်က ဒက်ဒီနှင့် ကင်းကင်းရှင်းရှင်းနေချင်တာ။ ာခီက လက်မခံဘဲဖြစ်နေလို့ပါ။ ဒက်ဒီက သူနှင့် သူ့မာမီအပေါ် ာာရားတာပဲ။ ရက်စက်နေတာပဲ။ သူ ရန်ကုန်ပြန်ရမှာကို ာမ်းမြောက်ဝမ်းသာ လက်ခံလိုက်သည်။

"ကောင်းပါပြီ ဒက်ဒီ၊ ကျွန်တော်တစ်ခါတည်းပဲ ဒီကုမ္ပဏီက ထွက်စာတင်ဖို့လည်းပြောချင်ပါတယ်"

"ဘာကွ"

"ကျွန်တော် အလုပ်ထွက်ပါတော့မယ်"

"မင်း…မင်း"

ဦးမြတ်ချစ် စိတ်ထဲမှာ သားကြီးရဲ့မိုက်မဲမှုအတွက် ဒေါသ ဖြစ်သွားရသည်။ ဒီကောင် ပညာတော်ပြီး အရည်အချင်း တွေရှိနေပါလျက်နှင့် ရီတာ့အပေါ် မိထွေးဆိုပြီး သူ့အမေအတွက်

www.burmeseclassic.com

www.burmeseclassic.com



နာကြည်းမုန်းတီးနေတာပဲ ခက်နေသည်။ လိမ်လိမ်မာမာနှင့် ရှိတာ့ကို ချော့မပေါင်းဘူး။ ညီသော်ကကိုလည်း အသိအမှတ်မပြုဘူး။ တင်းတင်းမာမာနှင့် ပြဿနာရှာဖို့ပဲ စဉ်းစားနေသည်။

"မင်းဒီလိုပဲ ငါ့ကို အရွဲ့တိုက်ပြီး ဆန့်ကျင်နေတော့မှာလား ယုယ၊ ၊ရှိတာက မင်းအပေါ် ဘယ်လောက်ကောင်းလဲ မင်းက ရန်လိုနေတာကွ"

"ကျွန်တော် အလုပ်ထွက်လိုက်တော့လည်း ကောင်းတာပဲ မဟုတ်လား၊ အလုပ်ကနေ ထွက်တာလည်း ကျွန်တော့်အခွင့်အရေးပဲလေ"

"မင်းကို ငါက သားအဖြစ်က စွန့်လွှတ်ရင် မင်းအတွက် ရပိုင်ခွင့်တွေ ဆုံးရှုံးသွားမယ်ဆိုတာ မင်းတွေးမိရဲ့လား ယောကျ်ား"

"ကိစ္စမရှိပါဘူး ဒက်ဒီ၊ ကျွန်တော်အမွေတွေကို မလိုချင်ပါဘူး၊ သော်ကချစ်ကိုပဲ ပေးလိုက်ပါ၊ ကျွန်တော် သဘောတူပါတယ်"

"မင်း တော်တော် ခေါင်းမာတာပဲကွ၊ မင်းအပေါ် ငါ ဘယ်လိုပဲ တာဝန်ကျေအောင် စီစဉ်လုပ်ကိုင်ပေးနေပစေ မင်းက အကောင်းကို မမြင်ဘူး၊ သော်ကချစ် လက်ထပ်တော့မယ်ကွ၊ ဒီကောင် ခြေငြိမ်အောင် သူတောင်းဆိုတာ လုပ်ပေးရမှာပဲ။ သူ





ကောင်မလေး တီတီတာတာက ဖြူစင်တယ်၊ မင်းမာမီလေး ချွေးမလောင်းအဖြစ် ရွေးချယ်ကတည်းက ဘယ်လောက် အရည်အချင်းပြည့်ဝနေလဲဆိုတာ ထင်ရှားတယ်။ သော်ကချစ်က မင်းညီပဲ၊ ဒီကောင် ခြေငြိမ်ပြီး စီးပွားရေးလုပ်နိုင်ဖို့ သူ့ တောင်းဆိုမှုကို လက်ခံရမယ်လေ"

သော်ကချစ်က တောင်းဆိုတာတဲ့လား ဒက်ဒီ။ ကျွန်တော့် ချစ်သူကို သော်ကချစ်က လုသွားတာပါ။ ပြီးတော့ ဟိုတယ် ကောင်းကင်ပြာကိုရော လုနေသေးတယ်။ အခုလောက်ဆိုရင် တီတီတာတာရော မင်းရဲ့ မျှော်လင့်ချက်တွေ ပြည့်ဝသွားပြီလား။ တော်တော်ရယ်ရတာပဲ။ ဒက်ဒီက စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ယောက်ဖြစ်ပေမယ့် မိန်းမတစ်ယောက်ရဲ့ စိုးမိုးခြယ်လှယ်မှုကို ခံနေရတာ သူစိတ်ပျက်မိသည်။

"ကျွန်တော် အလုပ်ထွက်တာ သာမန်ပါပဲ ဒက်ဒီ၊ ကျွန်တော့် လုပ်ပိုင်ခွင့်လို့ပဲ ထင်ပါတယ်"

ဒက်ဒီ့အနားမှာ နေသမျှ ဒက်ဒီ့အမုန်းတွေကို ပိုရှုပင်ရ တော့မည်ဖြစ်၍ ယုယဆက်မနေတာပဲ ကောင်းသည်။ ဒေါ်ရီတာနွယ် အကွက်ချ ဖန်တီးနေတာပဲ။ သူ ရှင်းမပြချင်ပေ။ ရှင်းပြလည်း လက်ခံမှာမဟုတ်။ တီတီတာတာနှင့် ဒေါ်ရီတာနွယ်တို့ သားအမိ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပတ်သက်နေမှုကို ယုယမသိခဲ့။ ဒါနဲ့တောင် သော်ကချစ်သူအား ယုယက လုယူထားသည်ဟု ဒက်ဒီသိနေသည်။ ပြီးတော့ တီတီတာတာရှိနေသည့် ဟိုတယ်ကောင်းကင်ပြာမှာ ယုယ မနေလိုတော့ပေ။ သော်ကရဲ့ ထိုးနှက်ချက်တွေကိုလည်း ခံရမည်။ ဒက်ဒီ မသိတာပဲလား မသိချင်ယောင်ဆောင်ပြီး ဒေါ်ရီတာနှယ် ကျေနပ်အောင် လုပ်ပြနေတာလား သူထလိုက်သည်။

"ဟော့ကောင် နေဦး"

"ကျွန်တော် မနက်ဖြန်ပဲ ရန်ကုန်ကို ပြန်တော့မယ် ဒက်ဒီ၊ ကျွန်တော့်ဘဝကို အသစ်ပြန်စချင်လို့ပါ။ ဒက်ဒီ့သားအဖြစ် မထိုက်တန်ဘူးထင်ပါတယ်"

"မင်း. . . .မင်း"

"ကျွန်တော် ဒက်ဒီ့အမွေပစ္စည်းတွေကို ဘာတစ်ခုမှ လက်မခံပါဘူး၊ သောက်ချစ်ကိုပဲ လက်ဖွဲ့လိုက်ပါမယ်"

သားကြီးကို ဘယ်လိုပြောရမလဲ။ ဒီကောင်မာကျောနေတာပဲ။ ရီတာနှယ်က မိထွေးပေမယ့် သားကြီးအပေါ် စေတနာမေတ္တာရှိပါတယ်။ သားကြီးအတွက်တော့ ဦးမြတ်ချစ် ပိုင်ဆိုင်ခွင့် တစ်ခုလောက်တော့ရှိနေစေချင်သည်။ ယုယက မိခင်အတွက် မိမိကို မကျေနပ်နေတာပဲ။ မိမိ နောက်အိမ်ထောင် အတိအလင်းပြုမှုကို



ဆန့်ကျင်နေသည်။

"မင်းဒီကုမ္ပဏီကနေ မထွက်နဲ့လေ ယုယ၊ ဒက်ဒီ့ကားကို နားထောင်စမ်းပါ၊ ရန်ကုန်က လုပ်ငန်းတွေကို မင်း ဦးစီးလေ၊ မင်းမာမီလေးက ဘယ်လောက်အထိ သဘောကောင်းလဲ"

"တော်ပါပြီ ဒက်ဒီ၊ ကျွန်တော် အလုပ်ကပဲ ထွက်ပါ့မယ်၊ ဒီနေ့ပဲ ရန်ကုန်ပြန်တော့မယ်လေ"

"ဟော့ကောင်"

ယုယ ထွက်လာခဲ့သည်။ ဒက်ဒီက ဒေါ်ရီတာနှယ်ကိုပဲ ယုံကြည်နေသဖြင့် သူ ကင်းကင်းရှင်းရှင်းနေတာ အကောင်းဆုံးပင်။ တီတီတာတာနှင့်လည်း မတွေ့လိုတော့ပေ။ သူ့ဘဝကို ပြန်လည်စတင်တော့မယ်။ မာမီကတော့ သူမှားတယ်ပြောမှာပဲ။ မေမမ့ကို သူ ဘယ်လိုများ အားပေးနှစ်သိမ့်ရမလဲ။ သူ့ဒက်ဒီတို့ မိသားစုနှင့် ဆက်ပြီး ပတ်သက်နေလျှင် ပြဿနာတွေက ပို၍ပင် ကြီးထွားလာပြီး အနစ်နာခံဆုံးက သူပဲဖြစ်တော့မည်။ သူ့အဆောင်ကို ပြန်လာခဲ့သည်။

"ဆရာ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကနေ ထွက်တော့မယ်ဆို"

"အေးကွာ မောင်မြ၊ ကိုယ် တခြားအလုပ်ပဲ လုပ်တော့မယ်၊ ကိုယ့်ဘဝအတွက် ရှိသေးတယ်လေ"

"ဆရာ့ကို ကျွန်တော် ဘာကူညီရမလဲ"

"မလိုဘူး မောင်မြ၊ မင်းတို့ လုပ်စရာရှိတာ လုပ်ကြပါ၊ အလုပ်ကနေ မထွက်နဲ့၊ ကိုယ့်ကိစ္စကိုယ်ပဲရှင်းပါမယ်"

သူ့တပည့် မောင်မြက စိတ်မကောင်းဖြစ်နေသံနှင့် ပြောသည်။ အရာအားလုံး သူ ထားရစ်ခဲ့တော့မည်။ ပြီးဆုံးသွားပြီပဲ။ သူ့ပစ္စည်းတွေ သိမ်းနေမိသည်။

"ယုယ့ သားကြီး"

"ကျွန်တော်ဆီ ဘာလာလုပ်တာလဲ ဒေါ်ရီတာနွယ်"

"မင်း အလုပ်ကနေ ထွက်စရာမလိုပါဘူး၊ ရန်ကုန်မှာ ဦးစီးလို့ ရတာပဲ၊ မထွက်ပါနဲ့ ယုယရယ်"

"ထွက်သွားပါ"

"မာမီလေးပေါ် မင်း အထင်မလွဲစမ်းပါနဲ့၊ မာမီ တောင်းပန်ပါတယ်၊ ခင်းအတွက်ပါ"

ဒေါ်ရီတာနွယ် လာပြီး မာယာများပြနေတာပဲကို၊ ယု သသိသိကြီးနှင့် ဘယ်လိုမှ ဒေါ်ရီတာနွယ်ရဲ့ အတွင်းကြိတ် အကြံ



အစည်တွေကို သက်သေအထောက်အထားနှင့်အတူ တင်ပြနိုင်ခြင်း မရှိပေ။ အကောင်းဆုံးက ယုယ အဝေးဆုံးထွက်သွားလိုက်တာပဲ။ ဒေါ်ရီတာနွယ် သဘောကောင်းချင်ယောင် ဆောင်ပြနေတာပါ။ မကြာခင် ဒက်ဒီရောက်လာတော့မယ်ဆိုတာ သိနေသည်။

"ယုယ အနာဂတ်အတွက် မာမီလေး ပြောတာပါ၊ ယုယ က ဒက်ဒီ့ဆန္ဒအတိုင်း အေးအေးချမ်းချမ်းနဲ့ ပြေပြေလည်လည် နေလိုက်ရင် ပြီးတာပါပဲ"

"ထွက်သွားပါ၊ ကျွန်တော်အနူးအညွတ်တောင်းပန်နေ တာပါ၊ ထွက်သွားပါတော့"

ငါ ထွက်မသွားနိုင်သေးဘူး ယုယချစ်။ နင့်ဒက်ဒီ ရောက်လာတဲ့အထိသော။ နင်က ထူးချွန်ထက်မြက်တဲ့ ဝန်ထမ်းပဲ။ ငါက နင့်ဦးနှောက်ကို ဖောက်စားချင်တာလေ။ နင်ကုမ္ပဏီကနေ ထွက်သွားရင်တောင် နင့်အပြစ်ကြောင့်ပဲဖြစ်စေရမယ် ယုယ။ ပတ်ဝန်းကျင်အမြင်မှာလည်း မိမိအပြစ်မရှိစေရန် ဒေါ်ရီတာနွယ် ကြိုးစားသရုပ်ဆောင်နေသည်။

"ဟော့ကောင် ယုယ၊ မင်းမာမီလေးက ဒီလောက် အောက်ကျခံပြီး တောင်းပန်နေတာ မင်းဘာဖြစ်လို့ ရန်သူလို ဆက်ဆံနေရတာလဲ မင်းလွန်နေပြီနော်"

www.burmeseclassic.com

www.burmeseclassic.com



သူတွေးထင်ထားတဲ့အတိုင်းပင် ဒက်ဒီ ပြန်ရောက်လာသည်။ ထိုအကွက်ကို ဒေါ်ရီတာနွယ်က ဖန်တီးခဲ့တာပဲ။ ဒက်ဒီကလည်း ထုံးစံအတိုင်း မျက်နှာလိုမျက်နှာရ ဒေါ်ရီတာနွယ့်ဘက်ထံသူ့ ပြုံးပစ်လိုက်သည်။

"ဟော့ကောင် မင်းအဲဒီလို မထေမဲ့မြင် သရော်တဲ့အပြုံးမျိုး မပြုံးစမ်းပါနဲ့ကွာ၊ မင်းအတွက်ပြောတာ"

"တော်ပါတော့အက်ဒီ၊ ကျွန်တော် အလုပ်ကနေ ထွက်ပြီး ကျွန်တော့်ဘဝကို ကျွန်တော့်အတတ်ပညာတွေ ခွန်အားတွေနဲ့ ထူထောင်ပါရစေ၊ ဒါ ကျွန်တော့်ရဲ့ နိုင်မာတဲ့ဆုံးဖြတ်ချက်ပါပဲ"

"ယုယ"

ဒက်ဒီ့ကိုလည်း ယုယမကြည့်တော့။ ဒေါ်ရီတာနွယ်က တိုကို့သားက ရီတာကို အမြဲတမ်းဆန့်ကျင်တယ်၊ ရန်သူလို့ သဘောထားတယ်၊ ရီတာ့ စေတနာတွေကို စော်ကားတယ်ဟု ပြောနေတဲ့အသံတွေ၊ ဒက်ဒီက အားပေးချော့မော့နှစ်သိမ့်ရင်း သူ့ကိုရော သူ့မာမီကိုပါ အရိုင်းအစိုင်းတွေဟု ရင့်ရင့်သီးသီးနှင့် ဒေါ်ရီတာနွယ် ကျေနပ်အောင် ပြောဆိုနေတာတွေရော မကြားရတော့မည့် အဝေးဆုံးနေရာကိုပဲ ထွက်ခွာသွားဖို့ ယုယဆုံးဖြတ်ထားမိသည်။ သူ အပြင်သို့ထွက်လာခဲ့၏။ မနက်ဖြန် မနက်စောစောမှာ





ရန်ကုန်သို့ ပြန်ရမယ်။ ပစ္စည်းတွေတော့ သိမ်းဆည်းထားပြီးပြီ။ သူ့ အဆောင်မှာပင် မနေလိုတော့ဘဲ ပင်လယ်ကမ်းခြေဘက် ထွက်လာခဲ့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

လမိုက်ညဖြစ်နေသဖြင့် အမှောင်ထုက ပို၍ သိပ်သည်းစွာ ချောင်းသာကမ်းခြေ ပင်လယ်ပြင်ကြီးကို ဖုံးလွှမ်းနေသည်ကပင် ယုယစိတ်ကို သက်သာရာရစေနေသည်။ သဲဖြူကျွန်းဘက်ကိုလည်း မမြင်ရတော့ဘူး။ ပင်လယ်ပြင်ကြီးကလည်း သဲသဲကွဲကွဲ မတွေ့ရ။ လှိုင်းပုတ်သံနှင့် လေပြည်ရဲ့ တိုးဝှေ့တိုက်ခိုက်နေသည်ကိုပဲ ချောင်းသာကမ်းခြေရဲ့ အငွေ့အသက်တွေအဖြစ်ရှိနေ၏။ သူ နောက်နေ့မနက်စောစောတွင် ဒီနေရာမှ ဝေးရာသို့ ထွက်သွားတော့မည်ဖြစ်သည်။ အရာအားလုံးကို မေ့ပစ်နိုင်ဖို့ ကြိုးစားနေပေမယ့် တီတီတာတာနှင့် ပတ်သက်ခဲ့တာတွေက သူ့အတွေးထဲ မကြာခဏ တိုးဝင်နေသေး၏။ သူ့စိတ်တွေ နာကျင်စူးရှစွာ မွန်းကြပ်နေသည်။ ထို့ကြောင့်ပင် တီတီတာတာနှင့် ပတ်သက်ဆက်နွယ်ခဲ့ရတဲ့ ဒီနေရာကနေ ထွက်ခွာသွားဖို့ပဲဖြစ်သည်။





"မင်းကို ငါ့ဘဝအကြောင်းတွေ၊ ငါ့မာမီအကြောင်းတွေ စဉ်းစားမဆင်ခြင်ပဲ ပြောမိတယ် တီတီတာတာ။ မင်းကို ယုံကြည်သွားလို့ပဲ။ အဲ့ဒီထဲက ငါဟာ လူညံ့တစ်ယောက်ဖြစ်သွားပြီဆိုတာ သိလိုက်ရတယ်။ ငါ့ကို အရှုံးတွေနဲ့ ရင်ဆိုင်ရပြီး ဘဝတစ်လျှောက်လုံး နာကျင်ကြေကွဲနေစေဖို့ မင်း ဖန်တီးပစ်လိုက်တာပဲ။ မင်း ဟော်တော်ရက်စက်တဲ့ မိန်းမတစ်ယောက်ပဲ တီတီတာတာ"

ယုယ မကျေမနပ်ဖြစ်နေရဆုံးက တီတီတာတာနှင့် ပတ်သက်ပြီး မေ့ပစ်လို့မရခြင်းပင်။ ယုယ မခံစားချင်ဘူး။ မာမီက ရှိသေးတယ်။ ဒက်ဒီ အသိအမှတ်မပြုတဲ့ သားအဖြစ် မာမီဆန္ဒတွေက ပြင်းပြနေသဖြင့် သူ့ဒက်ဒီအနားမှာ မာမီ မသိတဲ့ ဒက်ဒီ နောက်မိန်းမ ဒေါ်ရီတာနွယ်ရဲ့ သားမန်ဝန့်ထမ်းဘဝနှင့် နေလာခဲ့ရသည်။

"သားရယ် မာနတွေ မထားစမ်းပါနဲ့၊ ဒက်ဒီ နောက်အိမ်ထောင်ပြုတာ မာမီချို့ယွင်းချက်ကြောင့်ဖါ။ မာမီက ရောဂါသည်လေ၊ လူတွေ ရွံ့မုန်းတဲ့ ရောဂါပဲဟာ"

သူ သိထားတာက မာမီရောဂါဝေဒနာတွေ မဖြစ်ခင်ကပင် ဒက်ဒီက ဒေါ်ရီတာနွယ်နှင့် ငြိစွမ်းဆက်နွယ်နေလို့ မာမီကြိတ်ပြီး ဝမ်းနည်းပူဆွေးနေရတာမဟုတ်လား။ ယုယကို



www.burmeseclassic.com

www.burmeseclassic.com



အဘွားက ပြောပြခဲ့ဖူးသည်။

"မြေး မာမီ့ရောဂါက လူတွေ ရွံ့ရှာစက်ဆုပ်
ကိုယ်ရေပြားရောဂါ မဟုတ်ပါဘူးကွယ်၊ သွေးနုနုမှာ စိတ်
တွေ ရောက်ပြီး အနေအစားမမှန်ရာကနေ ဆေးကုသရင်း
ကျိုး ကျိုးခဲ့ရတာပါ၊ အဘွားတော့ ကိုယ့်သမီးအတွက်
မတတ်နိုင်တော့ဘူးလေ၊ မင်းဒက်ဒီက မင်းအပေါ်ရော
လက်တွဲဖော်ဇနီးအပေါ်ရော ရက်စက်ပြီး သစ္စာမဲ့တဲ့ ယော
တစ်ယောက်ပဲ"

သူ့ဘဝမှာ မာမီက အဓိကပဲ။ မာမီ့အကြောင်းကို
သူများတွေ သိသွားမှာ မလိုလား၍ လူတွေအားလုံးနှင့် ကင်း
အောင် နေထိုင်ခဲ့သည်။ တီတီတာတာ မင်းကို ငါယုံမိတ
ရိုးသားဖြူစင်တဲ့ ချွေးမလောင်းအဖြစ် မာမီ့ကို ပြချင်ခဲ့
ငါ့အမှားတွေပဲကွ၊ သူ့စိတ်တွေ ယောက်ယက်ခတ်ပြီး ဆက်
နေလို့မရတော့၍ ပြန်သွားဖို့ပဲ စဉ်းစားလိုက်သည်။

"ကို"

"ဟင်"

"ကို မနက်ဖြန် ရန်ကုန်ပြန်ရတော့မယ်ဆို၊ ကုမ္ပဏီ
နေ အပြီးအပိုင် ထွက်သွားတော့မယ်ဆို၊ ကျွန်မ တောင်းပန်





တယ်၊ ရန်ကုန်က လုပ်ငန်းခွဲတွေကိုပဲ ကို ဆက်ပြီးစီမံအုပ်ချုပ်ပါ။ ကျွန်မကို ယုံကြည်ဖို့ မပြောပါဘူးကို၊ ဒါပေမဲ့ ကိုယ့်မာမီနဲ့ ပတ်သက်ပြီး ကျွန်မဘယ်သူကိုမှ မပြောဘူးဆိုတာတော့ ယုံပါ"

မထင်မှတ်ဘဲနှင့် အမှောင်ထုထဲမှ ထိုးဖောက်၍ တီတီတာတာ့အသံက ထွက်ပေါ်လာရာ ယုယ ဒေါသတွေ ပေါက်ကွဲပြီး ရှောင်ထွက်သွားဖို့ပဲ ကြိုးစားလိုက်သည်။

"ခဏလေးပါ ကို၊ ကျွန်မကြောင့် ကို ထိခိုက်နစ်နာသွားမှာကို မလိုလားလို့ပါ၊ ကို အလုပ်ကနေ အပြီးအပိုင်မထွက်လိုက်ပါနဲ့နော်"

"ဘာလဲ တီတီတာတာ၊ ငါ့ပညာနဲ့ ဦးနှောက်ကို အသုံးချပြီး မင်းယောက်ျားနဲ့ မင်းယောက္ခမတွေ စီးပွားရေးလုပ်ငန်းကြီးတွေ အောင်မြင်ကြီးပွားဖို့ အသုံးပြုချင်သေးတာလား"

"ကျွန်မကို ယုံပါကိုရယ်၊ ကို ခဏလေးပဲ သည်းခံပေးပါနော်"

"ငါ ဆုံးဖြတ်ပြီးပြီ တီတီတာတာ၊ ငါ့ကို တွေ့ပြီး ပြဿနာဖြစ်အောင် မဖန်တီးချင်ပါနဲ့တော့၊ ငါက ဉာဏ်ပညာ ထက်မြက်တဲ့ ယောကျ်ားတစ်ယောက်ပါ၊ ငါ ဘယ်မိန်းမကိုမှ အားမကိုးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကို"

တီတီတာတာစိတ်တွေ ထိန်းချုပ်မှုကြားမှ လွတ်ထွက်ကာ ဘယ်လိုမှ ဟန်ဆောင်ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘဲ ကို့... ပြေးဖက်မိသွားသည်။

"မင်း ဘာလုပ်တာလဲ တီတီတာတာ၊ ဖယ်စမ်းပါ၊ မင်း ငါ့ ဂုဏ်သိက္ခာတွေမဲ့အောင် လုပ်နေတာလား ဖယ်ပါ"

အမှောက်ထုထဲမှ သူ့ကို တင်းကြပ်စွာ ဖက်တွယ်ထား... လက်တွေကို သူအတင်းအကြပ် ဖယ်ရှားမိသည်။ တီတီတာ... က မလွှတ်ပေ။ တသိမ့်သိမ့် ရှိုက်ငိုနေ၏။ သူ တီတီတာတာ... ရိုးသားဖြူစင်တဲ့ ကောင်မလေးတစ်ယောက်ဟု လက်မခံမိအော... သူ့စိတ်တွေကို ထိန်းချုပ်ထားသည်။

"ဖယ်ပါ မင်း ဘာလုပ်တာလဲ တီတီတာတာ မင်းနာမည်က မင်းနဲ့ လိုက်ဖက်လွန်းတာပဲ ဖယ်စမ်း"

"ကို...ကျွန်မ ဘယ်လိုပြောရမလဲဟင်၊ ကို ကျွန်မ... တစ်နေရာကို လူတွေနဲ့ဝေးရာကို ဆွဲခေါ်သွားစမ်းပါ။ ကျွန်မ... ကို အလုပ်ကနေထွက်ပြီး ဘဝသစ်ကို ထူထောင်ကြရအောင်... ဘာပဲဖြစ်ဖြစ် ကျွန်မ ကို့နောက်ကို လိုက်မယ်"

ကိုယုယ ခံစားနေရတာတွေ ရင်ဆိုင်နေရတာတွေ အား...





တီတီတာတာ ဘယ်လိုမှ ကြည့်မနေရက်တော့ပေ။ ကိုနဲ့ အတူတူ ဘဝကို ရင်ဆိုင်ဖြတ်သန်းချင်နေသည်။ တီတီတာတာကြောင့် ကို ပိုပြီး နာကျင်ကြေကွဲနေရတာပါ။ သော်ကချစ်လို ယောကျ်ား တစ်ယောက်နှင့် ငွေကြေးစည်းစိမ် မက်မောပြီး သော်ကချစ်ကို တီတီတာတာလက်ထပ်ဖို့ လက်ခံလိုက်တာ မဟုတ်ပါဘူးနော်။ သူမလက်လေးတွေက သူ့ခါးကို သိုင်းဖက်ကာ သူ့ရင်ခွင်နှင့် သူမခန္ဓာကိုယ်လေးအား ဖိကပ်ထားမိသည်။

"ဖယ်စမ်း-တီတီတာတာ၊ မင်းမာယာများပြမနေနဲ့၊ ငါ့မှာ ဘာပိုင်ဆိုင်ခွင့်မှ မရှိဘူး၊ မင်းတို့မိန်းမတွေ မက်မောနိုင်တဲ့ အဆောင်အယောင် အသိုင်းအဝိုင်းတွေ ဘာမှ မရှိဘူးကွ"

"ကိုယ်ရယ် တီတီတာတာ့ကို မထားခဲ့ပါနဲ့၊ ကိုနဲ့ မခွဲနိုင်တော့ဘူး၊ တီတီတာတာတို့ ဒီကနေ ထွက်သွားကြရအောင် နော်"

"ဖယ်စမ်း တီတီတာတာ၊ မင်း သော်ကချစ်နဲ့ ပေါင်းပြီး ငါ့အပေါ် အပြစ်တွေ ပုံကျအောင် လုပ်မလို့လား၊ ဒါ ဒေါ်ရီတာနွယ် အကြံအစည်တွေလား"

"မဟုတ်ပါဘူး ကိုရယ်၊ တီတီတာတာ အရဲစွန့်ပြီး ကိုနဲ့ မခွဲနိုင်တော့လို့ ကို့ဆီထွက်လာခဲ့တာပါ။ အချိန်မရှိတော့ဘူး ကို...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ဘာပစ္စည်းမှ မယူတော့ဘဲ ထွက်သွားကြရအောင်။ ကျွန်မတို့ ကားငှားသွားကြမယ်၊ အချိန်တွေကို စောင့်မနေပါနဲ့တော့"

ယုယ တွေဝေသွားသည်။ သူကိုယ်တိုင် တီတီတာတာနှင့် ခွဲခွာရမှာကို ကြောက်ရွံ့ထိတ်လန့်နေရမှာ ထိုအကြံအစည်မျိုး မကြားခဲ့ တွေးမိနေပေမယ့် မိန်းမတွေအပေါ် ယုံကြည်မှု ကင်းမဲ့နေသလို တီတီတာတာခန္ဓာကိုယ်လေးကို ရွံ့သွပ်စွာ ထိန်းချုပ်ထားတဲ့စိတ်တွေ လွတ်ထွက်သွားရကာ သူ့လက်တွေနဲ့ တင်းတင်းကြပ်ကြပ် တုံ့ပြန်ပွေ့ဖက်မိသွားသည်။ ထိုအချိန်တွင် လူတစ်စုက သူတို့အနား ရောက်လာပြီး လက်နှိပ်ဓာတ်မီးတွေနှင့် ပိုင်းထိုးကြသည်။

"ယုယ မင်း…မင်း ဘာလုပ်တာလဲ၊ မင်းတော်တော် အကြံပက်စက်တာပဲ၊ တီတီတာတာက မင်းညီနဲ့ လက်ထပ်မယ့် ကောင်မလေးကွ"

ဒက်ဒီ့စကားသံတွေက မာထန်ကျယ်လောင်နေကာ ဒေါသတကြီး ထွက်ပေါ်လာသဖြင့် တီတီတာတာကို ဖက်ထားမိသော သူ့လက်တွေ ဆတ်ခနဲ လွှတ်ပေးမိသည်။ သူ့ကို ဒေါသတကြီးကြည့်နေတဲ့ သော်က။ ဒေါ်ရီတာနွယ်နှင့် တီတီတာတာ့ မေမေကို သူဘာမှ ရှင်းပြမနေတော့ဘဲ ရှောင်ထွက်သွားရန်ပဲ





ကြိုးစားမိသည်။

"ဟော့ကောင်"

"ကိုကိုရယ် သားကြီးအပြစ်မရှိပါဘူး၊ ဒီလိုပဲပေါ့ တီတီတာတာလေးကို ချစ်ချင်လည်း ချစ်နေမှာပဲ၊ သားကြီး မင်းဆန္ဒတွေကို ဖွင့်ပြောပြပါ၊ ပွင့်ပွင့်လင်းလင်း ပြောပြပါ၊ မာမီလေးတို့ ဘယ်လိုစီစဉ်ပေးရမလဲကွယ်"

တော်စမ်းပါ ဒေါ်ရီတာနွယ်၊ ခင်ဗျားကြီး သဘောကောင်းဟန်ဆောင်ပြနေတာပါ။ မင်း မာမီလေးက မင်းအပေါ် ဘယ်လောက် သဘောကောင်းလဲ မင်းဆိုးတာဟု ဒက်ဒီဆီမှ အပြစ်တင်စကားတွေ ထွက်ပေါ်လာစေလို၍ဆိုတာ ယုယ သိနေသည်။

"ဟော့ကောင် ယုယ၊ မင်း တော်တော် ရိုင်းစိုင်းတဲ့ ကောင်ပဲ၊ စေတနာထားတာကိုလည်း စေတနာထားမှန်းမသိဘူး၊ မင်းဘာလုပ်တာလဲ၊ မင်းနေရာတကာ ဆန့်ကျင်ဘက်တိုက်ဖို့ပဲ သိတဲ့ကောင်၊ အဖေရဲ့ ဂုဏ်သိက္ခာကိုလည်း မငဲ့ကွက်ဘူး"

သူ ထင်ထားတဲ့အတိုင်းပင် ဒက်ဒီ့ရဲ့စကားတွေကို ယုယ ကြားလိုက်ရသည်။ တီတီတာတာရော ဘာဖြစ်လို့ ဝင်ပြီး မဖြေရှင်းပေးတာလဲ။ မနက်ဖြန်ဆိုရင် သူ ရန်ကုန်ပြန်မည်ဖြစ်သည်။ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဝေးရာသို့ ယုယထွက်သွားဖို့ပဲ ဆုံးဖြတ်ထား၏။ သူ့ အဆောင်ကိုလည်း ပြန်ရောက်လာသည်။ မာမီရာ ဒက်ဒီက သားတစ်ယောက်အဖြစ် ဘယ်လောက်ပဲ ဆန္ဒပြင်းပြနေပါစေ၊ သားကိုယ်တိုင်ရော ဘယ်လောက် အစွမ်းအစတွေပြပြီး နေထိုင်ပါစေ ဒေါ်ရီတာနွယ်က အားလုံးလက်ဝါးကြီးအုပ်ထားမှာပါပဲ။ သူ့စိတ်တွေထဲ နာကြည်းခါးသက်နေသည်။

ချောင်းသာကမ်းခြေမှာလည်း တဟူးဟူးတိုက်ခတ်နေသော လေထု၏ အေးမြခြင်းနှင့် ဆန့်ကျင်စွာ ဒေါ်ရီတာနွယ်ရဲ့ လောဘအတ္တတွေက လောင်မြိုက်နေသည်။

"ကိုကိုရယ် ရီတာ့အပေါ် ဒီလောက်ထိ မုန်းတီးနာကြည်းနေတဲ့ ကိုကိုသားကို သားအဖြစ်တောင် အသိအမှတ်မပြုချင်တော့ဘူး၊ စော်ကားလွန်းတယ်"

"အဟင့်...ဟင့်...ဟင့်"

"ရီတာ မငိုပါနဲ့ကွာ၊ စိတ်မကောင်းလည်း မဖြစ်ပါနဲ့ကွာ၊ ကိုကိုသိပါတယ်၊ တိတ်နော် ကိုကို အားလုံးသိတယ်"

"ဟုတ်တယ် ဒက်ဒီ၊ ယုယ အရမ်းရိုင်းတယ်၊ သော်ကကိုလည်း ရန်သူတစ်ယောက်အဖြစ်ပဲ သတ်မှတ်နေတယ်၊ တီတီတာတာကို လုယူနေတာပဲ ကြည့်လေ"



"ကိုသော်က အားလုံးက တီတီတာတာအပြစ်တွေပါ၊ ကိုယုယက လုယူတာမဟုတ်ပါဘူး၊ ပြီးတော့ တီတီတာတာကပဲ ဒီကို လာခဲ့တာပါ"

"သမီး"

မေမေ့ စိုးရိမ်တကြီး တားဆီးဟန့်တားလိုက်တဲ့ အသံက စိုးရိမ်ကြောင့်ကြမှုတွေနှင့် ပြည့်နှက်နေကာ တစ်စုံတစ်ခုအတွက် တားဆီးပိတ်မင် တောင်းပန်ခယနေသည်။

"သမီးပြန်ကြရအောင်၊ သူတို့ မိသားစုကိစ္စ သူတို့တွေပဲ ဖြေရှင်းကြပါစေကွယ်"

ဒေါ်ရီတာနွယ်နှင့် သော်ကချစ်တို့က ကိုယုယအပေါ် အကောက်ကြံစည်နေတာ အမှတ်မထင်ဘဲ တီတီတာတာသိလိုက်ရသဖြင့် ရွံရှာမုန်းတီးသွားရသည်။ ဒေါ်ရီတာနွယ်က ချိုချို ချွဲချွဲနှင့် ကိုယုယရဲ့ ဒက်ဒီအား စည်းရုံးသိမ်းသွင်းနေတာပဲဖြစ်၏။ မေမေက တီတီတာတာ့အား တောင်းပန်နေသည်။

"သမီးဘာဖြစ်လို့ သူဌေးတွေ မိသားစုကိစ္စမှာ ဝင်ပါနေရတာလဲကွယ်၊ မေမေတို့မှာ အကြွေးကိစ္စတွေက ရှိနေသေးတယ်လေ၊ ဒေါ်ရီတာနွယ် စိတ်ကွက်သွားရင် ဘယ်လိုလုပ်မလဲ"

"သူတို့ အရမ်းယုတ်မာကောက်ကျစ်ကြတယ် မေမေရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ထင်ထောင်မထင်ဘူး၊ ကိုယုယမှာ အပြစ်မှမရှိတာပဲ၊ ကိုယုယနဲ့ သမီး အစောကြီးကတည်းက တွေ့ဆုံပြီး ချစ်သူတွေ ဖြစ်ခဲ့ကြတာပါ၊ သော်ကချစ်က လူရှုပ်လူပွေပါ''

''ဟင်''

သမီး တီတီတာတာ့ စကားကြောင့် ဒေါ်စောစော အံ့သြတုန်လှုပ်သွားရသည်။ ငွေကြေးစည်းစိမ် ဥစ္စာတွေ ဘယ်လောက်ပဲ ချမ်းသာ ကြွယ်ဝနေပါစေ၊ လူရှုပ်လူပွေတစ်ယောက်နဲ့တော့ လက်မထပ်စေလိုပေ။ သမီးဖေဖေသိရင်လည်း စိတ်မကောင်းဖြစ်ရမည်။ သူ ထောင်ကျချင် ကျပါစေ၊ သမီးကိုတော့ လူရှုပ်လူပွေတစ်ယောက်ရဲ့ လက်ထဲသို့ ထိုးအပ်မှာ မဟုတ်ပေ။ ဒေါ်စောစောရင်ထဲမှာ သမီးလေးအတွက် ဆို့နစ်လာရသည်။

''ဖေဖေကိုတော့ ဒီအကြောင်းတွေ မသိပါစေနဲ့နော်၊ ဘာပဲဖြစ်ဖြစ် ဖေဖေအသက်ကြီးမှ ထောင်ထဲအရောက် မခံနိုင်ဘူး မေမေ၊ သမီး သော်ကချစ်ကို လက်ထပ်မယ်၊ မေမေလည်း လျှို့ဝှက်ထားပေးပါနော်၊ ဖေဖေဘာမှ မသိပါစေနဲ့၊ သမီးဆုံးဖြတ်လိုက်ပါပြီ၊ သော်ကချစ်ကို လက်ထပ်ပြီး ဖေဖေ့အကြွေးကိစ္စတွေ ပယ်ဖျက်ပစ်ဖို့ပဲ ကြိုးစားပါတော့မယ်''

''သမီးလေးရယ် မေမေ့ရင်တွေ နာလိုက်တာကွယ်''





မေမေ့ရှေ့မှာ တီတီတာတာ မျက်ရည်တွေ ကျပြမနေချင်တော့။ ကံကြမ္မာအတိုင်းပဲလေ။ ဖေဖေထောင်ကျရမယ့် အဖြစ်ကိုတော့ သမီးတစ်ယောက်အနေနှင့် သူမဖြစ်ချင်တဲ့ဆန္ဒတွေကို ဦးစားမပေးဘဲ သမီးလုပ်သင့်တာကိုပဲ ရွေးချယ်လိုက်ပါပြီလေ။ မေမေကတော့ တီတီတာတာ့ကို စဉ်းစားရစချင်နေသည်။ မဖြစ်နိုင်တော့ပါဘူး၊ ဒေါ်ရီတာနွယ်ရဲ့ စိတ်ဓာတ်တွေနှင့် အကျင့်စရိုက်တွေကို တီတီတာတာ သိလိုက်ရပြီပဲ။ ဖေဖေ့အပေါ် ညှာတာထောက်ထားမှာတော့ မဟုတ်ပေ။ ကိုယုယကိုယ်တိုင်လည်း တီတီတာတာအား ဒေါ်ရီတာနွယ်ရဲ့ အသုံးတော်ခံအဖြစ် ရှုံ့ရှာမုန်းတီးနေတော့မှာပဲဖြစ်သည်။

''ဖေဖေအတွက် တီတီတာတာ ပေးဆပ်ပါရစေ မေမေ၊ ဘာပဲဖြစ်ဖြစ် ဖေဖေ့အကြွေးအတွက် ပေးဆပ်ရတယ်ဆိုရင်ပဲ သမီးကျေနပ်ပါပြီ''

''သမီးလေး ဖေဖေကလည်း သောက်စားသုံးဖြုန်းလို့ အကြွေးတင်ရာမှ မဟုတ်တာဘဲကွယ်၊ သူများကို စေတနာနဲ့ အာမခံပေးလို့ အကြွေးတင်ရတာဝါပဲလေ''

''ဖေဖေအတွက် တီတီတာတာ စဉ်းစားပါတော့မယ်၊ သော်ကချစ်နဲ့ လက်ထပ်ပါ့မယ်၊ မေမေလည်း ဘာမှ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်မနေပါနဲ့တော့နော်"

ကို ကျွန်မ တကယ်ပဲ ဘယ်လိုမှ မတတ်နိုင်တော့လို့ပါ နော်၊ စောစောကတော့ တခဏအတွင်းမှာ စိတ်တွေ မထိန်းချုပ်နိုင်ဘဲ ကိုနှင့်အတူ ထွက်ပြေးဖို့ ကြံစည်မိသွားသည်က-

"ကို့ကို ပြဿနာတက်အောင် မရည်ရွယ်ခဲ့ရိုး အမှန်ပါ။ ကျွန်မစိတ်တွေ တကယ်ပဲ လွတ်ထွက်သွားရပြီး ချစ်သူနဲ့ ထွက်ပြေးဖို့အထိ စိတ်ကူးမိသွားရတာပါနော်"

မေမေမြင်စေရန် တီတီတာတာ မျက်ဝန်းထဲမှာ စို့တက်လာသော မျက်ရည်တွေကို မျက်တောင်များဖြင့် ပုတ်ခတ်ထိန်းသိမ်း ပစ်လိုက်သည်။

◆ ◆ ◆



## အခန်း (၂၁)

"မင်းဘာဖြစ်လို့ ပြန်လာရတာလဲ ယုယ၊ မင်းဒက်ဒီရဲ့ မိသားစုနဲ့ ပြဿနာတက်လာပြန်ပြီလား ဟင်"

သားကြီး ယုယချစ်ကို မြင်လိုက်ရထဲက ကိုမြတ်ချစ်တို့ မိသားစုနှင့် ပြဿနာ အကြီးအကျယ် ဖြစ်လာပြီဆိုတာ သိသည်။ ဒေါ်သော်သော်ယုက ကိုမြတ်ချစ်နှင့် သားကြီးယုယတို့ကို အဆင်ပြေစေချင်နေ၏။ သားရသင့်တဲ့ အမွေတွေ ရစေချင်သည်။

ကိုမြတ်ချစ် ရှင် အမြဲတမ်း ကျွန်မအပေါ် သစ္စာမဲ့ခဲ့တယ်၊ ဥပေက္ခာပြုခဲ့တယ်၊ ရက်စက်ခဲ့တယ်၊ ရှင် ဒီလို ချမ်းသာကြွယ်ဝသွားရတာ ဘယ်သူ့ကြောင့်လဲဟင်။ ကျွန်မရတဲ့ အမွေတွေကြောင့်ပဲလေ။ ရှင်က စီးပွားတက်လာတော့ ကျွန်မကို ချောင်ထိုးထားတယ်၊ ဖောက်ပြန်တယ်။ ကျွန်မ မီးတွင်းထဲမှာတောင် ရှင့်သစ္စာမဲ့မှုကို ကြားရလို့ သွေးတက်လို့ ဆေးတွေကုရလို့ ခီးယပ်ကျိုး



www.burmeseclassic.com

www.burmeseclassic.com



ကျိုးရတဲ့အထိလေ။ ရှင်ဘာပြောခဲ့လဲ၊ ငါက ယောကျ်ား အသက်လည်း ငယ်သေးတယ်၊ မင်းက အနူမတဲ့။ အမလေး သားကြီးကို ဘာမှမပြောပြနဲ့၊ အဖေကို နာကြည်းမုန်းတီးနေမှာ ဆိုးလို့ပါ။ အရွယ်ပစ္စည်းတွေ မရတာထက် အဖေကို နာကြည်းမုန်းတီးမိတဲ့ ကံတွေထိုက်မှာစိုးလို့လေ။ သားယုယကို သနားလိုက်တာ။ဘယ်လိုလုပ်ရမလဲ။ ရှိတာနှယ်အကြောင်း မာမီသိပါတယ်။ သားကို ပထုတ်ပစ်ဖို့နည်းလမ်းမျိုးစုံကြိုးစားမယ်ဆိုတာလေ။ ဒါကြောင့် သားကိုလည်း ဒက်ဒီနဲ့ အဆင်ပြေအောင် နေစေချင်တာပါ။ သော်သော်ယု ရင်ထဲမှာ မောပမ်းနွမ်းလျသွားသည်။

"မာမီ"

"မင်း တော်တော်မိုက်တာပဲ၊ ယောကျ်ားတစ်ယောက် နောက် မိန်းမယူလိုက်တာ ငါက စခဲ့တာလား ယုယ၊ ဘာနာကျင်စရာရှိလဲ၊ ဟိုး ဘိုးစဉ်ဘောက်ဆက်ထဲက ယောကျ်ားတွေ နောက်မိန်းမ တစ်ယောက်ပြီးတစ်ယောက် ယူလာခဲ့တာပဲ၊ ငါက စတာလား၊ ငါ့ယောကျ်ားကျမှ နောက်မိန်းမ စယူတာလား ဟင်"

"မာမီ သား တောင်းပန်ပါတယ်၊ သားမှာ အရည်အချင်းတွေ အများကြီးရှိပါတယ်၊ တခြားကုမ္ပဏီတွေမှာ သွားလုပ်ရင်လည်း လခကောင်းကောင်းရမှာပါ။ ဒက်ဒီဆီက ဘာအမွေမှ သားမယူချင်လို့ပါ၊ သားက ကိုယ့်အစွမ်းအစနဲ့ပဲ ကြီးပွား





ချမ်းသာချင်တာပါ"

"ဘာအမွေမယူချင်ရတာလဲ၊ ငါက အဲဒီလို မိဘအပေါ်မှာ မာနထားတဲ့ သားတစ်ယောက်ကို အရမ်းမုန်းတာပဲ၊ မင်းအပြစ်ပဲနေမှာ မင်းက နောက်မိန်းမယူသွားတဲ့ အဖေကို မုန်းတီးနာကျည်းပြီး ဆန့်ကျင်နေတာ"

"မာမီရယ်၊ သားကို နားလည်ပေးပါ၊ သားဆန္ဒတွေက ကိုယ့်အစွမ်းအစနဲ့ပဲ ရပ်တည်ချင်နေတာပါ"

"မရဘူး၊ မင်းဒက်ဒီဆီ ပြန်သွားရမယ်၊ မာမီ့ဆန္ဒက ဘာလဲဆိုတာ မင်းသိပါတယ် ယုယ၊ ကိုမြတ်ချစ်က ငါ့ကို ဇနီးတစ်ယောက်အဖြစ် အသိအမှတ်မပြုတာ ကိစ္စမရှိဘူးလေ၊ မင်းကို သားတစ်ယောက်အဖြစ် အသိအမှတ်ပြုနေစေရမယ်"

သားယုယရယ် မင်းကို မာမီ နားလည်ပါတယ်၊ မင်းခံစားချက်တွေရောပဲလေ။ ဒါပေမယ့် မင်းဒက်ဒီကြီးပွားချမ်းသာမှုတွေအားလုံး မာမီ့မိဘဘက်က ရထားတဲ့အရင်းအနှီးငွေကြေးတွေကြောင့် ဖြစ်ထွန်းလာရတာပါ။ မင်း ရသင့်တယ် ယူပါ။ အရင်းမရှိ ငွေကြေးထောက်ပံ့မှုမရှိရင် သားကြီးယုယ သူများကုမ္ပဏီမှာ ဝန်ထမ်းတစ်ယောက်အဖြစ်ပဲ နေထိုင်စားသောက်ရမှာပဲလေ။ အဲဒီလိုအခြေအနေမျိုးကို မာမီ လက်မခံနိုင်လို့ပါ။ မာမီ့အမှားက ယောကျ်ားကို နာကြည်းပြီး ရတဲ့ပစ္စည်းလေး



www.burmeseclassic.com

www.burmeseclassic.com



လက်ခံပြီး ကွာရှင်းပေးပစ်လိုက်တာပဲ။ မာမီနောင်တက နောက်ကျ သွားတယ်။ မရှိသင့်တဲ့ မာနကြောင့် ဒက်ဒီနောက်မိန်းမ ခံစားဖို့ ဖြစ်သွားရတယ်။ မင်းကိုတော့ ဒီလို အလွယ်တကူ အမေ တစ်ယောက်ဆီက ဘာခံစားခွင့်မှ မရတာမျိုး အဖြစ်မခံနိုင်ဘူး။ မိမိနှင့်တူလွန်းသော သားယုယက မာနတွေနှင့် အမြဲတမ်း တင်းမာ ခက်ထန်လွန်းနေသည်။

"မင်းသာ သည်းခံပြီး ဒက်ဒီကျေနပ်လောက်အောင် အစွမ်းအစပြနိုင်ရင် ရီတာနွယ်ကြားဝင်လို့ ဘယ်ရမလဲ၊ မင်းကိုယ် တိုင်က ရန်လိုနေတာပါ"

"မာမီ"

"သွား မင်းပြန်သွားရမယ်၊ မင်း ဒက်ဒီက သားယုယ ရသင့်တဲ့ အမွေတွေ ရပါစေမယ်လို့အထပ်ထပ်ကတိပေးခဲ့တာ ဘာပဲဖြစ်ဖြစ် နောက်ဆိုး မရှိနေတဲ့ အဖေကို နားလည်မှုပေး သင့်တယ်"

မရဘူး ရီတာနွယ် ကျူပ်သားကြီးယုယကို ဒီလို အလွယ် တကူ ပထုတ်လိုက်လို့ ဘယ်ဖြစ်မလဲ။ ကျူပ် မခံစားရင်တောင် မှ ကျူပ်သားယုယ ခံစားစေရမယ်၊ ရသင့်ရထိုက်တာပဲဟာ သားယုယပြဿနာတက်တာ ရီတာနွယ်ရဲ့ ထိုးနှက်ချက်ကြောင့် ဟု သော်သော်ယု သိနေသည်။ သားကြီးယုယအား ဒေါ်သော်



သော်ယု ကိုမြတ်ချစ်ဆီ ပြန်သွားဖို့ပြောနေတဲ့ အချိန်တွင် ကိုမြတ် ချစ်ဆီက ဖုန်းလာသည်။

"ဟဲလို...ကျွန်မ သော်သော်ယုပါ၊ ကိုမြတ်ချစ် သားယုယက ကျွန်မရှေ့မှာလေ၊ ဘယ်လိုတွေဖြစ်ရတာလဲဆိုတာ ပြောပြပါဦးရှင်"

"မင်းသား ယုယက ငါ့ကို တော်တော်လေး စော်ကား ခဲ့တယ် သော်သော်ယု၊ သားငယ် သော်ကချစ်နဲ့ လက်ထပ်ပေး မယ့် မိန်းကလေးကို အရွဲ့တိုက်ပြီး ဝင်လုတယ်၊ ကမ်းခြေဟိုတယ်မှာ ငါတို့မိသားစုကို အရှက်ခွဲသွားတယ်"

"ကိုမြတ်ချစ် ရှင်သိထားဖို့က ကျွန်မသားယုယကို အမွေ တွေ မပေးဘဲနေလို့ မရဘူးဆိုတာပဲ။ ကျွန်မသား ယုယရဲ့ အနာဂတ်ကို ရှင် ဘယ်လိုအခြေအနေနဲ့မှ ရှင့်ကြောင့် မပျက်စီး စေပါနဲ့"

"မင်းသားယုယကို ရန်ကုန်က လုပ်ငန်းတွေကို ဦးစီးဖို့ ရီတာရော ငါရော ပြောတာပဲ တောင်းပန်ခဲ့ကြတာပဲ မင်းသား ယုယကိုယ်တိုင်က အမြင်စောင်းပြီး ပြဿနာလိုက်ရှာနေတာကွ"

"ကောင်းပြီလေ၊ သားယုယကို ရန်ကုန်မှာရှိတဲ့ လုပ်ငန်း တွေ ဦးစီးဖို့ ပြန်လွှတ်မယ် ရှင်လက်ခံပါ"

"အေး...ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးမယ်၊ မင်းသား





www.burmeseclassic.com

www.burmeseclassic.com



ယုယ ကုမ္ပဏီကို ပြန်လာပါစေ၊ ငါလက်ခံမယ်၊ ဒါပေမယ့် ငါ့သားသော်ကရဲ့ ချစ်သူကောင်မလေးနဲ့တော့ ကင်းကင်းရှင်းရှင်းနေပါစေ မင်းသား ယုယကို တာဝန်ယူဆုံးမပေးပါ''

ဖုန်းပိတ်သွားသဖြင့် ဒေါ်သော်သော်ယု ဘာမှ ဆက်မပြောခွင့်မရ။ သားယုယရှေ့မှာလည်း ဖခင်တစ်ယောက်ရဲ့ တာဝန်မဲ့စွာ စိမ်းကားရက်စက်နေမှုတွေကို အပြစ်တင်ပြောဆိုခြင်း မပြုလိုပေ။ အဖေက အဖေပဲလေ။ သားယုယကို အဖေရဲ့ အပြစ်တွေသိပြီး အဖေကို စော်ကားရန်လုပ်နေတာမျိုး လုံးဝအဖြစ်မခံနိုင်လို့ပါ။ သားယုယက ဘဝတစ်သက်တာအတွက် ကံငါးပါးထိုက်ပြီး စိတ်ဓာတ်ရှာဖွေလို့အဆင်မပြေမှာရော၊ နောင်ဘဝသံသရာအထိ ပြစ်မှုတွေပါမသွားစေဖို့ မိခင်တစ်ယောက်အနေနှင့် တားဆီးပေးရမည်ပဲဖြစ်သည်။

''သားယုယ မင်းဒက်ဒီဆီ ပြန်သွားပါ၊ ရန်ကုန်မှာရှိတဲ့ လုပ်ငန်းတွေကို ဦးစီးစေချင်ပါတယ်တဲ့၊ မင်းကို ခေါ်နေတယ် ဒက်ဒီက သူ့သားပဲ၊ သားယုယ မင်းဘက်က လျှော့ပါ၊ ရှိတာက မိထွေးပေမယ့် သားအပေါ် မဆိုးရှာပါဘူး၊ သားကပဲ မာနထားပြီး နေတာပါ''

ဒေါ်သော်သော်ယုကတော့ သားကို စိမ်းစိမ်းကားကားနှင့် ခွဲခွာပစ်ခံရမှာကို လွန်စွာစိုးရိမ်ပူပန်မိနေသည်။ ကိုမြတ်ချစ်





ရှင် အဲ့ဒီလိုလုပ်လို့မရဘူး။ ကျွန်မသားကို ပေးသင့်တာကိုတော့ ပေးရမယ်။ သားယုယက လိမ္မာရေးခြားရှိတယ်ဆိုတာကို မိမိသိပြီးသားပဲ။ သားယုယရယ် နည်းနည်းလေးပဲ မင်းဒက်ဒီအပေါ် သည်းခံပါ။ ဒေါ်သော်သော်ယုရဲ့ မျက်ဝန်းတွေထဲတွင် မျက်ရည်တွေ ပြည့်လာသည်။

''မာမီ သား ပြန်သွားပါ့မယ်၊ စိတ်သောကရောက်မနေပါနဲ့နော်၊ ယုယ မာမီ့ဆန္ဒတွေအတိုင်းပဲ ဒက်ဒီ့ဆီ ပြန်သွားပေးပါ့မယ်''

''ဝမ်းသာလိုက်တာ သားယုယရယ်၊ မင်းဒက်ဒီက သားယုယကို သားတစ်ယောက်အဖြစ် အသိအမှတ်ပြုပြီး အဆင်ပြေနေတာ မာမီအတွေ့ချင်ဆုံးပဲကွယ်၊ မာမီ အသက်ကြီးပါပြီ၊ သား ယုယအတွက် မာမီ စိတ်အေးချင်တယ်''

သူ့ မာမီကို နာကျင်ကြေကွဲစေရန် မည်သို့မျှ လုပ်ဆောင်ဖို့ မရည်ရွယ်ခဲ့ပေ။ မာမီ့ဆန္ဒအရ ဒက်ဒီတို့မိသားစုအား ပတ်သက်ဆက်ဆံနေရသည်။ အခုလည်း ယုယ ဘယ်လိုမှ မပတ်သက်လိုတော့တဲ့ ဟိုတယ်ကောင်းကင်ပြာကို ခွန့်ခွာလာခဲ့သည့် မနက်က သူ့ရှေ့မှာပင် တီတီတာတာလက်ကိုဆွဲ၍ သော်ကချစ်က လာရောက်နှုတ်ဆက်ခဲ့သည်။

''မင်းတကယ်ပဲ သွားတော့မှာလား ယုယ၊ ဘာပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေ မင်းနဲ့ငါက ညီအစ်ကိုတွေပဲဟာ ငါ့မင်္ဂလာပွဲကိုတော့ မင်း တက်ပါ၊ မင်းစိတ်တွေ သန့်တယ်ဆိုရင်ပေါ့''

တီတီတာတာ မင်း တော်တော်လေး မျက်နှာပြောင်တာပဲ ငါက ဟိုတယ်ကောင်းကင်ပြာကို မရနိုင်တော့ဘူးဆိုတာ သိလာလို့ ဟိုတယ်ကောင်းကင်ပြာကို အပိုင်ရမယ့် ဟိုတယ်ပိုင်ရှင်ကြီး သော်ကချစ်ဘက် လှည့်သွားတာပဲ၊ မင်းဘယ်လို အငြိုးတွေနဲ့ ငါ့အပေါ် ရက်စက်နိုင်ရတာလဲ၊ အေးဆေးတည်ငြိမ်ဖို့ ကြိုးစားနေရတဲ့ ငါ့ဘဝကို လှိုင်းထန်သွားအောင် မင်းလုပ်ပစ်ခဲ့တာပဲ တီတီတာတာ၊ မာမီ့ ဆန္ဒကြောင့် သူက မလွဲမသွေ ဒက်ဒီ့ကုမ္ပဏီမှာ အလုပ်ဝင်ရတော့မည်ပဲဖြစ်သည်။ ကျေးဇူးပြုပြီး ငါ့ကို သော်ကချစ်ထဲ စွဲမနှစ်စမ်းပါနဲ့ တီတီတာတာ၊ ငါ တောင်းပန်တာပါ။ သူ မိန်းမတစ်ယောက်ရဲ့ မာယာကို ငါ့အရမ်းကြောက်ရွံ့ထိတ်လန့် နေတာပါ။ သူ ညံ့ဖျင်းသည်။ တီတီတာတာအပေါ် ချစ်မိတာ ယုံကြည်မိသွားတာတွေအားလုံး ညံ့လွန်းနေသည်။ အသုံးမကျတာပဲ။ ရက်စရာ ကောင်းနေ၏။ ဝန်ထမ်းတွေရှေ့မှာ တည်ကြည်ခန့်ညားစွာ နေထိုင်ပြုမူနေခဲ့သည့် သူ့အတွက် ကြီးမားသော ထိခိုက်နစ်နာဆုံးရှုံးမှုတွေနဲ့ အရှက်သိက္ခာကျဆင်းသွားခဲ့ရသည်။

''ကိုယ် ကျွန်မတို့ ထွက်သွားကြရအောင်၊ လူတွေနဲ့ အဝေးဆုံးကိုလေ၊ ကျွန်မတို့ ထွက်ပြေးကြမယ်''





''တောက်''

ဒီမိန်းမရဲ့ စကားတွေကို သူ တဒင်္ဂတွေဝေမိန်းမောစွာ ယုံကြည်မိသွားရဟာပင် အစွန်းဆုံးအထိ လူပုံအလယ်မှာ အရှက်ခွဲစရာ အကြောင်းဖြစ်ခဲ့ရသည်။

ဘယ်လိုပဲဖြစ်နေပါစေ မာမီ့ဆန္ဒက ဒက်ဒီ့ ကုမ္ပဏီမှာ ဆက်လက်တာဝန်ထမ်းဆောင်ရမှာပဲဖြစ်၏။ မာမီ့ကို ကြည့်ရတာ ဖြူဖတ်ဖြူရော် ဖြစ်နေသည်။

''သားယုယ''

''မာမီ''

''အနားယူလိုက်ဦး၊ သားအခုမှ ခရီးဝေးကနေ ပြန်ရောက်လာတာပဲ၊ ပြီးတော့ ဒက်ဒီဆီသွား၊ အခုဒက်ဒီတို့က ချောင်းသာမှာပဲတဲ့၊ မင်းဒက်ဒီက လိုလိုလားလား ခေါ်တာပါ''

သူ မာမီ့အနားကနေ လှည့်ထွက်လာခဲ့သည်။ သူ့အိပ်ခန်းလေးထဲဝင်လာပြီး အဝတ်အစားတွေကိုပင် ချွတ်လဲမနေတော့ဘဲ အိပ်ယာပေါ်ပစ်လှဲချပစ်မိ၏။ သား သိပါတယ် မာမီ၊ ဒက်ဒီက သားကို လိုလိုလားလား ကြင်ကြင်နာနာနဲ့ ဘယ်တော့မှ မခေါ်ပါဘူး။ မင်းသား ရိုင်းတယ်၊ ရှိတာစေတနာကို စော်ကားတယ်၊ ညီလက်တပ်မယ့် မိန်းကလေးကို အရွဲ့တိုက်ပြီး တမင်လာလုတယ်ဆိုတဲ့ စကားတွေပဲ ပြောသွားဘာ မဟုတ်လား။ ဒက်ဒီက



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရီတာနှယ်စကားတွေသာ လက်ခံသူဟုပဲ ထင်သည်။

"အလုပ်တာဝန်နဲ့ လူမှုရေးကို ခွဲခြားထားစမ်းပါ၊ ယုယ မာမီ စိတ်ဆန္ဒက အဓိက မင်း ဖြည့်စွမ်းပေးရမည့်အရာပဲ"

အလုပ်တာဝန်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေပဲ ယခင်ကလို စိတ်ဝင်စားပြီး မိန်းကလေးတွေနှင့် ကောင်းရှင်းဆုံး နေထိုင်ဖို့ဆိုတာ သူ့စိတ်တွေထဲမှာ အစွန်းအထင်းတစ်ခု စွန်းထင်း သွားရသည်။ အဲ့ဒါမင်းကြောင့်ပဲ တီတီတာတာ။ ဒက်ဒီ မိသားစု နှင့် မပတ်သက်မိအောင်နေဖို့ ယုယဘာမှ မဖြစ်နိုင်။ ယခင် ကထက် အဆပေါင်းများစွာ စိတ်သောက ဖိစီးမှုတွေနှင့် ရင်ဆိုင် နေရတော့မည်။ ဒါပေမယ့်လည်း မဖြစ်မနေ ဒက်ဒီရဲ့ ဝန်ထမ်း တစ်ယောက်အဖြစ် လုပ်ဆောင်ပေးရဦးမည်ဖြစ်သည်။ သူ ပင်ပန်း နွမ်းနယ်စွာ အိပ်ပျော်သွားပြီး မနက်စောစောထကာ ဒက်ဒီနှင့်တွေ့ဖို့ ပြင်ဆင်၍ သွားရောက်ရမည်။

"သားယုယ"

"မာမီ"

"သား ဒက်ဒီနဲ့ ပြဿနာမဖြစ်ပါစေနဲ့၊ မာမီ မဆုံးမ မသွန်သင်လို့ သားယုယ ရိုင်းစိုင်းရတာမျိုး မဖြစ်ပါစေနဲ့ကွယ်"

သူ မာမီ့ကို ခေါင်းညိတ်ပြကာ အပြင်ထွက်လာခဲ့သည်။ သူ့မှာ ကားမရှိတော့။ ချောင်းသာကမ်းခြေမှာ ကုမ္ပဏီက ဒက်ဒီ





ပေးထားသောကားကို ထားခဲ့၏။ သူကုမ္ပဏီရောက်တော့ ဒက်ဒီက ရုံးခန်းထဲမှာ သူ့ကို စောင့်နေသည်။

"ယုယ"

"ဟုတ်ကဲ့"

"မင်းကို ငါပြောချင်တာက လူမှုရေးကိစ္စနဲ့ လုပ်ငန်း တာဝန်ကို မရောထွေးဖို့ပဲ၊ တီတီတာတာဆိုတဲ့ ကောင်မလေးကို သားငယ်သော်ကအတွက် ရွေးချယ်တာ မင်းမာမီလေး မှန်တာပဲ"

"ကျွန်တော် အလုပ်ကိစ္စတွေပဲ ပြောချင်ပါတယ် ဒက်ဒီ"

"ဟော့ကောင် ဒီကိစ္စက မိသားစုကိစ္စပဲ၊ မင်း သိထား သင့်လို့ ပြောတာလေ"

"အလုပ်ကိစ္စပဲပြောပါ"

"မင်းကွာ...မိသားစုကိစ္စတော့ စိတ်မဝင်စားဘူး၊ ညီနဲ့ လက်ထပ်မယ့် မိန်းကလေးနဲ့တော့ ချိန်းတွေ့တတ်လား"

ယုယ သူ့ထလိုက်သည်။ ဒက်ဒီ့စကားတွေ သူနှင့်တွေ့ လျှင် အမြဲတမ်းပဲ တစ်ဖက်သတ် သူ့အပြစ်တွေပဲ ပြောနေတတ်တာ။ ဒေါ်ရီတာနှယ် သင်ကြားသွန်သင်ပေးထားတဲ့ သင်ခန်းစာတွေ လားပဲ။ အရင်က သူ့အလုပ်တာဝန်တွေသာ ကျေပွန်စွာ ထမ်းဆောင် တတ်လေ့ရှိရာကနေ တီတီတာတာဆိုတဲ့ ကောင်မလေးကို ယုံကြည် ကာ ချစ်မိသွားတော့ ဒက်ဒီရဲ့စကားလုံးတွေက ပို၍ပင် ထော်နက်

www.burmeseclassic.com



သက်ဝင်သွားသည်။

"ယော့ကောင် ယုယ မင်းဒီလိုပဲ အေးစက်စက် တုံ့ပြန်နေတော့မှာလားကွ၊ မင်းကို ဒါကြောင့် မင်းမာမီလေးက အားမရတာ"

သူ ထွက်လာခဲ့ပြီး သူရုံးခန်းရှိရာကို ထွက်လာခဲ့သည်။ တီတီတာတာကို မေ့ပစ်ရမည်။ မင်းလိုမိန်းမတစ်ယောက်နဲ့ ငါ့ဘဝမှာ လာပြီး တွေ့ဆုံရတာ မုန်းတီးနာကြည်းစရာကောင်းလောက်အောင် ငါ့ဘဝတွေကို လှိုင်းတံပိုးတွေ ထန်စေခဲ့တာပဲ။ သူ့ လော့ကားထစ်တွေအတိုင်း တက်လာရင်း မေ့ပစ်လိုက်ချင်နေသော တီတီတာတာနဲ့ တွေ့ဆုံပုံတွေကို သတိရနေတာကို သူ မုန်းတီးမှုခေါင်းအား ခါယမ်းပစ်မိသည်။

◆ ◆ ◆



## အခန်း (၂၂)

ဖေဖေက တောင်းပန်နေသော အရိပ်တွေ လွှမ်းမိုးနေသည့် မျက်လုံးအကြည့်တွေနှင့် တီတီတာတာအား တွေ့တာနှင့် ကြည့်နေသည်။ ဖေဖေက ရိုးသားသူပါ။ ငွေကြေးသုံးစွဲစရာ မရှိခဲ့ရသော ဝန်ထမ်းလခလေးနှင့် နေထိုင်စားသောက်နေတတ်သူ။ ဒါပေမယ့် တစ်ပါးသူတွေကိုတော့ အလွှန်အမင်း သနားတတ်ကာ အကူအညီပေးတတ်သည်။

"သမီး တီတီတာတာ ဖေဖေ တောင်းပန်ပါတယ်၊ တကယ်တော့ ဖေဖေကူညီတဲ့ ဖေဖေတပည့်က ရိုးသားပါတယ်၊ စီးပွားရေးတကယ်ပဲ လုပ်တာပါ၊ ဒါပေမယ့် အခြေအနေတွေက ဒီကောင်ထွက်ပြေးရတဲ့အထိ ဖြစ်လာတာပါ"

"ဘယ်တတ်နိုင်မလဲ ဖေဖေရယ်၊ သမီးက ဖေဖေကို



www.burmeseclassic.com

www.burmeseclassic.com



အခုလို ကူညီရတာပဲ ဝမ်းသာနေတာပါ၊ ကိုသော်ကချစ်နဲ့လည်း တီက ရင်းနှီးကျွမ်းဝင်ပါတယ်၊ တီက သူ့ငွေနဲ့ လက်ထပ်ခွင့်ရတာ မေမေကြောင့် သိလား''

အားငယ်စိုးရိမ်ပြီး ညှိုးနွမ်းနေတဲ့ မေမေ့ကို တီတီတာတာ ထိုအခြေအနေအတွက် ဝမ်းသာအားရဖြစ်နေဟန် ပျော်ပျော်သွက်သွက်လေး ပြောလိုက်သဖြင့် မေမေ့မျက်နှာပြင်က ဝင်းလက်တောက်ပသွားသည်။ မေမေ့ကိုလည်း မှာထားပြီးသားပဲ။ တီတီတာတာနဲ့ သော်ကချစ်က ချစ်သူတွေဆိုရင် မေမေ စိတ်အေးသွားမှာပါ။ ဒေါ်ရီတာနွယ်က မေမေနှင့် လက်မှတ်ထိုးထားသော ငွေချေးစာချုပ်စာတမ်းတွေကို ပြန်၍ပေးထားသဖြင့် မေမေ့လက်ထဲ အပ်လိုက်သည်။

''ရော့ မေမေ့အကြွေးစာရင်း တီတီတာတာ ပြန်ဆပ်ပေးတာနော်၊ ဒီစာချုပ်လေးက တကယ့်ကို တီတီတာတာရဲ့ ကျေးဇူးရှင်ပဲ၊ အဟဲ့ ဟိုတယ်ပိုင်ရှင် သူ့ငွေးမကြီးဖြစ်အောင် ဖန်တီးပေးလိုက်တာလေ ရွှတ်''

ရယ်ရယ်မောမောနှင့် အကြွေးစာချုပ်လေးအား နမ်းပြလိုက်ရသည်။ မေမေက ပြုံးသွား၏။ အကြွေးကိစ္စတွေနှင့် စိတ်ဖိစီးပြီး မေမေ နည်းနည်းလေးတောင် ပိန်ချုံးကျသွားသည်။





''မေမေတော့ ဒီကိစ္စအတွက် အရမ်းကို တုန်လှုပ်ချောက်ချားသွားရတာပဲကွယ်၊ အသက်ကြီးမှ ထောင်ထဲဝင်ရတော့မလို့ အာမခံကောင်းတာလေ''

''သမီးတို့ မင်္ဂလာပွဲကို ယောက္ခမတွေက ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားကို လုပ်ပေးမှာ မေမေ၊ ဟိုတယ်ကောင်းကင်ပြာကိုလည်း လက်ဖွဲ့မှာတဲ့လေ''

''အင်းကွယ်…သမီးလေး ပျော်မယ်၊ ကောင်းစားမယ်ဆိုရင်လည်း မေမေ ဝမ်းသာပါတယ်၊ အဆိုးထဲက အကောင်းပေါ့လေ''

တီတီတာတာ့ကို ဒေါ်ရီတာနွယ်က ဟမ်းဖုန်းတစ်လုံးလည်းပေးထားသည်။ လက်ဝတ်ရတနာတွေလည်း ဆင်ပေးထားသဖြင့် ပတ်ဝန်းကျင်ကလူတွေကတော့ စိတ်ဝင်တစားနှင့် ဒမေးကျနေသည်။ မေမေ့ကို နှုတ်ဆက်ပြီး တို့အိပ်ခန်းလေးထဲ ရောက်တော့မှ မွန်းကြပ်နေတဲ့ စိတ်တွေကို ပေါ့ပါးသွားအောင် သက်ပြင်းမောကြီးအား ဟူးခနဲ မှုတ်ထုတ်ပစ်လိုက်ရသည်။

''ဟူး…မသက်သာပါလား တီတီတာတာ၊ ဘဝတစ်လျှောက်လုံး လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးလေး နေလာခဲ့တာ စိတ်တွေနာကျင်မွန်းကြပ်လိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com



သော်ကချစ်ကို တီတီတာတာ နည်းနည်းလေးမှပင် ချစ်ခင်နှစ်သက်ခြင်းမရှိဘဲ ရွံရှာမုန်းတီးနေသည်။ ဒေါ်ရီတာနွယ်ကလည်း မျက်နှာလေးချိုချိုချိုချိုနှင့် ဒက်ဒီ ဦးမြတ်ချစ်အား ဟန်ဆောင်မာယာတွေ အမျိုးမျိုးလုပ်ပြပြီး ကိုယုယချစ် ရသင့်ရထိုက်တဲ့ ခံစားခွင့်တွေကိုပါ မပေးရအောင် ကြိုးစားနေသည်။ အရမ်းကောက်ကျစ်တာပဲ။ သူမကို ပေးထားတဲ့ ဟမ်းဖုန်းနီနီလေးကို အိပ်ရာပေါ် ပစ်တင်လိုက်သည်။

"ဘာဂုဏ်တွေလဲ၊ စည်းစိမ်ချမ်းသာတွေလဲ မဖြူစင်တဲ့ဟာတွေ၊ မရိုးမသား ရထားတဲ့ဟာတွေပဲ၊ ရွံလိုက်တာနော်"

တီတီတာတာ အရမ်းသတိရပြီး စိတ်မကောင်းဖြစ်နေရတာက အလုပ်ကနေ ထွက်သွားကြပြီဖြစ်တဲ့ မန်နေဂျာနဲ့ နေမာပဲ။ ဘယ်လိုအခက်အခဲတွေပဲ ရင်ဆိုင်နေရပြီလဲ။ နေမာကလည်း မိဘတွေက မဆင်မပြေကြ။ နေမာပဲ ပညာတတ်ပြီး အားကိုးနေရတာ။ မန်နေဂျာရော သူ့မိခင်အကြောင်းတွေ တီတီဟာတာ့ကိုယုံပြီးဖွင့်ပြောမိသွား၍ နောင်တတွေရပြီး တီတီတာတာ့အပေါ် ရွံရှာမုန်းတီးနေတော့မှာပါ။ ကျွန်မ ဘယ်လိုမှ ရှောင်လွှဲလို့ မရတာပါ။ တကယ်ပါနော်။ ကျွန်မကိုယ် ကျွန်မအရမ်းပဲ မုန်းတယ်။ ရွံတယ်။ ဖေဖေ စိတ်ချမ်းသာစေရန် တီတီတာတာ ဟန်ဆောင်





နေတာပဲ မှန်းကြပ်နေသည်။

"သမီးတီရေ မောင်သော်ကချစ် ရောက်နေတယ်"

မေမေ လှမ်းအော်ခေါ်နေသဖြင့် သော်ကချစ်ကို မတွေ့ချင်ပေမယ့် မလွှဲမရှောင်သာ တွေ့ရဦးမည်ဖြစ်သည်။ သူက အခွင့်အရေးသမားပဲ။ တီဟီတာတာ့ကို ပိုင်စိုးပိုင်နင်း နေထိုင်ပြုမူတာ အမုန်းဆုံးပင်။ အဝတ်အစားလဲပြီး သူမ အခန်းအပြင်ဘက် ထွက်လာခဲ့သည်။

"တီ မောင်တို့ မင်္ဂလာပွဲအတွက် ဟိုတယ်ငှားရအောင် သွားမယ်လေ"

"သွားမယ်လေ၊ ဖေဖေ မောင်နဲ့ တီ လိုက်သွားမယ်နော်"

"အေးကွယ်"

သော်ကချစ်က တီ့လက်ကိုဆွဲပြီး ထွက်လာပေမယ့် ဖေဖေ့ကို တရိုတသေ နှုတ်ဆက်ခြင်းမရှိတာတော တီတီတာတာ မကျေမနပ်ဖြစ်မိသည်။ ဖေဖေ့ကို အဖက်ပင်မလုပ်။ လူကြီးမိဘကို ရိုသေသင့်သည်ဟု ထင်ပါ၏။ သော်ကချစ်က မော်က်မာပြီး သူလုပ်ချင်တိုင်းလုပ်၍ ဖြစ်သည့်သဘောနှင့် တီတီတာတာ့အပေါ် ပိုင်စိုးပိုင်နင်း ပြုမူဆက်ဆံသည်။



www.burmeseclassic.com

www.burmeseclassic.com



"တီတီတာတာ မင်းကို သော်ကချစ်က အရေးတယူ လက်ထပ်တယ်ဆိုပြီး စွတ်မြောက်မနေနဲ့နော်၊ မောင်က လွတ်လွတ်လပ်လပ်တော့ နေတတ်တယ်၊ မာမီရွေးချယ်တဲ့ ချွေးမလောင်းကို လက်ခံတာ၊ ဒါပေမဲ့ တီတီတာတာလေးက ချစ်စရာတော့ကောင်းပါတယ်လေ"

"ဟင်"

"ရှုတ်"

"အို"

ကားထဲဝင်ထိုင်မိသည်နှင့် သော်ကချစ်မျက်နှာက မချိုမချဉ် အပြုံးစစတွေ ထောက်ပကာ သူမမျက်နှာလေးအနား တိုးကပ်ပြီး သူမပါးပြင်လေးအား ရှုတ်ခနဲ နမ်းပစ်လိုက်၍ ဒေါသဖြစ်ရသည်။ ဘယ်လိုလူလဲ။ တီတီတာတာ့ကို လက်ထပ်တာ ဘာသဘောလဲ။ ဟင်း ပေါ့ပေါ့ပျက်ပျက်လား။ တီတီတာတာက ရှင့်ရဲ့ငွေဝယ်ကျွန်လား။ မောင်က ဘာစီးပွားရေးမှ စိတ်မဝင်စားဘူး အပျော်အပါးပဲ မက်တယ်တဲ့။ မာမီက တီတီတာတာ့ကို အလုပ်တာဝန်တွေ လွှဲအပ်ပေးလိမ့်မယ်။ သေသေချာချာလုပ်တဲ့။ အမြင်ကတ်ချင်စရာကောင်းလိုက်တာ။ တီတီတာတာ့ မျက်နှာလေး တင်းမာသွားရသည်။





"မင်းကလည်း ယုယဆိုတဲ့ကောင်ကိုပဲ ချစ်တာ အထင်ကြီးတာမဟုတ်လား၊ တီတီတာတာ မင်းတို့နှစ်ယောက် ဘယ်အခြေအနေထိ ရောက်နေလဲဆိုတာ မောင် သတင်းတွေကြားပြီးသားပါ၊ ယုယလိုကောင်ကတော့ ချစ်သူအဖြစ် ရွေးချယ်မိတဲ့အထိ မင်းကလည်း ချောမောသပနေတာပဲကိုး"

တီတီတာတာ မင်းမတော့ အရည်အချင်းတွေရှိပြီး ဇနီးမယားကောင်းတစ်ယောက်အဖြစ် တော်တော်လေး ခိုင်းစားလို့ကောင်းမယ် ထင်တယ်။ ချစ်စရာလည်းကောင်းပါတယ်။ မင်းမျက်နှာလေးက အရမ်းချောတယ်။ နှစ်သက်စွဲမက်စရာပဲ။ နှုတ်ခမ်းထူထူအမ်းအမ်း ဖူးဖူးအိအိလေးတွက နမ်းပစ်ချင်စရာပဲ။ မင်းက သော်ကချစ်ကို လက်ထပ်တာ မင်းအဖေ ထောင်မကျအောင်ပဲ မဟုတ်လား။ သော်ကချစ်ကလည်း ယုယ နှစ်သက်မြတ်နိုးတဲ့ ကောင်မလေးဖြစ်နေလို့ရယ်၊ မင်းကို စီးပွားရေးတွေ လုပ်နိုင်းပြီး သော်ကချစ်က ထိုင်စားပြီး သုံးဖြုန်းပျော်ပါးပစ်မှာလေ။ သော်ကချစ်စိတ်က စီးပွားရေးမှာ လုံးဝပဲ။ စိတ်မဝင်စားဟာ။ သော်ကချစ်တို့လို ရုပ်ချောတဲ့ကောင်တွေက ရိုးသားဖြူစင်တဲ့ ကောင်မလေးတစ်ယောက်ကိုပဲ ဇနီးမယားအဖြစ် လက်ထပ်ယူချင်တာကွ။ သူ တီတီတာတာ့ကို စူးစိုက်ကြည့်မိတော့ မာနမျက်ဝန်းလေးက



www.burmeseclassic.com

www.burmeseclassic.com



မီးတောက်လေးတစ်ပွင့် ထတောက်မတတ် စူးရှနေသည်။

''မင်းကို ငါ့ လက်ခံတဲ့အကြောင်းတစ်ခုက ယုယရဲ့ ရှားရှားပါးပါး တစ်ယောက်တည်းသာ ချစ်သူမိန်းကလေး ဖြစ်နေလို့လေ''

''ရှင်...ရှင်''

''ယုယကို ငါအရမ်းမုန်းတယ်၊ ဒီကောင်က သိပ်ပြီး ကြီးကျယ်ခမ်းနားတဲ့ကောင်၊ မာမီနဲ့ငါ့ကို အထင်သေးတဲ့ကောင်လေ''

''ကိုယုယချစ်က ရှင့်အစ်ကိုပဲလေ၊ ရှင်တို့မိသားစု စီးပွားရေးမှာ တာဝန်ကျေကျေ ရိုးရိုးသားသား လုပ်ကိုင်ပေးနေတာပဲ''

''ဟား... ဟား... ဟား''

သူ့ အမြင်ကတ်စရာ ရွံရှာစက်ဆုပ်စရာ ကောင်းလောက်အောင် မထေမဲ့မြင် ရယ်မောနေရာ တီတီတာတာကားပေါ်မှ ဆင်းသွားချင်စိတ်တွေ ဖြစ်ပေါ်လာရသည်။ ဒေါ်ရီတာနှယ်နဲ့ သော်ကချစ်က တီတီတာတာ့ကို ရွေးချယ်တာ ခိုင်းစားဖို့ပဲ။ ငွေနဲ့ ဝယ်တဲ့ ကျွန်တစ်ယောက်အဖြစ် သတ်မှတ်လိုက်တာ။ သော်ကချစ်က သူမ ပါးပြင်လေးအား လိမ်ဆွဲကာ ရယ်မောရင်း ကားကို





မောင်းထွက်သည်။

''ကျွန်မတို့ ဘယ်ကိုသွားမှာလဲ မာမီရော''

''မကြောက်ပါနဲ့ တီတီတာတာ၊ မောင်က ဘယ်ကိုပဲ ခေါ်ခေါ်လေ၊ မင်းလိုက်မှာပဲဟာ၊ မကြာခင် လင်မယားပဲဖြစ်တော့မယ့်ဟာကိုများကွာ''

''ရှင် အဲ့ဒီလိုမလုပ်ပါနဲ့ ကိုသော်ကချစ်၊ ကျွန်မတို့က တရားဝင်မှ လက်မထပ်ရသေးတာ၊ ပြောပါ၊ ကျွန်မကို အနိုင်ကျင့်ပြီး ရှင်ခေါ်သွားချင်တဲ့နေရာ ခေါ်သွားလို့မရဘူး''

သော်ကချစ် အတ္တကြီးမားစွာ အနိုင်ကျင့်ပြီး တီတီတာတာ့အား ပြုမူချင်တိုင်းပြုမူနေတာတွေ မထေမဲ့မြင် ပေါ့ပျက်ပျက်နှင့် ပြောဆိုဆက်ဆံနေတာတွေကို မုန်းတီးလာသည်။ ရှင် ဘာတွေကြံစည်မလို့လဲ သော်ကချစ်။ သူ့ တီတီတာတာ့အား တစ်နေရာရာကို ခေါ်ဆောင်သွားတာ တရားဝင် လက်မထပ်ခင် မိန်းကလေးတစ်ယောက်ရဲ့ ဘဝကို တန်ဖိုးမဲ့သွားအောင် ရိုက်ချိုးဖျက်ဆီးပစ်ဖို့ ကြံစည်တော့မည်ကို သူ့ရဲ့ ပြီတီတီ မျက်ဝန်းတောက်တောက် စိုစိုလက်လက်တွေက သိသာနေသည်။

''ကားကို ရပ်ပေးပါ''

''ဟား... ဟား... ဟား... မောင့်ဇနီးလောင်းလေးက



www.burmeseclassic.com

www.burmeseclassic.com



တော်တော် မာနကြီးတာပဲ၊ ဘာလဲ မင်္ဂလာဦးညကို အပျို

တစ်ယောက်အဖြစ် ပေးအပ်ချင်တာလားကွာ"

"ရှင်·· ရှင် ကျွန်မကို မစော်ကားပါနဲ့ ကားရစ်

"မင်း ဒီလိုငြင်းဆန်နေရင် ကိုယ့်မာနီက ဒေါသတွေ

ကွဲပြီး မင်းအဖေကို ထောင်ထဲပို့ပစ်လိုက်မှာနော် တီတီတာတာ"

ဒေါ်ရီတာနှယ်နှင့် သော်ကချစ်တို့ရဲ့ အကြံပက်စက်

ကို တီတီတာတာ သိနေသည်။ ကိုရယ် တီတီတာတာ

လာကယ်ပါဦး။ တီတီတာတာ့ ကံကြမ္မာတွေက အရမ်းပဲဆိုး

ပါတယ်။ ဖေဖေ့အတွက် သော်ကချစ် ပြုမူသမျှ ငြိမ်ငြိမ်သက်

ပဲ လက်ခံပေးရတော့မယ့်အဖြစ်တွေနဲ့ ရင်ဆိုင်နေရပါပြီလေ။ ကို

ဘယ်မှာလဲဟင်။ ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရပြီလဲ။

သော်ကချစ်က ကားကို ခြံဝင်းတစ်ခုထဲသို့ ကွေ့ဝင်လိုက်သည်။

"ဒီခြံက ကိုယ့်သူငယ်ချင်းတစ်ယောက်ရဲ့ခြံလေ၊ ဘယ်သူ

မှမရှိဘူး၊ မောင်က တီတီတာတာ့ကို အရမ်းချစ်မြတ်နိုးလို့ ဟိုတယ်

အခန်းထဲမှာတောင် အနားမယူဘဲ ဒီလို သာယာလှပပြီး အေးချမ်း

လွတ်လပ်တဲ့ နေရာလေးကို တန်ဖိုးထားပြီး ခေါ်လာတာပါ"

"ကျွန်မကို အဲ့ဒီလိုမလုပ်ပါနဲ့ ကိုသော်ကချစ်၊ တောင်းပန်

ပါတယ်နော်၊ မကြာခင် လက်ထပ်ကြတော့မှာပဲ ပြန်ကြရအောင်



ပါ"

"တီတီတာတာလေးရယ် မင်းလေးက ခေတ်နောက်

အရမ်းကျနေတာပါလား၊ ဒီလိုကိစ္စတွေက ဘာမှဆန်းတာမှ မဟုတ်

တာပဲ၊ ကိုယ့်ယောက်ျားကို စွဲမက်ဖွယ်ရာတွေနဲ့ ပြုစုပေးရမယ်လေ၊

တီတီတာတာကို မောင်က သင်ပေးရမယ်"

သော်ကချစ် လက်တွေက သူမအား သိုင်းဖက်လိုက်သဖြင့်

သူမ အထိတ်တလန့်နှင့် ရုန်းဖယ်ပစ်နေပေမယ့် သူ့မျက်နှာက

သူမမျက်နှာလေးပေါ် အုပ်မိုးကျလာရာ သူမ မျက်နှာလေးက

ဘယ်ညာရမ်းခါရင်း ရှောင်တိမ်းပစ်နေမိသည်။ ကြောက်လိုက်တာ။

လွတ်မြောက်ရာဆိုတာ မရှိနိုင်တော့။ သော်ကချစ်ရဲ့ မျက်နှာကြီးကို

သူမရွံမုန်းစွာ တွေ့မြင်နေသည်။

"မောင် ထားရာမှာနေ စေရာကိုသွားစမ်းပါ တီတီတာ

တာ၊ ဒါမှ မင်းအနာဂတ် တောက်ပငြိမ်းချမ်းမှာလေ"

သော်ကချစ်ကတော့ တီတီတာတာ့ကို လုံးဝလက်လွှတ်

မခံနိုင်၍ လက်ထပ်မင်္ဂလာပွဲ ကျင်းပပြီးတဲ့အထိ အချိန်တွေစောင့်

ဆိုင်းနေ၍ မဖြစ်တော့။ ယုယချစ်နောက် လိုက်သွားခဲ့လျှင် တီတီ

တာတာ မင်းနဲ့ငါ တရားဝင်လက်ထပ်ပွဲ မကျင်းပရသေးရင်လည်း

မင်း စောစောစီးစီး ငါ့မိန်းမအဖြစ် ရှိနေစေရမယ်။ တီတီတာ

www.burmeseclassic.com

www.burmeseclassic.com



တော့ လက်ကိုဆွဲပြီး တစ်ထပ်တိုက်ပုလေးထဲ ဝင်လာခဲ့သည်။

"ကြိုဆိုပါတယ် သော်ကချစ်၊ ရှင်က တော်တော်မျက်နှာ ပြောင်တာပဲ၊ ဒီနေရာကို ရှင်မို့ ကိုယ်လက်ထပ်မယ့် ဇနီးလောင်း နုနုထွတ်ထွတ် ချောချောလေးကို ခေါ်လာရက်တယ်၊ ဘယ်လိုဖြစ် တာလဲဟင် မင်္ဂလာဦးညကိုတောင် တန်ဖိုးထားပြီး မစောင့်နိုင်တော့ ဘူးလား"

"အယ်နီ"

"ဟုတ်တယ်လေ၊ ရှင်နဲ့ ဘယ်နှယောက်မြောက်မှန်း မသိတဲ့ ချစ်သူလေ"

"မင်း… မင်း"

"တီတီတာတာ"

"ရှင်"

"ညည်းလေး ကားမောင်းတတ်တယ်မဟုတ်လား"

"ဟုတ်… ဟုတ်ကဲ့"

"ဒီကားကိုမောင်းပြီး ညည်းလေး ပြန်တော့၊ ညည်းလေး ယောကျ်ားမလောင်းကြီး ခေါ်ရီတာနှယ့်ဆီ ပို့လိုက်၊ တကယ်တော့ ညည်းလေး လက်ထပ်ရမှာက ယုယချစ်ပဲ"

"ဟင်"



တီတီတာတာက ဟိုအရင်ထဲက ပညာမျိုးစုံ လေ့လာသင် ကြားထား၍ ကားမောင်းတတ်သည်။ နေမာအဖေက သူများအိမ်မှာ ကားမောင်းတော့ တီတီတာတာနှင့် နေမာအား ကားမောင်းသင် ပေးခဲ့၏။ ကျွမ်းကျွမ်းကျင်ကျင်လည်း မောင်းတတ်သဖြင့် သူမ ကားကိုယူပြီး ပြန်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"တီတီတာတာ မင်း မပြန်နဲ့၊ ကိုယ်နဲ့ပြန်မယ်၊ အယ်နီ မင်း အေးအေးဆေးဆေးနေနော်၊ ငါ့ကိစ္စမှာ မနှောင့်ယှက်နဲ့၊ မင်း ကျောက်နံရံကို ခေါင်းနဲ့ဝင်တိုက်သလို ဖြစ်သွားမယ် မိုက်ရူးရဲ အဆန့်ပါနဲ့ကွာ"

"ဟင်း… ဟင်း… ဟင်း သော်ကချစ် ရှင် တော်တော် ရယ်ရတာပဲ၊ အယ်နီ့ကို အထင်သေးတာပဲ၊ ရှင် အယ်နီ့ကို တရား ဝင်လက်ထပ်ပါ၊ ရှင့်ကို ဖြားယောင်းသွေးဆောင်ပြီး မိန်းမ တစ်ယောက်ကို ဖျက်ဆီးမှုနဲ့ တရားရုံးမှာ တိုင်မယ်"

"ဘာ"

"တီတီတာတာ မင်း ဘာလုပ်နေတာလဲ၊ ပြေးတော့လေ ကားမောင်းပြီးပြန်တော့ မမအယ်နီက မင်းကို ရိုးသားဖြူစင်လို့ စာယ်တင်တာပဲ"

"ဟုတ်… ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မမအယ်နီတို့ ပြဿနာကို မမတို့ပဲရှင်းမယ်၊ လူယုတ်မာတွေရဲ့ သွားရာလမ်းကို သူတို့သားအမိ သွားရမှာပဲလေ"

"ရှင်"

"သွားတော့"

တီတီတာတာ နောက်ကို လှည့်မကြည့်တော့ဘဲ ကားသော့ကို ကောက်ယူပြီး တိုက်ပုလေးထဲမှ ပြေးထွက်လာကာ စက်နှိုး၍ မောင်းထွက်လာခဲ့သည်။

"သော်ကချစ်ကိုတော့ လက်မထပ်လို့ မဖြစ်ဘူး၊ မေမေကရှိသေးတယ်၊ တီတီတာတာ ဘာဖြစ်လို့ ကံဆိုးနေရတာလဲဟင်၊ သော်ကချစ်ဆိုတဲ့လူ ဘယ်လိုပဲ ဆိုးသွမ်းပေတေပြီး နာမည်တွေပဲပျက်ပျက် တီတီတာတာ လက်ထပ်ရမယ်"

လွတ်မြောက်လာသည့်အတွက် မပျော်မိ။ ပို၍မွန်းကြပ်လာသလိုလို။ စိတ်တွေလည်း တုန်လှုပ်ချောက်ချားနေသည်။မေမေ ယူထားတဲ့ငွေတွေ တီတီတာတာတို့ ဘယ်လိုလုပ်ပြီး ပေးဆပ်နိုင်မှာလဲ။ ဒေါ်ရီတာနွယ်၏ မျက်နှာက ချိုသာနေပေမယ့် အတွင်းကြီးစွာ ရက်စက်တတ်သူ။ သွေးအေးအေးနှင့် အကွက်ချစီစဉ်ကာ ကိုယ့်အပေါ် အပြစ်မကျဘဲ တစ်ပါးသူပေါ်သာ အပြစ်တွေပုံသွားစေရန် ကျွမ်းကျင်စွာ လုပ်ဆောင်တတ်သူ။ ကြောက်စရာကောင်းတယ်။



မအယ်နီက ဘယ်လောက်ပဲကယ်တင်ပါစေ ဒေါ်ရီတာနွယ် အလိုကျ သော်ကချစ်နဲ့ လက်ထပ်ရမှာပဲဖြစ်သည်။ မေမေ့အကြွေးကိစ္စအတွက် သော်ကချစ်နဲ့ တီတီတာတာလက်ထပ်မယ်။ မလွဲမသွေပဲ။ ငြင်းဆန်ပိုင်ခွင့်မရှိ။ အရာရာကံကြမ္မာပေါ်ပဲ ပုံချပစ်လိုက်တာကောင်းသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ညည်း ဘာဖြစ်လို့ ငါးသားရဲ့ဆန္ဒကို ငြင်းဆန်ပြီး ပြန်လာရတာလဲ တီတီတာတာ၊ ငါ့သားရော ညည်းတစ်ယောက်တည်း ကားမောင်းပြီး ဘာကိစ္စ ပြန်လာရတာလဲအေ့"

တီတီတာတာက သား သော်ကရဲ့ကားသော့ကို ပြန်ပေးသဖြင့် ဒေါ်ရီတာနွယ် စိတ်ပူပင်သွားပြီး တုန်တုန်ရီရီမေး၏။ သည်သားငယ်က မိမိကို ပြောသွားခဲ့၏။ တီတီတာတာ့ကို သူ လက်လွှတ်မခံနိုင်တော့၍ တရားဝင်လက်ထပ်ပြီးတဲ့အထိ အချိန် တွေမစောင့်ဘဲ တီတီတာတာရဲ့ အပျိုစင်ဘဝကို အရယူမယ်တဲ့။ ယုယချစ်ရန်က ရှိသေးတယ်လေ။ အခု တီတီတာက သားရဲ့ ကားကိုမောင်းပြီး ပြန်လာကာ ကားသော့အပ်နေသည်။

"ငါ့သားရော၊ ညည်း ကျုပ်သားကို လက်ထပ်ဖို့ ငြင်းဆန်



မယ်တော့ မစဉ်းစားနဲ့နော်၊ ညည်းအမေကို ထောင်ထဲပို့ပစ်လိုက်မှာ၊ အလွဲသုံးစားမှုနဲ့လေ"

"ကျွန်မ သော်ကချစ်ကို လက်ထပ်မှာပါ မာမီလေး၊ လုံးဝမငြင်းဆန်ပါဘူးနော်၊ မာမီလေးဆန္ဒအတိုင်းပဲ စီမံပါ၊ တို့ဘက်က လက်ခံပါတယ်၊ ကိုသော်ကချစ်က နေခဲ့တာလည်း သူ့ကောင်မလေး မမအယ်နီကြောင့်ပါနော်"

"ဟင်"

အယ်နီတဲ့။ ဟိုကောင်မလေး ဆတ်စလူးမ။ မိမိဆီကိုလည်း ခြိမ်းခြောက်စကားတွေ ဖုန်းဆက်ပြောသည်။ အယ်နီ့ အကြောင်း ကောင်းကောင်းသိစေရမယ်တဲ့။ သားငယ်နဲ့ အယ်နီ့ကို တော့ လုံးဝသဘောမတူနိုင်ဘူး။ မိမိချွေးမက ရိုးသားဖြူစင်တဲ့ ကောင်မလေး တီတီတာတာပဲ ဖြစ်စေရမယ်။ ဒေါ်ရိုဟာနွယ် သားဆီလိုက်သွားဖို့ ပြင်လိုက်သည်။ ထိုအချိန်တွင် ဒေါ်ရီတာနွယ့်ထံ သက်ဆိုင်ရာမှ သက်ဆိုင်ရာမှ ဖုန်းဆက်၍ သော်ကချစ်နှင့် အယ်နီတို့ ကားအက်စီးဒင့်ဖြစ်ပြီး နေရာမှာပင် ပွဲချင်းပြီး သေဆုံးသွားရကြောင်း အကြောင်းကြားသည်။

"မာမီလေး ဘာဖြစ်လို့လဲဟင်၊ ကိုသော်ကချစ် ဘာဖြစ်လို့လဲ၊ သတိထားပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟီတီတာတာ ကျုပ်… ကျုပ်ကို ကားမောင်းပြီး ဆေးရုံကြီးလိုက်ပို့စမ်းပါ၊ သူ့ဒက်ဒီဆီလည်း ဖုန်းဆက်ပါ၊ သားငယ်နဲ့ အယ်နီကားအက်စီးဒင့်ဖြစ်ပြီး သေဆုံးသွားကြပြီတဲ့လေ"

"ရှင်"

ဟီတီတာတာ အံ့သြတုန်လှုပ်စွာ ဒေါ်ရီတာနွယ်ကို ကြည့်မိသည်။ မာမီလေးရဲ့ မျက်ဝန်းတွေက ကြောင်စီနေကာ မျက်ရည်တွေပြည့်လျှံလာ၏။ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ရီနေကာ စကားပင်မပြောနိုင်တော့။ ဟီတီတာတာ မာမီလေးရဲ့ လက်တွေကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

"မာမီလေး သတိထားပါနော်၊ ကျွန်မတို့ ဆေးရုံကို သွားကြမယ်၊ အကြောင်းကြားရမယ့်သူတွေဆီလည်း အကြောင်းကြားမယ်၊ စိတ်ကိုထိန်းပါ"

"အီး… အီး… အီး"

"မာမီလေး"

"အီး… အီး… သား… ငါ့သားငယ်၊ အမလေး ဟီး ဟီး"

"မာမီလေး မာမီလေး စိတ်တွေကို ထိန်းပါနော်"

ဒေါ်ရီတာနွယ်က တအီးအီးနှင့် အော်ဟစ်ငိုယိုနေသည်။



စိတ်တွေချောက်ချားကာ သော်ကချစ်အကြောင်းတွေ တတွတ်တွတ် ပြောဆိုနေတော့၏။ ဟီတီတာတာ အန်ကယ်ဦးမြတ်ချစ်အား အကြောင်းကြားပြီး ကုမ္ပဏီမှ ဝန်ထမ်းတွေနှင့် ဆေးရုံသွားဖို့ပြင်ရသည်။

"ငါ့သားငယ်လေး သော်က မင်း ဘာဖြစ်လို့ သေရတာလဲဟင်၊ မာမီက မင်းတစ်ယောက်တည်း အမွေပစ္စည်းတွေရဖို့ ဘယ်လောက်ကြိုးစားကြံစည်ခဲ့ရလဲ၊ အခု ရနေပြီ၊ မာမီတို့လက်ထဲကိုရောက်နေပြီ၊ မင်းကိုပေးမလို့လေ၊ မင်းတစ်ယောက်တည်းအတွက်ပဲ၊ ယုယချစ်ဆိုတဲ့ကောင်ကို မင်းဒက်ဒီအပြစ်တွေမြင်အောင် သားအဖြစ်က စွန့်လွှတ်အောင် မာမီ ဘယ်လောက်အကွက်ချ ကြံစည်ခဲ့ရလဲကွယ်၊ အီး… အီး"

ဒေါ်ရီတာနွယ် စိတ်ဖောက်ပြန်ကာ ပြောချင်ဟာတွေ တတွတ်တွတ်ပြောနေတဲ့ စကားတွေကို ကြားရတဲ့သူတိုင်း မသနားဘဲ မုန်းတီးရွံရှာ၍ပင်နေသည်။ အန်ကယ် ဦးမြတ်ချစ်လည်း ရောက်လာ၏။ ဒေါ်ရီတာနွယ်က ရူးသူတစ်ယောက်လို တွေ့တွေ့ချင်း ကုတ်ခြစ်တိုက်ခိုက်နေ၍ ဖမ်းချုပ်ကာ ထိန်းသိမ်းထားရသည်။

"ရှင် အလကား လူကြီး၊ ယုယချစ်ဆိုတဲ့ကောင်ကိုပဲ ချစ်တာ၊ ပစ္စည်းတွေပေးဖို့လုပ်နေတာ၊ သတ်မယ်၊ ရှင့်ကို သတ်

www.burmeseclassic.com



မယ်''

''ရိတာ သတိထားလေ၊ ကိုကိုပါ၊ မင်းယောကျာ်း''

''ဘာကိုကိုလဲ မသိဘူး၊ ယုယချစ်ဆိုတဲ့ကောင်ကို ပန္နည်းတွေနိုးပေးဖို့ ကြံစည်နေတာပဲ''

ဒေါ်ရိတာနွယ်ရဲ့ ချိုမြစွာ လေသံအေးအေးလေးနှင့် လှလှပပ ကြွကြွရွရွလေး စီမံခန့်ခွဲနေသည့် ပုံစံတွေ ပျောက်ကွယ်သွားကာ အရူးမကြီးတစ်ယောက်ကဲ့သို့ ပြောဆိုအော်ဟစ်၍ သောင်းကြမ်းနေ၏။ အတ္တတွေ၊ မာန်မာနတွေ၊ မနာလိုဝန်တိုစိတ်တွေနှင့် မကောင်းကြံစည်မှုတွေရဲ့ အကျိုးသက်ရောက်မှုတွေပဲဟု တီတီတာတာ တွေးထင်မိနေသည်။

''မမအယ်နီ ဘယ်လိုဖြစ်သွားရတာလဲဟင်၊ တီတီတာတာကို ကယ်တင်လိုက်တာလား၊ သော်ကချစ်နဲ့ တမလွန်မှာ အတူပေါင်းဖို့ တမင်ပဲ လူ့လောကကြီးထဲကနေ ခေါ်ထုတ်သွားတာလား''

ကားမောင်းသည့်နေရာမှာက မမအယ်နီတဲ့။ ထိုအကြောင်းကိစ္စတွေကို တီတီတာတာ ဘယ်သူ့မှ ဖွင့်မပြောမိ။ မေ့ပစ်လိုက်ဖို့ပဲ ကြိုးစားရမည်။ ကံကြမ္မာတွေရဲ့ ပြုပြင်ပြောင်းလဲမှုတွေက မြန်ဆန်လွန်းနေသည်။ ဒေါ်ရိတာနွယ့်ကိုလည်း သားရဲ့နောက်ဆုံးခရီးပင်



လိုက်ပါပို့ဆောင်ခွင့်မရှိဘဲ စိတ်ကျန်းမာရေးဆေးရုံကြီးသို့ တင်ပို့လိုက်ရ၏။ အသုဘကိစ္စတွေ ပြီးမြောက်သွားချိန်တွင် အန်ကယ်ဦးမြတ်ချစ် နောင်တတွေနှင့်အတူ ဖနီးကြီးဖြစ်သူ ကိုယုယချစ်ရဲ့ မာမီဒေါ်သော်သော်ယုအား တောင်းပန်ခဲ့သည်။ အမွေပန္နည်းတွေကို လက်ခံဖို့ ငြင်းဆန်နေတဲ့ သားကြီးယုယချစ်ထံ တောင်းပန်ခဲ့သည်စွာ လုပ်ငန်းတွေအားလုံး အပ်နှံခဲ့သည်။

''ဒက်ဒီ တောင်းပန်ပါတယ် သားယုယ၊ ဒက်ဒီ့ စီးပွားရေး လုပ်ငန်းတွေအားလုံး မင်းပဲတာဝန်ယူလုပ်ပေးပါ၊ ဒက်ဒီကတော့ ရိတာနွယ်ကို စောင့်ရှောက်ရင်း တရားမွေ့နဲ့ပဲ နေတော့မယ်၊ သားကြီးယုယပဲ စောင့်ရှောက် ထောက်ပံ့ပေးပါတော့ကွယ်၊ အတ္တတွေ၊ လောဘတွေ၊ မလိုတမာမှုတွေ၊ အစာအရာရာ ဒက်ဒီ ကြောက်သွားလို့ပါ''

တီတီတာတာ့ကိုလည်း ချောင်းသာကမ်းခြေမှာ ရှိနေတဲ့ ဟိုတယ်ကောင်းကင်ပြာအား တာဝန်ခံ မန်နေဂျာအဖြစ် တာဝန်ယူစောင့်ရှောက်ပေးရန် အန်ကယ်ဦးမြတ်ချစ်က တာဝန်ပေးအပ်ခဲ့သည်။ ငြင်းပယ်၍မရ။ ကူညီပါတဲ့။ တီတီတာတာတစ်ယောက် ဟိုတယ်ကောင်းကင်ပြာဆီ ပြန်သွားရမှာက ပျော်ရွှင်မှုတွေ ဖြစ်ခဲ့ရပေမယ့် စိတ်တွေနာကျင်စူးရှကာ မလုံမလဲတွေလည်း ဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အန်ကယ် သိထားတာက တီတီတာတာကြောင့် ဟိုတယ်ကောင်းကင်ပြာ နာမည်ဂုဏ်သတင်း မွေးပျံ့ပြီး အောင်မြင်တာတဲ့၊ ကူညီပါ တီတီတာတာ၊ နေမာ အပါအဝင် ဝန်ထမ်းတွေကလည်း တီတီတာတာ ရောက်လာပြီး တာဝန်ယူမှာကို ဝမ်းသာအားရ ကြိုဆိုကြပါတယ်"

အန်ကယ်ဦးမြတ်ချစ်က တီတီတာတာ မိဘတွေကိုလည်း စိတ်အေးရအောင် စီစဉ်ပေးပြီးဖြစ်၍ ဟိုတယ်ကောင်းကင်ပြာရဲ့ တာဝန်တွေကိုလည်း တီတီတာတာ လက်ခံလိုက်ရသည်။ ဟိုတယ်ကောင်းကင်ပြာသို့ တီတီတာတာ ရောက်လာချိန်တွင် ဝန်ထမ်းတွေအားလုံးက ဝမ်းသာအားရ ကြိုဆိုကြသလို နေမာလည်း အလုပ်ပြန်ဝင်နေပြီဖြစ်သည်။ ထိုအချိန်တွင် တီတီတာတာ သတိရတာမ်းတဆုံးက ကိုယုယချစ်ကိုပင်။ တီတီတာတာနှင့် လုံးဝမတွေ့ဆုံမိစေရန် တမင်များရှောင်နေလားမသိ။ အသုဘကိစ္စတွင် ခဏတဖြုတ်သာ တွေ့ရပြီး ထပ်မတွေ့တော့။ ကို့အတွက်လည်း တီတီတာတာ ပျော်ပါတယ်။ ဝမ်းသာပါတယ်။ စိတ်သဘောထား ပြည့်ဝမှန်ကန်တဲ့ သူကပဲ နောက်ဆုံး အရာရာအနိုင်ယူ အောင်မြင်ရမှာပါနော်။ ဆည်းဆာရောင် ညိုညိုနေဝင်သွားစတွင် တီတီတာတာ လူရှင်းနေ



သော ကမ်းခြေသို့ တစ်ယောက်တည်း လမ်းလျှောက်ရင်း အပန်းဖြေဖို့ ထွက်လာမိသည်။

"ဟင်း..."

ကမ်းခြေတွင် သူမထက်အရင် ရောက်နေပြီး ပင်လယ်ပြင်အားမျက်နှာမူကာ ရပ်နေသော ကိုယုယချစ်အား အမှတ်မထင် တွေ့ဆုံလိုက်ရသည်။

"ကိုယုယချစ် ရှင်... ရှင့် ဒီကို ရောက်လာတာလားဟင်"

"ဟုတ်တယ်လေ၊ တီတီတာတာ၊ ကိုယ့်ကို ဟိုထုယ်ကောင်းကင်ပြာရဲ့ မန်နေဂျာအသစ်နဲ့ မိတ်ဆက်တွေ့ဆုံပွဲအတွက် ဖိတ်လို့လေ"

"ဟင်..."

တီတီတာတာက မဝံ့မရဲနှင့် မယုံသလိုလို အိမ်မက်တွေမဖြစ်ပါစေနဲ့လို့ ဆုတောင်းရင်း မေးမိသည်။ သူက လှည့်အကြည့်တွင် သူ့နှုတ်ခမ်းသားတွေပေါ်မှာ တွေ့ရခဲ့သော အပြုံးတောက်တောက်တွေက သူမ အပြုံးဝင်းပပလေးနှင့် ဆုံမိသွားသည်။

"တီတီတာတာ ဘာကြောင့်ကြည့်နေတာလဲကွာ၊ အသေပဲ ကိုယ်က အရမ်းပဲ ထူးဆန်းသတ္တဝါ ဖြစ်နေလို့လားဟင်"

www.burmeseclassic.com



"ကိုယ်… ကိုယ်… ရှင်… ရှင် တကယ်ပဲလားဟင်၊ ကိုယ့်ရဲ့ပြောင်းလဲမှုတွေကို တီတီတာတာ ဝမ်းသာလိုက်တာ၊ အရမ်းပျော်တာပဲ"

သူ့ ဟက်ဟက်ပက်ပက်လေး ရယ်မောပြီး ချစ်သူ တီတီတာတာရဲ့ ခန္ဓာကိုယ်လေးအား ပွေ့ယူကာ သူ့ရင်ခွင်မှာ အပ်ထားမိသည်။ ကိုယ့်ရင်ထဲကို အပျော်တွေ မျှော်လင့်ချက်တွေ အပြုံးတွေ ရှင်သန်လာစေဖို့ ထည့်သွင်းပေးတဲ့သူက ကိုယ်ချစ်မြတ်နိုးရတဲ့ ချစ်သူ တီတီတာတာပါပဲလေ။ ယုယချစ်နှင့် တီတီတာတာတို့ ပင်လယ်ပြာပြာကြီးကို သက်သေတည်၍ တစ်ယောက်ကို တစ်ယောက် တင်းကြပ်စွာ ပွေ့ဖက်ထားမိကြလေသည်။

သင်မြတ်နိုး

နှ: ပိ: ၁၇၆၀